
www.burmeseclassic.com

# ကြက်ကလေး

# မမှားတဲ့ဖိတ်စာ

ဟာသဝဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာအုပ်အမည် | - | မမှားတဲ့ဗိတ်စာ(ဟာသဝတ္ထု) |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၃၄၆၆၁၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၇၈၁၂၀၉ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ၊ (ဒုတိယအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | - | ဦးအုန်းမြင့်(ပတ္တမြားဖဲကြိုးပုံနှိပ်တိုက်) အမှတ်-၁၉/ဒီ၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်(မြဲ-၀၄၂၃၂) သင်းစာပေ အမှတ်-၁၀၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | ရွှေကောင်းကင်စာပေ(၁/၁၀) |

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း CIP

၈၉၅.၈၃

ကြပ်ကလေး

မမှားတဲ့ဗိတ်စာ / ကြပ်ကလေး ။ - ရန်ကုန် ၊
သင်းစာပေ ၊ ၂-ကြိမ်၊ ၂၀၀၉။
၂၃၃-စာ၊ ၁၂.၇ စင်တီမီတာ × ၂၀.၃ စင်တီမီတာ။
(၀) မမှားတဲ့ဗိတ်စာ

www.burmeseclassic.com

# မမြားတဲ့ပံတိစာ

ကြယ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

'ဒီလိုလုပ်တာ မိကောင်းဖခင် သားသမီး မပီသတာဘဲ'

ရုတ်တရက် သမီးနှင့်အတူ ဝင်ရောက်လာသော ဒေါ်မြမြက ပြောလိုက်သည်။ သူ၏ ခင်ပွန်းဖြစ်သူ ဦးလှစိုးသည် ဆေးတံကို တိုက်ချွတ်သုတ်သင်နေရာ နှုတ်မှ ကိုက်ရသည့်အပိုင်းကို ဝက်အူရစ်အတိုင်း ပြန်လှည့်သွင်းနေရာမှ ဇနီးသည်ကို ပြူးတူးပြဲတဲနှင့် မော့ကြည့်လိုက်မိတော့သည်။

နိဒါန်းမပါ၊ အချီးမရှိ၊ စကားပလ္လင်နတ္ထိနှင့် ပြောချလိုက်သော ဒေါ်မြမြ၏စကားမှာ ဦးလှစိုးအတွက် နားအလည်ရခက်သွားလေသည်။

'ဟ . . . ဆေးတံဆိုတာ ဒီလိုပဲ လုပ်ရတာပေါ့ကွာ၊ မင်းက မိကောင်းဖခင်သားသမီးဆိုရင် ဆေးတံကို အိုးမပါဘဲ ဒီအတံချည်းပဲ ကိုက်ပြီးသောက်တယ်လို့ မှတ်နေသလား . . . ဟင်'

'အို . . . ရှင့်ကိုပြောတာ မဟုတ်ဘူးတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟော . . . ဒီအခန်းထဲမှာ ငါတစ်ယောက်တည်း လှုပ်လှုပ်ရှရှ လုပ်နေတာကို 'မင်းတို့ ဝင်လာပြီးပြောတာ'ဟာ ငါ့ကို ပြောတာမဟုတ်လို့ ငါ့ကိုယ်စောင့်နတ်ကို ပြောတာလားကွ၊ ဆိုစမ်းပါဦး'

ဒေါ်မြမြက သက်ပြင်းတစ်ချက်ချလိုက်၍ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ထို့အတူပင် မြင့်မြင့်စိုးကလည်း အနီးက ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်၏။

သူ့မျက်နှာမှာ တင်း မာနေသည်။

'ရှင့်ကို ပြောတာမဟုတ်ဘူး၊ တင့်ဝေ . . . တင့်ဝေ၊ ငတင့်ဝေကို ပြောနေတာရှင့်'

ဦးလှစိုးသည် နားမလည်နိုင်ခြင်းတစ်ဝက်၊ အံ့သြခြင်းတစ်ဝက်နှင့် ဒေါ်မြမြကို မျက်မှန်ကြီးပေါ်က ကျော်၍ ကြည့်လိုက်လေ၏။

'ဒီကောင်က ဘာစိတ်ကူးနဲ့ နာမည်ကို အရှည်ကြီး ပြောင်းလိုက်ရတာလဲ'

'ဩော် . . . ရှင်ကလည်း ဘာတွေလျှောက်ပြောနေရပြန်တာတုံး'

'မင်းပြောတာကို ကြားလို့ ငါသိရတာပဲလေ၊ သူ့နာမည်က အစက တင့်ဝေပဲမဟုတ်လား၊ ခုတော့ ဘာစိတ်ကူးနဲ့ နာမည်အရှည်ကြီး တင့်ဝေ . . တင့်ဝေ ငတင့်ဝေလို့ ပြောင်းပစ်လိုက်ရတာတုံး၊ ဖိတ်စာရိုက်ပြီးမှဆိုတော့ ပိုဆိုးတာပေါ့၊ လက်ရေးနဲ့လိုက်ထည့်ရင်တောင်မှ တော်တော်ခါးတောင့်ရမယ့်အလုပ်ပဲ'

ဒေါ်မြမြမှာ စိတ်မရှည်သလို ရှူးရှူးရှားရှားဖြစ်သွားသည်။



'ရှင် . . . တော်တော်လျှာရှည်တယ်'

'ဒါပေမယ့် ငါ့နှာခေါင်းကိုတော့ ငါ မလျက်နိုင်ပါဘူးကွာ'

မိဘနှစ်ပါးတို့၏ စကားများမှာ ကြောင်ကလေးက ဆော့ပစ်လိုက်သော သိုးမွေးချည်ခင်များလို ရှုပ်ထွေးကုန်လေပြီဖြစ်သောကြောင့် မြင့်မြင့်စိုးသည် တင်းမာနေသောမျက်နှာကို အနည်းငယ်လျှော့ပေါ့လိုက်ပြီး ကြားဖြတ် ဝင်ပြောလိုက်ရတော့သည်။

'ဩော် . . . စကားတွေရှည်ကုန်ပါပြီလေ၊ သမီးပြောမယ်၊ ကိုတင့်ဝေဟာ လူမဆန်တဲ့အလုပ်ကို လုပ်သွားတယ် ဖေဖေရဲ့'

ဦးလှစိုးသည် သမီးဘက်သို့ အံ့အားသင့်စွာနှင့် လှည့်ကြည့်ပြန်သည်။

'ဟင် . . . ဒီတင့်ဝေ . . တင့်ဝေ . . . ငတင့်ဝေဟာ . . '

'တင့်ဝေပါပဲရှင် ကျုပ်က ပြောချင်ဇောနဲ့ပြောလိုက်လို့ နာမည်တွေ ထပ်ကုန်တာပါ'

ဦးလှစိုးက ဒေါ်မြမြ၏စကားကို ဖြတ်၍နားထောင်လိုက်ပါသော်လည်း စကားပြန်၍ပြောသောအခါတွင် သမီးကိုသာ ကြည့်၍ ပြန်ပြောသည်။

'အဲ . . . အဲဒီ တင့်ဝေဆိုတဲ့ကောင်ဟာ လူမဆန်တာ လုပ်တယ် . . . ဟုတ်လား သမီးရဲ့၊ သူဘာလုပ်သလဲ လက်ဖမိုးနဲ့ မျက်နှာကိုပွတ်သလား၊ အဲဒါဆို ကြောင်ဆန်တယ်၊ နှုတ်ဆက်ရင် နားရွက်ကိုနောက်ပစ်ပြီး ဖင်လှုပ်ချင်သလား၊ အဲဒါဆို ခွေးဆန်တယ်'

ဤနေရာတွင် ဒေါ်မြမြက စိတ်မရှည်သလို ဝင်၍ ခွက်လိုက်သည်။

www.burmeseclassic.com



'အဲဒါတွေ မလုပ်ဘဲနဲ့ ခွေးဆန်သွားတာရှင့်၊ ရှင့်သမက်လောင်းက မိန်းမခိုးသွားပြီလေ'

'ဟေ . . .'

ဦးလှစိုးသည် လက်ထဲကဆေးတံကြီး လွတ်ကျသွားတော့မှ သတိရပြီး ကမန်းကတန်း ပြန်ကောက်ရသည်။ ပြီးတော့မှ . .

'ဟ . . ဘယ်လိုဖြစ်တာလဲ၊ မြင့်မြင့်နဲ့ လက်ထပ်ပါတော့မယ်ဆိုပြီး ရက်တွေသတ်မှတ်၊ ဖိတ်စာပေ့ရိုက်၊ ကုန်သွယ်ရေးကမစ္စည်းတွေ လျှောက်လို့ရပြီးမှ မိန်းမခိုးပြေးတယ် ဟုတ်လား။ ဒီကောင် ခွေးသက်သက်ပဲ'

ဦးလှစိုးသည် ဒေါသထွက်လာဟန်နှင့် စကားပြောရင်းက မတ်တတ်ကြီးရပ်လိုက်ကာ ခါးတစ်ဖက်ထောက်လျက် မျက်နှာကို အခန်းဝဘက်သို့ ဒေါမာန်ပါပါနှင့် လှည့်လိုက်ကာ နောက်ဆုံးစကားဖြစ်သော 'ဒီကောင် ခွေးသက်သက်ပဲ'ဟူသော စကားကို ကျယ်ကျယ်နှင့်မာမာ ရေရွတ်လိုက်သည်။

'ဗျာ . . .'

အခန်းဝမှဝင်လာသော လူရွယ်သည် ဦးလှစိုးအပြောလိုက်နှင့် သူအဝင်လိုက်မှာ ဆုံစည်းသွားသဖြင့် ဇက်ကလေးပုသွားပြီး'ဗျာ' ဟု ထူးမိသည်။

ဒေါ်မြမြက အသံလာရာသို့ ပျာပျာသလဲ လှည့်ကြည့်ရာက ဝင်လာသူကို တွေ့ရသောအခါ အားတုံ့အားနာလေသံဖြင့် . . .

'ဩော် . . မောင်အုန်းကြိုင်၊ လာ လာ ဒီမှာ တင့်ဝေအကြောင်းကို ပြောနေကြတာကွဲ့၊ လာ . . ထိုင်'

အုန်းကြိုင်မှာလည်း ထိုင်နေသူများကို အကဲခတ်သလိုကြည့်ရင်း ကုလားထိုင်လွတ်တစ်ခုတွင် ဝင်ထိုင်လေ၏။



'ကိုတင့်ဝေ ဘာဖြစ်လို့တုန်း ဒေါ်ဒေါ်'

ဒေါ်မြမြသည် အုန်းကြိုင်ကို ပြေပြေလည်လည်ရှင်းပြ၏။ သူစိမ်းနှင့် စကားပြောရသည်ဖြစ်သောကြောင့် ဒေါသသံမပါဘဲ ရိုးရိုးလေသံနှင့်ပင် ရှင်းပြသည်။

'မင်းကတော့ ဆွေမျိုးလိုဖြစ်နေလို့ ပြောရမှာပဲ၊ တို့ ဒီမှာ အားလုံးစီစဉ်ထားပြီးမှ တင့်ဝေက မိန်းမခိုးသွားတယ်လေ'

အုန်းကြိုင်မှာ အံ့အားသင့်သွား၏။

'ဟ . . ဘယ်လိုလူလဲ၊ နေပါဦး ဟုတ်ကောဟုတ်ရဲ့ လားစုံစုံစမ်းစမ်းလည်း လုပ်ကြပါလေ၊ တော်တော်ကြာမှားကုန်လိမ့်မယ်'

မြင့်မြင့်စိုးက ကုလားထိုင်ကို နောက်မှီထိုင်နေရာမှ ရှေ့သို့ အနည်းငယ်ကိုင်းလိုက်ပြီး ဝင်ပြောပြသည်။

'ဘယ်ကမှားရမှာလဲ အုန်းကြိုင်ရာ၊ ငါကိုယ်တိုင် သူ့အိမ်ကိုရောက်ခဲ့ပြီးပြီ၊ ခုလို မင်္ဂလာပွဲအတွက် စီစဉ်နေခိုက်မှာ သူက ဒီကိုမကြာခဏလာရမယ် မဟုတ်လား၊ ခုတော့ မလာတာဆယ်ရက်လောက်ရှိပြီး အဆက်အသွယ်ပြတ်တာနဲ့ ဘာများဖြစ်နေသလဲဆိုပြီး သွားလိုက်တာ'

'ဘယ်အိမ်လဲ၊ သူ ထမင်းလခပေးစားတဲ့ အိမ်လား'

'အေးပေါ့၊ သူက အဲဒီမှာပဲ နေတာပဲဥစ္စာ'

'နင် သေချာရဲ့လားမြင့်မြင့်ရယ်၊ ဒီမင်္ဂလာဆောင်မယ့်ကိစ္စကို သူ့အဖေကြီးက သဘောမတူဘူးဆို'

'ဟုတ်တယ်လေ၊ သဘောမတူတာက ငါနဲ့မင်္ဂလာဆောင်မှာမို့ သဘောမတူတာမှ မဟုတ်ဘဲ၊ ဒီအရွယ်နဲ့ မင်္ဂလာဆောင်တာကို သဘောမတူတာဘဲဟာ'

ဤနေရာတွင် ဦးလှစိုးကလည်း ဝင်၍ ထောက်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝါလည်း သူ့အဖေ ဦးဘခင်ကို မမြင်ဖူးသေးပါဘူးလေ၊ သူ့သားဆီ ရေးလိုက်တဲ့စာတော့ဖတ်ရတယ်၊ သူက မင်္ဂလာဆောင်တာကို မှုအားဖြင့်ကန့်ကွက်တာကွ၊ ပုဂ္ဂိုလ်ရွဲမဟုတ်ဘူး၊ မြင့်မြင့်ရယ် ဘာရယ်မဟုတ်ဘူး၊ မင်္ဂလာဆောင်မယ်ဆိုရင် သဘောမတူဘူး၊ မိန်းမမယူရသေးဘူးပေါ့ကွာ၊ ဦးဘခင်ရဲ့ သဘောထားကတော့ ဒါပဲ'

အုန်းကြိုင်သည် တွေသွားလေသည်။

'ဒီလိုဆိုရင် သူ့အဖေကြီးက ခွဲတာတော့မဖြစ်နိုင်ဘူးပေါ့'

အုန်းကြိုင်၏ စကားဆုံးသောအခါ မြင့်မြင့်စိုးက ခပ်သွက်သွက် ဝင်ထောက်ခံလိုက်၏။

'အို ... မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ သူထမင်းလာခေါ်စားတဲ့အိမ်က ကောင်မလေးကို ခိုးပြေးတာပါ၊ ကောင်မလေးအမေက စာတွေထုတ်ပြပါတယ်လေ၊ ကောင်မလေးရေးခဲ့တဲ့စာရော၊ သူရေးတဲ့စာရော ငါ့ကို ထုတ်ပြပါတယ်'

'သူ့စာကို ယူခဲ့ဖူးသေးသလား'

'အို ... ငါက ဘာလို့ယူခဲ့ရမှာလဲ၊ သူ့ယောက္ခမဆီကို တောင်းပန်ပြီး ရေးထားတဲ့စာပဲဥစ္စာ၊ အောင်မယ် သားရေပေါ် အိပ်သားရေနားစားတယ်လည်း မမှတ်ပါနဲ့ဒေါ်ဒေါ်ရယ် ဘာရယ် ညာရယ်နဲ့ စုံနေတာပဲ'

'တောက် ...'

ဦးလှစိုး၏ တောက်ခေါက်သံကြောင့် ဦးခေါင်းတွေအားလုံး ဦးလှစိုးဘက်သို့ ချာခနဲ လှည့်ကြည့်ကြသည်။

ဦးလှစိုးကား အောက်သို့ကျသွားသော ဆေးတံနောက်မြီးပိုင်းကိုပြန်ကောက် ပြီး ဆေးတံတွင်ပြန်တပ်လိုက်၏။

'အရေးထဲကျရင် ဒီကောင်ကတပ်ရခက်နေပြီ' ဟူ၍



သူ့ဘာသာသူ တစ်ယောက်တည်းပြောနေသည်။ ဤသို့ သူတောက်ခေါက်သည်မှာ သူ့ဘာသာသူ တောက်ခေါက်နေမှန်းသိသဖြင့် မျက်နှာကိုလွှဲလိုက်ကြပြီး အုန်းကြိုင်က ပြောလိုက်သည်။

'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ မင်္ဂလာပွဲကို ဖျက်လိုက်ရမလား'

ဘယ်သူမှ ဘာမှ မပြောနိုင်ခင် ဦးလှစိုးက ဝင်ပြောသည်။

'ဟာ ... ဘယ်ဖြစ်ပါ့မလဲ၊ ကုန်သွယ်ရေးမှာ စီတီစာတင်ပြီးလျှောက်လို့ ပစ္စည်းတွေရထားပြီ၊ မင်္ဂလာမဆောင်ရင် ဘယ်ဖြစ်ပါ့မလဲ'

ဒေါ်မြမြက မျက်စောင်းကြီးထိုး၍ 'ဘာဆိုင်လဲတော့ မင်္ဂလာပွဲဖျက်လို့ပဲဥစ္စာ၊ မကျေနပ်ရင် ပစ္စည်းတွေပြန်သွင်းလိုက်ရုံပေါ့' ဟု ပြော၏။

'အစိုးရဆီက လျှောက်ထားတဲ့ပစ္စည်းကို ဒီလိုပြန်သွင်းလို့ရမလားကွ'

'ဒါဖြင့်လည်း ရောင်းစားလိုက်မယ်တော်'

'အဲဒါဆို မင်းလိမ်တာပဲ၊ ငါဟာ အစိုးရအရာရှိဘဝကတည်းက သစ္စာရှိခဲ့တယ်၊ စည်းစနစ်ကြီးခဲ့တယ်၊ အခု အငြိမ်းစားဘဝကျမှ ဘယ်လိုမှ နာမည်ပျက်မခံနိုင်ဘူးကွာ၊ ငါ့သိက္ခာကို အကျမခံနိုင်ဘူး'

မြင့်မြင့်စိုးက မျက်လုံးလေးအဝိုင်းသားနှင့် ဖခင်ကို မော့ကြည့်လိုက်သည်။

'ဟင် .. ဒါဖြင့် ဘယ်လိုလုပ်ချင်သလဲ ဖေဖေ'

'ငါတို့ လျှောက်ထားတဲ့အတိုင်း မင်္ဂလာတော့ဆောင်ဖြစ်အောင်ဆောင်ရမယ်၊ မင်္ဂလာဆောင်ပြီးမှ လင်မယူချင်နေပေါ့'

ဒေါ်မြမြ မျက်လုံးပြူးသွားရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ် မင်္ဂလာဆောင်ပြီးမှ လင်မယူလို့ရပါ့မလား ရှင်၊ သမီးလေးလည်းဒုက္ခပါပဲ၊ မိဘက သင့်တော်မယ်ထင်လို့ လက်ထပ်ပေးမယ်ဆိုလို့ သူ့ခမျာ တင့်ဝေကိုမချစ်ပေမဲ့ လက်ခံခဲ့တယ်၊ တောက် ... ဒင်းကြောင့် ငါ့သမီး စိတ်လည်းညစ်ရ၊ နာမည်လည်းပျက်ရတယ်'

'ဘာဆိုင်လို့ နာမည်ပျက်ရမှာလဲကွ'

'ကြော် ဖိတ်စာတွေဘာတွေရိုက်ပြီးမှ ဒင်းက ပစ်ပြေးတယ်ဆိုတော့ ကျုပ်တို့သမီးကပဲ အပြစ်ရှိနေသလိုလို၊ တော်တော် ခွေးလောက်မှအသုံးမကျတဲ့ကောင်'

'အဲဒါကြောင့်ပြောတာပေါ့၊ ငါတို့ ကုန်သွယ်ရေးကိုလိမ်ရာလည်းမရောက်အောင်၊ ပြီးတော့ သမီးလေးလည်းဂုဏ်ဆယ်ရာရောက်အောင် မင်္ဂလာတော့ဆောင်မယ်ကွာ၊ ရှင်းရှင်းပြောရရင် သတို့သားကိုငှားမယ်၊ ပွဲထိုင်တစ်ထိုင်စာပဲပေါ့၊ ငွေပေးငှားပါ့မယ်၊ ပြီးတော့ ညနေဘက်မှာ ကွာစာကိုလက်မှတ်ထိုးထားခဲ့ရမယ်။ ပြီးရောပေါ့'

အဘိုးကြီး၏အကြံကို အုန်းကြိုင်က သဘောကျသလို ခေါင်းကလေးတဆတ်ဆတ်ညိတ်ပြီး ...

'ဦးရဲ့အကြံကတော့ မဆိုးလှပါဘူး၊ ဒါပေမယ့် ဟဲ့ ... မြင့်မြင့် နင့်သဘောကကော ဘယ်လိုတုန်း'

'အို ... ငါကတော့ မိဘစီမံရာကိုပဲ နားထောင်ရမှာပဲ၊ ဒါကြောင့်မို့ ခုထက်ထိ ချစ်သူတွေဘာတွေလည်း မရှာဘူး။ မိဘသဘောပဲ၊ သိက္ခာတွေဘာတွေလည်း ဂရုမစိုက်ပါဘူးလေ၊ တကယ်ဆိုတော့ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ပါဘူး။ လူတွေကဘာထင်ထင် တစ်နေ့တော့ အမှန်တရားဟာ ပေါ်လာမှာပဲ'

မြင့်မြင့်စိုး၏ စကားကို သူ့ဖခင်က လေးလေးနက်နက် ထောက်ခံ၏။



'မှန်လိုက်လေ သမီးရာ၊ မမှန်တာလိမ်တာကို မကြိုက်ဘူး၊ ဒီတော့ မင်္ဂလာဆောင်မယ်ဆိုတဲ့အတိုင်း ဒီမုန့်တိုက်မှာပဲ မင်္ဂလာဆောင်မယ်၊ ဒီနေ့ပဲ၊ ဒီရက်၊ ဒီရက်၊ ဒီအချိန်ပဲ၊ ဒီတော့ တို့ဖိတ်စာဟာ မမှားပါဘူးပေါ့'

ဦးလှစိုး၏ စကားအဆုံးတွင် အုန်းကြိုင်က ပျာပျာသလဲ ဝင်ပြော၏။

'မှားနိုင်တာပေါ့ဦးရဲ့၊ သတို့သားက သူဖြစ်ဦးမှကိုး'

'ဟ .. ဘာဆိုင်သလဲ၊ တို့ဖိတ်စာထဲမှာ ဓာတ်ပုံထည့်ထားတာမှ မဟုတ်တာ၊ တခြားတစ်ယောက်ဆိုလည်း ဖြစ်နိုင်တာပေါ့'

'ဒါပေမယ့် နာမည်က ရှိသေးတယ်လေ'

'ဟာ .. လောကမှာ လူတူမရှား နာမည်တူမရှားပါကွာ၊ နာမည်တူတဲ့လူတစ်ယောက်ကိုရှာပြီး စီမံမယ်ကွာ၊ မောင်အုန်းကြိုင်မင်းရဲ့အသိတွေထဲမှာ လူပျိုဖြစ်တဲ့ တင့်ဝေဆိုတာ မရှိဘူးလား၊ တင့်ဝေဆိုတာချည်းပဲ မဟုတ်ရင် နေပါစေကွာ၊ ဥပမာ တင့်ဝေ(ခေါ်)ငနီဖြစ်ဖြစ်၊ အဒူလတစ်(ခေါ်)တင့်ဝေဖြစ်ဖြစ်၊ ဝီလီယံလျှောင်(ခေါ်)တင့်ဝေဖြစ်ဖြစ် မရှိဘူးလားကွ'

အုန်းကြိုင်သည် ပြုံးစနဲ့နဲ့နှင့် ကြည့်လိုက်ရာက မျက်နှာဝင်းခနဲ ဖြစ်လာသည်။ စိတ်ထက်သန်ပုံကို ချက်ချင်းပြောင်းလဲလာ၏။

'ဟာ ... တင့်ဝေဆိုတဲ့ နာမည်သက်သက်နဲ့ပဲ ရှိပါတယ်၊ လူပျိုလည်းလူပျိုပါ၊ ရန်ကုန်မှာ လူငယ်ချင်းစပ်ပြီး အိမ်ငှားနေတယ်၊ သူက အထက်တန်းစာရေးလေ၊ ဒါပေမယ့် ဒီအလုပ်ကို လက်ခံမလား လက်မခံဘူးလားဆိုတာ မေးကြည့်ပါမယ်'

'ဒါဖြင့်လည်း မြန်မြန်မေးစမ်းပါကွာ၊ ငွေပေးပါ့မယ်၊ သူ့လက်ခံနိုင်ပြောပါ၊ တို့ကလည်း ဒီနေ့ညဦးပိုင်းမှာ အိမ်တွင်းအစည်းအဝေးထိုင်ရမယ်၊ ဒီအိမ်မှာက ဆွေမျိုးတွေချည်း စုနေတယ်ဆိုဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ဒီတော့ ကိစ္စတစ်ခုဖြစ်ရင် အားလုံးနဲ့သက်ဆိုင်တယ်၊ ဒီ တော့ မင်းကလည်းမင်းလူကို သွားမေး၊ တို့ကလည်း ဒီညမှာ မင်္ဂလာပွဲလုပ်ဖို့ သဘောတူညီချက်၊ အစည်းအဝေးလုပ်မယ်၊ အဲဒီက ဆုံးဖြတ်ချက်နဲ့ မင်းလူရဲ့ဆုံးဖြတ်ချက် ကိုက်ညီကြရင် မင်္ဂလာပွဲ ဖြစ်မှာပေါ့ကွယ်၊ ဟုတ်လား'

'ကောင်းပြီလေ၊ ဒါဖြင့် ကျွန်တော်သွားလိုက်ဦးမယ်'

အုန်းကြိုင်လည်း နှုတ်ဆက်၍ ပြန်သွားလေသည်။

ဒေါ်မြမြက သမီးကိုလှမ်း၍ 'သမီးရယ် စိတ်မကောင်းဖြစ် မနေပါနဲ့လေ' ဟု အားပေးလိုက်၏။ ဖခင်ကြီးကလည်း လာ၍ ချော့သည်။

မြင့်မြင့်စိုးကမူ ငွေခေါင်းလောင်းသံဖြင့် ရယ်လိုက်ပြီး

'မေမေရယ် ... သူ့ကို သမီးကချစ်နေတာမှ မဟုတ်တာ၊ ဘယ်မှာဝမ်းနည်းပါ့မလဲ၊ လုပ်ပုံမဟုတ်လို့သာ ခံပြင်းတာရှိတာပေါ့၊ ခုလို မင်္ဂလာပွဲထပ်လုပ်ရင် တစ်မျိုးကောင်းသားပဲ၊ ဒင်းကြောင့် ပွဲမပျက်ပါဘူးဆိုတာကို ပြနိုင်တာပေါ့ဆေ'

* * *



(နှစ်)

ထိုနေ့ညတွင် အိမ်သားအားလုံးပါဝင်သော ညနေ့နိုင်းဆွေး နွေးပွဲကြီး ကျင်းပလေတော့သည်။

မြင့်မြင့်စိုး၏အစ်ကို ကိုသာကျော်မှာ ဘုတ်အဖွဲ့တစ်ခုမှ စီမံကိန်းအရာရှိတစ်ဦးဖြစ်၍ ယခုအချိန်တွင် ဆေးခွင့်နှင့်စိတ်ရောဂါ ကုဆေးရုံဆရာဝန်၏ ညွှန်ကြားချက်ဖြင့် အနားယူနေခိုက်ဖြစ်၏။ ယင်းကိုသာကျော်၏စီမံချက်ကြောင့် အိမ်သားပေါင်းစုံ လုပ်ငန်း ဆွေးနွေးပွဲကြီး ကျင်းပရခြင်းဖြစ်လေသည်။

ပရိသတ်ကား စုံလင်ပါဘိ၏။

ဦးလှစိုး ... သူကား ဖော်ပြပြီးခဲ့သည့်အတိုင်း မြင့်မြင့်စိုး ၏ဖခင်ဖြစ်သော အငြိမ်းစားအရာရှိကြီးတစ်ဦးတည်း။ စည်းကမ်းတိ ကျသူဖြစ်သည်။

ဒေါ်မြမြ ... သူကတော့ မြင့်မြင့်စိုး၏မိခင်၊ ဦးလှစိုး၏ အိမ်သူသက်ထားဖြစ်၏။

ဦးစံရွှေ ... သူကတော့ ဒေါ်မြမြ၏အစ်ကိုဖြစ်၏။ မဲဗဒင်

www.burmeseclassic.com

www.burmeseclassic.com



ပညာကိုဝါသနာပါလှသော အပျော်တမ်းဗေဒင်ပညာရှင်ကြီး ဖြစ်လေသည်။

မခင်သန်း ... သူကတော့ အေးအေးဆေးဆေးနေတတ်သူဖြစ်၍ ယခုကဲ့သို့ အိမ်တွင်းရေးများတွင် ပါဝင်စွက်ဖက်လေ့မရှိ။ သူကား ကိုသာကျော်၏ဇနီးသည်၊ ယခု ကျင်းပသည့်ညှိနှိုင်းဆွေးနွေးပွဲတွင် ကိုသာကျော်၏ဆန္ဒအရ တက်ရောက်လာသူသာ ဖြစ်၏။ ပါဝင်ဆွေးနွေးသူအဖြစ်ထက် လေ့လာသူအဖြစ်ကို ပို၍ ကျေနပ်သူဖြစ်လေသည်။

ဦးရာဇာ ... ဦးလှစိုး၏ညီဖြစ်ပြီး တစ်ဦးတည်းသောတူမဖြစ်သူ မြင့်မြင့်စိုးကို အချစ်ကြီးလှသူဖြစ်၏။ စကားပြောရာတွင် တစ်ဖက်သားကို အားမနာပါးမနာ ပြောတတ်သူဖြစ်သည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးများအစုံအညီဖြင့် အစည်းအဝေးကို ဖွင့်လှစ်လိုက်လေတော့သည်။

ဆော်ဩသူလည်းဖြစ်၊ အခမ်းအနားမှူးလည်းဖြစ်သော ကိုသာကျော်က စတင်၍ စကားပြောလိုက်သည်။

'ဘယ်လိုလုပ်ကြမလဲ၊ တင့်ဝေက မိုက်မိုက်ကန်းကန်းလုပ်သွားတဲ့ ကိစ္စနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့စဉ်းစားရမှာက (၁)မြင့်မြင့်ရဲ့မင်္ဂလာဆောင်ကိစ္စကို ဘယ်လိုလုပ်ချင်တယ်ဆိုတာရယ်၊ (၂) ဒီကောင့်ကို ဘယ်လိုဆက်ပြီးအရေးယူမယ်ဆိုတာရယ်၊ အဲဒီနှစ်ချက်ကို စဉ်းစားရမယ်'

အိမ်သားများသည် ဘယ်သူက ဘာစ၍ပြောမလဲဟူသည့်သဘောဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြ၏။

ဦးစံရွှေက တစ်ချက်ရယ်လိုက်ရင်း စကားစ၍ ပြောလိုက်သည်။

'ဟဲ ... ဟဲ မောင်သာကျော်၊ အခု စစချင်း ပြောလိုက်တဲ့ စကားက ဘယ်လိုလုပ်ကြမလဲဆိုတော့ ခြောက်လုံးသောစကားဖြစ်



တယ်၊ အဲဒါကို ဗုဒ္ဓဝင်တွက်ကိန်းအရ တွက်လိုက်ရင် ခုနစ်နဲ့စားမစားလောက်တော့ ခြောက်ကြွင်းတယ်၊ ခြောက်ဆိုတာ သောကြာနေ့ပေါ့၊ သောကြာနေ့ဟာ မြတ်စွာဘုရား ဖွားမြင်တော်မူတဲ့နေ့ ဒီတော့ ကျုပ်သဘောကတော့ မင်္ဂလာဆောင်သည် မုချဖွားမြင်လတ္တံ့၊ (ဝါ) မင်္ဂလာဆောင်ကို မုချပြုလုပ်လတ္တံ့လို့ ဆိုရမှာပေါ့'

ဦးစံရွှေက ဤသို့ပြောလိုက်သောအခါ ယောက်ဖဖြစ်သူ ဦးလှစိုးက ပျာပျာသလဲထောက်ခံလိုက်လေ၏။

'အကိုခံခွေပေါတာ တိပ်မှန်ဒယ်၊ မင်္ဂဂါဂေါင်ကိုနှတ်ရမှာပေါ့'

ကြားရသမျှသော ပရိသတ်အိမ်သားများမှာ ဦးနှောက်လည်ကုန်ကြသည်။ အနားက ဒေါ်မြမြက ဦးလှစိုး၏ပေါင်ကို ပုတ်လိုက်ရင်း ...

'ရှင်ကလည်း စကားပြောရင် ဒီဆေးတံကြီးကို ကိုက်မထားပါနဲ့တော့၊ ရှင်ပြောတာ တစ်လုံးမှနားမလည်ဘူး'

ဟု ပြောလိုက်ရာ မခင်သန်းကလည်း ဝင်၍ ထောက်ခံသည်။

'ဟုတ်တယ် ... အဖေ စကားပြောတာ မေးခိုင်နေတဲ့လူမမာကြီး ညည်းသလိုဖြစ်နေတယ် အဖေရဲ့'

ဦးလှစိုးလည်း ဤတွင်မှ ပါးစပ်တွင်ကိုက်ထားသောဆေးတံကြီးကို လက်ဝဲလက်နှင့် ဆတ်ခနဲ ဆွဲဖြုတ်လိုက်ပြီးမှ တဖန် 'ဟာ မှားလို့' ဟု ဆိုကာ ဆေးတံကို ပါးစပ်သို့ပြန်သွင်းကာ လက်ျာလက်နှင့် ပြန်ဖြုတ်လိုက်သည်။

ဦးလှစိုး၏ ပြုမူချက်ကိုမြင်သော် ဦးရာဇာမှာ ဖတ်ကလေးတွန့်သွားပြီး ...

'အစ်ကိုက ဘယ်လိုဖြစ်တာတုံး' ဟု မေးလိုက်၏။

'အခုဟာက လက်ျာကပ်မောင်း မဟုတ်လား'

'ဟာ ... ဘာဆိုင်လို့တုန်းအစ်ကိုရ၊ ဟိုဟာက ကား

www.burmeseclassic.com

www.burmeseclassic.com



မောင်းတာပဲ၊ အစ်ကိုဟာက ဆေးတံချွတ်တာပဲ၊ ဘာဆိုင်သလဲ အစ်ကိုရ'

'မဆိုင်ဆိုင်ကွာ၊ ကားမောင်းရင် မယောင်အောင်လို့ အစ စမှာ သတိထားနေတာ'

ဦးလှစိုး၏ စကားကို ဒေါ်မြမြက နားကြားပြင်းကပ်ဟန်နှင့် 'ကောင်းပါပြီတော်၊ ရှင်ကားမောင်းရင် အဆင်ပြေအောင် နောက်ကို ရှင့်နှုတ်ခမ်းမှာ မျှဉ်းကြားကြီးတွေ ဆွဲပေးထားပါ့မယ်'

သူတို့ အချီအချပြောနေခိုက်တွင် ကိုသာကျော်က ကြား ဝင်လာလေ၏။

'အခု ကျွန်တော်တို့ဟာ အာဂျင်ဒါထဲ မပါတာတွေ ရောက် ကုန်ပါပြီလေ'

မခင်သန်းက သူ့လင်တော်မောင်ကို မျက်စောင်းထိုးလိုက် သည်။

'အာချဉ်တာ ... မောင်က သရက်သီးသနပ်တွေစားလို့ ဖြစ်မှာပေါ့'

'ဟယ် ... တိတ်တိတ်နေစမ်းပါ၊ နားမလည်ဘဲနဲ့ တို့အခု ဆွေးနွေးပွဲ အစီအစဉ်ထဲ မပါတာတွေဖြစ်ကုန်ပြီလို့ ပြောတာဟော့၊ ကဲ ... မြင့်မြင့် မင်္ဂလာဆောင်ကိစ္စကို ပြောကြပါစို့'

ဆေးတံကြီးကို ဆေးလိပ်ပြာခွက်ထဲသို့ မဆုံမပြဲထည့်လိုက် ပြီးသော ဦးလှစိုးက ...

'အေးလေ ... ငါ ပြောထားပြီပဲ၊ မင်္ဂလာကိုဆောင်ဖြစ် အောင်ဆောင်မယ်၊ ဒါမှ ကုန်သွယ်ရေးကပစ္စည်းတွေ လိမ်ညာပြီး လျှောက်ထားတဲ့အဖြစ်က လွတ်မယ်၊ နောက်တစ်ချက်က မင်္ဂလာ ပွဲပျက်ရင် ဟိုကောင် အောင်ပွဲခံသလိုဖြစ်သွားမယ်၊ ဒီတော့ ငါက ပြချင်တာက မင်းက ပွဲပျက်အောင်ဖျက်ပေမဲ့ ပွဲဖြစ်တယ်ကွ ဆိုတာကို ပြချင်တာပဲ'

ဦးလှစိုး၏ စကားအဆုံးတွင် ဒေါ်မြမြ၏အစ်ကို ဦးလှစိုးက



ဝင်ထောက်လိုက်၏။

'ဟ ... မင်္ဂလာဆောင်တာကတော့ ဟုတ်ပါပြီ၊ ဘယ်က အကောင်ကိုကောက်ပြီး ဆောင်မှာလဲ၊ နောက်ပြီး ဖိတ်စာအသစ် ထပ်ပြီးရိုက်ရမှာပေါ့၊ ဒီတော့ ကုန်သွယ်ရေးမှာလိုက်ပြီး နာမည် ပြောင်းဖိတ်စာ လိုက်ပြင်ရဦးမယ်၊ မင့်ဟာ အချိန်မီပါဦးတော့မ လား မောင်လှစိုးရဲ့'

ဦးစံရွှေက ဤသို့ပြောလိုက်သောအခါ ဦးလှစိုးက

'ကျွန်တော်ဟာ တော်တော်တော်တဲ့ကောင်ပါ' ဟူ၍ ဂုဏ်ယူဘိသည့်အလား ရင်ကိုကော့လိုက်၏။ လက်တစ်ဖက်က လည်း လက်မကိုကော့ထောင်၍ ရင်ကိုထောက်လိုက်သည်။ ပျာပျာ သလဲဖြစ်သွားသူကတော့ ဒေါ်မြမြပါ။

'ကိုလှစိုး လေထိုးသလားဟင်၊ နံကြားကိုလေလျှောက်တာ လား'

ဦးလှစိုးသည် ဇနီးသည်ကို မျက်စောင်းထိုးလိုက်၏။

'တယ် ... ဒီမိန်းမဟာ တွေ့ကရာတွေပြောတော့မယ်၊ ဒီမှာ အစ်ကိုစံရွှေရဲ့ [illegible]ပြီ၊ ကိုင်း မြမြပြောလိုက်စမ်း ငါ ဘာတွေလုပ်ထားတယ်ဆိုတာ'

'ဟုတ်ကဲ့၊ ကိုလှစိုးလုပ်ထားပါတယ်၊ နောက်ဖေးသုံးဖို့ စက္ကူလိပ်ဝယ်မရတာနဲ့ သတင်းစာတွေကိုဖြတ်တယ် ...'

'တယ် ... ဒီမိန်းမဟာ'

ဦးလှစိုးသည် ဒေါ်ပါပါနှင့် စားပွဲကိုလက်သီးနှင့်ထုလိုက်ရာ ကုန်းကုန်းနှင့်ငုံ၍ရေးခြစ်နေသော ဦးစံချိုမှာ ဆတ်ဆတ်တုန်သွား လေ၏။

'ဟယ် ... နင့်ကြီးတော်တဲ့မှ၊ လန့်လိုက်တာကွာ'

သူပြောမည်ဆိုကလည်း ပြောစရာပါ။ သူ့ရှေ့တွင်ရှိသော ခရွက်လွတ်ပေါ်တွင် ငြိုဟ်ခွင်များချနေရာ ရုတ်တရက်ဦးလှစိုးက စားပွဲကို လက်သီးနှင့်ထုလိုက်သောအခါ ငြိုဟ်ခွင်မှမျဉ်းတစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ လန့်၍ ရှည်ထွက်သွားလိုက်သည်မှာ စာရွက်ကိုလွှန်၍ စားပွဲပေါ်သို့ပါ ရောက်သွားလေတော့သည်။

'ငါ ဒီမှာ ကာလကြီးဇာတာခွင်ချနေတယ်၊ မြင့်မြင့်စိုးရဲ့ ကိစ္စကို တွက်ချက်ကြည့်ချင်လို့'

ဒေါ်မြမြသည်လည်း ဦးလှစိုးပြောစေချင်သည်ကို သိရှိပြီး စကားဆက်၍ ပြောသည်။

'ဩော် . . . ကိုလှစိုးရဲ့ဆန္ဒက ဒီလိုပါလေ။ သမီးကို မင်္ဂလာဆောင်ဖြစ်အောင် ဆောင်မယ်၊ ဒီတော့ နာမည်တူတဲ့သူငယ်တစ်ယောက်ကို သတို့သားအဖြစ် အစားထိုးမယ်ပေါ့။ အဲဒါကို မောင်အုန်းကြိုင်ကတာဝန်ယူတယ်၊ သူ့ သူငယ်ချင်းလူပျိုတစ်ယောက်ဟာ တင့်ဝေဆိုတဲ့နာမည်နဲ့ ရှိတယ်တဲ့။ သူသွားပြီး တီးခေါက်ကြည့်ပါ့မယ်တဲ့'

ကိုသာကျော်က ဒေါ်မြမြ၏စကားကို ဖြတ်၍မေးလိုက်သည်။

'သူ့ကို ငွေလေးဘာလေးပေးရမှာပေါ့နော်'

သူ့အမေးကို ဒေါ်မြမြက မဖြေခင် မခင်သန်းကဝင်ဖြေ၏။

'အို . . . မောင်ကလည်း ဉာဏ်ပူဇော်ခလေးဘာလေး ပေးရမှာပေါ့'

'ဟာ . . . မင်းကလည်း ကြဲကြဲဖန်ဖန် ဒါမျိုးကိုဉာဏ်ပူဇော်ခလို့ မခေါ်ဘူးဟ၊ ချီးမြှင့်ငွေလို့ခေါ်တယ်၊ ဒါထက် အဲဒီလူက လက်ခံပြီလား'

ဤနေရာတွင်တော့ ဦးလှစိုးကပြောပါသည်။

'မောင်အုန်းကြိုင်က တီးခေါက်ကြည့်ပြီး ပြန်လာပြောပါလိမ့်မယ်။ တို့က ဒီကဆုံးဖြတ်ရင်၊ သူကလည်းလက်ခံရင် ကိစ္စပြီးရောပေါ့'

ထိုအခိုက်တွင် ထိုက်ထိုက်လျောက်လျောက် တစ်ခွန်းမှ ပါဝင်ဆွေးနွေးခြင်း မပြုသေးသောဦးရာဇာက ခပ်ပြတ်ပြတ်လေသံ



နှင့် ဝင်ပြောလေသည်။

'ကျွန်တော်တော့ ဒီအစီအစဉ်ကို လုံးဝသဘောမတူဘူး ကန့်ကွက်တယ်'

အားလုံးက သူ့ဘက်သို့လှည့်ကြည့်လိုက်ကြသည်။

'ဟုတ်တယ်လေ၊ ကန့်ကွက်ရမှာပေါ့၊ ဘယ့်နှယ့်ဗျာ မင် လာဆောင်တာကို ကလေးကစားတာမှတ်လို့၊ တော်တော်ကြာ ဒီလူနဲ့ နောက်တော်ကြာတော့ ဘွာ . . ဘွာ . . ဒီလူမဟုတ်တော့ဘူ ဟိုလူနဲ့ဗျို့လို့ ဇိတ်စာအမှားလိုက်ပြင်ရတာ ကောင်းမလားလို့ စဉ် လည်းစဉ်းစားကြပါဦး'

သူ့အစ်ကို ဦးလှစိုးက မကျေနပ်သည့်မျက်နှာကြီးနှ စွေကြည့်လိုက်သည်။

'ဘာမှားလို့ ဘာပြင်ရမှာလဲလို့၊ တင့်ဝေနဲ့မင်္ဂလာဆော မယ်လို့ ပြောတယ်၊ ပြီးတော့ တင့်ဝေနဲ့မင်္ဂလာဆောင်တယ်၊ ဘာဖြစ်သလဲ'

'အို . . . အစ်ကိုတို့ညစ္စာက မင်္ဂလာဆောင်တယ်ဆိုတ မြင့်မြင့်ဘက်ကကြည့်ရင် လင်ယူတာဗျ'

'အေးပေါ့ဟ . . . ဟိုကောင့်ဘက်က ကြည့်ရင်တော့ ယားယူတာဖြစ်ပြန်ရောပေါ့ကွ၊ ဒါ ဘာဖြစ်သလဲ'

'ဟုတ်သေးပါဘူးလေ၊ မင်္ဂလာတော့ဆောင်မယ် . . တော့ ဒီလူကိုယူမထားဘူးလား'

'ဟ . . ဘာလုပ်ယူထားရမှာလဲကွ၊ တို့ကငှားတာ၊ သ သားနေရာမှာ ထိုင်ပေးဖို့ရယ်၊ ဇိတ်စာမှာနာမည်သုံးတာကို သဘောတူဖို့ရယ်၊ ဒါပဲ။ မင်္ဂလာဆောင်ပြီးတာနဲ့ မုန့်တိုက်ပြန် ဒါကို ဉာဏ်ပူဇော်ခ . . . အဲလေ . . . ဘာကွ'

စကားပြောရင်းတန်းလန်းက သားဘက်သို့ ဦး လှည့်ကြည့်လိုက်သဖြင့် ကိုသာကျော်ကဝင်ထောက်ပေးလိုက်

'ချီးမြှင့်ငွေပါ'

www.burmeseclassic.com

www.burmeseclassic.com



ဦးလှစိုးက မည်သို့ပဲပြောပြော ဦးရာဇာကတော့ဖြင့် ကျေနပ်ပုံ မရချေ။

'အဲဒီကောင်က မင်္ဂလာဆောင်ပြီးပြီ၊ ဒါ ကျွန်တော့်မယား ပဲ၊ ကျွန်တော့်နောက်လိုက်ခဲ့ရမယ်ဆိုရင် ကျွန်တော့်တူမလေး အကျိုးမနည်းပေဘူးလား'

ဦးရာဇာ၏ စကားဆုံးသောအခါ ဦးလှစိုးက ရင်ကိုကော့ ပြီး လက်မနှင့်ထောက်လိုက်ပြန်၏။ ထို့နောက် ဒေါ်မြမြက ဘာမှ မပြောခင် စကားကို ကမန်းကတန်းပြောလိုက်သည်။

'ဘယ်ရမလဲကွာ၊ လှစိုးစီမံကိန်းပဲ၊ ဒီလိုလုပ်လို့ဘယ်ရ မလဲ၊ ကိုင်း ... ငါ ဘယ်လိုစီစဉ်လုပ်ကိုင်ထားတယ်ဆိုတာ ပြောပြ လိုက်စမ်းမြမြ။ အဲ ... မြမြနေတော့။ ငါ့ဘာသာ ငါပဲ ပြောတော့ မယ်။ ဒီလိုကွ ရာဇာရ၊ ဒီကောင် တို့ပေးတဲ့ချီးမြှင့်ငွေနဲ့ ကျေနပ် သဘောတူပြီး မင်္ဂလာဆောင်မယ်ဆိုရင် မဆောင်ခင်ကတည်းက မင်္ဂလာဆောင်မယ့်နေ့ ညနေဘက် ရက်စွဲအချိန်စွဲနဲ့ ကွာစာကို လက်မှတ်ထိုးပြီး ငါ့ကို အပ်ထားရမယ်၊ ဒီတော့ သူ ဘာတတ်နိုင် ဦးမှာလဲ'

ဦးလှစိုးက သူ့အစီအစဉ်ကို သူကျေနပ်လျက်ရှိသော်လည်း သူ့ညီ ဦးရာဇာကမူ လုံးဝကျေနပ်ချီးကျူးပုံမပြဘဲ မျက်နှာကြီးကို သာ ပုပ်၍ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းနေ၏။

ဦးလှစိုးက သူ့ညီ ကျေနပ်ပုံမရသဖြင့် ဘယ်လိုပြောဦး မည်နည်းဟု သိလိုဇောနှင့် စောင့်မျှော်ငေးစိုက်ကြည့်နေ၏။ သို့ သော် ဦးရာဇာမှာ ခပ်ငိုက်ငိုက်ဖြစ်လျက်က ဦးခေါင်းကိုသာ တွင် တွင်ကြီးခါယမ်းလျက်ပင် ရှိလေတော့ရာ ဦးလှစိုးမှာ စိတ်မရှည်နိုင် တော့ဘဲ ...

'ဟ ... ရာဇာ၊ ဘယ်လိုလဲကွ၊ ဘယ်လိုဖြစ်ပြီးနေရင်း ထိုင်ရင်း မင့်ခေါင်းက ဂမုန်းရွက်ခတ်ပင်ဖြစ်သွားရတာလဲ ဟေ'

'ကျွန်တော်တော့ သဘောမတူနိုင်ဘူး၊ တူမလေးကို



ထောက်ထားကြပါ။ မိဘစကား နားထောင်တဲ့သမီးပဲ၊ တို့ လုပ် ချင်ရာ လုပ်မယ်ဆိုပြီး လုပ်တာတော့ မကောင်းပါဘူး။ ပထမ တင့်ဝေတုန်းကလည်း သူ ဘာမှ ဖြူသလားမည်းသလား မသိဘဲ ပွဲစားနဲ့လာစပ်တာကို မိဘတွေကြိုက်လို့ သူ့ခမျာ ခေါင်းညိတ် ရှာတယ်၊ တစ်ခါ ဒီကောင်က ခွေးဆန်ဆန် လူကြီးတွေမျက်နှာ အိုးမဲသုတ်သွားပြန်တော့၊ ဟဲ့ ... နောက်တစ်ယောက်နဲ့ လင်ယူချင်ယောင်ဆောင်ဦးမယ်ဆို၊ သူ နားထောင်ရဦးမယ်၊ အစ်ကိုတို့လိုမိဘမျိုးဟာ လင်နောက်လိုက်ပြေးတဲ့ သမီးမျိုး နဲ့ပဲတော်တယ်'

ဦးရာဇာက တူမကိုချစ်သူပီပီ မခံချိသောလေသံဖြင့်ပြော ၏။ မရီးဖြစ်သူ ဒေါ်မြမြက ဦးရာဇာ၏စေတနာကို အရင်းအတိုင်း သိသည်ဖြစ်၍ သူ့ မတ်ပြောသမျှကို စိတ်မဆိုးချေ။ ထို့ကြောင့်ပင် ချိုသာစွာဝင်ရှင်းပြ၏။

'မဟုတ်သေးဘူးမောင်ရာဇာရဲ့၊ သမီးကိုလည်း တိုင်ပင်ပြီး ပါပြီ၊ သူက ကြည်ကြည်ဖြူဖြူ ကျေကျေနပ်နပ်နဲ့မှ စီစဉ်တာပါ၊ မင်းအစ်ကိုက ပင်စင်မယူခင် အစိုးရအလုပ်ထဲမှာကတည်းက သိက္ခာပျက်လုံးဝမခံဘဲ တိကျသူမဟုတ်လား။ အခုလည်း ဒီလိုပဲ၊ ဥပဒေစည်းကမ်းတွေနဲ့ ပတ်သက်လာရင် ဘောင်ဝင်အောင်ပဲ လုပ် ဆောင်တတ်တာမို့ ဒီလိုစီစဉ်တာပါ'

ဒေါ်မြမြက ရှင်းပြသောအခါ ဦးရာဇာက ငြိမ်ကျသွား၏။ သို့သော် သူ့မျက်နှာတွင်ကား ကျေနပ်ပုံတော့ မပေါ်ချေ။

ဤတွင် ကိုသာကျော်၏အသံ ထွက်ပေါ်လာလေ၏။

'ကဲ ... ဒါဖြင့် အမှတ်(၁)အစီအစဉ်တော့ ပြီးပြီပေါ့'

သူ့စကားကို ကြားသောအခါ ဦးစံရွှေက ဆတ်ခနဲ တွန့်သွား၏။

'အမှတ်(၁)အစီအစဉ်က ဘာမို့တုံးကွ၊ ဘာတွေဘယ်လို ပြီးသွားတာလဲ၊ လုံးလုံး လုံးလုံးမလုပ်စမ်းပါနဲ့ကွ။ ဒါ ရှိုးအလုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ'

ကိုသာကျော်က ပြုံး၍ ပြန်ဖြေရှင်းပြရသည်။

'ဩော် ... မြင့်မြင့်စိုးကို နောက်လူနဲ့ညှိနိူင်းလို့ရမယ်ဆိုရင် မင်္ဂလာဆောင်ပေးမယ်ဆိုတာပေါ့၊ ဒါကို ကန့်ကွက်သူမရှိ အတည်ပြုပြီပေါ့ ဟုတ်လား'

ဦးရာဇာက မော့ကြည့်၍ ခပ်တင်းတင်းပင် ပြော၏။

'ဟေ့ ... ငါ ကန့်ကွက်တယ်ကွ'

'ဟင် ... ကောင်းပြီလေ၊ ဒါဖြင့် မဲခွဲမယ်၊ မင်္ဂလာဆောင်ဖို့ သဘောတူတဲ့သူတွေက အရင်လက်ထောင်ကြပါ'

ဦးလှစိုး ဒေါ်မြမြ၊ ဦးစံရွှေတို့လက်ထောင်ကြ၏။

'ကန့်ကွက်တာကို သဘောတူရင် လက်ထောင်ကြပါ'

ဦးရာဇာနှင့် မခင်သန်းတို့ လက်ထောင်ကြ၏။ ကိုသာကျော်က ထောင်ထားသောလက်ကို ရေတွက်လိုက်၏။

'တစ်–နှစ်–သုံး– ဟင် သုံးမဲချင်းတူနေပြီ၊ ကျွန်တော် တစ်ဖက်ဖက်ကို မဲပေးပြီး ဆုံးဖြတ်ရတော့မှာပေါ့'

ဤတွင် ဦးလှစိုးက ရှုံ့မှုံ့ရှုံ့ရှုံ့ ဖြစ်သွားတော့သည်။

'ဟ ... ဘယ့်နှာလဲကွ၊ လူက မောင်ရာဇာနဲ့ မခင်သန်းပဲ ဥစ္စာ၊ ဘယ့်နှယ် ... သုံးမဲဖြစ်မှာလဲကွ'

ကိုသာကျော်မှာလည်း ပြူးတူးပြဲတဲဖြစ်သွားပြီး ပြန်၍ ရေတွက်ရပြန်လေသည်။

'အင်း ...ဟုတ်သားပဲ၊ မှန်းစမ်း ရေမယ်၊ တစ်–နှစ်–သုံး ဟာ မခင်သန်း မင်းဘာဖြစ်လို့ လက်နှစ်ဖက်စလုံး ထောင်ထားရတာလဲကွ'

ဤတွင်မှ မခင်သန်းက လက်တစ်ဖက်ပြန်ချ၍

'မသိဘူးလေ လက်ထောင်ဆိုတော့ ရှိသမျှလက်တွေထောင်တာပေါ့၊ မောင်က ပြောကတည်းကို လက်တစ်ဖက်ထောင်ကြလို့ ပြောမှပေါ့'



ဦးစံရွှေက ခေါင်းကိုတဆတ်ဆတ် ညိတ်ပြရင်း ဝင်ထောက်လိုက်သည်။

'အင်း ... တော်သေးတာပေါ့၊ လက်တွေ၊ ခြေတွေထောင်ကြလို့များပြောလိုက်မိရင် နင်တော့ လင်းဆွဲကြီးအိပ်ပျော်နေသလို ဖြစ်နေမှာပဲနော် မိခင့်သန်းရဲ့'

အားလုံး ဝိုင်းရယ်လိုက်ကြတော့သည်။

ကိုသာကျော်ကမူ သူ့လုပ်ငန်းကို တွင်ကျယ်အောင် အာရုံစိုက်၍လုပ်၏။

'ကဲ ... နံပါတ်(၁)အစီအစဉ် ပြီးပါပြီလေ၊ အစီအစဉ်(၂) အရ ဒီကောင့်ကိုဘယ်လို အရေးယူမလဲ'

ဤတွင် ဦးရာဇာက ခေါင်းထောင်လာပြန်သည်။

'ဟ ... ဘယ်လိုလဲကွ၊ မင်းတို့ကပဲ မင်္ဂလာဆောင်ရမယ်ဆိုလို့ မင်္ဂလာဆောင်ရတယ်၊ ပြီးတော့ ဒီကောင့်ကို အရေးယူကြဦးမလို့လား။ မင်းတို့က ဘာကောင်တွေတုံးကွ'

'ဩော် ... ဒီကောင့်ကို ပြောတာမဟုတ်ပါဘူး၊ ဟိုကောင့်ကို ပြောတာပါ'

'ဟာ ... ရှုပ်ကုန်ပါပြီ၊ ဘယ်ကောင်ကပါလာပြန်ပြီလဲ ဘာလဲ၊ ငါ့တူမက ကောင်နှစ်ကောင်နဲ့ မင်္ဂလာဆောင်ရမှာလား အဲဒါကို ငါကန့်ကွက်တယ်၊ ဒီနေရာမှာ ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်ကွာ'

ဦးရာဇာက တူမကို ဘယ်လိုမှအထိမခံနိုင်သဖြင့် အော်၍ ကန့်ကွက်လေ၏။ ဦးလှစိုးသည် ပါးစပ်ထဲမှ ဆေးတံကြီးကို ကမန်းကတန်း လက်ဝဲလက်နှင့်ဆုပ်၊ ပြန်သွတ်၊ လက်ကျာလက်နှင့်ဆုပ်ပြီး ပြောလိုက်သည်။

'အေး ရာဇာရေ အဲဒီနေရာကပဲ ကန့်ကွက်ပါ၊ ဒီတို့ဘက်နားလာပြီးတော့ မကန့်ကွက်လိုက်ပါနဲ့ကွာ။ ငါ နားကွဲသွားရရှာပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုသာကျော်ကိုမူ စိတ်ရှည်ရှည်ဖြင့်ပင် ဦးရာဇာကိုကြည့်၍ ရှင်းပြရန် ကြိုးစားလေသည်။

'တင့်ဝေကို ပြောတာပါ ဦးမလေးရဲ့'

'အေးလကွာ တင့်ဝေပေါ့'

'အို ... မဟုတ်သေးပါဘူးလေ၊ ဒီတင့်ဝေမဟုတ်ဘူး။ ဟိုတင့်ဝေကိုပြောတာ၊ တင့်ဝေနံပါတ်(၁)ကို ပြောတာ'

ဤတွင်မှ ဦးရာဇာ ရှင်းသွားရတော့သည်။

ထိုအခိုက်တွင် ဦးစံရွှေက ဝင်ပြောလိုက်၏။

'အရေးယူတာတွေ မယူတာတွေ လုပ်မနေပါနဲ့တော့ကွာ၊ သူ့ထိုက်နဲ့သူ့ကံ သွားပါစေတော့၊ ဒီ အခု ငါချထားတဲ့ မဟာ ... မဟာ'

ထိုခဏ၌ မခင်သန်းက အလန့်တကြားဝင်ပြောလိုက်လေ၏။

'ဘဘက ဘယ်ကမသာကို ချလာရပြန်တာလဲ'

'အို ... ဘာလဲဟ၊ အခု ဒီမှာ ငါချနေတဲ့ မဟာကာလ ဇာတာခွင်အရဆိုရင် မြင့်မြင့်အတွက် သိပ်ကောင်းနေတယ်၊ မင်းတို့က မင်္ဂလာအတူဆောင်မလေး ဘာလေးပြောနေတယ်၊ ဒါပေမဲ့ သူ မုချအိမ်ထောင်ကျတော့မှာကွ၊ ဒီတော့ ဒီကောင့်ကို အရေးယူတာတွေ ဘာတွေလုပ်မနေပါနဲ့တော့ကွာ၊ မဟောသဓာတ်တော်ထဲက ဥဒုမ္ဗရဒေဝီထုံးကို နှလုံးသွင်းပြီးတော့ သူနဲ့မထိုက်လို့ သူထားခဲ့ရတာ ဘုရင်ကောက်ဖို့ဖြစ်ရတော့မှာပေါ့'

ဦးစံရွှေ၏စကားကြောင့် အားလုံးရွှင်ပျသွားကြတော့သည်။ စကားဝိုင်း(ဝါ)လုပ်ငန်းညှိနှိုင်းမှု ဆွေးနွေးပွဲသည် ကြည်ကြည်လင်လင်ပင် ဖြစ်လာရလေတော့သည်။

ဒေါ်မြမြက ပြုံးပြုံးရွှင်ရွှင်နှင့် မတ်တတ်ထရပ်ရင်း 'ကဲ ပြီးပြီမဟုတ်လား' ဟု ပြောလိုက်ရာ အားလုံးမတ်တတ်ရပ်ကြသဖြင့် ကိုသာကျော်က ခပ်သုတ်သုတ် ဝင်ပြောလိုက်လေ၏။



'ဟာ ... ပြန်ထိုင်ကြပါဦးလေ၊ အထွေထွေကဏ္ဍအနေနဲ့ ကျွန်တော်ပြောပါရစေ၊ အခု မင်္ဂလာဆောင်ကို လုပ်မယ်ဆိုတာက မူအားဖြင့်သဘောတူတာပါ။ ဒီတင့်ဝေဆိုတဲ့လူနဲ့ အလုပ်ဖြစ်မဖြစ်ဆိုတာ တစ်ဌာနဖြစ်နေပါတယ်။ ဒါကြောင့် အခု ကိုအုန်းကြိုင်ခေါ်လာမယ့် တင့်ဝေဆိုတဲ့လူနဲ့ ကျွန်တော်တို့မိသားစုတွေအားလုံး တွေ့ဆုံညှိနှိုင်းမှု လုပ်ကြပါလိမ့်ဦးမယ်'

မခင်သန်းက ကြားကဖြတ်၍ ပြောလိုက်၏။

'ဟာ ... မောင်ရယ်၊ အသန်းကတော့ မပါချင်ပါဘူး၊ မီးဖိုချောင်အလုပ်တွေ ရှိသေးတယ်'

'အေးပါ ... မင်းမပါချင်လည်းနေပါ၊ ကျန်တဲ့အိမ်သားတွေနဲ့တော့ အလျဉ်းသင့်သလို လူတိုင်းဆုံတွေ့ဖို့လုပ်ရမယ်။ ဒီအတွက်တော့ ကိုအုန်းကြိုင်ဆီ စကားပြန်ကိုစောင့်ပြီး ရက်ချိန်းကြသေးတာပေါ့လေ၊ ကဲ လုပ်ငန်းညှိနှိုင်းမှု ဆွေးနွေးပွဲကြီး အောင်မြင်စွာပြီးဆုံးပါပြီ'

လူတွေအားလုံး ထ၍ ထွက်သွားကြ၏။ ဦးလှစိုးကား ပြုံးပြုံးနှင့် ခေါင်းကိုညိတ်ကာ ရေရွတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

တင့်ဝေသည် အုန်းကြိုင်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မျက်နှာကြည်လင်သွားလေတော့သည်။

'ဟာ . . . အုန်းကြိုင်လာပေါ့၊ အတော်ပဲကွ'

အုန်းကြိုင်သည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည့်တိုင်အောင် နားမလည်သည့်အသွင်ဖြင့် တင့်ဝေကို ကြည့်နေသေး၏။

'ဘာလဲကွ၊ မင်းဆီမှာ ငါက ဘောင်းဘီလည်း မမှာဖူးဘူး၊ ဆွယ်တာလည်း မမှာဖူးသေးပါဘူး'

'အေးလေ . . . မမှာဖူးသေးပါဘူး၊ အဲဒါ ဘာဖြစ်သလဲ'

'မင်းက ငါ့ကိုမြင်တော့ အတော်ပဲဆို၊ ငါနဲ့ ဘာနဲ့တော်နေလို့လဲ'

'ဩော် . . . ဟား . . . ဟား ဒါက ဒီလိုလေကွာ၊ ငါ့မှာ ပြဿနာရှိနေတာနဲ့ မင်းကလာတာနဲ့ အတော်ပဲလို့ ပြောတာ၊ ဒီမှာ အုန်းကြိုင် ငါ့ကိုကူညီစမ်းပါကွာ'

အုန်းကြိုင်မှာ မျက်လုံးပြူးသွားရတော့သည်။ သူက တင့်ဝေဆီကို ကူညီနိုင်းမလို့အလာတွင် တင့်ဝေက ဆီး၍ အကူအညီ တောင်းနေသေးတော့သည်။

'နေပါဦးကွ တင့်ဝေရ၊ မင်းက ငါ့ကို အရင်ကူညီစမ်းပါဦး'

'ဟာ နေပါဦးကွာ၊ မင့်ပြဿနာကို အသာထားစမ်းပါဦး။ ငါ့ဟာက သိပ်အရေးကြီးနေလို့ပါ၊ ငါ့ကို ကူညီစမ်းပါဦးကွ'

'အို . . . ထားလိုက်စမ်းပါကွာ၊ ငါ့ကိစ္စကလည်း အရေးကြီးနေလို့ ငါ့ကို အရင်ကူညီစမ်းပါ'

'ဟာကွာ၊ ငါ့ကိုအရင်ကူညီစမ်းပါ အုန်းကြိုင်ရာ၊ ကိစ္စက ဒီလိုကွ'

'မင်းကိစ္စကိုထားစမ်းပါဦးလေ၊ ငါလာတဲ့ကိစ္စက . . .'

'အို . . . မင်းကိစ္စက အရေးမကြီးပါဘူးကွ၊ ငါ့မှာ . . .'

'ငါ့ကို အရင်ကူညီကွာ'

'မလုပ်ပါနဲ့အုန်းကြိုင်ရာ၊ ငါ့ကို အရင်ကူညီစမ်းပါ'

'ဟ . . . တင့်ဝေရ၊ ငါ့ကိစ္စက သိပ်အရေးကြီးတယ်၊ မိန်းကလေးတစ်ယောက် သိက္ခာကျရတော့မယ့်အဖြစ်ကို ရောက်နေလို့ပါ'

'ဘယ်က မိန်းကလေးလဲ'

'ငါ့ဆွေမျိုးလို ဖြစ်နေတဲ့မိန်းကလေးပါ'

'အို . . . ဒါဖြင့် ဘေးချိတ်ထားလိုက်၊ ငါ့ကိစ္စက ပိုပြီး အရေးကြီးတယ်၊ ကဲ . . . ပြောစမ်းပါဦး၊ မင့်ကိစ္စကို ငါက ကူညီပေးမယ်၊ ငါ့ကိစ္စကိုလည်း မင်းက ပြန်ပြီးကူညီပေးရမယ်နော်'

အုန်းကြိုင်က တင့်ဝေ၏ကိစ္စကို ဦးစားပေးမှုကို သဘောတူလိုက်သဖြင့် တင့်ဝေသည်လည်း အထူးကျေနပ်သွားကာ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာလေတော့သည်။

'ဒါက ပြောနေရမယ့် အလုပ်လားကွာ၊ ပြန်ပြီး ကူညီရမှာပေါ့'

'ကဲ . . . ဒါဖြင့် ချီတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကို ချည်ရမှာလဲကွ၊ ဒီအိမ်မှာ ခွေးဆိုးမမွေးထားဘူး'

'မဟုတ်ပါဘူးလေကွာ၊ မင့်ပြဿနာကို အစချီတော့လို့ ပြောတာဟ'

'ဩော် ... ဟ

'ဘယ်သူလဲကွ'

'မင်းနဲ့မသိပါဘူး၊ ထူးလွင်ဆိုတဲ့အကောင်ပါ၊ သူ့မိန်းမ မျက်နှာမြင်ကာနီးမှာပေါ့၊ မိန်းမကလည်းနေမကောင်းဖြစ်၊ သူမှာက လည်းငွေမရှိနဲ့ ဒုက္ခရောက်နေတော့ ငါကလည်း သနားတာပေါ့'

'အေး ... သနားစရာပဲပေါ့'

'ဒါနဲ့ ... ငွေငါးရာချေးပြီး ပေးလိုက်တယ်၊ အစကတော့ သူက လခထဲကဖဲ့ပြီး အရစ်ကျစပ်ပါ့မယ်တဲ့'

'ခုတော့ သူက မဆပ်တော့ဘူးလား'

'ဒီလိုလေကွာ ကလေးမျက်နှာမြင်တော့ ကလေးရော သူ့မိန်းမရော ဆုံးသွားတယ်လေ'

'အို ... ကျွတ် ... ကျွတ် ဖြစ်မှဖြစ်ရလေကွာ'

'အေး ... ဒီတော့ သူ့ခမျာလည်း ရုတ်တရက် မဆပ်နိုင်တော့ဘူးပေါ့၊ ငါကလည်း မတောင်းရက်တော့ဘူးလေ၊ ဒါနဲ့ ငါ လည်း ငါ့လခထဲကပဲ အရစ်ကျစိုက်ဆပ်မယ် စိတ်ကူးတယ်၊ ဒါနဲ့ ပဲ'

'ခြင်တွေလာတယ်'

'ဘယ်က ခြင်တွေလာရမှာလဲကွ'

'မဟုတ်ပါဘူး အခု တို့စကားပြောနေတုန်း ခြင်တွေလာ ကယ်နှော်လို့ ပြောတာပါ'

ပြောပြောဆိုဆိုနှင့် အုန်းကြိုင်သည် သူ့ ခြေသလုံးများဆီ သို့ လက်ဝါးနှင့် ဟိုရိုက်သည်ရိုက်နှင့် လုပ်လိုက်လေ၏။ တင့်ဝေက မူ သူ၏ဇာတ်ကြောင်းကို ဆက်၍ ပြောပြသည်။

'ဒါနဲ့ပဲ ငါလည်း စိုက်ဆပ်မယ်လုပ်တုန်း ကြွေးရှင်က



တစ်လုံးတစ်ခဲတည်း ချက်ချင်းပြန်လိုချင်လာတယ်လေ'

'ဟ ... ဘယ်လိုဖြစ်ရတာလဲကွ'

'ဘယ်လိုဖြစ်ရမလဲ ငါက ငါ့အသိဆီက ငွေကိုလှည့်တာ ကိုးကွ၊ သူကလည်း သူဌေးမဟုတ်ပါဘူး၊ အိမ်တွင်းစက်မှုလုပ်ငန်း လေးတစ်ခု ထောင်မလို့ စက်ကလေးတစ်လုံးဝယ်ဖို့ ငွေစုနေတာ ကိုးကွ၊ အဲဒီ စုထားတဲ့အထဲက ငွေငါးရာကို အတိုးမရှိဘဲနဲ့ ငါ့ကို ခဏလှည့်ပေးထားတာ၊ ခုတော့ ဒီငွေငါးရာပြန်ရရင် ငွေပြည့်ပြီ နောက်ပြီး သူလိုချင်တဲ့စက်ကို ဈေးချောင်ချောင်နဲ့ ... ခပ်နေတယ် တဲ့၊ ဒီတော့ ဒီငွေကို လေးငါးဆယ်ရက်အတွင်း ပြန်ဆပ်စေချင် တယ်ကွာ၊ သူ့ကိုလည်း ငါ ခင်မင်ပြီးသားဆိုတော့ သူ့ရဲ့အခက်အခဲ ကိုလည်း ငါသိတာပေါ့၊ ဒါပေမယ့် ဒီငွေကို ဒီရက်အတွင်းမှာ ငါ မဆပ်နိုင်ဘူးကွာ'

'ဒီတော့ ငါက ဘာလုပ်ရမလဲ'

'ငွေငါးရာ ချေးပေးစေချင်တယ်၊ ငါ့မှာ တခြားနည်းလမ်း မရှိတော့ပါ သူငယ်ချင်းရာ'

တင့်ဝေ၏ စကားဆုံးသောအခါ အုန်းကြိုင်သည် အားရပါး ရ ရယ်လေတော့၏။ ပထမသော် တင့်ဝေသည် အုန်းကြိုင်ကို နားမလည်သလို ကြည့်နေ၏။ ကြည့်နေပါသော်လည်း အရယ်မ ရပ်သေးသောအခါ တင့်ဝေသည် အုန်းကြိုင်ကို အမြင်ကပ်သလို ကြည့်မိလေတော့သည်။

'ဘယ်လိုလဲ အုန်းကြိုင်ရ၊ စကားပြောရင်း ငါ့ခြေမက မင့်နံကြားကိုများ ကုဝမိလို့လားကွာ'

ဤတွင်မှ အုန်းကြိုင်သည် မျက်နှာပိုးသတ်လိုက်လေ၏။

'မဟုတ်ပါဘူး တင့်ဝေ၊ မင်းပြောတဲ့အထဲမှာ ရယ်စရာမပါ တဲ့အပြင် ဝမ်းနည်းစရာ၊ စာနာစရာ အပြည့်ပါတယ်ဆိုတာကို ငါ ဝန်ခံပါတယ်၊ ဒါပေမယ့် ငါရယ်မိတာက အဖြစ်က ကြွမ်နိုပြီး အဆင်သင့်လွန်းလို့ ရယ်မိတာပါကွာ၊ မင်းကို ငါက ကူညီနိုင်မှာ

www.burmeseclassic.com



မို့လို့လည်း ဝမ်းသာပြီး ရယ်မိတာဆိုရင်လည်း မမှားဘူးပေါ့'

'မမှားရင်လည်း ငါဆိုပါတယ်ကွာ၊ မင်းက ငါ့ကို ဘယ်လို ကူညီမှာလဲ ပြောစမ်းပါဦး။ ငါ. သိချင်လှပြီကွာ'

'ဒါဖြင့် ဗျ ပြဿနာကိုပြောတော့မယ်'

'အိုး . . . မင့်ပြဿနာကြီးကို ထားစမ်းပါဦးလေ၊ ငါ့ ပြဿနာသာ အရင်ရှင်းစမ်းပါကွ'

'ဟ ငါ့ ပြဿနာကို မင်းကူညီရင် မင်းပြဿနာကို ရှင်းပြီးသားဖြစ်မှာပါလေ၊ ကဲ . . . ငါပြောပါရစေကွာ၊ ဆုံးအောင် သာနားထောင်စမ်းပါ၊ မင်း ဘာမှ ဝင်မပြောနဲ့ ငါ့စကားဆုံးရင် မင့်ပြဿနာ ပြေလည်သွားတာတွေ့ရလိမ့်မယ်၊ မင်း သတိုးသားလုပ်မလား'

အုန်းကြိုင်က မေးလိုက်ရင်း တင့်ဝေ၏မျက်နှာကို ကြည့်လိုက်သည်။ တင့်ဝေသည် ဒူးနှစ်ဖက်ပေါ် တံတောင်နှစ်ဖက် ထောက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် သူ့မေးစေ့ကို ထောက်ထား၏။ လုံးဝ အပြစ်ကင်းစင်လျက်ရှိသော မျက်နှာထားနှင့် အုန်းကြိုင်ကို ငေးကြည့်နေသည်။ အုန်းကြိုင်က အဖြေကိုစောင့်၏။ တင့်ဝေက ငေးမောကြည့်နေသည်။ တစ်မိနစ်ခန့်ကြာသွားသော် အုန်းကြိုင် စိတ်တိုသွား၏။

'ဟေ့ကောင် ဘာလဲကွ၊ ငါ့ကို မင်းရည်းစားများ မှတ်သွားသလား ဟေ'

'ဘာဖြစ်လို့လဲကွ'

'ငါမေးတာ မဖြေဘဲနဲ့ ဘာဖြစ်လို့ ငါ့မျက်နှာကို မင်းက တစိမ့်စိမ့်ကြည့်နေရတာလဲ၊ ငါ ကြက်သီးတောင်ထလာပြီ'

အုန်းကြိုင်၏စကားကို ကြားလိုက်ရသောအခါ တင့်ဝေသည် လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်မိသည်။

ဩော် . . . မသိဘူးလေကွာ၊ တို့စောစောက မင်းကိုပြောတယ်မဟုတ်လား။ စကားကို ဆုံးအောင်သာနားထောင်ပါ၊ မင်း



အရာရှိလေ၊ အိမ်က ကိစ္စတွေမှာလည်း စီမံကိန်းဆွဲတယ်၊ သူတို့ အိမ်တွင်းရေးကိစ္စတစ်ခုခုရှိရင် အိမ်သားအားလုံး မျက်နှာစုံညီ စည်းဝေးရတယ်ကွ၊ အားလုံးကျေနပ်မှုနဲ့ လုပ်ကြတာပဲ။ ဒီတော့ မင်းကို မင်္ဂလာဆောင်မှာအစားထိုးဖို့ သူတို့အားလုံးက မူအားဖြင့် လက်ခံထားကြပြီ၊ ဒါပေမယ့် မင်းကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် လက်ခံနိုင်ဖို့ကို အိမ်သားတိုင်း မင်းကိုတွေ့ဖို့လိုမယ်။ အိမ်သားတိုင်းက မင်းကိုလက်ခံမှ မင်းနဲ့ အလုပ်ဖြစ်မှာကိုးကွ'

ဤသို့ အုန်းကြိုင်က ရှည်လျားစွာ ရှင်းပြလိုက်သောအခါ တင့်ဝေမှာ သူ့နဖူးသူ လက်ဝါးလေးနှင့်ရိုက်ပြီး 'အင်း . . . ငါ ဒီတောင်ကမှ ကျော်နိုင်ပါဦးမလား သူငယ်ချင်းရာ' ဟု ညည်းတွားမိရှာတော့သည်။

တင့်ဝေ၏အပြုအမူကို သဘောကျသွားသလိုနှင့် အုန်းကြိုင်သည် ကိုယ်ကို သိမ့်ခါသွားအောင် ရယ်မောလိုက်ပြီးမှ . . .

'အေး . . . မင်းညည်းမယ်ဆိုရင်လည်း ညည်းလောက်စရာပဲ၊ ငါတွေ့ဖူးသမျှထဲမှာ တော်တော်ခွကျတဲ့အိမ်သားတွေပဲ၊ အိမ်သားအားလုံးထဲမှာ တစ်ယောက်နှစ်ယောက်ကလွဲရင် အားလုံးဟာ တစ်မျိုးစီ ကိုယ့်နည်းကိုယ့်နိသျနဲ့ ထူးခြားနေတဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲကွာ'

တင့်ဝေသည် ပင်လယ်ပြင်ထဲကနေ၍ မေခလာနတ်သမီးကို မော်ကြည့်နေသော ဇနကမင်းသား၏ အကြည့်မျိုးနှင့် အုန်းကြိုင်ကို ကြည့်လိုက်၏။

'ငါက တစ်ဦးချင်းစီကို သွားတွေ့ရမယ်ဆိုတော့ သူတို့အိမ်သားတွေရဲ့အထာကို ငါသိဖို့လိုတာပေါ့ကွာ။ အဲဒါကို မင်းက ငါ့ကို အကြောင်းအရာ အတိုချုပ်အသိပေးထားစမ်းပါ၊ ဘာရီးဖင်းပေါ့ကွာ'

အုန်းကြိုင်က တင့်ဝေ၏စကားကို သဘောတူသည့်ဟန်နှင့် ရယ်မောရင်း ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



ကားပြောလိုက်သည်။

'လေးငါးရက်အတွင်း ငွေတွေရမယ်ဆိုရင်တော့ ငါ လုပ်ရတော့မှာပေါ့၊ ကောင်းတော့ မကောင်းဘူးပေါ့ကွာ။ အခုကြေငွေယူတယ်ဆိုရင် ကူညီရာမရောက်ဘူးပေါ့။ အဓိပ္ပာယ်က သူတို့ဘက်ကကြည့်ရင် ငါ့ကို တန်ရာတန်ဖိုးပေးပြီး ငှားတဲ့သဘောပေါ့ကွာ'

'ဘာပဲဖြစ်ဖြစ်လေကွာ ဒီအလုပ်ကို လက်ခံမလား၊ မခံဘူးလားသာ ပြောပါကွာ။ ငါ သူတို့နဲ့ သွားပြန်ညှိနှိုင်းရဦးမှာကွ'

'ကျေနပ်တယ် ... ကျေနပ်တယ်၊ သိပ်ကျေနပ်တယ်။ ငါ ဒီကပြန်သွားပြီးရင် သူတို့နဲ့ သွားတွေ့မယ်။ နောက်တော့ မင်းကို အကျိုးအကြောင်း လာပြန်ပြောမယ်နော်'

'အေး ... ကောင်းပြီ'

အုန်းကြိုင် ပြန်သွားလေသည်။ တင့်ဝေသည် တစ်ယောက်တည်းထိုင်ရင်း ဆက်လက်၍ ငေးမောနေမိ၏။ နေရင်းထိုင်ရင်းက မိမိ၏နာမည်သည် ငွေရှာပေးနိုင်သော နာမည်ဖြစ်လာရသည်။ လူကသာ အရေးပါ အရာမရောက်ချင်နေရမည်။ နာမည်ကတော့အရေးပါလှသည်။

ဒီနာမည်ကို ရွေး၍ မှည့်ပေးခဲ့သော ကွယ်လွန်သွားရှာပြီဖြစ်ကြသည့် မိဘနှစ်ပါးကို ရည်မှန်းပြီး လက်အုပ်ကလေးချီ၍ ကန်တော့မိ၏။

'ဖေဖေ ... မေမေတို့ ကျေးဇူးကြီးလှပါသည်။ အကျဉ်းအကျပ်မှာ ငွေရမည့်နာမည်မျိုးကို ရွေးပြီး မှည့်ပေးခဲ့ပေလို့ပေါ့။ ရှေ့လျှောက်ပြီး ဒီနာမည်နဲ့ ကောင်းကျိုးချမ်းသာ တွေ့ရပစေလို့ သားဆုတောင်းပါတယ်'

* * *



ㄩ ㄩ ㄩ

နောက်နေ့တွင် အုန်းကြိုင်သည် တင့်ဝေနှင့်လာ၍တွေ့ပြန်လေ၏။ အုန်းကြိုင်၏မျက်နှာမှာ ရွှင်ပျနေသည်။

'ဟေ့ .. တင့်ဝေ၊ အဆင်ပြေသလောက်ရှိပါပြီကွ၊ သူတို့ မင်းကိုလက်ခံရင် ငွေတွေကို တစ်ခါတည်းပေးလိုက်ပါ့မယ်တဲ့။ မင်္ဂလာဆောင်ရက်အထိစောင့်ဖို့ မလိုဘူး။ မင်းနဲ့သူတို့ အိမ်သားတွေ တွေ့ပြီးလို့ သူတို့ဘက်က လက်ခံပြီးရင် မင်းလိုချင်တဲ့ငွေကို ရရောပေါ့ကွာ၊ သူတို့က ငါနဲ့ဟာဆွေမျိုးလို ဖြစ်နေတာ။ ဒီတော့ ငါ့ကို ယုံလို့ မင်းကိုလည်း ယုံတဲ့သဘောပေါ့ကွာ'

တင့်ဝေသည် အုန်းကြိုင်ကို ငေးစိုက်ကြည့်နေရာက စကားဝင်ပြောလိုက်သည်။

'နေပါဦး ... ငါက ဘာဖြစ်လို့ သူတို့အိမ်သားတွေနဲ့ တွေ့ဖို့ လိုသေးတာလဲကွ၊ အချုပ်အခြာအာဏာပိုင်တဲ့ လူတစ်ယောက်က ကျေနပ်ရင် မပြီးဘူးလား'

အုန်းကြိုင်သည် သဘောကျစွာ ရယ်လိုက်ပြီးမှ ...

'မင်းက သူတို့အိမ်အကြောင်းမှ မသိသေးဘဲကိုးကွ၊ ဒီလိုလေ ... သူတို့အိမ်မှာ စီစဉ်နေတာက ကိုသာကျော်ဆိုတာပေါ့။ သူက ကောင်မလေးရဲ့အစ်ကို၊ သူက ဘုတ်အဖွဲ့တစ်ခုက စီမံကိန်း

www.burmeseclassic.com



ဘာမှ ဝင်မပြောနဲ့ဆိုကွ၊ ဒါကြောင့် ငါလည်း ဘာမှ ဝင်မပြောဘဲနဲ့ နားထောင်နေတာပေါ့၊ ဒါထက် အခု မင်းစကားဆုံးပြီပေါ့ ဟုတ်လား၊ ငါ့ ပြဿနာလည်း မပြေလည်သေးပါလားကွ'

'ဟာ ... ငါ့စကားက စတောင်မှ မစရသေးပါဘူးကွ'

'ဘုရား ... ဘုရား'

'တော်ပါ ဘုရားလည်း တ မနေပါနဲ့တော့၊ မင်း သတို့သားလုပ်ရမယ်'

'ဟာ ... ငါ မိန်းမ မလိုချင်သေးဘူး'

'မရစေရပါဘူးကွာ စိတ်ချပါ၊ မင်္ဂလာဆောင်ရုံပဲ ဆောင်ရမှာပါ၊ သတို့သမီးနဲ့ မင်း မင်္ဂလာဆောင်တစ်ထိုင်ပဲ ဆုံစည်းရမှာပါ'

'ဘာဖြစ်လို့လဲ၊ မင်္ဂလာဆောင်ပြီးတာနဲ့ အပြန်မှာ ငါကားမှောက်သေရမှာလား'

'ဟာ ... ဖွတ်၊ မဟုတ်တာတွေ စကားမများနဲ့ကွာ။ ကောင်မလေးတစ်ယောက်ရဲ့ မင်္ဂလာဆောင်ပျက်တယ်၊ သူနဲ့ လက်ထပ်မယ့်ကောင်က မိန်းမခိုးပြေးလို့ ဒီကောင်မလေးရဲ့အဖေက မင်္ဂလာဆောင်ကို ဖြစ်အောင် ဆောင်ချင်တယ်၊ ဒီကောင့်နာမည်နဲ့ မင်းနာမည်နဲ့ တူနေတယ်။ ဒါကြောင့် မင်းက သတို့သားနေရာမှာ ခဏဝင်ယူ၊ ငွေရမယ်၊ အချုပ်ကတော့ ဒါပဲ'

'ဟင် ... ငွေရပြီးရင် အချုပ်ခံရမယ်ပေါ့ ဟုတ်လား'

'ဘယ်က ဟုတ်ရမှာလဲကွ၊ အကျဉ်းချုပ်က ဒါပဲလို့ ပြောတာ'

'ငွေက တကယ် ဘယ်လောက်တောင်မှလဲ'

'ဒါကတော့ မသတ်မှတ်ရသေးဘူး၊ ငါ့ထင်တော့ ပေးမှာပါ။ မင်း အလုပ်လက်ခံဖို့ သဘောတူရင် ငါပြန်မေးပြီး မင်းကို ပြန်ပြောမယ်၊ ကဲ ... ဘယ်လိုလဲ'

တင့်ဝေသည် ခဏတော့ တွေသွား၏။ ထို့နောက်မှ



'အခုပဲ ပြောတော့မလို့ပါပဲကွာ၊ မင်းသိထားမှ ဖြစ်တော့မှာပေါ့၊ ကိုင်း ... ငါပြောတော့မယ်၊ သြော် ... ဒါထက် ရေတစ်ခွက်တော့ခပ်ထားပေးစမ်းပါ'

'ဘာလုပ်ဖို့လဲ'

'သူတို့အကြောင်းတွေ ပြောရရင် တော်တော်ရှည်ရှည်ပြောရမှာမို့ ရေသောက်ပြောရမယ်ကွ'

တင့်ဝေသည်လည်း အုန်းကြိုင်၏အလိုကျ ရေတစ်ဖန်ခွက်ခပ်ကာ အနားတွင် ချထားပေးလိုက်သည်။ အုန်းကြိုင်သည် ကုလားထိုင်ပေါ်တွင် ခြေနှစ်ဖက်စလုံး တင်ထိုင်လိုက်၏။ ပြီးသော် စကားကို စတင်၍ ပြောလိုက်လေ၏။

'ပထမဆုံး မင်းသိထားရမှာကတော့ မြင့်မြင့်စိုးပေါ့၊ ဆရာတော်ကြီးတစ်ပါးပါး မဖြစ်နိုင်ဘူးလားကွ ဟေ'

'ငါက နိဒါန်းပျိုးနေရလို့ပါကွာ၊ မင်းက ကြားကဝင်ဝင် မခုစမ်းပါနဲ့၊ အဲ ... မြင့်မြင့်စိုးဆိုတာက မင်းလက်ထပ်ရမယ့် သတို့သမီးပေါ့'

'ဒါပေမယ့် လက်ထပ်ရုံပဲနော်၊ သူတို့ ပေးမယ့်ငွေဟာ ဒီ ကောင်မလေးကို တကယ် ယူထားဖို့အထိ မပါဘူးနော်'

'အေးပါကွ၊ ဒါ အတိအလင်း သဘောတူပြီးသားပါ၊ တကယ်လို့ ကောင်မလေးကို မင်း တကယ်ယူထားဖို့အတွက်ဆိုရင် ဥပမာ နောက်ထပ်တန်ဖိုးထပ်တက်ပြီး ပေးရမယ်ပေါ့၊ ခွေးကောင် အရေးထဲအသားယူနေသေးတယ်'

'နောက်တာပါကွာ၊ ကဲ ... ဆက်ပြောပါဦး'

'မြင့်မြင့်စိုးက သိပ်သဘောကောင်းတယ်၊ လှတယ်၊ မိဘစီမံရာကို အစဉ်နားထောင်တယ်။ ဒီတော့ အိမ်တွင်းကိစ္စမှာ သူ့ဩဇာမရှိလှဘူး'

'အိမ်တွင်းကိစ္စဆိုတာက နတ်အုန်းသီးလဲတာကို မင်း မဆိုလို ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ . . . မဆိုလိုပါဘူး၊ အိမ်တွင်းရေးကိစ္စတွေမှာ နောက်ထပ် ဩဇာသိပ်မရှိတာက မခင်သန်းပဲ'

'နေပါဦးကွ ဒီမခင်သန်းရဲ့ဘဲကလည်း သူတို့အိမ်သားထဲမှာပါသလား၊ အဲဒါက ဘာဖြစ်ပြို့လဲ'

'အို . . . ဘယ်က ဟုတ်ရမှာလဲကွ၊ မခင်သန်း . . မခင်သန်း၊ သူကလည်း ခပ်အေးအေးပဲ၊ အိမ်မှုကိစ္စ ဝေယျာဝစ္စတွေ လုပ်ကိုင်ဖို့ပဲ ဝါသနာပါတယ်၊ အိမ်တွင်းရေးကိစ္စမှာ ဘာမှ စွက်ဖက်မှုမရှိတတ်လို့ သူဟာလည်း ဩဇာသိပ်မရှိဘူးပေါ့၊ နောက်တစ်ယောက် . . . သူကတော့ တော်တော်ကလေးဩဇာရှိတယ်၊ ဩဇာအရှိဆုံးတော့မဟုတ်ဘူး။ အဲ . . . သူက ဒေါ်မြမြ'

'နေပါဦး ငါ ဖြတ်မေးပါရစေ၊ သူတို့ဟာ မိန်းမတွေချည်း စုနေတဲ့အိမ်လားကွ'

'မဟုတ်ပါဘူးလေ၊ ငါကလည်း စဉ်းစားလို့ရတာတွေကို ပြောနေရတာပါ၊ ယောက်ျားတွေလည်း ရှိပါတယ်ဗျ'

'အခုနက မခင်သန်းဆိုတာ ဘာလဲ'

'မိန်းမလေ'

'တယ် ဒီကောင်ဟာ မိန်းမမှန်းတော့ ငါသိတာပေါ့ကွ၊ သူက ဘယ်လိုဆွေမျိုးတော်တာလဲ'

'ဩော် . . . မခင်သန်းက မြင့်မြင့်စိုးရဲ့အစ်ကို ကိုသာကျော်အလုပ်မှာတော့ ဦးသာကျော်ပေါ့ကွာ၊ အဲ . . . အဲဒီ ကိုသာကျော်ရဲ့မိန်းမ'

'ဩော် . . . နားလည်ပြီ၊ မခင်သန်းက မြင့်မြင့်စိုးဘက်က ကြည့်ရင် ယောက်မပေါ့'

'အေးပေါ့ကွ'

'မြင့်မြင့်စိုးရဲ့ မိဘဘက်က ကြည့်ရင် ချွေးမပေါ့'

'အေးပေါ့၊ သူ့အဘွားဘက်ကကြည့်ရင် မြေးပေါ့၊ ဒါပေမဲ့ သူ့မြေးဘက်ကကြည့်ရင်တော့ အဘွားပေါ့ . . . သူ့ကြီးဒေါ်



ဘက်က ကြည့်တော့ တူမပေါ့၊ နောက်ပြီး . . .

'တော်ပါတော့ကွာ၊ မင်းက မငြေပါနဲ့၊ ငါက စိတ်ထဲမှာ မှတ်နေရလို့ပါကွ၊ ကဲ . . . ဆက်ပြောပါ၊ ဒေါ်မြမြ . . . ကဲ ပြောပါဦး'

အုန်းကြိုင်သည် ရေကိုတစ်ကျိုက်သောက်လိုက်၏။ ပြီးမှ ဆက်ပြောသည်။

'ဒေါ်မြမြက မြင့်မြင့်စိုးရဲ့အမေ၊ သူ့အဖေရဲ့မိန်းမပေါ့'

'ဟော့ကောင် . . . မနောက်နဲ့နော်'

'မနောက်ပါဘူးကွ၊ ငါ တကယ်မှားသွားလို့ပါ၊ ဒေါ်မြမြဟာဆိုရင် သမီးကိုတော့သိပ်ချစ်တယ်။ ဒါပေမဲ့ သမီးအပေါ်မှာ ဩဇာလွှမ်းမိုးချင်တယ်။ သိပ်အဆိုးကြီးတော့လည်း မဟုတ်ပါဘူးလေ။ အဲ . . . သူ့ယောက်ျားက ဦးလှစိုးတဲ့။ သူက အငြိမ်းစားအစိုးရအရာရှိကြီးပဲ၊ အခု မင်းကိစ္စက သူနဲ့ ပထမဦးဆုံး သက်ဆိုင်လာတဲ့ကိစ္စပဲ'

'သူက ဥပဒေစည်းမျဉ်းတွေကို ဆန့်ကျင်ရမှာ သိပ်မုန်းတယ်၊ အစိုးရအရာရှိဘဝမှာလည်း ဒီဘက်မှာတော်လို့ နာမည်ကောင်းရခဲ့တယ်။ အငြိမ်းစားယူပြီးတောင်မှလည်း သူ့သဘောက တစ်သမတ်တည်းပဲ။ အခုလည်း ကုန်သွယ်ရေးကို ဖိတ်စာတင်ပြီး လျှောက်လို့ ပစ္စည်းတွေရထားတာ၊ မင်္ဂလာမဆောင်ရင် သူဟာ ပစ္စည်းတွေကိုလိမ်ပြီး လျှောက်ထားတာလို့ ဥပဒေမျက်စိဘက်က မြင်မှာ သိပ်စိုးရိမ်တယ်။ ဒါကတော့ အဓိကအချက်ပဲ။ တင့်ဝေကို မင်္ဂလာပွဲမပျက်တာ ပြချင်တာကတော့ မြှောင်နေတဲ့အချက် သေးသေးကလေးပါ'

တင့်ဝေမှာ မျက်မှောင်လေးကြုတ်မိတော့သည်။

'နေပါဦး သူတို့က ဘာဖြစ်လို့ မင်္ဂလာပွဲမပျက်ကြောင်း ငါ့ကို ပြချင်ရတာလဲ'

'အို . . . မင်းကိုပြောတာ မဟုတ်ပါဘူး။ ပဲတင့်ဝေ၊

www.burmeseclassic.com

www.burmeseclassic.com

အဲဒီတင့်ဝေကို ပြောတာ။ မင်းက တင့်ဝေကောင်းဆိုပါတော့ကွာ။ အခုဟာက တင့်ဝေဆိုးကို ပြောတာ။ အဲဒီတော့ ဦးလှစိုးဟာ မင်္ဂလာဆောင်ကို ဖြစ်အောင်ကျင်းပမယ်ဆိုလို့ ဒီကိစ္စကြီးဖြစ်ပေါ်လာတာ၊ ဒီတော့ သူဟာ အရေးကြီးတယ်။ မင်းအလုပ်ဖြစ်ချင်ရင် သူနဲ့ အဆင်ပြေအောင်ပြောရမယ်'

'ငါ နားလည်ပြီ'

'နောက်တစ်ယောက်ကတော့ ဦးစံရွှေ။ သူက ဒေါ်မြမြရဲ့ အစ်ကိုတော်တယ်၊ ဗေဒင်ဝါသနာပါတယ်။ သူကလည်း အိမ်သား တစ်ယောက်အနေနဲ့ ဩဇာရှိပါတယ်၊ မင်း သူနဲ့တွေ့ရင် အလိုက် အထိုက်ပြောကွာ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ ဦးလှစိုးရဲ့ညီ။ သူ့ကိုတော့ မင်းတွေ့ရင် အဆင်ပြေအောင် တော်တော် လုပ်ရလိမ့်မယ်။ သူ့နာမည်ကတော့ ဦးရာဇာတဲ့'

'ဟာ . . . . ဒါဖြင့် ဘာခက်သလဲကွ၊ သူနဲ့တွေ့ရင် ဟို သီချင်းလေးကို ကောက်ဟဲပြလိုက်ပေါ့'

'ဘယ်သီချင်းလဲ'

'ရာဇာခေါ်မလား . . . ချစ်ရင်တကယ် : . . . ငါသာ . . စော်ဘွားဖြစ်ချင်တယ် ဆိုတဲ့ သီချင်းဟာလေ'

'အောင်မယ်လေး သွားမလုပ်ပါနဲ့၊ မင်းကို သူ့ဘရာဇာက တစ်ချီတည်းခေါ်သွားပါလိမ့်မယ်။ ဒီ ဦးရာဇာဆိုတဲ့ အဘိုးကြီးဟာ ဝန်ဇင်းမင်းရာဇာနဲ့ နှိုင်းကြည့်ရင် ဘယ်လိုနေမလဲသာ မသိတာ လူဖြောင့်စိတ်တိုကြီးကွနော်၊ သူ့တူမ မြင့်မြင့်စိုးကိုတော့ တော်တော် ချစ်တယ်။ အခု မင်္ဂလာဆောင်ကိုကျင်းပတာ သူက သဘောမတူ ဘူးဆိုပဲကွ၊ သူ့သဘောက သတို့သားဘက်က အကျင့်မကောင်းလို့ မင်္ဂလာပွဲပျက်ကြောင်းကို လူသိရှင်ကြား သတင်းစာထဲမှာထည့်ပြီး ကြော်ငြာချင်နေတာ၊ အိမ်သားတွေမဲခွဲကြရာမှာ မင်္ဂလာဆောင် ကျင်းပဖို့ဘက်က လူများသွားလို့တဲ့'

'ဟာ သူသာနိုင်ရင် ငါနဲ့ ရမယ့်ငွေတွေနဲ့ လွဲရမှာပဲနော်'



'အေးပေါ့ကွာ၊ ကဲ . . . နောက်ဆုံးတစ်ယောက်။ သူက တော့ ငါ စောစောကပြောခဲ့တဲ့ ကိုသာကျော်ပေါ့ကွာ။ အခုသူက ဆေးခွင့်ယူထားရတယ်။ စိတ်ရောဂါကုဆရာဝန်နဲ့ ကုနေရတယ် လေ'

'သူ့ရောဂါက တော်တော်ဆိုးသလားဟင်'

တင့်ဝေက စိုးရိမ်သလို မျက်နှာသေကလေးနှင့် မေးလိုက်မိသည်။ စိုးရိမ်မည်ဆိုကလည်း စိုးရိမ်စရာပါ။ သူနှင့်သွားတွေ့ရမည့်သူမှာ စိတ်ဓာတ်ကျန်းမာရေး အထူးချို့တဲ့နေသူဖြစ်ပါက သူ၏ ဦးထိပ်ဦးခေါင်းတို့သည် ဆေးလိပ်ခွက်များ၊ ပန်းကန်များ၊ ထွေးခံများ စသည်တို့၏ ပစ်ကွက် ပစ်ကွင်းဖြစ်လာနိုင်စရာ အကြောင်းတော်တော်များများ ရှိပေ၏။

အုန်းကြိုင်သည် တင့်ဝေ၏မျက်နှာကို ပြုံးစနဲ့နဲ့နှင့် ကြည့်လိုက်သည်။

'ဒါလောက်တောင်တော့လည်း အခြေအနေ မဆိုးလှပါဘူးကွ။ သူက အလုပ်မှာ သိပ်ပြီးစိတ်ဝင်စားတဲ့လူဆိုတော့ စိတ်စွဲပြီး နဲနဲကြောင်သွားတာလေး တစ်ခုပါပဲကွာ။ ရုံးနဲ့မဆိုင်တဲ့အိမ်ကိစ္စတွေမှာလည်း စီမံကိန်းကြီးတွေဆွဲ၊ စာရင်းဇယားတွေဖြန့်ပြီး လုပ်တတ်တယ်။ ဒါလောက်ပါပဲလေ။ မင်း သူနဲ့တွေ့ရင် နည်းနည်း သည်းခံနိုင်ရင်ပြီးတာပါပဲ။ သည်းခံရမယ်ဆိုတာကလည်း သူ့ပြောပုံဆိုပုံလေးတွေနဲ့ လုပ်ကိုင်ပုံလေးတွေကို သည်းခံရုံပါ။ သူက မင်းကိုတော့ ထိခိုက်မယ့် စော်စော်ကားကားစကားတွေ မပြောတတ်ပါဘူးကွာ'

အုန်းကြိုင်သည် စကားကိုရပ်ပြီးသော် ဖန်ခွက်ထဲမှ ကျန်သမျှရေလေးကို မော့၍ ကျိုက်ချလိုက်လေသည်။

တင့်ဝေကား အုန်းကြိုင်ကို ငေးကြည့်နေသော်လည်း အုန်းကြိုင်ကို ကြည့်နေသည်နှင့်မတူ။ အနောက်ဘက်စကြဝဠာတံတိုင်းတွင် နားနေသော ယင်ကောင်ကလေးကို စိုက်ကြည့်နေသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တူ၏။ 'ဟင်း'ခနဲ သက်ပြင်းရှည်ချလိုက်သံသည် ဟင့်ဝေဆီမှ ပေါ်ထွက်လာလေတော့သည်။

* * *



(လေး)

ညှေ့ခန်းတွင် ဦးလှစိုး၊ ဒေါ်မြမြနှင့် မြင့်မြင့်စိုးတို့ ထိုင်နေကြသည်။ သူတို့သည် ကိစ္စတစ်ခုအတွက် တစ်စုံတစ်ခုကို စောင့်နေကြဟန်နှင့် မျက်နှာအစုံအညီ ထိုင်နေကြသော်လည်း ဝိုင်းဖွဲ့၍ စကားပြောနေကြချင်း မရှိချေ။

မြင့်မြင့်စိုးသည် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။ ဒေါ်မြမြမှာ ဆေးလိပ်သောက်လိုက်၊ ဆေးလိပ်ကို ပြာခွက်ထဲပြန်ချလိုက်၊ စာကြည့်မျက်မှန်တပ်၍ သတင်းစာကြည့်လိုက်၊ တဖန် သတင်းစာပြန်ချ၍ မျက်မှန်ချွတ်လိုက်၊ ဆေးလိပ်ကို မီးညှိသောက်လိုက်နှင့် လုပ်နေ၏။ ဦးလှစိုးကား ဆေးတံညှိသောက်၊ ဆေးတံထဲကပြာတွေကို ထွေးခံထဲခေါက်ချလိုက်၊ ဆေးတံဖင်ပိုင်းကိုချွတ်၍ သံကြိုးချောင်းနှင့်ကလိလိုက်၊ ပြန်တပ်လိုက် လုပ်နေ၏။

'ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းသုံးလုံးတွင် ရှိနှင့်ပြီးသော မျက်လုံးခြောက်လုံးတို့သည် အပေါက်ဝဆီသို့ ပြိုင်တူကြည့်လိုက်မိကြလေ၏။

တင့်ဝေသည် ရှိ့ရှိ့ကလေးရပ်နေသည်။

ဦးလှစိုးက ဒေါ်မြမြကို ကြည့်လိုက်၏။ ဒေါ်မြမြက မြင့်မြင့်စိုးကို ကြည့်လိုက်၏။ မြင့်မြင့်စိုးက ဦးလှစိုးကို ကြည့်လိုက်၏။

တဖန် ...

ဦးလှစိုးက မြင့်မြင့်စိုးကို ကြည့်လိုက်၏။ မြင့်မြင့်စိုးက ဒေါ်မြမြကို ကြည့်လိုက်၏။ ဒေါ်မြမြက ဦးလှစိုးကို ကြည့်လိုက်၏။

တဖန် ...

'ကျွန်တော် ... အထဲကို ဝင်ခဲ့ပါရစေခင်ဗျာ'

အိမ်သားများက ဘာမျှ ပြန်မပြောကြသဖြင့် တင့်ဝေက အသံကို အနည်းငယ်မြှင့်ကာ ပြောလိုက်ပြန်လေ၏။

ဦးလှစိုးက ဒေါ်မြမြကို ကြည့်လိုက်၏။ ဒေါ်မြမြက ဦးလှစိုးကို ပြန်ကြည့်လိုက်၏။

ဦးလှစိုးက မြင့်မြင့်စိုးကို ကြည့်လိုက်၏။ မြင့်မြင့်စိုးက ဦးလှစိုးကို ပြန်ကြည့်လိုက်၏။

ထို့ကြောင့် ...

'ဩော် ... အေး ... လာ ထိုင်လေ၊ လာ ... လာ'

ဦးလှစိုးက ဖိတ်မန္တကပြုလိုက်မှ တင့်ဝေလည်း အတွင်းဘက်သို့ ဝင်ရောက်လာပြီးသော် မျက်နှာချင်းဆိုင်ရှိ အနီးဆုံးကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်လေ၏။

'ကျွန်တော့်ကို အုန်းကြိုင်က လွှတ်လိုက်လို့ ဒီကိုရောက်လာတာပါ'

'ဩော် ... ကျွတ် .. ကျွတ် .. ကျွတ်၊ အုန်းကြိုင်က ဘာဖြစ်လို့များ မင်းကို ကြိုးချည်ထားရတယ် မသိပါဘူး၊ ဒီကောင် စိတ်မှန့်သေးရဲ့လား မသိဘူး'

ဦးလှစိုးက ဤသို့ ပြောလိုက်သောအခါ ဒေါ်မြမြက မျက်



စောင်းထိုးလိုက်ပြီး တင့်ဝေကို အားနာဟန်နှင့် ...

'ရှင်ကလည်း ဘာတွေလျှောက်ပြောနေရတာလဲ၊ ဩော် မောင်ရင်က သမီးမင်္ဂလာဆောင်ကိစ္စနဲ့ လာတဲ့သူထင်ပါရဲ့'

ဟု ပြောလိုက်သည်။ တင့်ဝေသည် မြင့်မြင့်စိုးကို မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်ရာတွင် ပြုံးစနဲ့နဲ့လေးဖြစ်ကာ သူ့ကို ကြည့်နေသော မြင့်မြင့်စိုးနှင့် မျက်လုံးချင်းဆုံမိကြ၏။ မြင့်မြင့်စိုးသည် မဂ္ဂဇင်းစာမျက်နှာပေါ်သို့ အကြည့်ကိုရွှေ့လိုက်သည်။ တင့်ဝေသည်လည်း ဒေါ်မြမြကို ပြန်ကြည့်လိုက်၏။

'ဟုတ်ပါတယ် ကျွန်တော့်နာမည်က တင့်ဝေပါပဲ၊ ကျွန်တော်နဲ့ မင်္ဂလာဆောင်ရမယ်ဆိုတာ ဒီက ညီမလေးထင်ပါရဲ့နော်'

မြင့်မြင့်စိုးကမူ ခေါင်းကို ငုံ့မြဲငုံ့ထား၏။ မိဘနှစ်ပါးစလုံးက မြင့်မြင့်စိုးကို တစ်ချက်ကြည့်လိုက်ပြီး ပြန်လှည့်ကာ ဦးလှစိုးက ခေါင်းကို တစ်ချက်ညိတ်လိုက်၏။

'ဆိုပါတော့ ဒါပေမဲ့ မင့်စကားအသွားအလာ နည်းနည်းမှားတယ်ကွ၊ အမှန်ပြောရရင် မင်းနဲ့မင်္ဂလာဆောင်ချင်ယောင်ဆောင်ရမှာက သူပဲ။ သူက ငါ့သမီး မြင့်မြင့်စိုးပဲ။ ဩော် ... ဟော ဒီမှာ ဖိတ်စာဖတ်ကြည့်ပါဦး'

ဦးလှစိုးက ဖိတ်စာလေးကို စားပွဲပေါ်မှယူ၍ တင့်ဝေကို ကမ်းပေးလိုက်၏။ တင့်ဝေက လက်နှစ်ဖက်နှင့် ရိုသေစွာလှမ်းယူပြီး လျှင် ဖတ်ကြည့်သည်။ ဖတ်ပြီးသောအခါ ဦးလှစိုးကို မော့ကြည့်လိုက်သည်။

'ဟုတ်ကဲ့ ... အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော်ဘာလုပ်ရမလဲခင်ဗျာ'

စကားသည် အလုပ်ကိစ္စသို့ ရောက်လာပြီဖြစ်သည့် အားလျော်စွာ ဦးလှစိုးသည် စကားကို လေးလေးနက်နက်ပြောရန် လက်ဝဲလက်နှင့် ဆေးတံကိုပြန်တပ်ကာ လက်ျာလက်ဖြင့် ချိတ်ပြီးမှ ပြာခွက်ထဲသို့ ဆေးတံကိုမဆန့်မပြနှင့် ထည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင့်နာမည်က မောင်တင့်ဝေနော်'

'ဟုတ်ပါတယ်'

'မှတ်ပုံတင်ပါသလား'

'ပါပါတယ် ခင်ဗျာ'

ပြောပြောဆိုဆိုနှင့် တင့်ဝေက မှတ်ပုံတင်ကို ထုတ်ပြလိုက်၏။ ဦးလှစိုးသည် မှတ်ပုံတင်ထဲကနာမည်ကို ဖတ်ကြည့်ပြီး ကျေနပ်စွာနှင့်ပင် ခေါင်းတစ်ချက်ညိတ်၍ မှတ်ပုံတင်ကို ပြန်ပေးလိုက်၏။ တင့်ဝေသည် မှတ်ပုံတင်ကို အိတ်ထဲပြန်ထည့်ပြီးလျှင် စောစောက ဖိတ်စာလေးကို ပြန်ကောက်ကိုင်၍ ကြည့်နေသည်။

'မင့် မိဘနာမည်တွေက ဘယ်သူကွ'

'ဦးမြ၊ ဒေါ်ဘုတ်ဆုံပါ'

'ဟာ ... သေရောဟ'

'ဟုတ်ကဲ့ သေကုန်ကြပါပြီ'

'မဟုတ်သေးပါဘူးလေ'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဟာ ... စကားတွေရှုပ်ကုန်ပါပြီ။ မင်းမိဘနာမည်တွေနဲ့ ဒီဖိတ်စာထဲက တင့်ဝေရဲ့ မိဘနာမည်တွေနဲ့ မတူဘူးကွ။ ဖိတ်စာထဲမှာ တင့်ဝရဲ့မိဘတွေက ဦးဘဇင်၊ ဒေါ်ခက် တဲ့ကွ'

ဤတွင် ဒေါ်မြမြက ဝင်ပြော၏။

'အို ... ဒါလောက်တောင်တော့ လိုက်တူနိုင်ပါ့မလားရှင်၊ မတူရော ဘာဖြစ်သေးလဲ၊ ဟိုကောင့်ဘက်က မိဘတွေက သဘောတူတာမဟုတ်လို့ လာမှာမှမဟုတ်တာ၊ ဘာအရေးလဲ'

ဦးလှစိုးကတော့ တတ်နိုင်သမျှ ဥပဒေဘောင်ဝင်စေချင်ပါသည်။

'ဘာပဲဖြစ်ဖြစ်ကွာ ... ဒီမှာ မောင်ရင်'

'ဟုတ်ကဲ့'

'မင့်မိဘနာမည်တွေကို ပြောင်းဖို့လိုတယ်'



'ဟာ ... သူတို့က ကွယ်လွန်ကုန်ကြပြီ၊ ဘယ်လိုပြောင်းမလဲ၊ သချိုင်းမှာ မှတ်တိုင်အသစ်ထပ်ပြီး စိုက်ရမလား'

'မဟုတ်သေးပါဘူးလေ၊ မင်းမိဘဟာ ဦးဘဇင်၊ ဒေါ်ခက်'

'မဟုတ်ဘူးခင်ဗျ၊ ဦးမြ၊ ဒေါ်ဘုတ်ဆုံပါ'

'အေးပါ၊ ငါ သိပါတယ်၊ ဒါပေမယ့် မင်းရဲ့စိတ်ထဲမှာ ဒီနေ့ကစပြီး ငါ့မိဘတွေဟာ ဦးမြ၊ဒေါ်ဘုတ်ဆုံ မဟုတ်တော့ဘူး'

'ဦးမြ၊ ဒေါ်ဘုတ်ဆုံပါ'

'အဲလေ ... ဦးမြ ဒေါ်ဘုတ်ဆုံ မဟုတ်တော့ဘူး။ ဦးဘဇင် ဒေါ်မြ ဖြစ်သွားပြီ'

'ဦးဘဇင်၊ ဒေါ်ခက်ပါ'

'အေး ... ဟုတ်ပြီ၊ ငါမှားသွားတယ်၊ အခု မင်းပြောတဲ့ နာမည်တွေဖြစ်ကုန်ပြီလို့ မှတ်ယူထားနိုင်ရမယ်။ ဘယ်သူနဲ့တွေ့တွေ့ မင်းမိဘနာမည်ကိုမေးရင် မင်းဟာ စောစောကနာမည်ကို မရွတ်ဘဲနဲ့ အခုနက နာမည်အစုံကို ရွတ်ပြရမယ် သိလား'

တင့်ဝေက မြင့်မြင့်စိုးကို ငဲ့ကြည့်လိုက်၏။ မြင့်မြင့်စိုးမှာ ရယ်ချင်စိတ်ကို အောင့်ထားရသလို ပြုံးစနဲ့နဲ့နှင့် သူ့ကို ခိုးကြည့်နေရာမှ စာကိုပြန်ကြည့်၏။ တင့်ဝေသည် ဦးလှစိုးကို ပြန်ကြည့်ပြီး ခေါင်းကို ကုတ်လိုက်လေသည်။

'ကျွန်တော် မျက်စိလည်ကုန်ပြီ၊ ပြန်ပြောပြပါဦး ဦးရဲ့'

ဆေးတံကို ပြန်ကိုက်၍ မီးညှိလိုက်သော ဦးလှစိုးမှာ အလုပ်ရှုပ်သွားလေတော့၏။ လက်ဝဲလက်နှင့် ဆေးတံကို ဆတ်ခနဲ ချွတ်ပြီး ချွတ်ပြီးပြီးချင်းပင် ဖတ်ခနဲပင် ပြန်သွတ်လိုက်ပြီးမှ လက်ျာလက်ဖြင့် ချွတ်၍ ပြာခွက်ထဲထည့်ရ၏။

'ရှင်းပါတယ်ကွ .. ဒီလိုလေ၊ မင်းကို ဒီနေ့ကစပြီး ဘယ်သူကပဲမေးမေး မင်းမိဘဘယ်သူလဲဆိုရင် .. မင်းက ဦးမြ၊ ဒေါ်ခက်ဆိုတာမဖြေရဘူး။ ဖျောက်ပစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com

'မဖျောက်ပစ်လည်း မဖြေမိပါဘူး၊ ကျွန်တော့်မိဘတွေက ဦးမြ၊ ဒေါ်ဘုတ်ဆုံပဲဟာ'

'ဩော် ‥ အေး ငါမှားသွားလို့၊ အဲဒီ ဦးမြ၊ ဒေါ်ဘုတ်ဆုံကို ဖျောက်ပစ်၊ ဒီနေ့ကစပြီး မင်းမိဘနာမည်ဟာဆိုရင် ဦး … ဦးဘခက် ဒေါ်ဆုံဖြစ်ပြီလို့ မှတ်ယူရမယ်'

ဤတွင် ဒေါ်မြမြက မျက်စောင်းထိုးလိုက်လေ၏။

'ဘယ်က မိဘအသစ်တွေ ဝင်လာပြန်ပြီလဲတော့ … ရှင် စောစောကပြောတုန်းက ဒီအစုံဟာ လုံးဝကိုမပါဘူး'

'ဟင် … ဟုတ်လား၊ ငါလည်း ရှုပ်ကုန်ပါပြီကွာ'

မြင့်မြင့်စိုးသည် မဂ္ဂဇင်းနှင့် မျက်နှာကိုအုပ်ထားလိုက်၏။ သူ့ကိုယ်လေးကား ချစ်စဖွယ်သိမ့်သိမ့်တုန်နေ၏။

တင့်ဝေသည်လည်း လည်ချောင်းတွင် တက်လာသော ရယ်ရှင်လုံးကြီးကို ဖိ၍ မျိုချလိုက်ရဟန်နှင့် လည်ပင်းစင်းကာ မချိုမချဉ်ဖြစ်သွား၏။

'ကိုင်း … အဲဒီဖိတ်စာ ငါ့ကို ပြန်ပေးပါဦးကွ၊ နောက်ပြီးဒီ စာရွက်လေးမှာ မင့်မိဘနာည်တွေရေးစမ်း'

တင့်ဝေက ဦးလှစိုးခိုင်းသမျှကို လိုက်လုပ်လိုက်၏။

ဦးလှစိုးသည် ဤအချိတွင် လက်တစ်ဖက်က ဖိတ်စာ၊ ကျန်လက်တစ်ဖက်က တင့်ဝေရေးပေးသော စာရွက်ကလေးကို ကိုင်ပြီး ဖေသသေချာချာပြောလိုက်လေသည်။

'ဒီနေ့ကစပြီး မင်းမိဘတွေဟာ ဦးဘဇင်၊ ဒေါ်ခက်မဟုတ်တော့ဘူး'

'အစကတည်းကလည်း သူတို့ မဟုတ်ကြပါဘူး ဦးလေး'

'ဩော် … အေး ငါ အကြည့်မှားသွားတာ၊ မင့်စာရွက်ကို အရင်ကြည့်ရမယ်၊ ပြီးမှ ဒီဖိတ်စာကို ကြည့်ရမှာ'

ဦးလှစိုးသည် ဖိတ်စာနှင့်စာရွက်ကို လက်ပြောင်းကိုင်လိုက်သည်။



'ဒီနေ့ကစပြီး မင့်မိဘတွေက ဦးမြ၊ ဒေါ်ဘုတ်ဆုံမဟုတ်တော့ဘူး၊ ဘယ်သူတွေပဲမေးမေး ဘာကိစ္စနဲ့ပဲပြောပြော၊ မင့် မိဘတွေရဲ့နာမည်နဲ့ ပတ်သက်လာရင် မင့်မိဘတွေက ဦးဘဇင်၊ ဒေါ်ခက် ဖြစ်ရမယ်၊ ကဲ … ရှင်းပလား'

ဦးလှစိုးသည် ဖိတ်စာနှင့် စာရွက်ငယ်နှစ်ခုစလုံးကို စားပွဲပေါ်ပစ်ချလိုက်လေ၏။ တင့်ဝေသည် ဖိတ်စာကလေးကို ကိုင်ကြည့်ရင်း မြင့်မြင့်စိုးဘက်သို့ မျက်လုံးကို တစ်ချက်ဝင့်လိုက်၏။ မြင့်မြင့်စိုးကား ဤတစ်ကြိမ်တွင် မျက်လုံးကို လွှဲမပစ်တော့ချေ။ ပြုံးလျက်ကပင် သူ့အကြည့်ကို တုံ့ပြန်နေ၏။ သို့သော် သူ ကြာကြာကြည့်နေခွင့် မရှိသောကြောင့် ဦးလှစိုး၏ ဖိတ်ခေါ်နေသော မျက်လုံးကြီးများကိုပင် ပြန်ကြည့်ရတော့သည်။

'ကျွန်တော့် မိဘနာမည်တွေ ပြောင်းမပေးနိုင်ရင် ဦးလေးတို့က လက်မခံနိုင်ဘူးပေါ့'

'အေး … ဟုတ်တယ်၊ မင်းက ပြောင်းမပေးနိုင်ဘူးလား'

တင့်ဝေသည် မြင့်မြင့်စိုးကို တစ်ချက်ဝေ့ကြည့်လိုက်ပြန်၏။ ဤတစ်ချီတွင် မြင့်မြင့်စိုးမှာ ပြုံးမနေတော့ပါ။ စိတ်ဝင်စားသည့်အသွင်ဖြင့် မျက်လုံးလေးများသည် တဖျပ်ဖျပ်ထွန်း၍ တရွှန်းရွှန်းလက်နေ၏။

မိန်းကလေးတစ်ယောက်၏ မျက်လုံးများသည် တစ်ခါတစ်ရံ အလွန်ပြင်းထန်သော လက်နက်များဖြစ်တတ်ကြ၏။ မြင့်မြင့်စိုးက တင့်ဝေကို ယခုထ၍ လက်သီးနှင့်ထိုးလျှင် တင့်ဝေ၏အသည်းနှလုံးကို ထိဖို့ မလွယ်ကူပါချေ။ သို့သော် ယခုအကြည့်ကလေးတစ်ချက်သည်ကား တင့်ဝေ၏နှလုံးခိုင်ကို အညှာက တိခနဲဖြတ်ချလိုက်ဘိ၏သို့ တင့်ဝေ၏ရင်ထဲတွင် လှပ်ခနဲ ကျင်ခနဲ ခံစားလိုက်ရ၏။ ဤအကြည့်မျိုးနှင့် ခဏခဏ မကြည့်ပါနှင့် ဟု၍ပင် တောင်းပန်ရတော့မလိုလို ဖြစ်သည်။

'၊ အလုပ်ဖြစ်မယ်ဆိုရင်လည်း ပြောင်းပေးပါ့မယ်ခင်

www.burmeseclassic.com



ဗျာ၊ နောက်ထပ်ပြောင်းပေးဖို့ လိုတာရှိရင်လည်း ပြောပါ၊ ကျွန်တော်ဝန်မလေးပါဘူး။ ဒီဖိတ်စာအောက်ခြေက ရိုက်ထားတဲ့ပုံနှိပ်တိုက်နာမည်ရော ပြောင်းပေးဖို့ လိုဦးမလားခင်ဗျာ၊ ကျွန်တော်ပြောင်းပေးပါ့မယ်'

တင့်ဝေက ဤသို့ ပြောလိုက်သောအခါ ဒေါ်မြမြမှာ တင်ပါးကို တွယ်အပ်နှင့်အထိုးခံလိုက်ရသလို ဆတ်ခနဲ တွန့်သွားလေ၏။

'ဟယ် ... မောင်ရင်ကလည်း ပုံနှိပ်တိုက်နာမည်က ဘာဖြစ်လို့ပြောင်းရမှာလဲဟဲ့၊ ပြီးတော့လည်း မင်းကပြောင်းပေးနိုင်ရအောင် မင်းက ပိုင်ရှင်မှမဟုတ်တာ'

တင့်ဝေက ဒေါ်မြမြနှင့် မြင့်မြင့်စိုးတို့ကို ရောနှောပြီးပြုံးပြရင်းက ပြန်ပြောလေသည်။

'ဩော် ... လိုအပ်ရင် ကျွန်တော်ကူညီပါ့မယ်လို့ ပြောတာပါခင်ဗျာ၊ ကျွန်တော့်ဘက်ကတော့ ..'

ပြောရင်းက တင့်ဝေသည် မြင့်မြင့်စိုးကိုကြည့်လိုက်ပြီးမှ စကားကို အဆုံးသတ်လိုက်သည်။

'အလုပ်ဖြစ်ဖို့ဟာ အဓိကပါပဲလေ'

မြင့်မြင့်စိုးသည် ခေါင်းကိုငုံ့လိုက်သည်။

'အဟမ်း ... အေး'

တင့်ဝေ၏ဦးခေါင်းမှာ ပျာပျာသလဲ ဦးလှစိုးဘက် လှည့်လိုက်ရ၏။

'တို့ကလည်း အလုပ်ဖြစ်ချင်တာပါပဲကွာ၊ ကဲ ... မိဘတွေရဲ့နာမည်ကို သားသမီးကပြောင်းလာတဲ့ကိစ္စ ပြီးပြီဆိုပါတော့၊ နောက်တစ်ချက်က ကွာစာကို လက်မှတ်ထိုးပေးထားရမယ်ဆိုတဲ့အချက်ပဲ'

တင့်ဝေမှာ မျက်လုံးပြူးသလိုဖြစ်သွားပြီး ပါးစပ်များပင် ဟ သွားရလေ၏။



'အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်'

'ဟော ... မင်းက ဒါကို လက်မခံနိုင်ဘူးလား'

ဒေါ်မြမြသာမက မြင့်မြင့်စိုးကပင် စိတ်လှုပ်ရှားသွားပြီး တင့်ဝေကို ကြည့်နေကြသည်။ တင့်ဝေသည် ခေါင်းကလေးကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီးလျှင် ....

'ဖြစ်နိုင်မယ် မထင်ဘူးဦးလေးရယ်၊ ဒီ ဦးဘဖင်နဲ့ ဒေါ်ခက်တို့လင်မယား ကွာအောင် ကျွန်တော်က လက်မှတ်ထိုးခိုင်းမပေးရမှာကတော့ မလွယ်လှဘူးထင်တယ်'

ဟု ပြောလိုက်ရာ ဦးလှစိုးမှာ ဤတွင်မှ ရယ်နိုင်ပေတော့သည်။

'အောင်မယ်လေး ... ဟဲ့လေး၊ သူတို့လင်မယားကို ငါက ဘာဆိုင်လို့ကွာခိုင်းရမှာလဲ မောင်ရ၊ အခုဟာက မောင်ရင်နဲ့ သမီးနဲ့ဟာ ဘာမှဆိုင်တော့တာမဟုတ်ဘူး။ ဒီတော့ မင်္ဂလာဆောင်တဲ့နေ့ ညနေပိုင်းအချိန်ကို စာထဲထည့်ပြီး မင်းက သမီးကို ကွာရှင်းကြောင်းစာချုပ်ကို လက်မှတ်ရေးထိုးပြီး တို့ကို ပေးထားရမယ်၊ အဲဒါကို ပြောတာပါကွ၊ ဘယ်က သူများလင်မယားကွာတာရှင်းတာကို တို့က စိတ်ဝင်စားရမှာလဲကွ'

တင့်ဝေသည် ဦးလှစိုးကို ငေးကြည့်ရင်း သေချာလွန်းလှပုံကို စိတ်ထဲက ချီးကျူးမိတော့၏။

'ဒါအတွက်ကတော့ လုပ်ပေးရမှာပေါ့ခင်ဗျာ၊ စိတ်ချပါ၊ ဦးလေးတို့က ဒီအလုပ်ကို ကျွန်တော့်အပ်ပြီဆိုရင် လက်မှတ်ထိုးပေးထားပါ့မယ်'

'အေး ... ငါတို့ကလည်း အလုပ်ဖြစ်ပြီဆိုရင် ငွေပေးပါမယ်၊ ကဲ ... မြမြ မင်းကော ဘာပြောစရာရှိသေးလဲ'

ဒေါ်မြမြသည် တင့်ဝေကို ပြုံးကြည့်လိုက်၏။

ဒေါ်ဒေါ်ကတော့ ဘာမှ အထူးမပြောလိုပါဘူးကွယ်၊ ငါတို့ကို နိုင်၊ ကိစ္စက တစ်မျိုးကြီးဖြစ်နေလို့ အားနာတာတစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပိုက်ဆံပေးရပေမဲ့ ပိုက်ဆံပေးရတယ်လို့ သဘောမထားပါဘူး။ မောင်ရင်က ကူညီတယ်လို့ မှတ်ယူထားပါကွယ်'

ဦးလှစိုးက မြင့်မြင့်စိုးဘက်သို့ လှည့်လိုက်ပြန်သည်။

'သမီးကရော ဘာပြောချင် မေးချင်သေးလဲ'

မြင့်မြင့်စိုးသည် တင့်ဝေဘက်သို့ လှည့်ကြည့်လိုက်၏။ တင့်ဝေသည် မြင့်မြင့်စိုးကို ငေးကြည့်နေရင်းက စကားသံကို မျှော်လင့်နေသည့် အသွင်ကို ဆောင်နေသည်။

'မြင့်မြင့်အနေနဲ့ ဘာမှလည်း မပြောချင် မမေးချင်ပါဘူး၊ အခုလို ဖေဖေ၊ မေမေတို့ကို ကူညီတယ်ဆိုတာကိုတော့ ကျေးဇူးတင်ပါတယ် ကို ... ကို'

'တင့်ဝေပါ'

'ဪ ... ဟုတ်သားပဲ ကိုတင့်ဝေ၊ နာမည်တူမှန်း သိထားလျက်နဲ့ မေ့သွားလို့ပါ၊ ဒါကတော့ အရင်ကိုတင့်ဝေနဲ့ဟာလည်း သိပ်ပြီးရင်းနှီးလှတာမှ မဟုတ်ခဲ့ဘဲကို၊ ဒါကြောင့်ပါ'

ပထမဦးဆုံးအိမ်သားတို့နှင့် တွေ့ဆုံပွဲကား ပြီးစီးသွားလေပြီ။ ကျန်သောသူများနှင့် နောက်ရက်များတွင် တွေ့ဆုံဖို့သာရှိတော့သဖြင့် တင့်ဝေသည်လည်း နှုတ်ဆက်၍ ထပြန်ခဲ့ရတော့သည်။

ထိုနေ့ညတွင် ထင့်ဝေသည် အိပ်ပျော်ရခက်လှတော့သည်။

ယနေ့ညသည် ခါတိုင်းညများနှင့် မတူတကား။ သူ့တစ်သက်တွင် ညပေါင်းများစွာကို ကြုံခဲ့ဖူးပါသည်။ သို့သော် မြင့်မြင့်စိုးကို ယနေ့မှတွေ့ရသည်။ ထို့ကြောင့် ညသည် မြင့်မြင့်စိုးနှင့် တွဲယှဉ်ပေါင်းစပ်ခြင်းကား သူ့တစ်သက်တာတွင် ယခုသည် ပထမဦးဆုံးအကြိမ် ဖြစ်နေလေတော့သည်။

ယခုမူ ...

သူ မင်္ဂလာဆောင်ချင်ယောင် ဆောင်ရမည်ဖြစ်သော မင်္ဂလာပွဲမှ သတို့သမီးသည် ဤမျှလောက်လှ၍ ဤမျှလောက်ဘ



ဝင်ငြိစရာကောင်းပါလေသော မိန်းကလေးတစ်ယောက်ဖြစ်မည်ဟု သူ မတွေးမိခဲ့ပါ။ ယနေ့မြင်လျှင် မြင်ချင်းပင် မြင့်မြင့်စိုး၏ပုံလွှာ ရုပ်ဟန်ကြော့သဏ္ဍာန်သည် သူ၏နှလုံးအိမ်ထဲမှ မထွက်တော့ချေ။ မြင့်မြင့်စိုးသည် သူ့အတွက် နှလုံးအိမ်ထဲသို့ ခဏသာလာရောက်ပြီး ပြန်ထွက်သွားမည့် 'ဧည့်သည်မလေးမောင့်ချစ်သူ' မဟုတ်ပါ။ ပိုင်စိုးပိုင်နင်း ဝင်ရောက်လာပြီး ဘယ်တော့မှ ပြန်လည်ထွက်ခွါသွားလိမ့်မည် မဟုတ်သော **'ကျူးကျော်သူမလေးမောင့်ချစ်သူ'** ဖြစ်နေပါပြီ။

ထူးလွင်ကိစ္စကြောင့် ငွေကို မရ မဖြစ်၍သာ ငွေကို လက်ခံရတော့မည်။ တကယ်ဆိုတော့ ဤမြင့်မြင့်စိုးနှင့် မင်္ဂလာပွဲ တစ်ထိုင်သာထိုင်ရပါစေ မိမိကပင် **ငွေကိုပေးရစေဦးတော့** သုံးနှစ်ကျွန်ခံပြီး ပေးပါမည်။

ဪ ... 'ချစ်ထွန်းတင်ထား၊ သနားပါအောင်၊ လက်ဆောင်အသက်၊ နှင်းဆက်ချင်ချင်၊ ဝါလုံးစင်းသည်၊ လွမ်းအင်ကြီးပြန်ခဲ့တကား' ဟူ၍ နတ်သျှင်နောင်ကဲ့သို့ ညည်းချင်ပေတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (ငါး)

အုန်းကြိုင်သည် ရောက်ရောက်ချင်းပင် မေးလိုက်လေ၏။

'ဘယ့်နှယ့်လဲကွ၊ အဆင်ပြေရဲ့လား ဦးလှစိုးနဲ့'

တင့်ဝေ၏စိတ်ထဲတွင်ကား ဦးလှစိုးကို ဖုတ်လေသည့်ပေါ်၊ ရှိမှန်းတောင် မမှတ်တော့ချေ။ မြင့်မြင့်စိုးသည်သာ တရစ်ဝဲဝဲနှင့် တသဲသဲဖြစ်နေတော့ရာ အုန်းကြိုင် ဘာပြောပြော မြင့်မြင့်စိုး၏ အကြောင်းကိုသာ ပြောသည့်ထင်နေ၏။

'ဟာ ... သိပ်လှတာပဲကွာ၊ တစ်ခါမြင် တစ်ခါတည်းကို စွဲသွားတာပဲဟေ့'

အုန်းကြိုင်၏ မျက်လုံးမျက်ဆန်ပြူးပုံမှာ ပြောပင်မပြောချင်တော့ပါ။

'ဟေ ... ဒါလောက်ပဲလားကွာ၊ မင်းက ဆေးတံကြီးကို ကိုက်ထားတာ မမြင်ရသေးလို့ပါကွာ။ ဆေးတံကြီးသာ ကိုက်ပြီး စကားပြောတာမြင်လိုက်ရင် တစ်ခါမြင် တစ်ခါပဲ စိတ်ကုန်သွားမှာ



ပါကွ'

တင့်ဝေ၏အာရုံတို့သည် ထွေပြားသွားလေ၏။

သူ့အာရုံမျက်စိထဲဝယ် မြင့်မြင့်စိုးသည် သူ့မျက်နှာလေးနှင့် မလိုက်အောင် ကြီးမားလှသော ဆေးတံကြီးကို ပါးစပ်တွင် မဆန့်မပြ ငေါက်တက်တက်ကြီး ကိုက်ထားပြီး 'ဘယ့်နှယ် .. ကိုတင့်ဝေ၊ နာနယ်သနား'(ဘယ့်နှယ့် ... ကိုတင့်ဝေ .. လာလည်သလား) ဟု မေးသယောင်ယောင် ထင်မြင်လာသည်။

တင့်ဝေသည် မျက်နှာကို ရက်ရက်ရောရော ရှုံ့မဲ့ပစ်လိုက်၏။

'ဘယ်လိုလဲကွ၊ ဒီကောင်မလေးက ဆေးတံသောက်တတ်သလား''

အုန်းကြိုင်မှာ တင့်ဝေ၏စကားကြောင့် အံ့အားတွေသင့်ရတော့သည်။

'ဘယ်ကောင်မလေးလဲ၊ ဦးလှစိုးကိုပြောတာကွ၊ ဦးလှစိုးနဲ့ ဆေးတံသောက်တာ မင်းတို့ ငါတို့ မမွေးခင်ကတည်းကကွ'

ဤတွင်မှ တင့်ဝေမှာ ရယ်မောနိုင်လေတော့သည်။

'သြော် ... မင်းက ဦးလှစိုးကိုပြောတာ၊ ငါက မြင့်မြင့်စိုးကိုပြောတာကိုးကွ၊ ဦးလှစိုးနဲ့ အဆင်ပြေခဲ့ပါတယ်လေ'

'အောင်မယ် ... ဟား ဟား ဒီကောင် မြင့်မြင့်ကို စွဲလာခဲ့ပြီကိုး၊ ငါတော့ ငယ်ငယ်ကတည်းက အစားဘက်မို့လားမသိဘူး။ သူ့မျက်နှာကြည့်လိုက်ရင် ပါးမှာ နုပ်ကြောင်းနဲ့ဖုတ်တွေ သဲတွေ ပေရေပြီးနေတာတွေ မြင်မိတယ်။ ငါ့ နားထဲမှာ အုန်းကြိုင် ရှုန်းမနိုင်၊ နွားလှည်းကြီးထားခဲ့ လို့ အော်သံတွေကိုပဲကြားတယ်ကွ။ တာပဲဖြစ်ဖြစ်လေ မင်းက ဒီကောင်မလေးကို မင်္ဂလာဆောင် တစ်ထိုင်ပဲ ရေစက်ဆုံတာဆိုတော့ မြဲမြဲမှတ်ထားနော်'

'အေးပါကွာ ဒီလိုပဲ မှတ်ပါတယ်။ ပြီးတော့ ဗိုလ်ဘဝမှာ ကျိန်းကျေသွားပြီ၊ နောက်ထပ်ဘယ်သူနဲ့မှ မင်္ဂလာမဆောင်ရတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့လည်း မှတ်ထားပါပြီလေ'

'ကြည့်လေ ဒီကောင်ဟာ ဘာပြောပြော မြင့်မြင့်ကို စွဲနေတာကိုပဲပြတယ်။ ဒီမှာ တင့်ဝေ၊ မြင့်မြင့်စိုးဟာ သူ့မိဘတွေစကားကို သိပ်နားထောင်တာ။ မင်းကို ဘယ်လိုပဲကြိုက်တယ်ထားဦး၊ မပေါင်းရပါဘူး။ သူ့မိဘတွေက မင်းကို ကြိုက်မှဖြစ်မှာ။ တင့်ဝေ ဆိုးတောင် ကြည့်ပါလား။ မြင့်မြင့်က မကြိုက်ပေမယ့် သူ့မိဘတွေက ကြိုက်လို့ ကံကောင်းလို့ မယူဖြစ်တယ်'

'ကံမကောင်းလို့ မယူဖြစ်တာကွ'

'ဟ ... ကောင်မလေးဘက်ကကြည့်ရင် ကံကောင်းလို့ မယူဖြစ်တာကွ'

တင့်ဝေသည် အလွယ်တကူပင် အုန်းကြိုင်၏စကားကို အနိုင်ပေးလိုက်သည်။

'ထားပါတော့ကွ၊ ကံကောင်းလို့ မယူဖြစ်တာဘဲ ထား လိုက်ပါတော့၊ အခု ငါနဲ့ကျတော့လည်းပဲ သူက ကောင်းဦးမှာပါပဲ ကွာ၊ ဒါထက် အရင်တင့်ဝေ အဲ ... မင်းပြောသလိုဆိုရင် တင့်ဝေ ဆိုးနဲ့တုန်းက သူနည်းနည်းမှ မရင်းနှီးဘူးလား'

'ဟင့်အင်း ... မရင်းနှီးဘူး၊ ငါသိတာပေါ့။ ဒါကတော့ သူက ကြိုက်တာမှ မဟုတ်တာ။ ဒီတော့ ခပ်တန်းတန်းပဲ နေတာပဲ၊ ဟိုကောင်က မျက်နှာရှုးကွ။ သူ့မိဘတွေက တောဘက်က၊ ငွေကြေးတော့ တောင့်တင်းတယ်။ ဒါကို မင်္ဂလာဆောင်ခါနီးမှာ ငနဲပျောက်ချက်သားကောင်းလွန်းလို့ မြင့်မြင့်က နေမှကောင်း ရဲ့လားဆိုပြီး သတင်းမေးသဘောနဲ့ ဟိုကောင် ထမင်းလခ ပေး စားတဲ့အိမ်ကို လိုက်သွားတော့မှ တွေ့ခဲ့ရတာကိုး'

'ဘာကို တွေ့ခဲ့ရတာလဲ၊ ဟိုကောင်ကိုလား'

'မဟုတ်ဘူး၊ ဟိုကောင်နဲ့ သူ ချိုးပြေးတဲ့ကောင်မလေး ရေးပေးထားတဲ့စာတွေကို တွေ့ခဲ့ရတာပေါ့။ ကောင်မလေးရဲ့ မအေ ကလည်း တယ်ပြီး သဘောမတူလို့ မြင့်မြင့်စိုးကို အားလုံးပြောပြ



စာတွေပါ ထုတ်ပြလိုက်တာကိုး'

'ကောင်မလေးက အဲဒီအိမ်ကို ခဏခဏ သွားဖူးလား'

'အို ... ဒီအိမ်ကပဲဥစ္စာ၊ ဘာသွားစရာလိုမှာလဲကွ'

'မဟုတ်ပါဘူးလေ၊ ငါမေးတာက မြင့်မြင့်စိုးဟာ ခဏခဏ ရောက်ဖူးလားလို့ မေးတာပါကွ'

'မြင့်မြင့်ကတော့ မရောက်ဖူးပါဘူး၊ ဒီတစ်ခါပဲ အောင် သွယ်မိန်းမကြီးဆီက စုံစမ်းပြီးသွားတာပဲကွာ၊ ခါတိုင်းတော့ ဒီ ကောင်က မြင့်မြင့်တို့အိမ်ကို ဝင်ထွက်နေတာပဲကွ၊ ငါတွေ့တွေ့နေ သားပဲ။ သူက လူကြီးတွေ မျက်စိကျအောင် နေတတ်တဲ့လူစားမျိုး ကွ။ ဒါကြောင့် ဦးလှစိုးတို့ မျက်စိကျတာပေါ့'

တင့်ဝေက အုန်းကြိုင်၏ စကားများကို နားထောင်နေရင်း က တွေဝေငေးမောသွားလေသည်။ အကယ်၍သာ မိမိကို ဦးလှစိုး က မျက်စိကျမည်စိုးလျှင် မိမိသည်လည်း မြင့်မြင့်စိုးနှင့် လက်ထပ် ခွင့်ရကောင်းရနိုင်မည် မဟုတ်ပါလော။ ဦးလှစိုး မျက်စိကျလျှင် ဘယ်လောက်များ ကောင်းလိုက်ပါလိမ့်မည်နည်း။ ဦးလှစိုး မျက်စိ ကျသည် မကျသည်ကို သိရလျှင် ဘယ်လောက်များကောင်းပါလိမ့် မည်နည်း။ ဤသို့ တွေးမိပြီး အုန်းကြိုင်ကိုမေးလိုက်သည်။

'ဦးလှစိုး မျက်စိကျတာ ဘယ်လိုနေသလဲကွ ဟေ'

အုန်းကြိုင်သည် တင့်ဝေ၏မျက်နှာကို ဖျတ်ခနဲ တစ်ချက် အံ့အားသင့်သလို ကြည့်လိုက်မိပြီးမှ စိတ်ကူးရဟန်နှင့် ...

'ဦးလှစိုး မျက်စိကျတာ ဟောသလိုနေတယ်ရေလ'

ဟု ပြောရင်း မျက်လုံးကြီးနှစ်လုံးပြူးကာ လက်ဝဲဘက် ယွန်းယွန်းကြမ်းပြင်ပေါ်သို့ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ပြ လိုက်လေ၏။

'တော်စမ်းပါကွာ၊ မင်းဟာက လည်ပင်းကဖြတ်ပြီး ကား ကြိတ်ခံရတဲ့ ခွေးဝဲစားနဲ့တူလိုက်တာကွာ။ ဦးလှစိုးက မင်းထက် ကျက်သရေရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆေးတံကြီးကိုက်ရင်ကောကွာ'

'ဆေးတံမကဘူး၊ ဆွန်စက်ကခေါင်းတိုင်ကြီး တစ်ခုလုံးပဲ ကိုက်ထားကိုက်ထား မင့်မျက်ခွက်ထက်တော့ လှတာပဲဟေ့'

'အောင်မယ်လေးဟဲ့ ... လေး၊ မြင့်မြင့်စိုးရဲ့မျက်နှာက ကြီးလှချည်ကလား၊ မြင့်မြင့်စိုးကို ချီးကျူးချင်တာနဲ့ပဲ ဦးလှစိုးက လှနေပြန်သတဲ့၊ တင့်ဝေ ... တင့်ဝေ မင်းဟာ တော်တော်စိတ်ကူး ယဉ်တဲ့ကောင်ပဲ။ ဒါဟာ ဝတ္ထုရေးနေတာလည်းမဟုတ်၊ ရုပ်ရှင် ဇာတ်လမ်းမဟုတ်ဘူးဆိုတာကို သတိထားစမ်းပါကွာ'

'ဟေ့ အုန်းကြိုင်၊ မင်းပြောသလိုဆိုရင် ဝတ္ထု ဒါမှမဟုတ် ရုပ်ရှင်ဇာတ်လမ်းထဲမှာဆိုရင် ငါတည်းဟူသော တင့်ဝေနဲ့ သူမ တည်းဟူသော မြင့်မြင့်စိုးတို့ဟာ ပေါင်းနိုင်မလား'

'အေး ... အဲဒါမျိုးမှာဆိုရင် ပေါင်းနိုင်လိမ့်မယ်ကွာ'

'ကဲ ... ဒါဖြင့် ငါ့ကို ဝတ္ထုထဲက ဇာတ်လိုက်၊ ရုပ်ရှင်ထဲ ကဇာတ်လိုက်လို့သာ မှတ်ထားလိုက်ပါတော့ကွာ။ ဘာဖြစ်ဖြစ် မြင့်မြင့်စိုးကို ငါချစ်တယ်။ ဒါကြောင့် ငါ့ရဲ့ တကယ့်ဘဝကြီးဟာ အငွေ့ဖြစ်ပြီး စိတ်ကူးယဉ်ဘဝအဖြစ် ခံမယ်ကွာ'

* * *



(ခြောက်)

ယနေ့ကား ဦးစံရွှေနှင့် တွေ့ရသောနေ့ပင်တည်း။

တင့်ဝေ ဝင်ထိုင်လိုက်ပြီးသည့်တိုင်အောင် ဦးစံရွှေက မော့၍ပင် မကြည့်ဘဲ တကုပ်ကုပ်နှင့်ရေးခြစ်နေသည်။ တင့်ဝေက လည်း ဦးစံရွှေရေးခြစ်နေသမျှကို ဘာတွေမှန်းမသိသော်လည်း တခြား ဘာမှကြည့်စရာမရှိသဖြင့် ငေးမောကြည့်နေရ၏။

ဦးစံရွှေသည် ဇာတာခွင်လို အကွက်တွေလည်းချ၏။ အ ပေါင်းအနုတ် အမြှောက်အစားနှင့် ကိန်းဂဏန်းများကို ရှင်းနေသလို လည်း လုပ်၏။ သူဘာတွေလုပ်လုပ် တင့်ဝေကတော့ သည်းညည်း ခံ၍ အောင့်အီးကြည့်နေရသည်။ ဘယ်နှံရောအခါတွင်မှ ဦးစံရွှေ သည် သူ့အားအဖက်လုပ်၍ စကားပြောပါအံ့နည်း။

သိပ်ကြာကြာကြီးတော့ မစောင့်ရပါ။

ဦးစံရွှေသည် မြှောက်စရာ နောက်ထပ်အလီပေါင်းတွေကို

www.burmeseclassic.com



ပဲ မေ့နေ၍လား သို့တည်းမဟုတ် စာရွက်လွတ်ပဲ ကုန်နေ ပြီဖြစ်၍လား မသိ။ ခဲတံကို ဆတ်ခနဲ ချလိုက်ပြီးလျှင် တင့်ဝေကိုမော့ကြည့်လိုက်၏။

'ကဲ ... မေးစရာရှိရင် မေးတော့'

'ဗျာ ... ကျွန်တော်က မေးရမှာလား'

'ဩော် ... အေး .. ယောင်လို့၊ ငါက မေးရမှာပဲ၊ ဗေဒင်ဆရာကမေးရမယ်ဆိုတာကတော့ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စရပ်မျိုးတွေ၊ ဒါပေမယ့် အခုဟာက ဖြစ်တောင့်ဖြစ်ခဲတွေ ဖြစ်နေလေတော့ လိုက်လျောညီထွေကျင့်ရမှာပဲ။ မင့်နာမည်က မောင်တင့်ဝေနော်'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဘာနေ့သားလဲ'

'စနေသားပါခင်ဗျာ'

'ဟာ ... ဒုက္ခပါပဲ'

'ဘာဖြစ်လို့လဲ'

'မြင့်မြင့်က ကြာသပတေးသမီးကွ၊ စနေသားနဲ့ဆိုရင် ဓမ္မာဆိုတဲ့ရန်ဓာတ်ကျနေတယ်'

တင့်ဝေမှာ ဦးနှောက်ခြောက်သွားရတော့သည်။ ဦးလှစိုးတို့နှင့် အစကောင်းခဲ့သော်လည်း ဒီလူကြီးနှင့်ကျမှ အနှောင်းမသေချာ ဖြစ်ချေတော့မည်လောဟု တွေးတောပူပန်မိ၏။

'အရင် တင့်ဝေဆိုတဲ့လူကကော စနေသားမဟုတ်ဘူးလား'

'ဟင့်အင်း ... သူ့နာမည်က နေ့သင့်နံသင့် မှည့်ထားတာမဟုတ်ဘူးကွ။ သူက အင်္ဂါသား။ ဒီတော့စိန်ပန်းဆိုတဲ့ မိတ်ဓာတ်ကျတယ်'

'ကျွန်တော် တစ်နေ့က ဦးလေးဦးလှစိုးနဲ့တွေ့တုန်းက မိဘနာမည်တွေပြောင်းလိုက်တော့ အဆင်ပြေသွားပါတယ်'

'အေး ... အဲဒါ ဘာဖြစ်သလဲ'



'အခုကော ကျွန်တော့်မွေးနေ့ကို ပြောင်းပစ်လိုက်ရင် မရဘူးလား'

'ဟဲ့ ... မွေးနေ့ကို ပြောင်းလို့ ရပါ့မလားကွ၊ မင်းကလည်းကွာ နေ့ပေါင်း ခုနစ်နေ့တောင်ရှိတာ၊ ဒီစနေနေ့ကိုမှ လာပြီးမွေးရသလားကွ၊ တော်တော်ခွကျတဲ့အကောင်ပဲ'

'ဒါ ... ကျွန်တော့်အပြစ်မဟုတ်ဘူး ခင်ဗျ'

'ဘာလဲ ... မင်းအမေအပြစ်လို့ ဆိုချင်တာလား'

'မဟုတ်ပါဘူး။ ကျွန်တော့်အမေရဲ့ အပြစ်လည်းမဟုတ်ပါဘူး၊ ဝမ်းဆွဲသည်အပြစ်ဗျ။ သူသာ အဲဒီနေ့မှာမွေးမပေးရင် ကျွန်တော်က တနင်္ဂနွေသားဖြစ်ပြီး မြင့်မြင့်စိုးနဲ့ဆိုရင် အောင်ပဓာတ်မိနေတာပဲ'

ဦးစံရွှေသည် မျက်လုံးများကို ပင့်မိသည်။

'အောင်မယ် ... မင်းလည်း ဘယ်ခေလို့တုန်း၊ ပညာရှိပါပဲကလား။ ဗေဒင်လေးဘာလေး ခေါက်မိသလား'

'ငယ်ငယ်တုန်းက ကျွန်တော် ခေါက်မိသမျှတော့ ကုလားတက်ပါပဲ။ အဲလေ ... ဘုန်းကြီးကျောင်းနေခဲ့ရတော့ ဆရာဘုန်းကြီးရဲ့ ဆုံးမမှုကြောင့် အနည်းအကျဉ်းတော့ သိပါတယ်'

'အေး ... ပြောစမ်းပါဦး'

တင့်ဝေမှာ ဦးစံရွှေနှင့် စကားပြောနေရင်းက အကြံထုတ်နေ၏။ မြင့်မြင့်စိုးနှင့် သူသည် ဗေဒင်ပညာအရပင်လျှင် လက်ထပ်မှုကို ပြုနိုင်သောသူဖြစ်ရန် နည်းလမ်းအကြောင်းပြချက်ကို ရှာနေ၏။ တတ်သိသရွေ့၊ မှတ်မိသရွေ့၊ နှင်းကန်ကြံစည်၏။ မကြိုးစားနိုင်လျှင် မြင့်မြင့်စိုးနှင့် မင်္ဂလာဆောင်တစ်ထိုင်စာ ကာလကလေးနှင့်ပင် လဲရချေတော့မည်ဟု စဉ်းစားမိသည်နှင့် တစ်ပြိုင်နက်ဆင်ခြေ ာင်လက်တို့သည် သွက်သွက်ကလေးပေါ်လာလေတော့သည်။

'ဒါပေမယ့် အခုဟာက ကျွန်တော်က တကယ်မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရမှာမှ မဟုတ်ဘဲ၊ ဟန်ဆောင်ရမှာပဲ။ ဘာမှမဖြစ်တန်ပါဘူး'

'ဟာ ... ဒါက သူတို့ထင်နေကြတာကွ၊ ငါ့ဗေဒင်ပညာအနေနဲ့က မြင့်မြင့်ဟာ အိမ်ထောင်ကျတော့မယ်ကွ။ ဒါကြောင့်ပြောနေရတာ'

'အို ... ဒါဖြင့်လည်း ကိစ္စမရှိပါဘူး၊ ကျွန်တော်က စနေသား၊ မြင့်မြင့်စိုးက ကြာသပတေးသမီးဆိုတော့ ဟန်ကျတာပေါ့'

'ဘာ ဟန်ကျတာလဲ၊ ဟန်တာတွေ ရှိသမျှအကုန်ကျကုန်တာလား'

'မဟုတ်ပါဘူးခင်ဗျာ၊ စနေနေ့က ရေတွက်ကြည့်ရင် ကြာသပတေးနေ့ဟာ ခြောက်ခုမြောက်နေ့ ဖြစ်တယ်။ သူ့ကိုနိုင်လို့ဆ ကိုနို ... ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ ကျွန်တော်က မြင့်မြင့်စိုးကို နိုင်ရတာပါ၊ ဒါမှ တစ်ပါးသောရန်တွေ ပျောက်ပျက်မှာပါ'

ဦးစံရွှေ ချာလည်ချာလည် ဖြစ်သွား၏။ ခဲတံလေး၏ဖင်ပိုင်းနှင့် သူ့ပါးကို သူထောက်ရင်း တွေတွေကလေး စဉ်းစားနေသည်။ ပြီးတော့မှ ...

'အင်း ... ဒီလိုဆိုတော့လည်း ဟုတ်သလိုလိုရှိသား၊ မင်းပညာကလည်း မဆိုးဘဲကိုးကွ။ ဒါထက် လဂ်က ဘာလဂ်တုန်း'

'ခင်ဗျာ ... ဆွယ်တာအကျီကဆိုရင်တော့ နိုင်လွန်လက်ထဲပေါ့'

'အို ... မဟုတ်ပါဘူးလေကွာ'

'ဟုတ်ကဲ့ အတွင်းက စွယ်ကျယ်မှာကတော့ လက်မရှိပါဘူးခင်ဗျ'

'ဟာ ... ဒီကောင် တစ်လွဲတွေလျှောက်ပြောနေပြန်ပါပြီ။ မင့်မှာ ရက်ချုပ်ရှိသလား'

'ဗျာ ... ယမန်ယူတာကို ပြောတာလား'



'မင်းက ဘာမှုဖြစ်လို့ ယမန်ယူရမှာလဲကွ၊ ဇာတာရှိသလား ဇာတာ'

'ဩော် ... ဟုတ်ကဲ့၊ တောမှာကျန်ခဲ့ပါပြီ'

'မင်းမှတ်မိရင်လည်း ကောင်းသား၊ အဲဒီဇာတာထဲကလဂ်ကို ပြောတာကွ'

'ဩော် ... ဇာတာထဲကလဂ်တော့ မှတ်မိပါတယ်၊ တူလဂ်ပါ'

'ဟာ ... တူလဂ်ဆိုရင် တက်လူပဲပေါ့ကွ၊ ကောင်းပါတယ်၊ ဒါထက် မီးတောက်သေးသလား'

'တူမှာတော့ မီးတောက်တာ မတွေ့ဖူးသေးပါဘူး၊ ကျွန်တော့်ဘကြီး ပန်းပဲလုပ်တာတော့ ဖိုထဲမှာတော့ ရဲနေတာပဲ'

'ဟယ် ... အဖျားရှူးသွားပဟော့'

'ဟုတ်ကဲ့ ... အဲဒါ ကတော့ကို မှောက်ထားတဲ့ပုံပေါ့'

တင့်ဝေက ခွတွေပြောနေခြင်း မဟုတ်ပါ။ သူ့ခမျာ ဦးစံရွှေကြီး သဘောကျအောင် အစွမ်းကုန် အလိုက်အထိုက်တွေ ပြောနေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် သူ့မျက်နှာမှာ တင်းမာမှုလုံးဝမရှိဘဲ ယခုချက်ချင်း ပုရွက်ဆိတ်တက်တော့မည့်ကဲ့သို့ ချိုသာနေပါသည်။ ဤမျက်နှာထားကြောင့်လည်း ဦးစံရွှေက ဒေါမကန်ခြင်း ဖြစ်လေ၏။

'အင်း ... မင့်ကြည့်ရတာ ရိုးပုံရိုးပန်းတော့ ရှိပါတယ်လေကဲကွာ ဘာပဲဖြစ်ဖြစ် ငါ အခုချထားတဲ့ မဟာကာလဇာတာကိုကြည့်ပြီး အကျိုးအဖြစ်ကို ဆန်းစစ်ကြည့်ရတော့မှာကွ၊ မင်းဟာ စနေသားဖြစ်ခြင်းကြောင့် ...'

ဦးစံရွှေက စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းထားသောကြောင့် တင့်ဝေမှာ ရှေ့ကို ဘာဆက်မည်နည်းဟု မျှော်တလင့်လင့်နှင့် လည်တိုင်ပင် စန့်ထွက်လာရသည်။

ဦးစံရွှေက ခဏလေးကြာမှ သူ့စကားကို ပြန်ဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



'စနေသားဖြစ်ခြင်းကြောင့် အနေအထားကောင်းတယ်၊ အောင်မယ် တိုင်ထိပ်ကိုကြည့်လိုက်စမ်း'

တင့်ဝေမှာ ဖျတ်ခနဲ မော့ကြည့်လိုက်၏။ အပေါ်ထပ်ကြီးခံနေ၍ တိုင်ထိပ်ကိုသူမမြင်နိုင်ပါ။ ကြမ်းပြင်ကို အောက်ဘက်က ကြည့်နေရခြင်းသာ ဖြစ်ပါ၏။

'ဘယ်သွားကြည့်နေတာလဲကွ ... ဒီမှာ'

ဦးစံရွှေက စာရွက်ပေါ်တွင် ခဲတံဖြင့် တဒေါက်ဒေါက်နှင့် ထိုးပြမှ ပြန်၍ ငုံ့ကြည့်လိုက်ရတော့သည်။

'ဘာတွေ့သလဲဟင်'

'ဦးကြီးထိုးထားတဲ့ ခဲတံရာ အစက်အစက်တွေကို တွေ့ပါတယ်'

'ဒါကို ပြောတာမဟုတ်ဘူး၊ ဒါ ဘာလဲ'

'ခုနစ်ပါ'

'အဲ ... စနေဟာ တိုင်ပေါ်ရောက်နေတာကို ပြောတာ'

'ဘာတက်လုပ်နေပါလိမ့်နော်'

'ဟာ ... ခက်တော့နေပါပြီ၊ မင်းကောင်းနေတာကို ပြတာကွ၊ မင်းသိပ်ကံကောင်းနေတယ်'

'မိန်းမရနိုင်ပါ့မလား ခင်ဗျာ'

'ဟာ ... စိတ်ဝင်ကိန်း သိပ်ကြီးတာပေါ့'

'စိတ်မလိုချင်ပါဘူး ဦးကြီးရယ်၊ မိန်းမလိုချင်တာပါ'

'ဩော် ... တယ်လည်းခက်နေပေါ့လား၊ စိတ်ဆိုတာ မိန်းမပေါ့ကွယ်'

'ဒါဖြင့် ... တော်တော်လှတဲ့ စိတ်လားခင်ဗျာ'

'လှမလှတော့ မသိဘူးကွာ၊ မင်းအတွက် အကျိုးပေးမယ့် စိတ်ပဲ။ အို ... မင်းကလည်းမေးနေတော့ ငါကလည်း ယောင်ပြီး ဗေဒင်ဟောနေတာကိုးကွ။ ငါတို့အလုပ်က ဗေဒင်ဟောဖို့မဟုတ်ဘူး။ မြင့်မြင့်နဲ့ မင်းနဲ့ မင်္ဂလာဆောင်ချင်ယောင် ဆောင်ရမယ့်ကိစ္စ



မှာ မင်းကို သတို့သားအဖြစ် ငါတို့လက်ခံနိုင် လက်မခံနိုင် ကိစ္စကို စိစစ်နေကြတာပဲ ဖြစ်ရမယ်လေ'

'ဟုတ်ကဲ့ ... ဒါဖြင့် ကျွန်တော့်ကို လက်ခံနိုင်ပြီပေါ့'

တင့်ဝေကား မိမိလိုချင်ရာကို ဇွတ်အတင်းဖိပြောနေလေသည်။

'ငါ့ အနေနဲ့တော့ လက်ခံနိုင်ပါပြီ ဆိုပါတော့'

'ဒါဖြင့် ဘယ်သူ့အနေနဲ့ ငြင်းပယ်စရာ ရှိနေပါသေးသလဲ ခင်ဗျာ'

'ဟောဒီ ဗေဒင်ပညာပေါ့ကွ၊ ဗေဒင်ပညာ'

'ဗျာ ... ဗေဒင်ပညာက ကန့်ကွက်နေသလား'

'ငါ စောစောက ပြောခဲ့သလိုပေါ့၊ မင်းရဲ့နေ့နံဖြစ်တဲ့ စနေဟာ ...'

'ဟုတ်ကဲ့ တိုင်ဦးတမ်းကစားနေပါတယ်'

'ဘယ်ကဟုတ်ရမှာလဲ၊ တိုင်ထိပ်ပေါ်ရောကနေတယ်ကွ။ ဒါဟာ မင်း ကံကောင်းနေတာကိုပြတယ်။ ယောကျ်ားတစ်ယောက်ဟာ ကံဇာတာအရ ညံ့မှ အိမ်ထောင်ကျရမှာ၊ မိန်းမကသာ ကံဇာတာတက်ရင် အိမ်ထောင်ကျတာကွ'

'ဟာ ... ဒါမှန်တာပေါ့၊ အခု ကျွန်တော်က အိမ်ထောင်ကျရမှာမှ မဟုတ်ဘဲ၊ ဒါ ကံကောင်းတာပေါ့၊ မင်္ဂလာဆောင်တစ်ထိုင်ကလေး လာထိုင်တာ ပိုက်ဆံရမယ်လေ။ ငွေလည်းရသေးတယ် လှပတဲ့မိန်းကလေးနဲ့လည်း တွဲထိုင်ရသေးတယ်၊ ဒါ ကံကောင်းတာပေါ့ ခင်ဗျ'

တင့်ဝေက ဤသို့ ပြောလိုက်မှ ဦးစံရွှေကြီးလည်း သဘောပေါက်သွားသကဲ့သို့ ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်က

'အေး ... ဟုတ်သားပဲ၊ ငါက မင်း တကယ်မိန်းမယူတော့မယ်ချည်းမှတ်နေတာကိုး။ ဟုတ်တာပေါ့ ငါ့ဗေဒင်အရ မင်းဟာ ကံကောင်းနေရမယ်။ အခုလိုဖြစ်မှလည်း ကံကောင်းမယ်။

www.burmeseclassic.com



တစ်နည်းပြောရရင် မင်းဟာ မြင့်မြင့်နဲ့ မင်္ဂလာဆောင်ချင်ယောင် ဆောင်ရမှ ငါ့ဗေဒင် မှန်စရာဖြစ်မှာပေါ့။ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကြိုက်ပြီဟေ့ . . . လောကမှာ ငါ့ဗေဒင်မှန်ဖို့က အရေးကြီးတယ်၊ ဒီတော့ မင်းကို ငါလက်ခံပြီကွာ လက်ခံပြီ'

'စိတ်ချပါခင်ဗျာ၊ ဦးကြီးရဲ့ဗေဒင်မှန်ဖို့အတွက် ရှေ့လျှောက်ပြီး ကျွန်တော် အစွမ်းကုန်ဆောင်ရွက်ပြီး ကျေးဇူးဆပ်ပါ့မယ် ခင်ဗျာ၊ ကဲ . . . ဒါဖြင့် ကျွန်တော် ပြန်လိုက်ပါဦးမယ်'

ဦးစံရွှေသည် မော့်၍ပင်မကြည့်ဘဲ ပြုံးပြုံးကြီးနှင့် ခေါင်းကို ညိတ်ပြရင်း သူ့စာရွက်များပေါ်သို့သာ သဲသဲမဲမဲ ကြည့်နေရကား တင့်ဝေသည် ရှိုရှို့ကလေး ထွက်လာခဲ့လေတော့၏။

* * *



(ခုနစ်)

ဦးရာဇာသည် ဝင်ထိုင်လိုက်သော တင့်ဝေကို တင်းမာသောမျက်လုံးနှင့် ကြည့်လိုက်သည်။

'မင်းလားကွ တင့်ဝေဆိုတာ'

ဦးရာဇာ၏ မေးပုံမှာ ရိုက်တော့မည့်လူကို သေချာအောင် မေးပုံမျိုးနှင့် တူနေသဖြင့် တင့်ဝေမှာ ဦးရာဇာကို မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့် ကြည့်ပြီးမှ မဝံ့မရဲလေသံကလေးနှင့် ပြန်ဖြေလိုက်မိ၏။

'ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ'

'ဟေ့ . . . ငါ လုံးဝ သဘောမတူဘူးကွ၊ သဘောမတူဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဦးရာဇာက ဒေါပါပါနှင့် ကျယ်ကျယ်ပြောလိုက်ပြီး စားပွဲကို လက်သီးနှင့်ထုလိုက်လေရာ အမှတ်တမဲ့ဖြစ်သွားသဖြင့် တင့်ဝေမှာ တစ်ကိုယ်လုံးပင် တဆတ်ဆတ်ခါသွားလောက်အောင်ပင် တုန်တက်သွားမိလေတော့သည်။

'ဒါက ဘာဖြစ်တာလဲ၊ ချမ်းသလား'

'မ ... မဟုတ်ပါဘူး၊ ဦးကိုကြောက်လို့ပါ'

'ကြောက်တယ် ဟုတ်လား'

'ကြောက်ရုံတင်မကပါဘူး၊ ချစ်လည်းချစ် ရှိလည်းရှိသေပါတယ်'

တင့်ဝေ၏ ကပျာကယာဆက်လိုက်သော နောက်ဆက်တွဲစကားလုံးကို ကြားရသောအခါ၊ ဦးရာဇာမျက်နှာမှာ တင်းမာမှု လျော့ပါးသွားသယောင်ရှိသော်လည်း ပျော့ပျောင်းသွားသည်ဟု ဆိုရလောက်အောင်တော့ မဖြစ်သေးချေ။

'အေး ... ကောင်းတယ်၊ ဒါပေမယ့် ငါတော့ လုံးဝ သဘောမတူနိုင်ဘူးကွာ'

'ကျွန်တော့်မှာ ဘာအပြစ်များရှိလို့လဲ ခင်ဗျာ'

'မင်းမှ ဘာအပြစ်တွေရှိသလဲဆိုတာတော့ ငါဟာ မင်းရဲ့ ကိုယ်စောင့်နတ်မဟုတ်လို့ မသိဘူးကွ၊ ဒါပေမယ့် ဒီမင်္ဂလာပွဲကို ဖြစ်ရုံသက်သက် လုပ်တဲ့မှုကိုတော့ ငါ လုံးဝသဘောမတူနိုင်ဘူးဟေ့ ဒါပဲ'

တင့်ဝေသည် တွေတွေကလေးဖြစ်သွားသည်။ ဤ အယောင်ဆောင်မင်္ဂလာပွဲ ပျက်သွားခဲ့သည်ရှိသော် မိမိနှင့်ရမည့်ငွေတို့ ဝေးကြရတော့မည်။ ဝေးကြရပြီဆိုလျှင် ထူးလွှင်ကိုအတင်းဖိတောင်းခြင်းဖြင့် ရက်စက်ရာရောက်မည်။ သို့မဟုတ်ပါကလည်း အရေးရှိရိုက် ကူညီသောအိမ်တွင်းစက်မှုလုပ်ငန်းရှင်လောင်းကလေး သူငယ်ချင်းအပေါ်တွင် သစ္စာဖောက်ရာရောက်မည်။ သူ၏လုပ်ငန်းကို ကပျက်ယပျက်လုပ်ရာ ရောက်တော့မည်။ ရှေ့တွင်ရှိသော



သမ်းဆိုနှင့် နောက်တွင်ရှိသော လှည်းတုတ်တို့အကြားတွင် တင့်အနေခက်လှ၏။

'ဒါပေမယ့် ဦးရယ် ... ကျွန်တော့်အပြစ်ကဲ ညောင်တော်သမ်းနည်းစရာကောင်းနေပါတယ်'

'ငါ ဝမ်းမြောက်နည်းတတ်ဘူးကွ၊ အမေဆုံးတုန်းကတောင် မျက်ရည်မကျခဲ့ဘူး'

'ဒါကတော့ မိန်းမမှ မဟုတ်ဘဲကိုးခင်ဗျ'

'ဘာပြောတယ်ကွ၊ ငါ လူပျိုကြီးဟေ့ မင်းက ဘာလဲ အမေသေတာသာမငိုတာ မယားသေရင်တော့ ငိုမှာပဲလို့ ဆိုချင်တာပေါ့လေ'

'ဟာ ... မဟုတ်ပါဘူးခင်ဗျာ၊ မျက်ရည်ကျတာ မိန်းမဟုတ်လို့ မကျတာပါ။ ဦးက ယောကျ်ားရင့်မာကြီး ဖြစ်နေလို့ပေါ့၊ ဘကယ်လို့သာ မိန်းမသာဖြစ်ခဲ့ရင် ငိုချင်ငိုမိမှာပေါ့'

'ဩော် ... ဟော်ဟော် ... အေး အေး ဟုတ်မလားမသိဘူး'

တင့်ဝေ၏စကားကြောင့် ဦးရာဇာသည် ရယ်ရယ်မောမော ဖြစ်လာသည်။ ဦးရာဇာက ရယ်ရယ်မောမော ရွှင်ရွှင်ပျပျ ဖြစ်လာသည်ကို တွေ့ရသောအခါ တင့်ဝေမှာ အားတက်လာရတော့သည်။

ရယ်တတ်သောသူသည် ငိုတတ်ပါ၏။ ပူဆွေးသောမျက်ရည်၏ နည်းတူပင် လှိုက်လှဲသောဟာသသည်လည်း နှလုံးသားမှ ထွက်ပေါ်လာရခြင်းဖြစ်ပေသည်။ ထို့ပြင် တင့်ဝေ ငယ်စဉ်က ရယ်မောမိလျှင် မိဘများက 'အဲ ... အရွှင်နေ၊ အရွှင်နေ တော်တော်ကြာ ငိုရလိမ့်မယ်' ဟု မိဘများပြောကြားသည်ကို ကြားခဲ့ရ၏။ ယခုလည်း သူက ဦးရာဇာပေါ်တွင် ဝမ်းထဲက ကျိတ်၍ 'အဲ ... အရွှင်နေ ... အရွှင်နေ၊ တော်တော်ကြာတော့ ငိုရမှာပေါ့' ဟု ပြောလိုက်မိသည်။ ဝမ်းထဲကသာ ဤသို့ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးစက်မှ ထွက်လာသောအသံမှာကား ...

'ကျွန်တော့်အဖြစ်ကို ကျေးဇူးပြုပြီး နားထောင်ပါခင်ဗျာ ပြီးတော့မှ ဦးအနေနဲ့ လိုရာကိုဆုံးဖြတ်ပါ။ ကျွန်တော့်မှာ ထူးလွင် ဆိုတဲ့သူငယ်ချင်းတစ်ယောက် ရှိပါတယ်'

'ဟ ... အပေါင်းအသင်းကလည်း နည်းလှချည်လား စုစုပေါင်းမှ သူငယ်ချင်းတစ်ယောက်တည်း ရှိသလား'

'သူငယ်ချင်းကတော့ အများကြီးပါပဲခင်ဗျာ၊ ဒါပေမဲ့ **ထူးလွင်ဆိုတဲ့ နာမည်နဲ့သူငယ်ချင်းကတော့ တစ်ယောက်တည်းပါ** ပါတယ်။ အဲဒီ ထူးလွင်ရဲ့မိန်းမက မျက်နှာမြင်ကာနီးတော့ ငွေရေး ကြေးရေးအခက်အခဲရှိလို့ ကျွန်တော့်ဆီမှာ ငွေလာချေးပါတယ်။ အဲဒါကို ကျွန်တော်က ....မချေးဘူးဟေ့ လို့ ငြင်းထိုက် ပါသလားခင်ဗျာ'

မေးခွန်းမေးလိမ့်မထင်သဖြင့် ဦးရာဇာမှာ ကလေးငယ်က ပုံနားထောင်သလို နားထောင်နေမိလေရာ တင့်ဝေမှာ ရုတ်တရက် မေးခွန်းကြီး မေးချလိုက်သဖြင့် ဦးရာဇာမှာ လှုပ်လှုပ်ရှားရှားဖြစ် သွားပြီး ကမန်းကတန်းပြန်ဖြေရလေသည်။

'ဟာ ... လူဆိုတာ ကူညီဖာတ်ရမယ်၊ ဘာဖြစ်လို့ငြင်းရ မှာလဲ'

'ဟုတ်ကဲ့ ... မငြင်းဆိုထိုက်ပါဘူး၊ တတ်နိုင်သရွေ့ကူညီ ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ်။ ဒီလိုကြိုးစားတာ ကျွန်တော်မှား သလား ခင်ဗျာ'

ဤတစ်ချီတွင်တော့ ဦးရာဇာသည် 'ဒီကောင်ဟာ စကား ပြောရင်မေးခွန်းတွေမေးတတ်တယ်' ဟူသော အသိဖြင့် သတိရှိနေ လေပြီ။

'မမှားဘူးကွ၊ မင်း ကြိုးစားတာမှန်တယ်'

'မှန်တယ်နော်၊ ဒါနဲ့ပဲ ကျွန်တော်လည်း တခြားမိတ်ဆွေ တစ်ယောက်ဆီက ငွေလှည့်တယ်'



'ဘယ့်နှယ့် လေလှည့်တယ် ဟုတ်လား။ ဘယ်ခွေးဝမ်း သာအောင်လို့လဲ'

'မဟုတ်ပါဘူး။ ငွေကို ခဏချေးတာပြောတာပါ။ အဲဒီမိတ် ဆွေက အိမ်တွင်းစက်မှုလုပ်ငန်း အသေးစားလေးထောင်မလို့ ငွေ စုနေတာ၊ မပြည့်သေးတာနဲ့ ကျွန်တော့်ကို အတိုးမရှိဘဲ လိုတဲ့ငွေ ချေးလိုက်ပါတယ်။ ဒါကို ကျွန်တော်က ထူးလွင်ကိုပေးလိုက်တယ်။ နောက်တော့ ထူးလွင်ရဲ့မိန်းမဟာ မျက်နှာမြင်တော့ ကလေးရော မိခင်ပါ အသက်ဆုံးရှုံးသွားကြရရှာပါတယ်'

'အို ... ဖြစ်မှဖြစ်လေကွာ၊ ကျွတ် ... ကျွတ် ... ကျွတ်'

'အဲဒီတော့ ကျွန်တော်က ဒီဒုက္ခတွေကိုသိလျက်နဲ့ ဟေ့ ကောင် ငါ့ ငွေတွေကို ခုချက်ချင်းပြန်ပေးလို့ **တောင်းထိုက်ပါသ လား** ခင်ဗျာ'

'ဟာ ... တောင်းရင် မင်းဟာ လူမဟုတ်တော့ဘူး။ လူလူချင်းစာနာရမယ့် ဝတ္တရားပျက်တယ်၊ မတောင်းထိုက်ဘူးကွ'

'ဟုတ်ကဲ့၊ မတောင်းထိုက်လို့ ကျွန်တော် မတောင်းပါဘူး။ ဒါပေမယ့် ဒီဘက်က မိတ်ဆွေက သူလိုချင်တဲ့စက်ကို ဈေးချောင် ချောင်ရမယ့် အခြေအနေမျိုးဖြစ်လာတယ်။ ကျွန်တော့်ဆီက ငွေ တွေပြန်ရရင် ဝယ်လို့ရပြီ။ ဒီတော့ သူ့ငွေကလည်း လေးငါးခြောက် လကြာနေပြီဆိုတော့ ပြန်တောင်းတယ်။ ကျွန်တော်က ဟေ့ မပေးဘူး ကွာ လို့ ပြောထိုက်ပါသလား ခင်ဗျာ'

ဦးရာဇာ၏ မျက်နှာလေးမှာ ညှိုးငယ်လာသယောင်ယောင် ဖြစ်လာလေ၏။ မျက်နှာညှိုးငယ်လာသည်နှင့်အမျှ ပြန်ဖြေလိုက် သောအသံမှာလည်း ဘိန်းစားသံနှင့် ပျော့ညံ့ညံ့ဖြစ်လာသည်ဟု ထင်ရ၏။

'ဘယ်ပြောထိုက်ပါ့မလဲကွာ၊ သူ့ခမျာလည်း ကူညီတဲ့သ ဘောနဲ့ ငွေချေးခဲ့တာ၊ အတိုးတွေဘာတွေ ယူတာမှမဟုတ်ဘဲ အခု မင်းက မပေးဘူးငြင်းလိုက်ရင် သူ့ရဲ့စီးပွားရေးလုပ်ငန်းမှာကို

www.burmeseclassic.com



မကာဘူး။ သူ့ ထမင်းရှာစားတာကို မင်းက ဖျက်လိုဖျက်ဆီးလုပ်ရာရောက်သွားမှာပေါ့'

ဦးရာဇာ၏ စကားဆုံးသောအခါ တင့်ဝေက ဆက်ပြော၏။ ဆက်ပြောသော တင့်ဝေ၏လေသံများမှာ တုန်ရီ၍ ငိုသံများပင် ပါလာတော့သည်။

'ဟုတ်ကဲ့ ... ကျွန်တော်မငြင်းသာပါဘူး။ ထူးလွင်ဆီက လည်း မတောင်းရက်ဘူးလေ၊ ဒီတော့ ကျွန်တော် စိုက်ဆပ်မယ်လို့ စိတ်ကူးပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ အထက်တန်းစာရေးလေးသာဖြစ်လို့ သူ့ငွေတွေကို လေးငါးဆယ်ရက်အတွင်း ရှာပေးဖို့က မဖြစ် ... မဖြစ်'

တင့်ဝေက လက်ပကိုင်ပဝါနှင့် မျက်စိများကိုသုတ်လိုက်၏။ မျက်ရည်စတွေကိုတော့ မတွေ့နိုင်ပါ။ သို့သော် ဦးရာဇာ၏ မျက်နှာမှာ ပျက်လာလေပြီ။

'မဖြစ်နိုင်တော့ပါဘူး။ ဒီတော့ ... ဒီတော့ ကျွန်တော်ဟာ အုန်းကြိုင်လာပြောတော့ ဝမ်းသာအားရနဲ့ ဒီမင်္ဂလာဆောင်ကိစ္စကို လက်ခံလိုက်ပါတယ်။ ကျွန်တော်ဟာ လူတစ်ဦးတစ်ယောက်ကို ကူညီဖို့ ဘယ်တုန်းကမှဝန်မလေးခဲ့ပါဘူး။ ခါတိုင်းဆိုရင် ငွေကို လက်မခံဘဲ ကူညီမှာပါ၊ အခုဟာက ကျွန်တော့်မှာလည်း ကျဉ်းထဲကျပ်ထဲ ဖြစ်နေလို့ ငွေကိုလက်ခံရတာပါ။ ကျွန်တော်ပြောတာ ယုံရဲ့လားခင်ဗျာ'

ဦးရာဇာက တုန်ရီသောအသံဖြင့် ပြန်ဖြေလိုက်သည်။

'ယုံပါတယ် မောင်ရင်ရာ'

'ဒီတော့ အခုလို ဦးက သဘောမတူနိုင်ဘူးလို့ ငြင်းလိုက်ရင် ကျွန်တော့်မှာ ကျွန်တော့်မှာ ... ထူးလွင်ကို မင်းမယားသေတာ ငါနဲ့မဆိုင်ဘူး။ ငါ့ငွေကို ကြဲဖန်ပေး။ မပေးရင် တရားစွဲမယ်လို့ ပြောရတော့မယ်'

'ဟာ ...မလုပ်ပါနဲ့ကွာ'



ဦးရာဇာ၏ အသံမှာ ငိုသံပါလာတော့၏။

'ဒီလိုမှ မလုပ်ရင်ဦးရယ် ... ဒီဘက်ကမိတ်ဆွေကို သွားကွာ ငါ့ အသားတွေကိုပဲ လှီးယူတော့၊ မင်းငွေတော့ မဆပ်နိုင်တော့ဘူး၊ မင်းထမင်းအိုးမကာဘူး၊ ဟင်းအိုးရောကွဲပြီးတော့ ကျပ်ခိုးစင်ကြီးတစ်ခုလုံးပဲ မှောက်ကျ မှောက်ကျ ငါ ဂရုမစိုက်ဘူးကွ လို့ ပြောရတော့မှာပဲ'

' ဟာ ... မောင်ရင် မလုပ်လိုက်ပါနဲ့၊ ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ ငါမှားပါပြီကွာ'

ဦးရာဇာက မျက်ရည်ကြောင်းကြီးများဖြင့် ပြောလိုက်၏။ ဤတွင် တင့်ဝေမှာလည်း ရင်ထဲတွင်ဝမ်းသာသွားသဖြင့်သူ့ပါးပြင်များပေါ်တွင် ဝမ်းသာခြင်းမှကျဆင်းသော မျက်ရည်ကြောင်းကြီးများ ထင်နေလေ၏။

'ဟာ ... ဦးဟာ သူတော်ကောင်းစစ်စစ်ပဲကိုး။ ကျွန်တော် သိပ်ကြည်ညိုမိတယ် ခင်ဗျာ'

ပြောပြောဆိုဆိုနှင့် တင့်ဝေက ရယ်လိုက်၏။ ဦးရာဇာမှာလည်း ကျေနပ်သွားဟန်သကဲ့သို့ ဟီး .. ဟီး နှင့် သံရှည်ဆွဲ၍ ရယ်လိုက်သည်။

ထိုအခိုက်တွင် အခန်းထဲသို့ မြင့်မြင့်စိုးရောက်လာလေရာ ယောက်ျားနှစ်ယောက်သည် မျက်နှာချင်းဆိုင်ထိုင်၍ မျက်ရည်ကြောင်းကြီးများနှင့် ရယ်နေကြသည်ကို တွေ့ရသောအခါ အံ့ဩသွားမိလေ၏။ ထို့ထက်သော်ကား ဦးရာဇာက ကျေကျေနပ်နပ်လက်ခံစကားပြောနေရုံမက ရယ်လားမောလားဖြစ်နေသည်မှာ ပို၍ အံ့ဩစရာဖြစ်ရလေတော့သည်။ ထို့ကြောင့်ပင် နီးရာကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရာက ...

'ဟင် ... ဦးလေးတို့က ဘာဖြစ်လို့ ငိုရယ် ငိုရယ် ဖြစ်နေကြတာလဲလို့၊ ရယ်နေကြရာက တစ်ယောက်ခြေမကို တစ်ယောက်က တက် လို့လား၊ ဒါမှမဟုတ် ငိုနေကြရာက တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဂျိုက်ကလိန္တိုက်မိကြလို့လား ဟင်'

ဟု မေးလိုက်မိလေတော့သည်။

ဤတွင် ဦးရာဇာက မြင့်မြင့်စိုးဘက်သို့လှည့်၍ 'နှင်မသိပါဘူးဟယ်' ဟု ပြောလိုက်လေ၏။

'မသိလို့မေးနေရတာပေါ့ ဦးလေးရဲ့'

'ဟ . . . သူ့အဖြစ်က သိပ်သနားစရာကောင်းတာ၊ ဒီကောင်ဟာ သူတော်ကောင်းဟ'

မြင့်မြင့်စိုးသည် ဦးရာဇာ၏စကားကို ကြားရသောအခါ တင့်ဝေဘက်သို့ မျက်လုံးရွဲကြီးများကို ဝင့်၍ဖေ့ကြည့်လိုက်သည်။ တင့်ဝေက ရင်ကိုကော့၍ လက်နှစ်ဖက်နှင့် ဆံပင်များကိုသပ်လိုက်၏။

'ဩော် . . . ကိုတင့်ဝေက ဖိုးသူတော်လုပ်တော့မလို့လား။ ဒီလိုဆို မင်္ဂလာဆောင်ကိစ္စဟာ ဖြစ်ပါဦးမလား'

မြင့်မြင့်စိုး၏ စကားကြောင့် ဟန်ဆုတ်သွားခဲ့သောတင့်ဝေမှာ မျက်လုံးပြူးပြီး ကုပ်ချောင်းချောင်းဖြစ်သွားခိုက် ဦးရာဇာမှာ လှုပ်လှုပ်ရှရှဖြစ်သွားလေတော့သည်။

'ဟယ် . . . ကြဲကြဲဖန်ဖန် မင်္ဂလာဆောင်ကိစ္စက ဖြစ်ရမယ်၊ မဖြစ်လို့ကို မဖြစ်ဘူး၊ ဖြစ်မှဖြစ်မယ်။ မဖြစ်ဘူးဖြစ်သွားရင် အဖြစ်ကိုက မဖြစ်တော့ဘူးဟဲ့'

'အို . . . ဦးလေးပြောတာတွေ မြင့်မြင့် ဘာမှနားမလည်တော့ဘူး'

မြင့်မြင့်စိုး နားရှုပ်သွားသည်ဟု ဆိုသောအခါ တင့်ဝေက ကြားဝင်၍ ရှင်းပြလိုက်လေသည်။

'ဒီလိုလေ မြင့်မြင့်ရဲ့၊ ဦးပြောတာက မင်္ဂလာဆောင်ကိစ္စက ဖြစ်ရမယ်၊ မဖြစ်ရင်မဖြစ်ဘူး၊ ဖြစ်မှဖြစ်တော့မှာ။ မဖြစ်တော့ဘူးရယ်လို့ ဖြစ်သွားရင် ဖြစ်မှာမဖြစ်တော့ဘူးလို့ ပြောတာပါ မြင့်မြင့်ရဲ့'



တင့်ဝေက ဝင်၍ရှင်းပြလိုက်မှ မြင့်မြင့်စိုးမှာ ပို၍ရှုပ်သွားပြီး မျက်မှောင်လေးများကြုတ်သွားတော့၏။

'အို . . . ကိုတင့်ဝေပြောမှ ပိုပြီးရှုပ်သွားတယ်၊ ဒီတော့ ဘာတွေမှ မပြောနဲ့တော့ အခု မင်္ဂလာပွဲပြုလုပ်မှာကို ဦးလေးသဘောတူပြီလား'

ဦးရာဇာသည် မြင့်မြင့်စိုး၏အမေးကို လက်ဝါးတစ်ဖက်ထဲသို့ လက်သီးဆုပ်တစ်ဖက်ကို ထုထည့်ရင်း ပြန်ပြောသည်။

'သဘောတူတယ်၊ လုံးဝသဘောတူတယ်။ ရာနိုင်နှုန်းပြည့် သဘောတူတယ်။ ဟုတ်တယ်လေ၊ သဘောမတူလို့မဖြစ်ဘူး။ ဒီမင်္ဂလာပွဲဟာ ဖြစ်မှဖြစ်မယ်။ မဖြစ်ရင် မဖြစ်ဘူး။ မဖြစ်ဘူးဖြစ်သွားရင်ဖြစ်လို့မဖြစ်ဘူး။ ဟာ . . . ငါ့ဘာသာငါတောင် ရှုပ်ကုန်ပြီ၊ ကိုင်းကွာ မင်းတို့စကားပြောရစ်တော့၊ ငါတော့ ဘုရားပေါ်ခဏ တက်လိုက်ဦးမယ်'

ပြောပြောဆိုဆိုနှင့် ဦးရာဇာသည် ထ၍ ထွက်သွားလေ၏။

တင့်ဝေသည် ပြုံး၍ မြင့်မြင့်စိုးကို ကြည့်လိုက်သည်။ မြင့်မြင့်စိုးလည်း တင့်ဝေကို ပြုံး၍ ပြန်ကြည့်သည်။

တင့်ဝေ၏ရင်ထဲမှ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ ပရမ်းပတာဖြစ်ကုန်ကြရတော့သည်။ မြင့်မြင့်စိုးနှင့် ပထမဆုံးအကြိမ်ပဲခေါ်ခေါ်၊ ကနဦးအကြိမ်ပဲခေါ်ခေါ်၊ လက်မွန်မဆွ ပဏာမအကြိမ်ပဲခေါ်ခေါ် ထိုအကြိမ်တုန်းကတော့ မြင့်မြင့်စိုး၏အကြည့်သည် သူ၏အသည်းနှလုံးကို တိခနဲဖြတ်ချလိုက်သလို ခံစားရ၏။ ထိုစဉ်ကမူ 'အော် ဒီကောင်မလေးကြည့်တာ ငါ တော်တော်ခံရပါကလား' ဟု သညာပြုပြီး မြင့်မြင့်စိုးတွင် အာနိသင်ထက်မြက်လှသော အကြည့်ရှိခဲ့၏။ ထိုအကြည့်ကိုပင် သတိပြုနေရမည်ဟု မှတ်ထားခဲ့၏။

ဟော . . . ယခုတော့ အပြုံးအကြည့်တွင်သာမက အပြုံး အပြုံးကလေးကလည်း သူ့ရင်က အသိမ်အမွှကိုပါ မကျန်အောင် ဆုပ်ကိုင်ဆဲလှုပ်လိုက်သကဲ့သို့ သိမ့်သိမ့်ခါသွားခဲ့ရသည်။ အကြည့်

www.burmeseclassic.com



လျှင် နှုန်းစရာပင်တကား။

'ကိုတင့်ဝေက တော်တော် တော်တယ်နော်'

'ဩော် . . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ တော်ပါတယ်၊ ဘာလုပ် ပြရမလဲ၊ ကောင်းကင်ဘားမှာ ကျွမ်းသုံးပတ်ပစ်ပြရမလား'

မြင့်မြင့်စိုး၏စကားမှာ သူ့ကို အိပ်ပျော်နေရာမှ ရုတ်တရက်နှိုးလိုက်သလို ဖြစ်သွား၍ တင့်ဝေသည် ပါးစပ်ထဲရှိရာတွေကို ကမန်းကတန်းပြောလိုက်ရာ မြင့်မြင့်စိုးမှာ ဖြူဖွေးသောသွားတန်းကလေးများကို ထုတ်ကြွားဘိသသည့်အလား ပြုံးရယ်လိုက်မိရတော့သည်။

'ကိုတင့်ဝေက ဘယ်လိုဖြစ်နေတာလဲ၊ ပေါကြောင်ကြောင်နဲ့'

'ပေါရပါတယ် မြင့်မြင့်ရယ်၊ ပေါရပါတယ်။ လူတစ်ယောက်ရဲ့နှလုံးသားဟာ မိမွေးတိုင်းဖမွေးတိုင်း မဟုတ်တဲ့အချိန်မှာတော့ ပေါရပါတယ်လေ'

'တစ်လောက နှရွှေ့အတုလဲတဲ့ ဘကိုင်းဘတ်တို့ကျတော့ ပေါတယ်လို့မကြားပါဘူးရှင်။ ဩော် . . . ဒါထက် ကိုတင့်ဝေက တော်တယ်ဆိုတာက ဦးလေးကို သဘောတူအောင် လုပ်နိုင်လို့ ပြောတာ'

'ဟုတ်တယ်၊ သူကျေနပ်သွားတာကိုး။ ဒါထက် အရင်ကို တင့်ဝေနဲ့ဟာ မြင့်မြင့်တို့ချစ်သူရည်းစား မဖြစ်ခဲ့ဘူးလို့ အုန်းကြိုင် ပြောတာကြားရတယ်'

'ဟုတ်ပါတယ်၊ မေမေတို့ စီမံတာနဲ့ မြင့်မြင့်ခေါင်းညိတ်လိုက်တာပါပဲ'

'မြင့်မြင့်ကို ကျွန်တော်ချီးကျူးပါတယ်၊ မိဘစကားနားထောင်လို့။ ကျွန်တော့်ကိုကြည့်လေ ကျွန်တော်ဟာ အခုအရွယ်မှာ အသိအလိမ္မာပြည့်စုံလာပြီမို့ မိဘစကားကို သိပ်နားထောင်ချင်တယ်၊ ဒါပေမယ့် မိဘတွေကတော့ မရှိကြတော့ဘူး။ ကျွန်တော့်မှာ



နားထောင်ချင်ပေမဲ့ ပြောမယ့်မိဘတွေ၊ ဆိုဆုံးမယ့်မိဘတွေမရှိကြတော့ဘူးလေ။ အခု မြင့်မြင့်တို့လို မိစုံဖစုံရှိနေတဲ့ သူများအဖို့ မိဘများရှိခိုက်မှာ မိဘစကားနားထောင်ရတာ ကံကောင်းတဲ့အခွင့်အရေးတစ်ရပ်ပါ။ ဒါတွေထားပါဦးလေ။ ကျွန်တော် တစ်ခုမေးချင်တယ်၊ မြင့်မြင့်ရဲ့ကိုယ်ရေးကိုယ်တာ ဖြစ်နေလို့ စွက်ဖက်တယ်ထင်ပြီး စိတ်ဆိုးမှာလား'

**'မြင့်မြင့်ရဲ့ ကိုယ်ရေးကိုယ်တာကိုစွပေမယ့် ကိုတင့်ဝေအပေါ် စိတ်ဝင်စားစရာရှိတယ်ဆိုရင်လည်း မေးပါ၊ မြင့်မြင့်ဖြေနိုင်တာဆိုရင် ဖြေပါ့မယ်'**

'မြင့်မြင့်မှာ ချစ်သူရှိသလား'

ခုထိတော့မရှိသေးပါဘူး။ မိဘတွေစီမံတာကို **နာယူတော့မယ်လို့ ဆုံးဖြတ်ထားလို့ နောင်ကိုလည်း တွေ့နိုင်မယ်မထင်ပါဘူးလေ'**

'ဟာ . . . ဒီလိုလဲ ဘယ်ဟုတ်ပါမလဲ၊ တကယ်လို့ မြင့်မြင့်ကချစ်တာကို မိဘတွေကလည်း သဘောကျမယ်ဆိုရင် မိဘစကားပယ်ရာမရောက်နိုင်ပါဘူး။ နောက်ပြီး အချစ်ဆိုတာဟာ ဆင်ခြင်တိုင်းထွာမှုဉာဏ်နှင့်ဆိုင်တာ မဟုတ်ဘဲ၊ အချစ်ဆိုတာဟာ နှလုံးသားထဲကို တိတ်တိတ်ဝင်လာတတ်တာမျိုးပဲ။ နေ့လယ်ကြောင်တောင်ပေမယ့် သူကတော့ တိတ်တဆိတ်ဝင်လာတတ်တယ်လေ'

'အဲဒီလို ဝင်လာတတ်တာ အလစ်သမားပေါ့ကွ'

ကြားက ဝင်ပြောလိုက်သောအသံကြောင့် သူတို့လှည့်ကြည့်လိုက်ကြရာ ဆေးတံကြီးကိုက်၍ ဝင်လာသော ဦးလှစိုးကို တွေ့ရလေ၏။

'မဟုတ်ဘူးလား၊ မင်းတို့ပြောနေတာ အလစ်သမားအကြောင်းမဟုတ်ဘူးလား'

ဦးလှစိုးကပင် ဆက်၍ပြောရင်း မေးလိုက်ရာ တင့်ဝေက

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြန်မပြောနိုင်သေးဘဲရှိစဉ် မြင့်မြင့်စိုးက ဝင်ပြော၏။

'အလစ်သမားအကြောင်း မဟုတ်ပါဘူးဖေဖေရဲ့၊ သူများ ခြံထဲကပန်းကို ခိုးဝင်ခူးချင်တဲ့လူ အကြောင်းပါ'

'ဟော . . . ဟုတ်လား၊ ဒါ ရောင်းစားချင်တာဖြစ်မှာပေါ့၊ ဒါမျိုးငါမကြိုက်ပါဘူးကွာ'

ဦးလှစိုး၏ စကားသံအဆုံးတွင် တင့်ဝေက ဝင်ပြောလိုက်သည်။

'ရောင်းစားဖို့ချည်း မဟုတ်ပါဘူးလေ၊ တချို့ကရှားပါးတဲ့ ပန်းမျိုးဆိုတော့ ဝယ်လို့လည်းမရရင် ခိုးခူးပြီး ဆေးဖော်ချင်တာ လည်း ရှိပါတယ်'

တင့်ဝေက ဦးလှစိုးကိုကြည့်၍ ပြောရင်း စကားအဆုံးတွင် မြင့်မြင့်စိုးဘက်သို့ ငဲ့၍ကြည့်လိုက်၏။ မြင့်မြင့်စိုးကတော့ ပြုံးစနဲ့နဲ့ နှင့်သာ ကြည့်နေသည်။ ဘာစကားကိုမှတော့ ပြန်မပြောချေ။

'ဒါမျိုးကတော့ ရှားပါတယ်ကွယ်၊ ရှိရင်တော့လည်း ခွင့်လွှတ် ချက်ပေါ့။ သူ့ကိစ္စရပ်မျိုးကို သီးခြားစဉ်းစားပြီး အရင်ကရှိခဲ့တဲ့ထုံး နည်းတွေနဲ့ညှိပြီး ဆုံးဖြတ်ရမှာပေါ့၊ ဒါမျိုးက အထူးကိစ္စရပ်ဆိုတော့ အရှည်အသေးအလိုက် စဉ်းစားရမှာကိုးကွ'

'ဟုတ်ကဲ့ . . . နောက်ပြီးတော့'

တင့်ဝေက စကားကိုဖြတ်ထားသဖြင့် ဦးလှစိုးက ဘာများ ဆက်မလဲဟူသော အတွေးဖြင့် နားထောင်နေ၏။ သို့သော် တင့်ဝေ က ဘာမှမဆက်သဖြင့် ဦးလှစိုးအသာ ဝင်၍ ထောက်ပေးလိုက် သည်။

'မောင်တင့်ဝေ . . . မင်းပြောစရာစကား ကျန်သေးတယ် ထင်တယ်'

'ဟုတ်ကဲ့ ကျန်ပါသေးတယ်'

'အေး . . . ငါသိတာပေါ့၊ မင့်ကြည့်ရတာ ထပ်ပြောစရာ စကားရှိသေးတဲ့ပုံပဲ'



'ဟုတ်ကဲ့၊ အဲဒီစကားကို အခု ပြောရကောင်းမလား နောက်မှပြောရကောင်းမလားလို့ ချိန်ဆနေတာပါ'

တင့်ဝေသည် ပြောရင်းက မြင့်မြင့်စိုးကို ငဲ့၍ ကြည့်လိုက် ပြန်၏။ မြင့်မြင့်စိုးက မျက်နှာလေးတည်သွားကာ ခေါင်းငုံ့လိုက် သည်။

'ဟာကွာ နယ်လဆင်က ပြောဖူးတယ်၊ သူဟာ တိုက်ပွဲ တစ်ခုတိုက်ခါနီးမှာ တိုက်ရကောင်းမလား မတိုက်ရကောင်းမလား လို့ ဝေခွဲမရရင် တိုက်ပစ်လိုက်တာပဲတဲ့။ မင်းလည်း ဝေခွဲမရဘူးဆို ရင် အခုပြောပစ်လိုက်ပါကွာ'

'ဒါဖြင့်လည်း ပြောပါတော့မယ်၊ ကျွန်တော်ပြောမယ့်စ ကားကတော့ ကျွန်တော်ပြန်လိုက်ဦးမယ် ဆိုတာပါပဲခင်ဗျာ'

ပြောပြောဆိုဆိုနှင့် တင့်ဝေက ထ၍ ခါးကိုင်းနှုတ်ဆက်ပြန် သွားလေရာ ဦးလှစိုးမှာ ပါးစပ်ကြီးဟ၍ ကျန်ခဲ့၏။ မြင့်မြင့်စိုးကား ဝေးသွားသော တင့်ဝေ၏ကျောပြင်ကြီးကို နောက်က ငေးကြည့် ရာမှ လှိုက်လှိုက်လှဲလှဲ ပြည့်ပြည့်ဝဝ ပြုံးလိုက်မိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

[illegible]

(ရှစ်)

အချိန်ကား ညဉ့်ကိုးနာရီခန့် ရှိပေပြီ။

မြင့်မြင့်စိုးသည် အိပ်ရာပေါ်တွင် လဲလျောင်းနေသော်လည်း အိပ်နေခြင်းမဟုတ်။ မဂ္ဂဇင်းစာအုပ်ကို ဖတ်နေလေသည်။

'သြော် ... သမီး မအိပ်သေးဘဲကိုး'

ဒေါ်မြမြသည် အခန်းအတွင်းသို့ ဝင်ရောက်လာပြီးလျှင် ခုတင်စောင်း၌ ဝင်၍ထိုင်လိုက်လေ၏။ မြင့်မြင့်စိုးသည် မဂ္ဂဇင်းစာအုပ်ကို ဘေးသို့ချကာ လူးလဲထရန်ဟန်ပြင်လိုက်သည်။

'နေပါ သမီးရယ်၊ အသြောင်းမြေ အညာမြေ ဒီလိုပဲနေပါ၊ မေမေ ခဏလာတာပါ'

သမီး၏ ပခုံးကိုလက်နှင့် အသာအယာဖိရင်း ဒေါ်မြမြက ပြောလိုက်၏။

'သြော် ... ဒါထက် သမီးကြားပြီးပလား'



[illegible]

'အေးနော် ... တော်တော်တော့ အံ့သြစရာပဲ။ [illegible] သူကပဲ [illegible]

[illegible]

လှလှပပများ [illegible]

[illegible]

'အို ... မေမေကလည်း မဟုတ်နိုင်ပါဘူး။' [illegible]

ဒါမျိုးစိတ်မဝင်စားပါ [illegible]

[illegible] စိတ်ပြောင်းလဲ [illegible]

[illegible]

တာက ကိုတင့်ဝေကို'

[illegible] ရတာလဲ၊

ငါ့ မျက်စိထဲမှာတော့ [illegible] တစ်ခါ

တစ်ခါမှာ သူ့မှာ မျက်လုံး [illegible]

[illegible] ဂမ်ဂလာပွဲမှာ

အယောင်ဆောင်သတို့သား လုပ်ဖို့ [illegible]

[illegible] ရှိသေး

[illegible]

www.burmeseclassic.com



လာ။ ဦးလေးဆိုရင် အဆိုးဆုံးပဲ၊ ဝမ်းထဲရှိတာ ပြောရလိုက်တာပဲ။ သူများကြိုက်မယ် မကြိုက်ဘူးကို စဉ်းစားတာမဟုတ်ဘူး။ အခု ကိုတင့်ဝေနဲ့ အဆင်ပြေသွားလို့ပေါ့။ အဆင်မှားမပြေရင် ဘယ်လောက်များ အားနာစရာကောင်းလိုက်မလဲ။ ဒီတော့ ကိုတင့်ဝေဟာ ဘာဖြစ်လို့များ ဒီလောက်ဒုက္ခခံနေရတာလဲဆိုတာကို အံ့ဩတာပါ'

'အောင်မယ်လေး သမီးရယ်၊ ညည်းမလဲ ကြဲကြဲစနစ်စနစ် အံ့ဩစရာမရှိ ရှာကြံအံ့ဩတတ်လိုက်တာ။ သူ ဘာဖြစ်လို့ ဒုက္ခခံနေရတာလဲ။ ငွေတွေ လိုချင်လို့ပေါ့သမီးရဲ့၊ ရှင်းလို့ပဲ။ သူ့အနေနဲ့ ငွေတွေကို ဒီရက်အတွင်းမှာ ဘယ်မှာမှရှာလို့မရနိုင်လို့ ဒီလာပြီး ဒုက္ခခံနေရတာပေါ့ကွဲ့၊ ရှင်းလို့ပဲ သမီးရယ်'

ဒေါ်မြမြကတော့ ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။ မြင့်မြင့်စိုးမှာမူ ဣန္ဒြေကလေးနှင့် တွေတွေကလေးဖြစ်နေရာမှ ပြန်ပြောသည်။

'သူ့ကြည့်ရတာ မွန်မွန်ရည်ရည်ပဲ'

'အေး ... မိကောင်းဖခင်သားသမီးနဲ့တော့ တူပါတယ်'

'အောင်မယ် မေမေက လုပ်ပြန်ပြီ၊ အရင်တင့်ဝေတုန်းကလည်း မေမေပဲ မိကောင်းဖခင်သားသမီးပါ ဘာညာဆိုပြီး ပြောတာပဲ'

'ဟဲ့ ... ဟုတ်သားပဲ၊ အဲဒီတင့်ဝေရဲ့အဖေက ဘာဆိုးလို့လဲ၊ အခုဆိုးတာက သားကဆိုးတာပဲဟာ'

ဒေါ်မြမြက သူ့စကားကို လျှော့မပေးဘဲ တရားသေကိုင်နေလေရာ မြင့်မြင့်စိုးမှာ ရယ်မိပြီး ...

'အခု ကိုတင့်ဝေကော မိကောင်းဖခင်တော့ ဟုတ်မှာပေါ့၊ သူက လူဆိုးဖြစ်ချင်ဖြစ်နေမှာ'

'အမယ် ပုံပန်းချင်းတော့ကွာတယ် သမီးရယ်၊ အခုဓောင်တင့်ဝေက ပိုပြီးပျော့ပျောင်းတယ်။ သဘောကောင်းတယ်၊ သိမ်မွေ့



လည်းသိမ်မွေ့တယ်'

'ဒါပေမယ့် ဟန်ပန်လေသံဆိုတာက လှည့်စားနိုင်ပါတယ် လေ။ အုန်းကြိုင်တော့ ကောင်းကောင်းသိမှာပဲ။ အုန်းကြိုင်နဲ့တွေ့မှ သေသေချာချာ မေးမြန်းကြည့်ရဦးမှာပဲ'

'အောင်မယ်လေး သမီးရယ်၊ ဘာဖြစ်လို့များ ဒါလောက် စိတ်ဝင်စားနေရတာလဲ၊ ဒီကောင့်ကို သမီးဆက်ဆံရမှာ မဂ်လာပွဲပြီးရုံလေးအထိပဲ ဥစ္စာ၊ ဒီနောက်ကျတော့ ကွဲကြရပြီပဲ၊ အဲဒီတော့ ဘယ်ကလာသည်လည်း ငါမသိ၊ ယခု နင်သွားလိုရာ သွားလေတော့ဆိုပြီး လမ်းခွဲကြရမှာ၊ ကဲ သမီး အိပ်ချင်အိပ်တော့ မေမေ သွားတော့မယ်'

ဒေါ်မြမြသည် သမီးကို ကလေးငယ်လေးပမာ နဖူးဆံစလေးကို လက်နှင့်သပ်ပေးရင်း နဖူးပြင်လေးကို သာယာစွာနမ်းရှုပ်ပြီး ထွက်သွားလေ၏။ မြင့်မြင့်စိုးမှာ မိခင်လုပ်သမျှ ကျေနပ်ဟန်နှင့် ငြိမ်နေရာက မိခင်၏မေတ္တာရိပ်ဝယ် အေးမြသောသုခကို ခံစားလိုက်ရသည်။

သူ၏စိတ်ထဲဝယ် တစ်ခါက သူဖတ်ခဲ့ဖူးသော 'ဆာအင်ဒဝင်အားနိုး'၏ စကားလုံးများကို ပြန်လည်သတိရမိလာသည်။

ဘုရားသခင်သည် နေရာဒေသတိုင်းတွင် အမြဲတမ်းရှိ၍ မနေနိုင်။ ထို့ကြောင့် သူသည် မိခင်များကို ဖန်ဆင်းထားရသည် ဟူ၍တည်း။

မိခင်၏မေတ္တာသည် ဘုရားသခင်၏မေတ္တာနှင့် တန်းတူညီမျှ ရှိချေသည်။

မိမိသည် အရွယ်ရောက်လာပြီဖြစ်သည့်အတိုင်း ဘဝခရီးတွင် လက်တွဲလျှောက်ရန် ချစ်သူတစ်ယောက်တော့ တစ်နေ့နေ့ တစ်နေရာတွင် တွေ့ရပေတော့မည်။ သို့သော် မိဘမေတ္တာ၏ အရိပ်အာဝါသအောက်မှ ဆွဲငင်ခေါ်ထုတ်သွားမည့် ချစ်သူမျိုးကိုဖြင့် မတွေ့လိုပါ။

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်စိုးသည် တစ်ဖက်သို့စောင်း၍ [illegible] [illegible] ကလေကိုင်းလှဲခနဲမနိုလ [illegible]

[illegible]

ပြုံးရွှင်စွာပေါ်လာလေ၏။ [illegible]

[illegible] မိမိကို [illegible]

[illegible]

'[illegible] ယခုတစ်ဖန် ...

[illegible] နေ့လယ်ခင်းက ဦးလေးနှင့် စကား [illegible] သူနှင့် [illegible] တွေ့ရပြန်သည်။ [illegible]

[illegible] ကြည်သော အကြည့်။ [illegible] စကားများ [illegible]

[illegible]

တွေ တစ်ခုမျှမပါ။ ထို့ကြောင့် သူ့အကြည့်၊ သူ့အပြောများကြောင့် [illegible] ဒေါသထွက်ခြင်း မဖြစ်ခဲ့သည်မှာ အံ့ဩစရာမဟုတ်ပါ။ [illegible]

[illegible]

[illegible] သူ့အကြည့်၊ သူ့အပြောများသည် ရည်ရွယ်ချက်ကြီးမြင့်သည် မဟုတ်ခဲ့။ ထို့ပြင် စိတ်ဝင်စားစရာ အကြောင်းအရာကြီးများ [illegible] မြင်နေရခဲ့။ သို့ဖြစ်သည့်တိုင်အောင် ဤအကြည့်၊ ဤအပြောများကို မိမိစိတ်ဝင်စားခဲ့သည်။ ဤသည်ကား ဆန်းကြယ်သည် [illegible] ဖြစ်သည်။ [illegible]

[illegible] တစ်ဖန်ပြန်သည်းဟုသော [illegible] ဘာများကပ်၍ ပါလိမ့်သနည်း။ [illegible]

[illegible] အဖြေတစ်ခုပါလာလေနှင့် [illegible]

'အချစ်ဆိုတာဟာ နှလုံးသားထဲကို တိတ်တိတ်ကလေးဝင်လာ



တတ်တာမျိုးပဲ။ နေ့လယ်ကြောင်တောင်ပေမဲ့ သူကတော့ တံခါးပွင့် တဆိတ် ဝင်လာတတ်တယ်လေ'

ဒါတွေကို သူဘာဖြစ်လို့ ပြောရသလဲ၊ သူ့နှလုံးသားထဲ ကို အချစ်ဟာ ဝင်ရောက်မိနေပြီလား။ သူက မိမိကို ပြန်ပြောပြ နေခြင်းဖြစ်တော့ [illegible]

မြင့်မြင့်စိုးသည် သက်ပြင်းကို ချလိုက်မိလေ၏။

'သူ ... သူ ငါ့ကို ချစ်နေပြီလား'

သူဟာ သတ္တိသားအယောင်ဆောင်ထားရမယ့်သူပါ။ ဘာဖြစ်လို့များ သတ္တိသားအစစ်ဖြစ်ချင်ရပါလိမ့် ...။ သူက ချစ်တယ်ဆိုပေမယ့် ငါက ပြန်ချစ်နိုင်ပါ့မလားဟ။ ဒါကြောင့် နေ့လယ် တုန်းက သူ့ကို ပန်းဝင်ခိုးတဲ့လူနဲ့ မသိမသာ နှိုင်းလိုက်တော့ **သူ ပြန်ပေးသွားတဲ့ ဥပမာက ဆေးဘက်ဝင်တဲ့ပန်းမို့ ခိုးရတာဆိုသ** လိုလို၊ ဒါက သူ့အသည်းဝေဒနာကို ငါ့အချစ်ကသာ ကုသနိုင်မယ် လို့ ဆိုလိုတာပေါ့။ ဩော် ...ဒါပေမယ့် မဖြစ်နိုင်ပါဘူးလေ။ မေမေတို့က သူ့ကို ငွေကြေးနဲ့ငှားတာပါ။ သူကလည်း ငွေကြေးရ လို့ သတ္တိသားအဖြစ်ကို ခဏလက်ခံတာပါ။ သူဟာ ငါနဲ့ လက်ထပ် ရမယ့်သတ္တိသား အဖြစ်ကို ခံယူချင်တာဟာ ငွေလိုချင်လို့ပါလေ။ မေတ္တာကို လိုချင်လို့ မဟုတ်ပါဘူး ဟင်း ....။

မြင့်မြင့်စိုးသည် သက်ပြင်းရှည်ကို တစ်ချက်ချလိုက်ရပြန် လေ၏။

မိန်းကလေးဟူသည်မှာ ချစ်ရသောအခါတွင်လည်း အ သည်းထဲတွင် လှန်ထွေးရသည်။ အသည်းပင်ပန်းသည်။ မုန်းရပြန် လျှင်လည်း ဤအသည်းပင် ပင်ပန်းရဦးမည်။

သို့သော် ကမ္ဘာဦးတည်းကမှ ယနေ့အထိ မိန်းကလေးများအ ဖို့ အချစ်နှင့် ပတ်သက်လာလျှင် ဦးနှောက်က စကားမပြောတတ် ပါ။ အသည်းနှလုံးကသာ စကားပြောတတ်ပါသည်။

တစ်ဖက်သို့ လှည့်လိုက်ပြန်ပါသော်လည်း တင်ပါး၏ ပုံ

www.burmeseclassic.com

www.burmeseclassic.com



လှှာကမြင့် သူ့အာရုံထဲက မထွက်နိုင်တော့ ...။ စောစောက ပြုံးယောင်ယောင်ဖြစ်နေသော်လည်း ဤဘက်သို့ လှည့်လိုက်၍ ပေါ်ထင်နေသော အာရုံထဲကပုံမှာ ညှိုးလျှလျှဖြစ်နေသည်။

ဝိဝိ၏ ဆုံးဖြတ်ချက်ကြောင့် တင့်ဝေ ညှိုးမြန်းရသည်လား။

သူ့မျက်နှာလေးမှာ အသနားခံနေသယောင်ယောင်ဖြစ်နေသည်။ 'ဆူးတွေ ဝိုင်းနေသည့်ပန်းကိုမှ ခူးချင်လှတဲ့ ကိုတင့်ဝေရယ် ...' မြင့်မြင့်စိုး၏ နှလုံးသားမှာ ကျင်ခနဲ ဖြစ်သွားသည်နှင့် အတူ မျက်ရည်များ ဝိုင်းလာ၏။

'ဟင်း ... ကိုတင့်ဝေ ... ကိုတင့်ဝေ'

* * *



(ကိုး)

'ကျွန်တော် တင့်ဝေပါ ခင်ဗျာ၊ ထိုင်ပါရစေ'

ကိုသာကျော်သည် မော့ကြည့်လိုက်ပြီးသော် ဖတ်လက်စ စာအုပ်ထူကြီးကို ပိတ်ပစ်လိုက်၏။ ယခု တင့်ဝေက ကိုသာကျော်ကို လာရောက်တွေ့ရသည့်နေရာမှာ ဧည့်ခန်းတွင်မဟုတ်ချေ။ ကိုသာကျော်၏ စာဖတ်ခန်းတွင် ဖြစ်၏။ ပတ်ပတ်လည်တွင် ဗီရိုကြီးများ ခန်းရံနေပြီး ဗီရိုတိုင်းလိုလိုတွင် စာအုပ်တွေအပြည့်နှင့် ဖြစ်သည်။ မဖတ်နိုင်ဘဲ အလှဝယ်၍ ထည့်ထားသလားဟု မှတ်ထင်ရလောက်အောင်ပင် စာအုပ်ထူထူကြီးတွေ တော်တော်များများ ရှိပေသည်။

'ထိုင်လေ ... ကိုတင့်ဝေ'

ကိုသာကျော်သည် တစ်ဖက်သားကို နှစ်သက်စေသော လေသံနှင့် ပြောလိုက်ပြီးလျှင် သူကိုယ်တိုင်ကမူ ထိုင်ပြီးသားဖြစ်နေ ... လိုက်၏။ တင့်ဝေသည် ဓလေ့ဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားနှင့် ဝင်ထိုင်ပြီး မေးလိုက်သည်။

'ဒီအခန်းထဲမှာ တစ်ချိန်မှာ လူတစ်ယောက်တည်းပဲ ထိုင်ရသလား ခင်ဗျာ'

'အို . . . မဟုတ်ပါဘူး။ ကုလားထိုင်တွေလည်း အများကြီးရှိသားပဲ၊ ဘာဖြစ်လို့လဲ'

'မသိဘူးလေ၊ ကျွန်တော်ထိုင်တော့ နောင်ကြီးက မတ်တတ်ရပ်လိုက်တာကိုး'

'ဩော် . . ဒါက ဗီရိုထဲမှာ ယူစရာရှိလို့ပါ'

ပြောပြောဆိုဆိုနှင့် ကိုသာကျော်သည် ဖတ်လက်စစာအုပ်ထူကြီးကို ဗီရိုတစ်ခု၏ တစ်နေရာတွင် ထည့်လိုက်ပြီး အခြားဗီရိုတစ်ခု တစ်နေရာမှ ရွက်ကျူလိပ်ကြီးကို ယူ၍ စားပွဲဆီသို့ ပြန်ရောက်ခဲ့လေ၏။ သူ့စားပွဲမှာ စင်စစ်တွင် လေးထောင့်ရှည်ရှည်ပုံ စားပွဲနှစ်ခုစပ်ထားသည် ဖြစ်သောကြောင့် ဘေးသို့ ရှည်လျားလှသော စားပွဲကြီးတစ်ခု အသွင်ကို ဆောင်နေသည်။

'ပြောမယ့်သာ ပြောရတယ်။ အခုအချိန်ကစပြီး တစ်ယောက်မှ ထိုင်ရဲတော့မှာမဟုတ်တော့ဘူး ကိုတင့်ဝေ။ ကျွန်တော်တို့နှစ်ယောက်စလုံး မတ်တတ်ရပ်ရလိမ့်မယ်'

'ဗျာ . . . ဘာဖြစ်လို့လဲ၊ ကျွန်တော်နဲ့ နောင်ကြီးနဲ့ ဆွေးဆွေးနွေးနွေးပွဲမလုပ်ခင်မှာ နိုင်ငံတော်အလံနဲ့ ကျဆုံးလေပြီးတဲ့ ခေါင်းဆောင်ကြီးတွေကို အလေးပြုရဦးမယ်ဆိုပါတော့ ဟုတ်လား'

ကိုသာကျော်သည် တင့်ဝေကို ကြည့်၍ ပြုံးလိုက်လေသည်။

'မဟုတ်ပါဘူးလေ၊ ကျွန်တော်တို့ဟာ အလုပ်တစ်ခုလုပ်ရင် သေချာစေ့စပ်ဖို့လိုတယ်။ သေချာဖို့ဆိုတာကလည်း ဇယားကွက်နဲ့ ကိန်းဂဏန်းနဲ့လုပ်မှ မှန်ကန်မှုရှိမယ်။ တိကျမှုရှိမယ်။ ဒီတော့ အခု ကျွန်တော်တို့ ညှိနှိုင်းမှုပွဲရဲ့ အသီးအပွင့်တွေကို ကိန်းဂဏန်းတွေနဲ့အတူ ဇယားမှာ မှတ်တမ်းတင်ရမှာမို့ပါ'



သူ ဘာတွေပြောနေသည်ကို တင့်ဝေ နားမလည်ပါသော်လည်း သူနှင့်အတူ မတ်တတ်ရပ်လိုက်ရသည်။ ကိုသာကျော်သည် သူ့နောက်က ကုလားထိုင်ကို မ၍ တော်ရာနေရာတွင် ထားလိုက်သဖြင့် တင့်ဝေမှာလည်း သူ့ဘက်နားရှိ ကုလားထိုင်များကို မရွှေ့၍ တော်ရာနေရာများတွင် ထားနေရ၏။ ပြီးသောအခါ စားပွဲဆီသို့ ပြန်လည်ချဉ်းကပ်လာသည်။

အနေအထားကို ဖော်ပြရမည်ဆိုလျှင် ဗီရိုတွေဝိုင်းရံပတ်လည်ရှိနေသော အခန်းတစ်ခု၏ အလယ်တွင် လေးထောင့်ပုံစားပွဲရှည်ရှည်ကြီးတစ်ခု၊ (စင်စစ်တွင် စားပွဲငယ်နှစ်ခုကို ပေါင်းစပ်ထားခြင်း)ရှိ၏။ ထိုစားပွဲရှည်ကြီး၏ ထိပ်ပိုင်းနားတွင် လူနှစ်ယောက်သည် စားပွဲတစ်ဖက်တစ်ချက်စီမှ မျက်နှာချင်းဆိုင်ရပ်နေကြသည်။ စားပွဲရှည်ကြီးတစ်ခုလုံးပေါ်တွင် စာရွက်လိပ်ကြီးတစ်ခုလုံးမှ လွဲ၍ အခြားဘာမျှမရှိ။ ရှင်းလင်းပြောင်ချောနေသည်။ စာရွက်လိပ်ကြီးမှာ စားပွဲရှည်ကြီး၏ထိပ် သူတို့နှစ်ယောက်စလုံး၏ ရှေ့တွင်ရှိသည်။

ကိုသာကျော်သည် အခန်းတစ်နေရာတွင်ရှိသော စားပွဲငယ်ပေါ်မှ စက္ကူဘီ သုံးလေးခုကို ယူလာပြီးလျှင် စာရွက်လိပ်ကြီးကို အနည်းငယ်ဖြေ၍ စာရွက်ထောင့်တွင် စက္ကူဘီများနှင့် ဖိထားသည်။ စာရွက်မျက်နှာမှာ အနည်းငယ်သာ ပေါ်နေ၏။ တစ်ဖက်တွင် စာရွက်သည် လိပ်လျက်ပင် ရှိသေးသည်။

ပေါ်နေသော မျက်နှာပြင်ပေါ်သို့ တင့်ဝေလှမ်းကြည့်လိုက်၏။

အကျဉ်းအကျယ်မျှသာ ကွာခြားသော ဒေါင်လိုက်ဇယားကွက်များကို မြင်ရသည်။ ဇယားကွက်တစ်ကွက်စီ၏ ထိပ်ပိုင်းတွင် စာတန်းကလေးများပါရှိသည်။

ကိုသာကျော်သည် ဖောင်တိန်ကို အဖုံးချွတ်ကိုင်ရင်း စာရွက်ပေါ်သို့ ခပ်ကိုင်းကိုင်းပြု၍ လက်ထောက်ထားလိုက်သည်။ ထို့နောက် မော့မကြည့်ဘဲ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားနာမည် ကိုတင့်ဝေနော်'

'မဟုတ်ဘူး ခင်ဗျ'

ကိုသာကျော်သည် အံ့ဩသလို ဆတ်ခနဲ မော့ကြည့်၏။ တင့်ဝေက ကမန်းကတန်း စကားကို ဆက်ပြောလိုက်သည်။

'ကျွန်တော့်နာမည်က တင့်ဝေပါ၊ ကိုတင့်ဝေမဟုတ်ပါဘူး'

'အို ... အတူတူပေါ့ဗျာ'

'မတူဘူးလေ၊ ကျွန်တော့်နာမည်က တင့်ဝေပို့ တချို့က ကိုတင့်ဝေလို့ ခေါ်ကြတယ်။ တချို့က မောင်တင့်ဝေလို့ ခေါ်တယ်။ ရင်းနှီးတဲ့လူတွေကတော့ တင့်ဝေလို့ခေါ်တယ်။ တကယ်လို့သာ ကျွန်တော့်နာမည်က ကိုတင့်ဝေဖြစ်ရင် တချို့က ကိုတင့်ဝေလို့ ခေါ်မယ်'

'ကျွန်တော် နားလည်ပြီ၊ တချို့က မောင့်ကို တင့်ဝေလို့ ခေါ်မယ်၊ ရင်းနှီးတဲ့လူတွေကတော့ ကိုတင့်ဝေလို့ ခေါ်မယ်ပေါ့၊ ခင်ဗျား လူတော်တစ်ယောက်ပဲ'

'ဒါဖြင့် ကျွန်တော့်ကို လက်ခံပြီပေါ့'

'ဟာ ... ဒီမရောက်သေးပါဘူးလေ၊ အခုမှ ဖယားကို စတင်ဖြည့်စွက်တုန်း ရှိပါသေးတယ်'

ကိုသာကျော်သည် ဖယားကွက်တစ်ခုတွင် 'တင့်ဝေ' ဟူ၍ ဖြည့်လိုက်၏။

'မှတ်ပုံတင်ပါရင် ပြပါ'

တင့်ဝေက မှတ်ပုံတင်ကို လှမ်းပေးလိုက်၏။ ကိုသာကျော်က မှတ်ပုံတင်နံပါတ်ကို နောက်ဖယားကွက်တွင် ဖြည့်သွင်းလိုက်၏။

'အဖေနာမည်'

'ဦးဘဇင်'

'အမေနာမည်'



'ဒေါ်ခက်'

ကိုသာကျော်သည် အဖေနာမည်ကို ပြောစဉ်က ဖယား ကွက်တစ်ကွက်တွင် ဖြည့်သွင်းလိုက်သော်လည်း အမေနာမည်ကို ရောက်သောအခါ ဖယားကွက်တွင် မဖြည့်သေးဘဲ တင့်ဝေကို မော့ကြည့်လိုက်၏။ သူ၏မျက်နှာတွင် အံ့ဩခြင်းတစ်ဝက်၊ ဇဝေဇ ဝါဖြစ်ခြင်းတစ်ဝက် ဖြစ်နေသည်။

'ဟဲ ... တူလှချည်လားဗျ'

'ဗျာ ... ဦးဘဇင်၊ ဒေါ်ခက်ဆိုတာ ဘယ်လိုမှ မတူပါဘူး။ အသံကလေးတောင် မတူဘူး၊ တကယ်ဆို ဦးဘဇင်၊ ဒေါ်မြရင် ဒါမှမဟုတ် ဦးသက်၊ ဒေါ်ခက်ဆိုရင်လည်း ကာရန်တူပါသေးတယ်။ အခု ကျွန်တော်ပြောတာက ဦးဘဇင်၊ ဒေါ်ခက် ဖြစ်ပါတယ်'

'ဟုတ်ပါတယ်လေ၊ ကျွန်တော် အံ့ဩသွားတာက ဦးဘ ဇင်၊ ဒေါ်ခက်ဆိုတာက တင့်ဝေရဲ့ မိဘတွေပဲ'

'ဩော် ... တင့်ဝေရဲ့ မိဘတွေကို မေးတာကိုးခင်ဗျ၊ တင့်ဝေရဲ့မိဘကို ပြောရမှာပေါ့။ တကယ်လို့ နောင်ကြီးကသာ ပေ့ ကြွက်နီရဲ့မိဘတွေဟာ ဘယ်သူလဲလို့မေးရင် ကျွန်တော် ဦးလူကလေး။ ဒေါ်အေးခင်လို့ ဖြေမှာပေါ့'

'မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော် ပြောတာက ဦးဘဇင် ဒေါ်ခက်ဆိုတာက အရင်တင့်ဝေရဲ့ မိဘနာမည်တွေနဲ့ တူလွန်းလို့ပါ'

ကိုသာကျော်က ဤသို့ ပြောလိုက်မှ တင့်ဝေမှာ ရှင်းသွားကာ ပြုံးရယ်မိတော့သည်။

'ဩော် ... ဟုတ်ကဲ့၊ ဦးဘဇင် ဒေါ်ခက် ဆိုတာက ကျွန်တော့်မိဘတွေရဲ့ ပြောင်းထားတဲ့နာမည်တွေပါ'

'ဟင် ... ဟုတ်လား၊ ဘယ်သူက ပြောင်းလိုက်တာလဲ'

'ကျွန်တော်က ပြောင်းလိုက်တာပါ'

ကိုသာကျော်သည် တော်တော်အံ့ဩသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် . . . ခင်ဗျားက ဘယ်အချင့်အာဏာအရ ကိုယ့်မိဘရဲ့ နာမည်ကို ပြောင်းပစ်ရတာလဲဗျာ'

ဦးလှစိုးဆိုတဲ့ နောင်ကြီးရဲ့ဖခင်ရဲ့ အာဏာအမိန့်အရ ပြောင်းပစ်ရတာပါ'

ဤတွင် ကိုသာကျော်က ပြုံးရပြန်တော့သည်။

'ဩော် . . . ကျွန်တော်နားလည်ပြီ၊ ဒီမင်္ဂလာဆောင်ကိစ္စကြောင့် ဖိတ်စာထဲကအတိုင်း နာမည်တွေကို ပြောင်းပစ်ရတယ်ဆိုပါတော့'

'ဟုတ်ကဲ့'

'ဒါဖြင့် ဒါဟာ နောက်ဖယားကွက်နဲ့ဆိုင်တယ်၊ အခု ကျွန်တော်မေးတာက ခင်ဗျားမိဘအရင်းတွေရဲ့ နာမည်ပဲ'

'ကျွန်တော့်မိဘတွေရဲ့ နာမည်အရင်းလို့ ဆိုလိုပါသလား'

ကိုသာကျော် ခပ်တွေတွေဖြစ်သွားပြီး မျက်နှာကြည်လင်သွားကာ . . .

'အား . . . ဟုတ်တယ်၊ ခင်ဗျားက မိဘတွေရဲ့နာမည်ကို ပြောင်းထားပြီးပြီဆိုတော့ မိဘအရင်းတွေရဲ့ နာမည်ပြောပါလို့ ဆိုရင် ဦးဘဇင်၊ ဒေါ်ခက်ပဲ ပြောမှာပဲ . . . ဟုတ်ပြီ၊ ခင်ဗျားပြောတာမှန်တယ်၊ ခင်ဗျားမိဘတွေရဲ့ နာမည်ရင်းကို ပြောရမယ်၊ ခင်ဗျားဟာ လူတော်ပဲ'

'ကျွန်တော့်ကို လက်ခံပြီလားခင်ဗျာ'

'ဒီတော့မရောက်သေးပါဘူးလေ၊ ကဲ . . . ပြောပါ၊ ခင်ဗျားအဖေရဲ့နာမည်ရင်း'

'ဦးမြ'

ကိုသာကျော်သည် စောစောက ရေးထားမိပြီးသည့် ဦးဘဇင်ကို ပြန်ဖျက်၍ အပေါ်က ဦးမြ ဟု ရေးကာ လက်မှတ်ကို ရေးထိုးလိုက်၏။ ထို့နောက် သူ၏ ဖောင်တိန်ဦးထိပ်သည် ကပ်လျက်ဖယားကွက်ပေါ်တွင် မထိတထိ ရပ်နားလိုက်သည်။ ဖောင်



တိန်ကိုင်ထားသော လက်သီးဆုပ်က လိပ်နေသောစာရွက်ကို အ
သာတွန်းဖယ်လိုက်သဖြင့် တစ်ဖက်က ခေါက်နေသောစာရွက်လိပ်
ကြီးသည် နောက်သို့ဆုတ်၍ စာရွက်မျက်နှာပြင်သည် ပို၍ ပေါ်လွင်
လာလေ၏။

ဘာမှတော့ မထူးပါ။ နောက်ထပ်ပေါ်လာသော မျက်နှာ
ပြင်တွင်လည်း ဒေါင်လိုက်ဖယားကွက်များသာ ပြည့်နေ၏။ မှန်သေ
ရသည်မှာ ဤစာရွက်လိပ်ကြီးတစ်ခုလုံးသည် ဖယားကွက်များ
ချည်း ဖြစ်ဟန်တူလေသည်။

လက်ျာဘက်သို့ အနည်းငယ် ရွေ့လာသည်နှင့်အမျှ ဖ
ယားကွက်ကို ကြည့်နေရသော ကိုသာကျော်သည်လည်း ကုန်းကုန်း
ကုန်းကုန်းနှင့် လက်ျာဘက်ဆီသို့ ရွေ့လိုက်လာရလေသည်။

'အမေရဲ့ နာမည်ရင်း'

'ဒေါ်ဘုတ်ဆုံ'

ကိုသာကျော်သည် ဖယားတစ်ကွက်တွင် ဖြည့်လိုက်ပြန်
၏။

'မွေးနေ့ခုနှစ်'

'အမေ့မွေးနေ့ခုနှစ်တော့ မမှတ်မိတော့ဘူး။ တနင်္လာသမီး
တော့ဖြစ်တယ်'

'မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ မွေးနေ့ခုနှစ်ပါ'

'ဩော် . . . ကျွန်တော့်မွေးနေ့ခုနှစ်က ၁၉၄၆ ခု၊ ဇန်နဝါ
ရီလ ၁၄ ရက်ပါ'

'ဘယ်နေရာမှာ မွေးသလဲ'

'မီးနေခန်းထဲမှာပါ'

'မဟုတ်သေးပါဘူးလေ'

'သေချာပါတယ် ခင်ဗျာ'

'အို . . . ကျွန်တော် ပြောတာက ခင်ဗျားကို ခင်ဗျားရဲ့
အမေက ဘယ်မြို့ဘယ်ရွာမှာ မွေးသလဲလို့ မေးနေတာပါဗျ'

www.burmeseclassic.com

www.burmeseclassic.com



'သြော် ...ဟုတ်ကဲ့'

ကိုသာကျော်က ဖယားကွက်ကို ဖြည့်လိုက်၏။ တင့်ဝေက လက်ကြီးကာ၍ အူယားဖားယား ပြောလိုက်ရပြန်၏။

'အို ...မဖြည်းပါနဲ့ဦးလေ၊ ဟုတ်ကဲ့ဆိုတာက ကျွန်တော့် ဇာတိအရပ်မဟုတ်ဘူးခင်ဗျ။ ကျွန်တော်က နောင်ကြီးပြောတာကို သဘောပေါက်ကြောင်း ပြောတဲ့စကားလုံးပါ'

ကိုသာကျော်က မျက်မှောင်ကြုတ်၍ မော့ကြည့်လိုက်၏။

'ကျွန်တော့်မွေးဇာတိက နောင်ကြီးအိုင်ကပါ'

ကိုသာကျော်သည် ပြင်ရေး၍ လက်မှတ်ထိုးရပြန်လေ၏။

'ကဲ ...ဟုတ်ပြီ၊ အခု အဖေအရင်းနာမည်၊ အဲလေ အဖေရဲ့ပြောင်းထားတဲ့နာမည်ပြော'

'ဦးဘဇင်'

'အမေ'

'ဒေါ်ခက်'

'ပြောင်းခိုင်းတဲ့အာဏာပိုင်ဆိုတော့' ဟု ကိုသာကျော်သည် လက်ဝဲဘက်က ဖယားကွက်အပေါ်ထိပ်ရှိ စာတန်းကို ထောက်၍ တစ်ယောက်တည်းပြောရင်း လက်ျာလက်ကဖောင်တိန်ဖြင့် 'ဦး ..လု ..စိုး' ဟု တစ်လုံးချင်းရေရွတ်ပြီး လိုက်ရေးနေလေ၏။

ဤသို့ဖြင့် ကိုသာကျော်သည် စာရွက်ကို တွန်း၍ တွန်း၍ ဖယားကွက်များကို ဖြည့်သွားသည်ဖြစ်ရကား စာရွက်ရှည်ကြီးသည် ပြန့်လာသည်နှင့်အမျှ သူကား တရွေ့ရွေ့နှင့် စားပွဲတစ်လျှောက် တော်တော်ဝေးဝေး နေရာသို့ ရောက်သွားလေသည်။

'ပညာအရည်အချင်း'

'တက္ကသိုလ်ဝင်စာမေးပွဲကို အောင်ပါတယ်'

ကိုသာကျော်သည် ဖယားကွက်တစ်ခုကိုဖြည့်ရင်း ခြေတစ်လှမ်းထပ်၍ ဘေးတိုက်ကြီး လျှောက်လိုက်ပြန်လေ၏။



'အဲဒီ စာမေးပွဲကို အောင်တဲ့ခုနှစ်'

လူချင်းမှာ တော်တော်ဝေးသွားပြီဖြစ်သောကြောင့် တင့် ဝေမှာ အော်၍ ဖြေရလေ၏။

'တစ်ထောင့်ကိုးရာ ခြောက်ဆယ့်နှစ်'

ကိုသာကျော်သည် တင့်ဝေကို မော့ကြည့်လိုက်ရာ သူ မျက်နှာချင်းဆိုင်နေရာတွင် မရှိသဖြင့် မျက်လုံးကိုပြန်၍ ရွှေ့ပြောင်း ကြည့်တော့မှ တင့်ဝေသည် မူလနေရာတွင်ပင် ရပ်လျက်သာ ကျန်ရစ်ခဲ့သည်ကို တွေ့ရတော့သည်။

'ဘယ်လိုလဲဗျ'

'ဟုတ်ပါတယ်လေ၊ ကျွန်တော့် အသက်ဆယ့်ခြောက်နှစ် ပြည့်ကာစမှာ အောင်တာပဲဟာ၊ တစ်ထောင့်ကိုးရာခြောက်ဆယ့်နှ ပေါ့'

'ဟုတ်ပါဘူးလေ၊ ခင်ဗျားက ဘာဖြစ်လို့ ဟိုမှာကျန်နေ ရတာလဲ'

'သြော် ...ဒါကတော့ နောင်ကြီးနဲ့ ကျွန်တော်နဲ့ဟာ ခြေထောက်ချင်းပူးပြီး ကြိုးနဲ့ချည်ထားတာမှ မဟုတ်တာဘဲဟာ

'အို ...ကျွန်တော်ပြောချင်တာက ကျွန်တော့်ဖယားကွက် ကို ဖြည့်နေရတာ၊ ဒီတော့ လျှောက်နေရမှာပဲ။ ဖယားကွက်စာရွက် က နည်းနည်းကြီးနေတာကိုး။ ခင်ဗျားအနေနဲ့ ကျွန်တော့်နောက် လိုက်နေရမယ် သိပြီလား'

'ဟုတ်ကဲ့ ကောင်းပါပြီ'

ပြောပြောဆိုဆိုနှင့် တင့်ဝေသည် ဘေးတိုက်ကြီးခုန်ဆွ ဆွနှင့် သုံးလေးချီလောက်လုပ်လိုက်ရာ ကိုသာကျော်နှင့် မျက်နှ ချင်းဆိုင်မိကြလေသည်။

'ကဲ ...ဆိုတော့'

တင့်ဝေမှာ ခဏမျက်မှောင်ကြုတ်မိပြီး ချက်ချင်းပင် ...

'ကြယ်တွေလတွေ ခွန်းဆက်ရတာ နှမြောတယ်၊ ခ

www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်ကြီး . . .

'ဒါက ဘယ်လိုဖြစ်ရပြန်တာတုန်း'

တင့်ဝေက သီချင်းကောက်ဆိုလိုက်သည်ကို လိုက်ရေးမလို လုပ်ပြီးမှ ဖယားကွက်ရှာမတွေ့သော ကိုသာကျော်က မျက်မှောင်ကြုတ်ကြည့်ရင်း ပြန်မေးလိုက်ခြင်းဖြစ်၏။

'နို . . . နောင်ကြီးက ဆိုလို့ဆိုတော့ ကျွန်တော်လည်း သတိတဲ့သီချင်းကောက်ပြီး ဆိုလိုက်ရတော့တာပေါ့'

'သီချင်းဆိုနိုင်တာ မဟုတ်ပါဘူးဗျ'

'ဪ . . . ဘုရားစာ ဆိုနိုင်းတာလား။ ရပါတယ်။ ယသသနအာဝဝေတာ ယတ္တာနေ့ဝဖဝေသေနွဲ့ ဘိသနံ'

'ဟာ . . . မဟုတ်ပါဘူးလေဗျာ'

'ဟုတ်ပါတယ်၊ ဒါဟာ မေတ္တာသုတ် အစပဲ'

'ဟုတ်ပါတယ်လေ ဒါပေမယ့် မဟုတ်ဘူးဗျ'

'အင်းလေ . . . မဟုတ်ဘူးဆိုတာတော့ ဟုတ်နိုင်ပါတယ်၊ အမှန်က မှားနေပြီထင်တာပဲဗျ'

'ဪ . . . ခင်ဗျားနဲ့ ကျွန်တော်နဲ့ဟာ နှစ်ယောက်တည်းပေမဲ့ ကြာကြာစကားပြောမိရင် ဘေးလူဆယ်ယောက်လောက် ဝိုင်းရှင်းလို့မရအောင် စကားတွေရှုပ်ကုန်တော့မယ့် အလားအလာ ရှိနေတယ်။ ဒီတော့ စကားကိုဖြတ်ပြီး အခုနပြောတဲ့ဟာ ပြန်ပြောပါ'

'ဘယ်ဟာလဲ . . . ကြယ်တွေ လတွေ ခွန်းဆက်ရတာ နှုတ်မြောမိတယ် ဆိုတာလား'

'မဟုတ်ပါဘူးလေ၊ ခင်ဗျားတက္ကသိုလ်ဝင်စာမေးပွဲ'

ကိုသာကျော်သည် ဤနေရာတွင် စကားကို ဖြတ်၍ သူ့စာရွက်တန်းကြီးပေါ် ပြန်ငုံ့ကြည့်ပြီးမှ ဆက်ပြောလိုက်သည်။

'အဲ . . . ဟုတ်ပြီ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်တဲ့နှစ်ကို ပြောပါ'



'တစ်ထောင့်ကိုးရာခြောက်ဆယ့်နှစ်'

'တစ်ထောင့်ကိုးရာခြောက်ဆယ့်နှစ် ဟုတ်ပြီ၊ ကျောင်းဆက်နေ မနေ'

'မနေဘူး'

ကိုသာကျော်သည် ဖယားတစ်ကွက်ကို ဖြည့်ရင်း နေရာရွှေ့ရပြန်လေ၏။ တင့်ဝေကလည်း ကိုသာကျော်ကို ကြည့်ရင်း ဘေးတိုက်ကြီး လိုက်ရွှေ့လေ၏။

'အလုပ်ဝင်တာ ဘယ်နှစ်လဲ'

'တစ်ထောင့်ကိုးရာ ခြောက်ဆယ့်သုံး'

'ဟောဗျ၊ ဖယားတစ်ကွက်ကျော်ခဲ့ပြီ၊ ခင်ဗျား ကျောင်းစပြီးနေတဲ့နှစ်ကို မပြောရသေးဘူးနော်'

'မပြောရသေးဘူးလေ၊ နောင်ကြီးမှ မမေးသေးတာ'

'ဟုတ်ပြီ ကျော်သွားတာ'

ကိုသာကျော်သည် စာရွက်ရှည်ကြီးအစနားသို့ အပြေးကလေးပြန်သွားလေရာ တင့်ဝေမှာလည်း သူနှင့် တစ်ပြေးညီစေရန် သက်ျာဘက်သို့ ဘေးတိုက်ကြီး ခုန်ဆွခုန်ဆွကို ခပ်မြန်မြန်လုပ်လိုက်ရလေ၏။

ထို့ကြောင့် ကိုသာကျော်က ဖယားကွက်ပေါ် ဖောင်တိန်ထောက်၍ မော့ကြည့်လိုက်သောအခါ တင့်ဝေကို တွေ့နေရခြင်းဖြစ်လေသည်။

'ကဲ . . . ကျောင်းစပြီးနေတဲ့ ခုနှစ်ကိုပြောပါ'

'တစ်ထောင့်ကိုးရာ ငါးဆယ့်တစ်'

'တစ်ထောင့်ကိုးရာ ငါးဆယ့်တစ် ဟုတ်ပြီ'

ကိုသာကျော်သည် ဖယားကွက်ကို ဖြည့်ပြီးသောအခါ စောစောကနေရာဆီသို့ ခပ်သွက်သွက်ကလေး ပြန်ထွက်လာခဲ့ရာ မျက်နှာချင်းဆိုင်မှ တင့်ဝေသည်လည်း သူ၏ လက်ဝဲဘက်ဆီသို့ ဘေးတိုက် ခုန်ဆွခုန်ဆွနှင့် သုံးလေးချီလောက် ပြန်လှုပ်ရလေ

www.burmeseclassic.com



သည်။

ကိုသာကျော်က ဇယားကွက်ကို ဖြည့်ကာနီး ထပ်၍မေး လိုက်ပြန်လေ၏။

'တစ်ထောင့်ကိုးရာ ခြောက်ဆယ့်သုံးနော်'

'မဟုတ်ပါဘူး၊ တစ်ထောင့်ကိုးရာ ငါးဆယ့်တစ်ပါ'

'ဘာလဲဗျ အလုပ်ဝင်တဲ့နှစ်ကို ပြောတာ'

'ဪ . . . ဟုတ်ပါတယ်'

'အလုပ်က ဘာလဲ'

'အကူစာရေးပါ'

'လခရသလား'

'ရပါတယ်'

'ဒါဖြင့် လခရ အကူစာရေး'

သူတို့ဇယားကွက်ကြီး ဖြည့်နေစဉ်တွင် အပေါက်ဝ၌ မခင် သန်း ရပ်လာလေ၏။ ကိုသာကျော်လည်း တင့်ဝေကို မော့အကြည့် တွင် တင့်ဝေ၏နောက်ဘက်ကို ပခုံးပေါ်မှကျော်၍ မြင်နိုင်သည်ဖြစ် သောကြောင့် မခင်သန်းကို တွေ့သွားလေသည်။

'မင်းက ဘာကိစ္စနဲ့ လာရပြန်တာတုံး'

'နို . . . နောင်ကြီးနဲ့ လာတွေ့ရမယ်ဆို'

တင့်ဝေက ပျာပျာသလဲ ဖြေလိုက်၏။ မခင်သန်းကမူ ဘာမှ ပြန်မဖြေဘဲ လက်ယပ်ခေါ်လိုက်၏။

'အို . . . ခင်ဗျားကို မပြောပါဘူး၊ ကျွန်တော့်အမျိုးသမီးကို ပြောတာပါ'

ဤတွင်မှ တင့်ဝေကလည်း ကိုသာကျော်ကြည့်ရာကို လိုက်ကြည့်ရာ မခင်သန်းကို တွေ့သွားလေသည်။ ကိုသာကျော် သည် မခင်သန်းက ခေါ်လိုက်သဖြင့် စားပွဲကြီးကိုပတ်၍ မခင်သန်း နားသို့ ရောက်သွားလေ၏။ တင့်ဝေသည်လည်း ကိုသာကျော် နောက်က ထပ်ကြပ်မကွာလိုက်သွားရာ မခင်သန်း၏ရှေ့တွင် ကို



သာကျော်နှင့် တင့်ဝေမှာ ရှေ့ဆင့်နောက်ဆင့်ကပ်၍ ရပ်နေမိကြ လေသည်။

'ဘာလဲ၊ ဘာလုပ်မလို့လဲ'

'သေတ္တာဖွင့်မလို့ သော့တွေ့မိသလား လာမေးတာပါ'

'အရေးထဲမှာ ရှုပ်လိုက်တာကွာ၊ သော့က အိပ်ရာဘေးက စားပွဲလေးအောက်နားမှာ ကျနေတာ ငါ တွေ့မိတယ်'

မခင်သန်းလည်း လှည့်၍ ထွက်သွားလေ၏။

ကိုသာကျော်မှာ အလုပ် လုပ်နေခြင်းကို အနှောင့်အယှက် လာပေးသဖြင့် စိတ်တိုင်းမကျသလိုနှင့် 'တော်တော်ရှုပ်တဲ့မိန်းမပဲ' ဟု တစ်ယောက်တည်း နှုတ်မှမြည်တွန်ရင်း အခန်းတွင်းသို့ ပြန်ဝင် ရန် ချာခနဲ လှည့်၍အထွက်လိုက်တွင် နောက်နားက ကပ်၍ရပ် နေသော တင့်ဝေနှင့် လူချင်း 'အင့်' ခနဲမြည်အောင် တိုက်မိကြလေ ၏။

ကိုသာကျော်သည် နောက်နားသို့ နည်းနည်းပြန်ခွါကာ မျက်မှောင်ကြီးကြုတ်၍ မေးလိုက်သည်။

'ခင်ဗျားက ကျွန်တော့်နောက်ကို ဘာလိုက်လုပ်ရတာလဲ ဗျ'

'နောင်ကြီးက ပြောထားတာကိုး'

'ဘယ်လို ပြောမိလို့တုန်း၊ ကျွန်တော့်မိန်းမနဲ့ စကားပြော ရင် ခင်ဗျားလိုက်ပြီး နားထောင်ရမယ်လို့ ပြောထားလို့လား၊ ကျွန် တော်မှတ်မိသလောက်တော့ တစ်ခါမှ ဒီလိုမပြောဖူးဘူး ထင်တာပါပဲ'

'ဒီလိုတော့ မပြောဘူးလေ၊ စောစောကပဲ ခင်ဗျားအနေနဲ့ ကျွန်တော့်နောက်ကို လိုက်နေရမယ် လို့ ပြောထားတာကို ကျွန် တော် မှတ်မိတာကိုး'

'ဟာ . . . အဲဒါက ဇယားကွက်ကို ဖြည့်နေခိုက်မှာပြော တာ။ ခင်ဗျားကလည်း အသေအချာ တိတိကျကျကို မှတ်ထားတော့ ကိုး။ ဒီနေရာမှာ ကျွန်တော့်ထက် သေချာတယ်၊ ခင်ဗျားတို့တော်

www.burmeseclassic.com

www.burmeseclassic.com



ပါ’

‘ဒါဖြင့် ကျွန်တော့်ကို လက်ခံနိုင်ပြီပေါ့’

‘ဟာ . . . အဲဒီထိ မရောက်သေးပါဘူးလေ၊ လာပါ ဇယားကွက်ဖြည့်ကြပါဦးစို့’

နှစ်ယောက်သား နေရာဟောင်းများသို့ ပြန်ရောက်သွားကြလေ၏။

ဇယားကွက်ကြီးလည်း ကြီးမားရှည်လျားလိုက်သည့် ဖြစ်ခြင်း။ နှစ်ယောက်သားမှာလည်း ကုန်းကုန်းကုန်းကုန်းနှင့် တရွေ့ရွေ့ဖြည့်စွက်နေကြရလေရာ ဇယားကွက်တန်းကြီးပြီးဆုံးသွားသောအခါ တင့်ဝေမှာ ခြေနှစ်ဖက်ကို တစ်လှည့်စီ ဆတ်ခနဲ ဆတ်ခနဲနှင့် လေကိုကန်၍ အညောင်းဖြေရသည့်နည်းတူ ကိုသာကျော်မှာလည်း ခါးကိုကော့၍ သူ့ခါးကို သူနောက်ပြန်ပြန်နှိပ်နေရလေတော့သည်။

‘ကျွန်တော်နဲ့ တွေ့ဆုံတဲ့ကိစ္စကတော့ ပြီးပါပြီလေ၊ ကျွန်တော်တို့ ဒီညဖြစ်ဖြစ်၊ နက်ဖြန်ဖြစ်ဖြစ် အိမ်သားပေါင်းစုံ ညှိနှိုင်းဆွေးနွေးပွဲထိုင်ပြီးရင် အဖြေကို သိရမှာပါလေ’

တင့်ဝေကမူ ကိုသာကျော်ကို မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့်သာ ကြည့်နိုင်ရှာတော့သည်။



## (တစ်ဆယ်)

တင့်ဝေသည် မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် လုပ်ရာက လူရိပ်မြင်သဖြင့် ယင်းလူရိပ်ကိုပင် အဓိပ္ပာယ်ကင်းမဲ့စွာ ငေး၍ လိုက်ကြည့်လိုက်သည်။

စွဲလမ်းမှုဆိုသည်မှာ တော်တော်ပင် ဆိုးရွားသောတရားပင် ဖြစ်ချေ၏။

သူ၏နှလုံးသားသည် အချစ်၏ ခြေချခြင်းကို ခံခဲ့ဖူးသည် မဟုတ်သဖြင့် ပကတိ ဖြူစင်လန်းဆန်းစွာ ရှိနေရာမှ အချစ်၏ ခြေချခြင်းကို သိမ့်သိမ့်ကလေး တုန်လာရ၏။

မြင့်မြင့်စိုး၏ ရုပ်ရည်သဏ္ဍာန်သည် သူ၏စိတ်ကို ပိုင်စိုးပိုင်နင်း ခြယ်လှယ်လွှမ်းလှသည်။

ဘယ်သူကမှ တောင်းဆိုခြင်းမရှိပါဘဲလျက် မြင့်မြင့်စိုးကို သတိရနေသည်။ တွေးလျှင်လည်း မြင့်မြင့်စိုး။ ကြည့်လျှင်လည်း မြင့်မြင့်စိုးပင်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပဲ ခက်နေပါပြီကော။

သူတစ်ယောက်တည်း ထထိုင်၍ အာရုံထဲတွင် ထင်ပေါ်လာနေသော မြင့်မြင့်စိုးကို စိတ်ဖြင့် ငေးမောကြည့်နေရာသို့ ဝင်လာသူကား သူနှင့်အတူနေသူ ဘသော်ပင် ဖြစ်သည်။

ဘသော်သည်လည်း ခါတိုင်းကဲ့သို့ သူ့အိမ်သူ ပြန်လာခြင်းဖြစ်ရာ၊ အဆန်းမဟုတ်ပါ။ ဘသော်အဖို့ ကုလားထိုင်တွင်ထိုင်နေသော တင့်ဝေရှိသည်မှာလည်း အဆန်းမဟုတ်ပါ။ သူ့အတွက် ခါတိုင်းမြင်နေကျ မြင်ကွင်း၊ ခါတိုင်း ကြုံနေကျ အဖြစ်အပျက်သာလျှင် ဖြစ်၏။

ဘသော်ကို တွေဝေသောမျက်စိဖြင့် ငေးမော၍ လိုက်ကြည့်နေသော တင့်ဝေအဖို့သာ အဆန်းဖြစ်နေသည်။

သူ့မျက်စိထဲတွင် ဘသော်ကိုမမြင်၊ မြင့်မြင့်စိုးကိုသာလျှင် မြင်နေ၏။ သူ့အမြင်တွင် မြင့်မြင့်စိုးသည် သူ့အခန်းတွင်းသို့ ဝင်လာသည်၊ သူ့ကို ဖုတ်လေသည့်ငါးပိ ရှိနေသည်ဟုပင် သဘောမထား၊ စိမ်းကားစွာနှင့်ပင် သူ့ရှေ့က ဖြတ်ကျော်သွားပြီး ထရံဆီသို့ ချဉ်းကပ်သွား၏။

ဤနေရာတွင် တင့်ဝေအဖို့ အဆန်းတွေ့ရတော့၏။

ဤသည်ကား မြင့်မြင့်စိုးသည် ယောကျ်ားဝတ်အပေါ် အကျီကြီးကို ဝတ်ထားခြင်းပင်တည်း။

တင့်ဝေသည် မျက်တောင်များကို ဖိ၍ တဖျတ်ဖျတ်ခတ်လိုက်၏။

သူမျက်တောင်ခတ်နေဆဲတွင်ပင် မြင့်မြင့်စိုးသည် လုပ်နေကျဟန်မျိုးဖြင့် အပေါ်အကျီချိတ်တွင် ချိတ်လိုက်သည်။

တင့်ဝေမျက်လုံးပြူးသွားတော့မှ အိပ်မက်ဆန်သောအာရုံတို့ ပျောက်ကွယ်၍ ဘဝဆန်သော အသိသည် ထင်ရှားလာလေတော့၏။

ဘသော်ပါ ...၊ ဘသော်မို့လို့လည်း သူ့အပေါ်အကျီသူ



ချွတ်၍ အကျီချိတ်တွင် ချိတ်ထားလိုက်ခြင်း ဖြစ်သည်။

'အောင်မယ်လေး ကိုဘသော်၊ လက်စသတ်တော့ ခင်ဗျားကိုး ...'

ဘသော်သည် တင့်ဝေ၏စကားကြောင့် အံ့အားသင့်သလိုဖြစ်သွားပြီး တင့်ဝေနားတွင် ကုလားထိုင်တစ်လုံးဆွဲ၍ ထိုင်လိုက်၏။

'ဟာ ... ကျွန်တော်ပေါ့ဗျ၊ ဒီအခန်းမှာ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်နေကြတာ ကျွန်တော်မဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ'

'ဪ ... ဟဲ ... ဟဲ ကျွန်တော်က ကောင်မလေးမှတ်လို့'

ဘသော်မျက်လုံးပြူးသွားရတော့၏။ တစ်သက်လုံးက ယောကျ်ားပီပီသသ ကျားကျားလျားလျားကြီးနှင့် တွေ့နေကျဖြစ်ပါလျက် ယနေ့တွင် သူ့ကို ကောင်မလေးမှတ်ရသည်ဟု ဆိုလာလေသောတင့်ဝေသည် ကိုယ်ခန္ဓာအားဖြင့် နေမှကောင်းပါလေ၏လော၊ အထူးသဖြင့် စိတ်အားဖြင့် နေမှကောင်းပါလေ၏လော။

ဘသော်သည် တင့်ဝေ၏လက်မောင်းလေးကို အသာကိုင်လိုက်၏။

'ကိုတင့်ဝေ ... နေကောင်းတယ်နော်'

ဘသော်၏စကားကြောင့် တင့်ဝေကတော့ ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိရတော့၏။

'အား ... ဟား ... ဟား ခင်ဗျားက ကျွန်တော့်ကို ရူးသွားပြီ မှတ်နေတာကိုး၊ ဟား ... ဟား'

တင့်ဝေက ရယ်နေသော်လည်း ဘသော်မှာ ယခုမှ ပို၍ မျက်နှာပျက်လာပြီး တင့်ဝေ၏လက်မောင်းကို ကိုင်ထားသော သူ့လက်ကို ကမန်းကတန်းပြန်၍ ဖြုတ်ချလိုက်၏။

'အို ... မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ ကျွန်တော်လေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို ဒီလို မထင်ပါဘူးဗျာ'

ဘသော်သည် ပြောသာပြောနေရသည် သူ့မျက်လုံးများကမူ မရဲတရဲနှင့် တင့်ဝေကို ပျာပျာသလဲ ကြည့်နေကြသည်။

'ကျွန်တော် မရှုးပါဘူးဗျ'

'ဟုတ် ‥ ပါ ‥ တယ်၊ ခင်ဗျား မရှုးပါဘူးဗျ'

'မှန်မှန်ပြောစမ်းပါ၊ ခင်ဗျား ကျွန်တော့်ကို ရှုးသွားပြီလို့ ထင်တယ်မဟုတ်လားဟင်'

တင့်ဝေသည် ရယ်ခြင်းကို ရပ်ပစ်လိုက်ပြီး ခပ်တည်တည်နှင့် မေးလိုက်၏။ ဘသော်က မျက်လုံးတွေဝိုင်းကာ ပြန်ဖြေသည်။

'ဟာ … မ … မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ခင်ဗျားကိုတော့ ရှုးတယ် မထင်ပါဘူး'

'ဒါဖြင့် ဘယ်သူ့ကို ရှုးတယ်လို့ ထင်တာတုံး'

'ကျွန်တော့်ကိုယ် ကျွန်တော်ထင်တာပါ'

ဘသော်မှာ ကြောက်ကြောက်နှင့် ဖြေမိဖြေရာတွေ ဖြေလိုက်၏။ ကြောက်မည်ဆိုကလည်း ကြောက်စရာပါ။ ဤအခန်းထဲတွင် သူနှင့်တင့်ဝေတို့ နှစ်ယောက်တည်းနေကြသည်၊ တင့်ဝေသည် သာမန်စိတ်အနေအထားနှင့်ဆိုလျှင် လွန်စွာအေးသူဖြစ်ပြီး သူတစ်ပါးကို အန္တရာယ်လုံးဝ ပေးတတ်သူမဟုတ်မှန်း သူသိ၏။ သို့သော် စိတ်ဖောက်ပြန်သူဆိုသည်မှာ သူ့စိတ်ကိုသူ အစိုးရသူမဟုတ်သည်ကိုလည်း သူသိ၏။ ယခုနေများ ဘာမပြော ညာမပြောနှင့် ကုလားထိုင်နှင့် ကောက်ရိုက်ချချေသော် အလျော်မရ ဘာမရနှင့် ငတ်တုတ်ခံရမည် မဟုတ်ပါလားလေ။

တင့်ဝေက ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်း၍ ပြန်ပြောလိုက်၏။

'မဟုတ်ဘူး … ကိုဘသော် ‥ ခင်ဗျား မရှုးဘူး'

'ကျွန်တော် ရှုးနေပါတယ်လေ"

ဘသော်က ဤသို့ ပြန်ဖြေလိုက်သောအခါ တင့်ဝေက



သူ့ကို ပြောင်လက်သောမျက်လုံးများနှင့် စိုက်ကြည့်လိုက်ရင်းပြော၏။

'ဒီမှာ … ကိုဘသော်'

'ဗျာ ‥'

'ကျွန်တော်ပြောတာကို ခင်ဗျား မငြင်းပါနဲ့'

'ဟုတ်ကဲ့ … မငြင်းတော့ပါဘူးဗျာ'

'ခင်ဗျား … မရှုးဘူးဗျ'

'ဟုတ်ကဲ့ … ကျွန်တော်မရှုးတော့ပါဘူး'

'မဟုတ်သေးဘူးလေ'

'ဟုတ်ကဲ့ … မဟုတ်သေးပါဘူးဗျာ'

'အို … ဘာတွေလိုက်ပြောနေတာလဲဗျ၊ ကျွန်တော်က ခင်ဗျားမရှုးဘူးလို့ ပြောတော့ ခင်ဗျားက ကျွန်တော် မရှုးတော့ပါဘူးလို့ ပြန်ပြောတယ်။ မဟုတ်ဘူး … ခင်ဗျား မရှုးတော့ရုံမကဘူး၊ အစကတည်းကလည်း မရှုးပါဘူးဗျ၊ ရှုးတာကကျွန်တော်ဗျ၊ ကျွန်တော်'

'ဗျာ'

'ဘာလဲ ငြင်းချင်သေးသလား'

'မငြင်းပါဘူးလေ'

'ရှုးတာက ကျွန်တော်ဗျ'

'ဟုတ်ကဲ့ ကိုတင့်ဝေ ခင်ဗျားရှုးနေတယ်'

'ကျွန်တော့်ကို ရှုးအောင်လုပ်တဲ့ တရားခံကိုကောသိလား'

'ဟင့်အင်း … မသိဘူး၊ ကျွန်တောကတော့ မဟုတ်ပါဘူးဗျာ'

တင့်ဝေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်လေ၏။ ဘသော်က ပြူးတူးပြဲတဲနှင့် အလန့်တကြား ကြည့်လိုက်သည်။ ထိုအခါ တင့်ဝေသည် ရယ်မောခြင်းကို ရပ်တန့်လိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော့်ကို ရှုးအောင်လုပ်တဲ့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျ၊ သူ ... သူ'

တင့်ဝေသည် ပြောပြောဆိုဆိုနှင့် စားပွဲပေါ်က ဗိတ်စာလေးကို ကောက်ယူ၍ လှမ်းပေးလိုက်လေ၏။ ဘသော်က မရဲတရဲနှင့် လှမ်းယူပြီး ဗိတ်စာကို ကသုတ်ကရက် ဖတ်ကြည့်၏။ ချက်ချင်းလိုလိုပင် တင့်ဝေကို ပြန်မော့ကြည့်လိုက်သည်။

'ဘယ်သူက လုပ်တာလဲ၊ ဦးလှစိုးဆိုတာလား'

'မဟုတ်ပါဘူးလေ'

'ဒါဖြင့် ဒေါ်မြမြကပေါ့'

'ဟာ ... ဘယ်ကဟုတ်ရမှာလဲဗျ၊ သူတို့ မဟုတ်ဘူးဗျ၊ သူတို့ရဲ့သမီး'

'ဩော် ... ဒီထဲမှာပါတဲ့ မောင်တင့်ဝေလား'

'ဟာ ... သေပါတော့၊ သမီးပါဆိုမှ မြင့်မြင့်စိုးဗျ'

ဘသော်သည် သနားစဖွယ် ခေါင်းကလေးကို ကုတ်လိုက်မိတော့၏။

'အပြစ်တင်ရင်လည်း ခံရတော့မှာပဲ ကိုတင့်ဝေ၊ ကျွန်တော်တော့ တစ်လုံးမှ နားမလည်ဘူးဗျို့'

'ဟုတ်တာပေါ့၊ ကျွန်တော်ကလည်း ခင်ဗျားကို ဘာမှ မပြောရသေးဘဲကိုး။ အဲဒီထဲက တင့်ဝေဆိုတာ ကျွန်တော်မဟုတ်ဘူး'

'ဒါတော့ သိတယ်လေ၊ ခင်ဗျားအဖေက ဦးမြဆိုတာ ကျွန်တော်သိသားပဲ'

'အဲ ...၊ အဲဒီတော့ ဒီတင့်ဝေဆိုတဲ့ ကောင်က မင်္ဂလာဆောင်ကာနီးမှာ မိန်းမခိုးပြေးလို့ ကောင်မလေးမိဘတွေကလည်း မင်္ဂလာပွဲဖြစ်အောင် လုပ်ချင်တယ်၊ ဒီတော့ နာမည်တူဖြစ်တဲ့ ကျွန်တော့်ကို အစားထိုးဖို့ စီစဉ်တာပေါ့'

'ဩော် ... ဒါကြောင့် ခင်ဗျား ရှုးတာကိုး'

'မဟုတ်သေးပါဘူးလေ၊ ကျွန်တော်ကလည်း ငွေချေးနည်းလိုနေတယ်ဆိုတာ ခင်ဗျားသိသားပဲ။ သူတို့ကလည်း ငွေပေးမယ်ဆိုတော့ ကျွန်တော် လက်ခံလိုက်တယ်။ သူတို့ဘက်ကလက်ခံမယ် လက်မခံဘူးဆိုတာတော့ အကြောင်းမကြားသေးဘူး၊ ကျွန်တော် စောင့်နေရတဲ့ အခြေအနေမှာ ရှိနေတယ်လေ'



'ဒါလောက်နဲ့ မရှုးနိုင်သေးပါဘူး ထင်တာပဲ'

'ဟုတ်ပါတယ်၊ ဒါလောက်နဲ့တော့ မရှုးသေးပါဘူး။ ကျွန်တော်ဟာ ဒီလိုအလုပ်ကို လက်ခံတော့မယ်ဆိုတော့ သူတို့တွေနဲ့ သွားတွေ့ရတယ်။ မြင့်မြင့်စိုးဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ဒါတွေကို ကျွန်တော်လည်း ခင်ဗျားကို ဘာမှပြန်မပြောပြဘူး၊ ခင်ဗျားကလည်း ဒီကြားထဲ တောဂျိ ခဏပြန်နေတာကိုး'

'ဟုတ်တာပေါ့ ကဲ ... ဆက်စမ်းပါဦး'

'ဒီမှာ ကိုဘသော်၊ ခင်ဗျား မြင်မြင်ချင်း ကြိုက်ဖူးသလား'

ဘသော်သည် ခဏမျှ ငေးသွားပြီး ဦးခေါင်းကို အားရပါးရ ဆတ်ခနဲ ညိတ်လိုက်၏။

'ကြိုက်ဖူးတာပေါ့ဗျာ၊ မြင်မြင်ချင်းကို တစ်ခါတည်းကြိုက်တာပဲ'

'ဘယ်ကိစ္စတုန်းကလဲ'

ဘသော်သည် ဖြုတ်ခနဲ ထသွားပြီး အပေါ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်၍ ယူလာခဲ့လေသည်။

'ဟောဒီ မီးခြစ်တုန်းကပေါ့၊ ဈေးသည်ရဲ့ ဗန်းထဲမှာ ကျွန်တော် မြင်မြင်ချင်း ကြိုက်တာနဲ့ ဝယ်ရတော့တာပဲဗျို့'

ဘသော်သည် လက်ဝါးကိုဖြန့်၍ ဓာတ်မီးခြစ်ကလေးကိုပြ၏။ တင့်ဝေကမူ ဘသော်၏မျက်နှာကို ရွံရှာသလို ရှုံ့မဲ့၍ကြည့်လိုက်သည်။

'အောင်မယ် ... ဈေးသည်က ကျွန်တော် ကြိုက်မှန်းသိလို့ဗျို့ ဆိုလိုက်တဲ့ဈေး'

'တော်စမ်းပါဗျာ၊ ကျွန်တော်ပြောတာက ပစ္စည်းကို မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး။ လူကိုကြိုက်တာ ပြောတာ'

'ဟာ ... ဈေးသည်က ကုလားလေးပဲဟာ၊ ကျွန်တော်က ဘာလုပ်ကြိုက်ရမှာလဲဗျ။ ခင်ဗျားကတော့ ဘယ်ကဈေးသည်ကို ကြိုက်ပြီး ရူးချင်ချင်ဖြစ်နေတာလဲ'

'ဟာဗျာ ... မဟုတ်တာတွေ ဖြစ်ကုန်ပြီ၊ ကျွန်တော်ဟာ မြင့်မြင့်စိုးကို မြင်တယ်ဆိုရင်ပဲ ...'

'သူက ဘာရောင်းတာလဲ၊ မုန့်လေပွေလား'

'ဘာလဲဗျ၊ ဒီဖိတ်စာထဲက မြင့်မြင့်စိုးဗျ။ အဲ သူ့ကို ကျွန်တော် မြင်လိုက်တယ်ဆိုရင်ပဲ အို ... ကျွန်တော့်ရင်တွေဟာ ခုန်လိုက်တာမှ ဒိတ် ဒိတ် ဒိတ် နဲ့ကို ဖြစ်နေတာပဲ၊ ရှင်းရှင်းပြောရရင် မြင်ကတည်းက ကျွန်တော် သူ့ကို ကြိုက်တယ်ဗျာ။ အဲဒီကတည်းက စားလည်းသူ့အာရုံ၊ သွားလည်း သူ့အာရုံဆိုတာလို ကျွန်တော် အစွဲကြီးစွဲခဲ့ရတယ်။ စောစောက ခင်ဗျားဝင်လာတာ တောင်မှ ကျွန်တော်ဟာ မြင့်မြင့်စိုးအပေါ်အကျီဝတ်ပြီး ဝင်လာသလို မြင်နေမိတယ်'

ဘသော်မှာ ဤတွင်မှ တင့်ဝေမရူးကြောင်း သေချာသွား၏။ ထိုအခါမှ သူ ရယ်မောနိုင်တော့သည်။

'ဒါပေမဲ့ ကိုတင့်ဝေ၊ မနက်စောစော ကျွန်တော် အိပ်ရာထခါစမှာတော့ မြင့်မြင့်စိုးလို့ မထင်လိုက်ပါနဲ့နော်'

'ဘာဖြစ်လို့လဲ'

'ဩော် ... တော်တော်ကြာ မြင့်မြင့်စိုး မုတ်ဆိတ်မွေးရိတ်နေတယ် ထင်မှာစိုးလို့ဗျ'

ဘသော်၏စကားထဲမှ ပျက်လုံးကို တင့်ဝေက ပါဝင်ခံစား၍ ရယ်မောလိုက်သော်လည်း သူ့မျက်နှာမှာ ခဏချင်းပင် ညှိုးနွမ်းသွားရသည်။ ဘသော်သည် သူ့ကို သနားသလိုကြည့်ပြီးမှ ဖိတ်စာကို ကြည့်လိုက်ပြန်၏။

'ဒီမင်္ဂလာဆောင်ဟာ တကယ့်မင်္ဂလာဆောင်ဖြစ်ရင်



ဘယ်လောက်ကောင်းမလဲနော်'

ပြောပြောဆိုဆိုနှင့် ဖိတ်စာကို သူကောက်ယူလိုက်လေသည်။ မင်္ဂလာပွဲကို မဖြစ်ဖြစ်အောင် လုပ်ခြင်းဖြင့် မှားသွားသော ဖိတ်စာကို မမှားအောင် သူတို့လုပ်ကြသည်။ ထို့ကြောင့် မင်္ဂလာဆောင်တာ မှားချင်မှားမည်၊ ဖိတ်စာကတော့ မမှားပါတဲ့။

* * *

'ဒီဖိတ်စာကို ဘာလုပ်ဦးမှာလဲ၊ ဆုတ်ပစ်လိုက်မယ်နော် မောင်'

တင့်ဝေသည် ပျာပျာသလဲနှင့် လက်ကာလိုက်၏။

'ဟာ စိန်စိန်ကလည်း မလုပ်နဲ့ဦးလေ၊ ကိစ္စက မပြတ်သေးဘူး'

'ဘာလဲ မောင်က သူ့ကို မပြတ်သေးလို့လား'

တင့်ဝေသည် စိန်စိန်၏ဘေးတွင် ဝင်ထိုင်လိုက်ပြီး စိန်စိန်၏ နဖူးဆံစလေးများကို ယုယစွာ သပ်ပေးလိုက်သည်။ ယင်း တင့်ဝေသည်ကား အုန်းကြိုင်၏စကားအရဆိုရသော် တင့်ဝေဆိုး ဖြစ်၏။ မြင့်မြင့်စိုးနှင့် လက်ထပ်ရန် ဖြစ်သော တင့်ဝေအစစ် ဖြစ်လေသည်။

'ကိုယ်ပြောမယ် စိန်စိန်၊ တကယ်ဆိုတော့ ငွေကြေးချမ်းသာတာက ဖေဖေပဲ၊ ကိုယ်မှမဟုတ်တာ။ ဒီတော့ အခုစိန်စိန့်ကို ကိုယ်ချစ်လို့ယူပေမယ့် တင့်တောင့်တင့်ကယ် မထားနိုင်ဘူး။ ဒါကို ကိုယ်စိတ်မကောင်းဘူး စိန်စိန်။ ကိုယ်လေ စိန်စိန့်ကို သူများတွေ

www.burmeseclassic.com

www.burmeseclassic.com



လိုထားချင်တယ်။ သူများတွေလို ဆင်ချင်တယ်'

စိန်စိန်သည် တင့်ဝေဆိုး၏ ရင်ခွင်ကို မှီလိုက်သည်။

'မောင်ရယ် . . . ကိစ္စမရှိပါဘူး၊ မောင်နဲ့သာ တူတူနေရရင် စိန်စိန်ပျော်ပါပြီ'

တင့်ဝေဆိုးသည် ဦးခေါင်းကို လေးလေးနက်နက် ခါယမ်းလိုက်လေ၏။

'မဟုတ်သေးပါဘူး စိန်စိန်ရယ်၊ ကိုယ်စီစဉ်တာ လိုက်နားစမ်းပါ။ ကိုယ် အခု ဘယ်လိုကြံထားသလဲ သိလား။ ကိုယ်ပြောပြမယ်။ ကိုယ်နဲ့စိန်စိန်နဲ့ လက်ထပ်ပြီးတာ သူတို့တွေမသိကြသေးဘူး။ ဒီတော့ ဟန်မပျက်ဘဲ မြင့်မြင့်စိုးနဲ့ကိုယ် မင်္ဂလာဆောင်လိုက်မယ်။ ပြီးတော့ ရက်ပိုင်းလောက်မှာပဲ သူ့ကို နှိပ်စက်ပြီး ကိုယ်ကွာခဲ့မယ်။ ဒီတော့ ငွေရမှာပေါ့'

'အို . . . သူ့ကို ကွာတာနဲ့ ငွေရမလားမောင်ရဲ့'

'ကိုယ်က မကွာဘူးလေ၊ သူ့ဘက်က ကွာချင်အောင်လုပ်မယ်။ ဒီတော့ သူစိတ်ညစ်ပြီး ကွာချင်လာတော့ အမွေခွဲဆင်းလာခဲ့မှာပေါ့'

'အို . . . စိန်စိန်တော့ သဘောမတူပါဘူး မောင်ရယ်၊ ငွေလည်း မလိုချင်ဘူး။ အခုလိုပဲ မောင်နဲ့နေချင်တယ်'

တင့်ဝေဆိုး၏မျက်နှာမှာ ရုတ်တရက် တင်းမာသွားလေ၏။

'ဒီမှာ စိန်စိန်၊ မင်းဟာ ငါ့မယားပါ။ ငါ စီစဉ်တာကို ဘာမှ ဝင်မရှုပ်ပါနဲ့၊ သူနဲ့လက်ထပ်မယ်ဆိုပေမယ့်လည်း မင်းဆီကို ငါဝင်ထွက်နေမှာပါ။ အမှန်ပြောရရင် ငါဟာ မြင့်မြင့်စိုးကို မချစ်ပါဘူး၊ ငွေကို မက်တာပဲ။ ဖေဖေက ငါ မိန်းမယူတာကို ဘယ်လိုမှ သဘောမတူနိုင်ဦးမှာမို့ အမွေပြတ်ကြော်ငြာမှာ၊ ဒီတော့ ငါ သုံးပုံမျိုးနဲ့ ငွေလောက်ဖို့ဟာ ငါ ငွေရမှဖြစ်မှာ၊ ဒီတော့ မင်း ဘာမှ စကားများမနေနဲ့ မင်းကို ငါ တကယ်ချစ်တာ၊ မြင့်မြင့်စိုးနဲ့ ကွာခဲ့ပြီး



မင်းနဲ့ အပြီးအပိုင် လာနေမှာ'

စိန်စိန်သည် မျက်ရည်များရစ်ဝိုင်း၍ တင့်ဝေဆိုးကို မော်ကြည့်လိုက်၏။

'မောင် . . . လင်ကို ဝေမယူပါရစေနဲ့ မောင်ရယ်'

'အို . . . ဝေယူရမှာ မဟုတ်ဘူး၊ ကိုယ့်အချစ်ဟာ မင်းအပေါ်မှာပဲ ရှိတယ်။ သူ့ကို မချစ်ပါဘူးလို့ ပြောပြီးပါပကောလားကွ'

'ဒါပေမယ့် ဖိတ်စာတွေ ဘာတွေနဲ့ မင်္ဂလာဆောင်တာဆိုတော့ တရားဝင်မယားဖြစ်ကြပြီး စိန်စိန်က မယားငယ်ဖြစ်နေရတာပေါ့'

'မင်းတို့မိန်းမတွေဟာ တစ်လွဲနေရာမှာ မာနတယ်ကြီးကြတာကိုးကွ၊ အဖြစ်မှန်က မင်းကို ငါ အရင်လက်ထပ်ထားတာပဲ၊ မင်းဟာ မယားကြီးပါ။ နောက်ပြီး ငါ မင်းနဲ့ လာနေမှာပဲဟာ၊ အခိုက်အတန့်လေးကို မင်းသည်းညည်းခံရမှာပဲ'

'မောင်ရယ် စိန်စိန်တော့ ဒီဖိတ်စာကို အမှားအတိုင်းပဲ ထားလိုက်ချင်ပြီ'

'မဖြစ်ဘူး . . . မဖြစ်ဘူး၊ ငါ့ကိစ္စမှာ မင်း ဘာမှ ဝင်မရှုပ်ချင်နဲ့ကွာ၊ ဒီဖိတ်စာကို မမှားအောင်လုပ်မှ ဖြစ်မှာ။ ဒါဟာ မမှားတဲ့ဖိတ်စာပဲ'

* * *

www.burmeseclassic.com

www.burmeseclassic.com



## (တစ်ဆယ့်တစ်)

'သူငယ်ချင်း မင်းကို သူတို့ လက်ခံကြပြီကွ'

အုန်းကြိုင်သည် အားတက်သရောပြောပြီး ဝင်ထိုင်လိုက်ရင်းက အကျီအိတ်ထဲမှ နှစ်ဆယ်တန်ငွေစက္ကူများကို အထပ်လိုက်ထုတ်၍ စားပွဲပေါ်ချပေးလိုက်သည်။

'အောင်မယ် . . . လက်ခံတာမှ ကျေကျေနပ်နပ်ကွ၊ ဦးရာဇာကြီးကဆိုရင် မင်းကို ရာနိုင်နှုန်းပြည့်လက်ခံတယ်တဲ့ကွာ၊ အံ့ပါရော။ ငါက ဒီလူကြီးတော့ အခုအခံကြီးပဲ၊ သိပ်ပြီးကန့်ကွက်နေမယ်လို့ ထင်နေခဲ့တာ။ မင်းက ဒီလိုတော့ ဘယ်ဆိုးလို့တုံး'

အုန်းကြိုင်ကသာ အားတက်သရော ပြောနေသည်။ တင့်ဝေကမူ စားပွဲပေါ်မှ ငွေကိုတစ်လှည့် အုန်းကြိုင်ကိုတစ်လှည့် ငေးကြောင်နေ၏။ ဤသည်ကိုပင် အုန်းကြိုင်က အားမလိုအားမရ ဖြစ်ရတော့သည်။

'ဟေ့ကောင် ဘယ်လိုလဲကွ ဟေ၊ မင်းကြည့်ရတာ သေခါ



နီးမျောနေတဲ့လူ ခဏကလေးပြန်သတိရလာပြီး တကယ်ပြန်သေတော့မယ့်ပုံမျိုး ဖြစ်နေပါကလား။ ဘယ်လိုပဲ ငွေတွေရလို့ စိတ်မချမ်းမသာ ဖြစ်နေတယ်ဆိုပါတော့ ဟုတ်လား'

'မဟုတ်ပါဘူးကွာ၊ ဒီငွေငါးရာဟာ ငါ့မှာ လက်မခံလို့မဖြစ်လို့သာ လက်ခံရတာပါ၊ ဖြစ်နိုင်ရင် ငါ ငွေမယူဘဲ ကူညီချင်ပါတယ်'

'ဘယ်လိုဖြစ်သွားရတာတုံးကွ'

'အစကတော့ ငါဟာ ငွေကိုပဲလိုချင်တယ်'

'ဪ . . . ခုတော့ လူပါလိုချင်ပြီထင်တယ်'

'ပြောမယ်ဆိုရင် ပြောစရာတော့ ဖြစ်နေပြီပေါ့ကွာ၊ ငါဟာ အစက မြင့်မြင့်စိုးတစ်ယောက် ဒီလောကမှာ ရှိခဲ့တယ်လို့ မသိခဲ့ဘူး'

'ဟ . . . ဘယ်သိပ့်မလဲကွ၊ အမှန်ပြောရရင် ဒီလောကမှာ မြင့်မြင့်စိုးဟာ တစ်ယောက်တည်း မကပါဘူးကွ။ တို့အိမ်နားမှာတောင် တစ်ယောက်ရှိသေးတယ်။ သူကတော့ မျက်စိတစ်ဖက်ပျက်နေရှာတယ်လေကွာ'

'အို . . . မင်းကလည်း ပြောချင်ရာတွေ လျှောက်ပြောနေတာပဲ။ ငါ ပြောချင်တာက ငါဟာ အခုမှ မြင့်မြင့်စိုးကို မြင်ဖူးရတယ်'

'အေးလကွာ'

'အခုမှတွေ့တော့ အခုမှ မြင်ဖူးရတာပေါ့ကွ။ ဒီနေ့အထိ မင်း မတွေ့ဖူးသေးတဲ့လူတွေ တစ်ပုံကြီးရှိသေးတာပေါ့ကွ။ အောင်မယ် ပင်းဘယ်တော့မှ တွေ့လိုက်ရမှာမဟုတ်တဲ့လူတွေတောင် ရှိသေးတယ်။ ဥပမာ– ငါ့ကြီးဒေါ် ဒေါ်ပန်းဆိုရင် မင်းတွေ့ဖူးနိုင်မှာမဟုတ်ဘူး။ ငါ ဆယ်လသားလောက်ကတည်းက သေသွားတယ်ဆိုပဲကွ'

တင့်ဝေသည် ပျက်နှာကြီးကို ရှုံ့မဲ့လိုက်ပြီး မတွေးခြင်း

www.burmeseclassic.com

www.burmeseclassic.com

လေသံနှင့် ...

'မင်းကြီးဒေါ်ကြီးတော့ ငါက ဘာလုပ်ဖို့တွေ့ဖူးချင်ရမှာလဲ၊ မတွေ့ဖူးလိုက်တာပဲ ကံကောင်းသေးတယ်။ မြင့်မြင့်စိုးကိုတော့ တကယ်လို့သာ ငါ မတွေ့ဖူးလိုက်ဘူးဆိုရင် ငါဟာ ဒီလောကမှာ လူလာဖြစ်ရတာ အလကားပဲလို့ ဆိုရတော့မယ်'

'အလဲ့ကွဲ့ မင်းပြောပုံဟာ စဉ်းစားကြည့်မယ်ဆိုရင် မင်းက မြင့်မြင့်စိုးကို ကြိုက်နေသလိုလို ဘာလိုလို'

တော်တော်ခက်သော အုန်းကြိုင်ပင်ဖြစ်သည်။ တင့်ဝေ၏ စကားများမှာ စ၍ ပြောကတည်းက သူ မြင့်မြင့်စိုးကို ချစ်နေသည်မှာ ပေါ်လွင်ထင်ရှားလှ၏။ သို့ပါလျက်နှင့် ဤမျှလောက် ပြောလာခဲ့သည့် အချိန်ကျသည့်တိုင်အောင် အုန်းကြိုင်မှာ ဘာလိုလို ဖြစ်နေသေးသည်။

'မင်းကလည်း တုံးပါပေ့ကွာ၊ ကြိုက်သလိုလို ဘာလိုလိုမကဘူးဟေ့၊ တကယ်ကြိုက်တာ။ သိပ်ကြိုက်တာ။ မြင့်မြင့်စိုးသာ တရုတ်မလေးဆိုရင် ငါတော့ သူ့နားမှာကပ်ပြီး ဝေါ်အိုက်နီ ဝေါ်အိုက်နီ လို့ တစ်ချိန်လုံးအော်နေမိမှာပဲ'

'အောင်ပယ်လေးဟဲ့ တကယ်လို့များ မြင့်မြင့်စိုးက ကရင်မလေးဖြစ်နေရင် ယအဲနား ယအဲနားလို့ အော်မယ်ဆိုပါတော့'

'ဟင့်အင်း နသားဘာယား နသားဘာယားလို့ အော်မှာပေါ့။ မင်းစကားထဲမှာ ဘာကရင်မျိုးလို့မှ မပါတာ'

'ထားပါတော့ကွာ၊ တကယ်လို့များ ဂေါ်ရင်ဂျီကုလားမလေးဖြစ်နေရင် နိုယာမာဒိ'

'တော်စမ်းပါကွာ၊ အဲဒါက ဆဲတာပဲ'

'ဂေါ်ရင်ဂျီစကားကျတော့ ငါက ဆဲတာပဲတဲ့တာကိုးကွ။ ဒါပေမယ့် တင့်ဝေရေ ... မင်း ရေလိုက်လွဲမယ်။ ကိုယ့်ဒုက္ခကိုယ် မရှာချင်စမ်းပါနဲ့ကွာ'

'မရှာပါဘူးသူငယ်ချင်း၊ ခုဟာက ငါကရှာတာမှ မဟုတ်



တာ၊ ဒုက္ခကြီးက သူ့ဘာသာသူ တက်လာတာကွ။ မြင့်မြင့်စိုးဟာ ကြည်နူးစဖွယ်ချမ်းမြေ့တဲ့ အလင်းရောင်ကို ပေးတဲ့နေရာမှာ သူဟာ လစန္ဒာမကလေးပေါ့။ ဒါပေမယ့် တစ်ချိန်တည်းမှာ ငါ့ရင်ထဲကို ပူလောင်အောင်လုပ်တဲ့နေရာမှာတော့ သူဟာ နေဝန်းမယ်လေးပါ'

'ဟင် ဒါဖြင့် သူဟာ နေဖြစ်လိုက် လဖြစ်လိုက်နဲ့ပေါ့။ နေလ နက္ခတ်ဂိုဏ်းဝင် ဗိန္ဒောဆရာမလေးထင်တယ်'

'အေးပေါ့ကွာ၊ မင်းက နောက်နေနိုင်တာပေါ့'

'နောက်နေနိုင်ပေမယ့် ငါ အခုရှေ့မှာနေပါတယ် သူငယ်ချင်း၊ ငါ သစ္စာမဖောက်ပါဘူးကွာ'

'တော်ပါတော့ အုန်းကြိုင်ရာ၊ ငါဟာ ချစ်သူမရှိ၊ ဘာမရှိနဲ့ အေးအေးနေခဲ့တာ၊ အခုမှ သူနဲ့တွေ့ရတော့မှ သူငယ်ချင်း ငါ့စိတ်တွေ မပေါ့ပါးတော့ဘူး။ အလိုလိုနေရင်းက ပျော်စရာဆိုတာ ပျောက်ကွယ်သွားရတော့တယ် သူငယ်ချင်းရာ'

အုန်းကြိုင်သည် ပြောင်စပ်စပ်ဖြစ်နေရာက ယခုအချိန်တွင် သူ့သူငယ်ချင်းအပေါ်၌ တကယ်ပင် သနားစိတ်ဝင်လာသလို ဖြစ်မိလေ၏။

'မင်းက မြင့်မြင့်ကို တကယ်စွဲနေတာကိုးကွ'

'တကယ်ပါ သူငယ်ချင်းရာ'

'ဒါပေမယ့် မဖြစ်နိုင်ပေဘူးကွ'

'ဘာဖြစ်လို့လဲ'

'သူက လက်ထပ်တော့မယ့်ဟာပဲ ဥစ္စာ'

'ဟာ ... ဘာဆိုင်သလဲကွ၊ ဒါက ဟန်ဆောင်မင်္ဂလာပွဲပဲဟာ၊ မင်းက ဘာလာပြီး ကြောင်နေရပြန်တာလဲ'

'အော် အေး ဟုတ်သားပဲ၊ ငါကလည်း နေရင်းထိုင်ရင်းက မျက်စိတွေလည်သွားတာကိုးကွ။ ဟုတ်သားပဲ သူနဲ့ တကယ်လက်ထပ်မယ့်ကောင်က မရှိတော့ဘူး။ မင်းကလည်း ဟန်ဆောင်လက်ထပ်ရမှာ။ အေး ဟုတ်သားပဲ။ မြင့်မြင့်ဟာ လင်ယူနိုင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သတ္တိသမီးပဲ။ သူတို့အိမ်သားတွေရဲ့ အခြေအနေကြည့်ပြီး မင်းကြိုးစားရင် ဖြစ်နိုင်တာပေါ့ကွ'

တင့်ဝေသည် ဦးခေါင်းကို ငြိမ့်ညောင်းစွာ ခါယမ်းလိုက်လေသည်။

'အခုလောက်ဆိုရင် ငါသိပါပြီကွာ၊ သူ့မှာ အချစ်ရယ်၊ ဘာရယ်လက်ခံဖို့ စိတ်ဝင်စားပုံမရပါဘူး။ သူ့ဘဝမှာ အဓိကကတော့ မိဘစကားပဲ။ ဒီတော့ သူနဲ့နီးစပ်ဖို့ဟာ သူ့မိဘသဘောကျမှ ဖြစ်မှာပါပဲ'

'ဒါဖြင့်လည်း သူ့အဖေကြီးကို မင်း နောက်ပိုးပေတော့ သူငယ်ချင်း။ အောင်မယ် မပူနဲ့၊ အဘိုးကြီးကလည်း မင်းကို စွဲနေပုံရပါတယ်၊ ညနေဘက်ကျရင် လာခဲ့ပါဦးတဲ့။ မင်းကို မှာလိုက်တယ်ကွ'

တင့်ဝေ၏ မျက်လုံးအစုံသည် ရေဖြင့်လှမ်းပက်ခြင်းခံလိုက်ရသည့် ငွေကြယ်ပွင့်လေးများပမာ တရွှန်းရွှန်းပြက်၍ တလက်လက်တောက်ပလာလေတော့သည်။

'ဟာ . . . ဘာဖြစ်လို့ ဒီစကားကို စောစောကမပြောတာလဲကွ၊ ငါသွားမှာပေါ့။ မြင့်မြင့်စိုးရှိရာ ဌာနကိုသွားရတာပဲ။ ငါသွားမှာပဲ။ ဒီမှာ ထိုင်နေရသမျှ ငါ့မှာ ငိုင်ရုံပဲ။ ဟိုနေရာမှာနေရသမျှ မြင့်မြင့်စိုးလေးနဲ့ တွေ့ရလို့တွေ့ရငြား မျှော်လင့်ချက်ဇောကလေးကြောင့် ငါ့စိတ်တွေ ပေါ့ပါးရတယ်။ သူနဲ့ တွေ့ရတာ ခဏလေးပဲ ဖြစ်ပါစေ၊ ငါ့အတွက် သံသရာလည်ရကျိုးနပ်ပါတယ်။ ငါသွားမှာပေါ့။ ညနေဘက်ဆိုတာ ဘယ်နှနာရီက စသလဲကွ၊ တစ်နာရီခွဲလောက်လား'

'ဟကောင်ရ၊ တစ်နာရီခွဲဆိုတာ နေ့လယ်ခင်းကြီးဟ။ ညနေဆိုတာ ခြောက်နာရီလောက်က စတာကွ'

'မဟုတ်ပါဘူးကွာ၊ အဲဒါက နေဝင်ရီတရောဖြစ်နေပြီကွ။ ညနေဘက်ဆိုတာ နှစ်နာရီလောက်က စရမှာပါကွာ'



'မဟုတ်ပါဘူး။ မင်းက မင်းလိုချင်ရာပဲဆွဲပြောတာကိုးကွ။ ညနေဆိုတာ ခြောက်နာရီမဟုတ်ဘူးဘဲထားပါဦး၊ ငါးနာရီလောက်ကိုခေါ်တာကွ'

'အို . . . အဲဒါကို ငါ လက်မခံဘူးကွာ။ ငါးနာရီဆိုတာက ညနေနောက်ပိုင်းရောက်ပြီ။ ဈေးတွေတောင် အိပ်တန်းတက်ကုန်ပြီကွ။ ညနေဘက်ဆိုတာ ဒီထက်စောတယ်။ ဘာပဲပြောပြောကွာ၊ မင်းမရှည်နဲ့၊ ငါ့အဆုံးအဖြတ်နဲ့ ငါသွားမယ်။ ဒါပဲ'

'မင်းအဆုံးအဖြတ်က ဘာလဲ'

'ငါ့ အဆုံးအဖြတ်က ညနေဘက်ဆိုတာ နှစ်နာရီခွဲကျော်ကျော် သုံးနာရီနီးပါးလောက်က စတယ်ကွာ။ စကားမများနဲ့ အဲဒီအချိန်လောက် ငါသွားမယ်'

အုန်းကြိုင်သည် ရယ်လိုက်ပြီး 'ကြွတော်မူပါ . . . ကြွတော်မူပါ၊ ကိုယ်တော်ကြီးသဘောပဲ။ တပည့်တော်တော့ ဘာမှမလျှောက်တတ်တော့ဘူး။ ဆွမ်းစားသာမမှားဇီစနဲ့နော် အချိန်မတန်ဘဲ ပျံတော်မူနေဦးမယ်' ဟု ခငေ့ါတော့တော့ပြောပြီး ထပြန်သွားလေ၏။

တင့်ဝေကား ကြူးဝါးချက်အတိုင်းပင် နေ့လယ်လွန်မြောက်၍ သုံးနာရီမတ်တင်းလောက်တွင် မြင့်မြင့်စိုးရှိရာသို့ ချစ်ဇောဟုန်နှိုးဆော်သဖြင့် ခေါင်းတမော်မော်နှင့် ထွက်လာခဲ့လေ၏။

ကံကြမ္မာ၏စုတ်ချက်သည် တစ်ခါတစ်ရံတွင် နူးညံ့သိမ်မွေ့တတ်သည့်အလျောက် သူသည် မြင့်မြင့်စိုးကို ပန်းခြံထဲတွင် လမ်းလျှောက်ရင်း ဟိုပန်းကိုင်ကြည့်လိုက်၊ ဒီပန်းကိုင်ကြည့်လိုက်နှင့် လုပ်နေသည်ကို တွေ့ရလေသည်။

'အော် . . . ဟဲ . . . ဟဲ အဟမ်း'

မြင့်မြင့်စိုးသည် ချာခနဲလှည့်လိုက်ရာ ပြုံးပြုံးနှင့်အားရပါးရကြီးစိုက်ကြည့်နေသော တင့်ဝေကို တွေ့ရသောအခါ မှင်သက်သွားသလိုဖြစ်၍ ဘာမှ ပြန်မပြောနိုင်ဘဲ ဖြစ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိဟူသည် စိတ်၏ တံခါးပေါက်ဖြစ်၏။ တင့်ဝေ၏ စိတ်နှလုံးထဲတွင် မေတ္တာများပြည့်လျှမ်းလာသောအခါ **မျက်စိမှ** မေတ္တာခိုးမေတ္တာငွေ့များသည် ကန်များ၊ ဆည်များ ကျိုးပေါက်ဘိ၏သို့ တစ်ရှိန်ထိုး တိုး၍ ထွက်ကုန်သည်။ တစ်ဖက်မှ စိတ်ငွေ့များကို ခံယူနိုင်သည်မှာ အသိဉာဏ်ကမဟုတ်ချေ။ နှလုံးသားမှပင် ပြန်လည်ခံယူနိုင်သည် ဖြစ်သောကြောင့် မြင့်မြင့်စိုး၏ အသိအဉာဏ် အဆင်ခြင်တရားအနေဖြင့် တင့်ဝေ၏ မေတ္တာခိုး၊ မေတ္တာငွေ့များကို မည်သို့မျှနားမလည်နိုင်စေကာမူ ယင်းအခိုးအငွေ့တို့သည် မြင့်မြင့်စိုး၏ နှလုံးသားနှင့် ထိတွေ့လိုက်သောအခါတွင် မေတ္တာသံသရာလည်၍ မေတ္တာအခိုးအငွေ့တို့သည် မေတ္တာတရားအဖြစ်သို့ ပြန်လည်ရောက်ရှိသွားလေ၏။

သို့ဖြစ်ရကား မြင့်မြင့်စိုးအနေနှင့် ဘာကြောင့်မှန်းမသိရသော်လည်း သူ၏ရင်ထဲရှိ နှလုံးသားမှာ တဆတ်ဆတ်တုန်၍ မျက်နှာဆီသို့ သွေးများပို့လွှတ်လိုက်သည်။ မြင့်မြင့်စိုး၏ မျက်နှာပြင်လေးတစ်ခုလုံးမှာ နီရဲသွား၏။ နှုတ်ခမ်းများသွေးအပြည့်ဝင်၍ လေးလံလာသည်။ လျှာဖျားသည် တဆတ်ဆတ်တုန်လာ၏။ မျက်ဝန်းပတ်လည်တွင် **မျက်ရည်ကြည်ကလေးများ ဝိုင်းလာသည်။ ထို့**ကြောင့်ပင် မြင့်မြင့်စိုးသည် မျက်တောင်ကလေးတစ်ချက်၊ နှစ်ချက်လျှင်မြန်စွာခတ်လိုက်ပြီး မျက်လွှာကို ငုံ့ပစ်လိုက်သည်။

'မြင့်မြင့်စိုး ကျွန်တော်လာတာကို မလိုလားဘူးလားဟင်။ ကျွန်တော်လာတာဟာ အနှောင့်အယှက်ဖြစ်တယ်ဆိုရင် ကျွန်တော်ပြန်ထွက်သွားပါ့မယ်၊ စေ့ထားတဲ့ ဟောဟိုက ဝင်းတံခါးဟာ ပြန်ထွက်ဖို့အတွက်လည်း အဆင်သင့်ဖြစ်နေပါတယ်'

တင့်ဝေ၏ စကားဆုံးသောအခါ မြင့်မြင့်စိုးသည် အသိဉာဏ်များ ဝင်လာပြီဖြစ်သည့်အလျောက် ပြန်လည်မော့ကြည့်လိုက်၏။ ဤအချိန်တွင် နှလုံးသားကို အသိဉာဏ်အဆင်ခြင်က ကောင်းစွာ ထိန်းသိမ်းသွားနိုင်ပြီ ဖြစ်သည့်အတိုင်း မြင့်မြင့်စိုး၏ အကြည့်



သည် ခါတိုင်းကဲ့သို့ပင် ရဲတင်း၏၊ ပွင့်လင်း၏။ အပြစ်လည်းကင်းလေသည်။

'အော် ... ကိုတင့်ဝေကလည်း ကြံကြံဖန်ဖန်၊ ကိုတင့်ဝေဟာ မြင့်မြင့်နဲ့ မင်္ဂလာဆောင်ချင်ယောင် ဆောင်ရမယ့် သတို့သားအတုလောင်းပဲဥစ္စာ၊ လာရမှာပေါ့ရှင်'

တင့်ဝေသည် ညှိုးငယ်နေသော မျက်နှာကို ဆက်လက်ထိန်းသိမ်းထားရင်းက စကားကို ပြန်ပြောလိုက်၏။

'ကျွန်တော့်ဘဝဟာနော် ... တော်တော်ပဲစိတ်မကောင်းစရာ ဖြစ်ရတယ်။ သတို့သားအတုဖြစ်ရတာတောင် အတုစစ်စစ်မဖြစ်ရသေးဘူး၊ အတုလောင်းပဲရှိသေးတယ်'

တင့်ဝေ၏ စကားကို ဆုံးအောင်စိုက်နားထောင်နေသော မြင့်မြင့်စိုးသည် တင့်ဝေ၏ စကားဆုံးသောအခါ ရယ်မောလိုက်လေသည်။

'အော် ... ဒါကတော့ ဟန်ဆောင်မင်္ဂလာပွဲကမှ မကျင်းပရသေးတာ၊ အလောင်းပဲရှိသေးတာပေါ့'

'အင်းပေါ့လေ၊ အလောင်းပဲဟာ အလောင်းဘဝမှာ နေရမှာနေရမှာပေါ့'

ဤတွင် ရုတ်တရက်ရောက်လာသော ဒေါ်မြမြသည် တင့်ဝေ၏စကားကိုသာ ကြားလိုက်ရသည့်တွင် မျက်လုံးပြူးမျက်ဆံပြူးနှင့် ဝင်ပြောလိုက်သည်။

'ဟယ် ... အဲဒါ မြန်မြန်လျှောက်လွှာတင်ပြီး မြန်မြန်လိုက်ရတယ်၊ ဒါမှ အလောင်းက မသာဘဝရောက်မှာပေါ့။ မင်းတို့ဘယ်သူ့အသုဘအကြောင်း ပြောနေတာလဲ'

ရုတ်တရက် ကြားဖြတ်ဝင်ရောက်လာသော ဒေါ်မြမြကြောင့် တင့်ဝေမှာ ဦးနှောက်တော်တော် ချာချာလည်သွားသည်။ ပြီးမှ ...

'အော် ... ဟိုဟာပါ ဒေါ်ဒေါ်၊ ကျွန်တော်တို့လမ်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေပိုင်းကိုက်လို့ သေတဲ့ကြောင်ကလေး အကြောင်း ပြောနေ တာပါ'

ဟု စကားပြတ်စေရန် အုပ်အုပ်ဆိုင်းဆိုင်း လုပ်လိုက်ရလေ ၏။

'အို ... ကြောင်အလောင်းဆိုရင်တော့ ဘာပစ္စည်းမှ လျှောက်လို့ရမှာ မဟုတ်လို့ ကြောင်မသာပြင်လို့ရမှ မဟုတ်ပါဘူး။ အမှိုက်ပုံးထဲ ထည့်လိုက်ရုံပေါ့'

ဒေါ်မြမြသည် သူ့စကားတော့ ဆုံးအောင် သူပြောသေး၏။ ပြီးမှ မြင့်မြင့်စိုးဘက် လှည့်လိုက်ရာ ရယ်ချင်သဖြင့်စပ်ဖြီးဖြီးဖြစ်နေ သော မြင့်မြင့်စိုးသည် ဣန္ဒြေကို ပြန်ဆယ်လိုက်ရလေသည်။

'ဟဲ့ မြင့်မြင့် ဟိုမှာ တယ်လီဖုန်းလာနေတယ်၊ မိုးက တွေ့ချင်လို့တဲ့'

တင့်ဝေသည် မြင့်မြင့်စိုးဘက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက် ပြီး ...

'ဟင် မိုးနဲ့တွေ့ဖို့ မြင့်မြင့်စိုးက မိုးထိအောင်လေကား ထောင်မှာ မဟုတ်ပါဘူး။ သူ့မှာ ချစ်တဲ့ဓာမှ မရှိတာ'

ဟု ပြောလိုက်ရာ ဒေါ်မြမြက မျက်နှာကြီးရှုံ့မဲ့လှည့်ကြည့် ရင်း ပြန်ပြော၏။

'ဘာလဲကွယ့်မောင်ရင်ရဲ့၊ မိုးဆိုတာက သူ့သူငယ်ချင်းရဲ့ နာမည်။ မင်းက လေကားထောင်တာတွေ ဘာတွေလျှောက်ပြော နေတယ်။ မောင်ရင်က မီးသတ်ဌာနမှာ အလုပ်လုပ်သလား'

'အို ... မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်ကြားဖူးတာက မိုးထိအောင် လေကားထောင်၊ ထောင်ပါသော်ကော ချစ်တဲ့ဓာ ဆိုတာ ကြားဖူးလို့ပါ'

ဤတွင် မြင့်မြင့်စိုးက ရယ်မောရင်း ဝင်ပြောလိုက်လေ၏။

'ကဲပါလေ၊ ဒီမှာ ပတ်တတ်ကြီးစကားပြောလို့ မကောင်းပါ ဘူး၊ ဟောဟိုက ခုံရှည်လေးမှာ သွားထိုင်စောင့်နေပါ။ မြင့်မြင့်



တယ်လီဖုန်းပြောပြီးရင် ပြန်လာခဲ့ပါမယ်'

တင့်ဝေသည် မြင့်မြင့်စိုး ညွှန်ပြလိုက်သည့်နေရာသို့ လှမ်း ကြည့်လိုက်၏။ ခြံထဲသို့ ဝင်လမ်းနံဘေးရှိ ပန်းရုံလေးတစ်ခုကို ကျောပေး၍ ချထားသော နှစ်ယောက်ထိုင်ခုံရှည်လေးကို တွေ့လိုက် ရ၏။

ဤထိုင်ခုံလေးတွင် မြင့်မြင့်စိုးက လာထိုင်၍ စကားပြော မည်တဲ့၊ ဝမ်းသာခြင်း မိုးသို့ထိ၏။ သို့သော် လေကားတော့မထောင် ချေ။ မိုးထိအောင် လေကားမထောင်၊ မထောင်သော်လည်း ချစ် တာပဲ မဟုတ်ပါလား။ သို့သော် ဤ ဒေါ်မြမြမည်သော အဒေါ် ကြီးက ရှိသေးသည် မဟုတ်ပါလား။ မကောင်းတတ်သဖြင့် တင့်ဝေ သည် ဒေါ်မြမြကို ကြည့်လိုက်၏။

'လာလေ ဒေါ်ဒေါ်၊ သွားထိုင်ကြရအောင်'

'အောင်မယ် မောင်ရင်သွားထိုင်ပါတော်။ ကျုပ်က မထိုင် အားသေးပါဘူး။ အိမ်ထဲမှာ လုပ်စရာကိုင်စရာလေးတွေ ရှိပါသေး တယ်။ မြင့်မြင့်ပြန်ထွက်လာတော့ လာစကားပြောပါလိမ့်မယ်'

မြင့်မြင့်စိုး လှည့်ထွက်သွားသည်နှင့် မရှေးမနှောင်းပင် ဒေါ်မြမြသည်လည်း အိမ်ဘက်ဆီသို့ပင် လှည့်ထွက်သွား၏။ တင့် ဝေတစ်ယောက်သာလျှင် အိမ်ကိုကျောပေး၍ ထိုင်ခုံရှည်လေးဆီသို့ ပြုံးစေ့စေ့နှင့်ထွက်လာ၍ ထိုင်ချလိုက်၏။ ထိုင်ခုံတွင် လက်ဝဲဘက် တစ်ယောက်စာကို ချန်ထား၏။ တော်တော်ကြာ မြင့်မြင့်စိုး ပြန် ရောက်လာလျှင် အသားချင်းထိမည်စိုး၍ မထိုင်မှာကြောက်ရ၏။ ထို့ကြောင့် မြင့်မြင့်စိုးအတွက် တစ်ယောက်စာမကအောင် နေရာ ချန်လေရာ နှစ်ယောက်စာ ထိုင်ခုံလွတ်တွင် တင့်ဝေသည် ဖင်တစ် ခြမ်းတည်း ထိုင်နေရလေတော့သည်။

အခြေအနေကို တင့်ဝေသည် တွေး၍ ပီတိဖြစ်နေမိတော့ ၏။ ကြမ္မာဒေဝီသည် သူ့ကို မျက်နှာသာပေးနေသည်။ မကြာမြင့်မီ သောအချိန်တွင် မြင့်မြင့်စိုးသည် ပြန်၍ထွက်လာလတ္တံ့။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လာပြီးသော် သူ့နံဘေးဤနေရာလေးတွင် ဝင်၍ ထိုင်လတ္တံ့။

ထိုင်ပြီးသော် ချစ်စဖွယ် အပြုံးကလေးများနှင့်အတူ သာယာကြည်နူးဖွယ်သောအသံဖြင့် စကားလေးများကို ပြောလတ္တံ့။ မိမိသည်လည်း မသိမသာဖြင့် တရွေ့ရွေ့တိုး၍ မြင့်မြင့်စိုးနား ကပ်လာလတ္တံ့။ တစ်ချက်တစ်ချက်တွင် မြင့်မြင့်စိုး၏ လက်ကလေးများသည် ခြေဟန်၊ လက်ဟန်နှင့် စကားပြောတတ်၍ မိမိ၏လက် (သို့မဟုတ်) ပခုံးစွန်း စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်နေရာရာနှင့် ထိတွေ့မိလတ္တံ့။ ဤအခါတွင် မိမိ၏ တစ်ကိုယ်လုံးတွင် အကြောပေါင်းတစ်ထောင် စိမ့်ကာ သုခဝေဒနာတို့သည် တည်တော့လတ္တံ့။ မြင့်မြင့်စိုးသည် တယ်လီဖုန်းနှင့် စကားပြောသည် ဖြစ်သောကြောင့် မကြာလတ္တံ့။

တင့်ဝေသည် တစ်ယောက်တည်းပြုံးမိကာ အိမ်ကြီးဆီသို့ မျှော်ကြည့်မိတော့သည်။

မြင့်မြင့်စိုးသည် ကုလားထိုင်တွင် သက်သောင့်သက်သာ ထိုင်ရင်းက တယ်လီဖုန်းအထိုင်ကို ပေါင်ပေါ်တင်ပြီး နောက်မှီ၍ စကားပြောနေသည်။

'အဲဒီဇာတ်ကားကို ကိုယ်ကြည့်ပြီးပြီကွ ...မိုးရဲ'

'ကြည့်စမ်း၊ ကိုယ့်ကိုတောင် မခေါ်ဘူး။ ဘယ်သူတွေနဲ့ သွားကြည့်တာလဲ'

'ကိုကိုရော မမသန်းပါ ပါတယ်ကွ။ ဒါကြောင့် ကိုယ်လည်း လိုက်သွားရတာပါ'

'မလိမ်ပါနဲ့၊ ကိုတင့်ဝေကြီးကော ပါတယ်မဟုတ်လား'

'ဟင့်အင်း သူမပါပါဘူး၊ မအားလို့ မလိုက်ခဲ့ဘူးလေ'

'ကားက တော်တော်ကောင်းသလား'

'ကောင်းသွားပါပြီ၊ ဝပ်ရှော့မပို့ခင်ကဆိုရင် တစ်ခါတစ်ခါ လမ်းမှာပျက်တတ်တယ်'

'ဘာလဲကွ၊ ကိုယ် မေးတာက ဇာတ်ကားကိုမေးတာ'



'ဇာတ်လမ်းလား၊ အော် ...ဇာတ်လမ်းက ဒီလိုလေ'

'အစကနေပြီး အဆုံးအထိပြောပြနော်။ မင်း ကိုယ့်အကြောင်းသိတယ်မဟုတ်လား၊ ကိုယ်က ဇာတ်လမ်းအစအဆုံးသိပြီးမှ ကြည့်တာကွ'

'အေးပါ အစက စပြောမယ်။ စချင်း စာတန်းတွေထိုးတယ်၊ စာတန်းတွေထိုးနေတုန်းမှာ ပဏာမသီချင်းလာတာပေါ့'

'အို ..ဇာတ်လမ်းပြောပါဆိုမှ၊ ဘာလဲ မင်းလည်းမဂ်လာဆောင်ကာနီးလို့ ပေါကြောင်ကြောင် ဖြစ်လာရတာလား'

မြင့်မြင့်စိုးသည် ရယ်လိုက်၏။

တင့်ဝေကား မျက်မှောင်ကြုတ်စ ပြုလာသည်။

'ဟဲ ...ဟဲ မင်းက အစက ပြောရမယ်ဆိုကိုးကွ။ ဇာတ်သိမ်းအစက ဒီလိုလေ။ စပါးပင်လေးတွေဟာ လေယူရာတိမ်းပြီး ယိမ်းနွဲ့နေတယ်။ အဝေးက လှည်းကလေးမောင်းလာရော၊ လှည်းပေါ်မှာက ကျန်းမာရေးမှူး ကိုခင်မောင်တင့် ပါလာတယ်လေ'

'အဲဒီမှာ လုဖို့မလားကွ၊ လှည်းပေါ်မှာဆိုတော့ ဖုံတွေ အလိမ်းလိမ်း ဖြစ်နေမှာပေါ့'

'မလိမ်းပါဘူးကွာ လှပါတယ်။ လေတိုက်လိုက်လို့ နဖူးပေါ်မှာ ဆံစတွေဝဲဝဲကျလာတာများ သိပ်ကြည့်ကောင်းတာပဲ'

'ဟယ် ...ငါသွားကြည့်ချင်လှပြီ၊ အို ကိုးနာရီခွဲပွဲပဲ၊ သွားကြည့်တော့မယ်ကွာ'

'ဒါဖြင့် ကိုယ်ပြောပြဖို့ မလိုတော့ဘူးပေါ့နော်'

'ဟာ ဘာဆိုင်သလဲပြောပါ၊ ဆက်ပြောပါ'

ထိုအချိန် ခြံထဲက တင့်ဝေသည် ရိုးတိုးရွတနှင့် ဖြစ်လာကာ လက်ဝါးထဲတွင် လက်သီးကိုထုထောင်လိုက်ပြီး ထ၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ကြမ္မာဒေဝီက မျက်မှောင်ကြုတ်၍ သူ့ ကလည်း မျက်မှောင်ကြုတ်လိုက်သည်။

'အဲသလို လှည်းကလေးနဲ့ ကိုခင်မောင်တင့်က ရွာသို့ရွာ

www.burmeseclassic.com

ကလေးကိုဝင်လာတာကို။ အဲဒီလိုလာတော့ ရွာဦးရေကန်မှာ အပျို တစ်သိုက် ရေခပ်နေကြတာကို။ အဲဒီထဲမှာ မခင်တုတ်လည်း ပါတယ်'

'သူ့ကို မနာလိုလိုက်တာဟယ်'

'ဒါဖြင့်လည်း မှင်း ရုပ်ရှင်မင်းသမီးလျှောက်ပေါ့'

'မဖြစ်လို့ပေါ့ကွာ။ ကဲ ... ဆက်ပြောပါဦး'

'အပျိုတစ်သိုက်က လှည်းပေါ်ကလူစိမ်းကို ဝိုင်းကြည့်ကြတယ်။ ဟာ ... တယ်လှတဲ့လူပါလား၊ ဘာလားနဲ့ တစ်ယောက်တစ်ပေါက်ပြောကြတာပေါ့။ အဲဒီနေရာမှာ ဒါဟာ ကျန်းမာရေးမှူးလေး ကိုခင်မောင်တင့်ဆိုတာပါ ပရိသတ်တွေ သိရတာပေါ့။ နောက်ကျတော့ ကိုခင်မောင်တင့်ဟာ ရွာက လူကြီးတွေနဲ့ တွေ့တာပေါ့။ လူကြီးတွေထဲမှာ မခင်တုတ်ရဲ့ အဖေလည်းပါတယ်လေ'

တင့်ဝေသည် ခုံရှည်လေးတွင် ဝင်ထိုင်လိုက်၏။ ထို့နောက် လက်ဝဲဘက်တစ်နေရာကို ငဲ့စောင်းကြည့်လိုက်ကာ လက်ယာဘက်သို့ ရွှေ့လိုက်သည်။ အစွန်းဘက်ရောက်လွန်းသဖြင့် ခုံရှည်လေးမှာ ထောင်သွားလေရာ ကပျာကယာ ပြန်ရွှေ့လိုက်မှ တည်ငြိမ်သွား၏။ ခုံရှည်လေးသာ တည်ငြိမ်သွားသည်။ သူ၏ ရင်ထဲက ခံစားမှုကတော့ မတည်ငြိမ်ပါချေ။ အိမ်ကြီးဆီသို့ လှမ်း၍ မျှော်၍ ကြည့်နေ၏။

ထိုအခိုက်တွင် ကြမ္မာဒေဝီသည် ပါဆယ်ထုပ်တစ်ထုပ်ကို ပို့လိုက်တော့သည်။

ခြံဝတွင် တင့်ဝေဆိုးသည် ရောက်ရှိလာလေ၏။ သူကား ဤအိမ်ကြီးကို တံခါးမရှိဓားမရှိ ဝင်ထွက်ခွင့်ရသူပီပီ ခပ်တည်တည်နှင့် ခပ်တင်းတင်းပင် ဝင်ရောက်ခဲ့၏။

သူမရောက်သည်မှာ တော်တော်လေးကြာသွားခဲ့ပြီ။ သူမရောက်ခင်အတွင်း ဤအိမ်ကြီးတွင် ဘာအရေးအခင်းတွေ ဖြစ်နေသည်ကို သူမသိချေ။ ဤအိမ်ကြီးသည် သူ့အတွက် ယခင်ကကဲ့သို့ပင် ကြိုဆိုလက်ခံရာ ဒေသကြီးပင်ဖြစ်နေလိမ့်ဦးမည်ဟု သူတင်စားထား၏။



သို့ တင်စားထားသည့် အလျောက်ပင် တင့်ဝေဆိုး(အုန်းကြိုင်၏စကားအရ)သည် ရင်ကိုကော့၍ ခပ်တင်းတင်းပင် အဝင်လမ်းကလေးမှ ဝင်လာ၏။ သူ့မျက်လုံးများသည် ခြံထဲ ဟိုဟိုသည်သည်ကို ကစားလိုက်သောအခါတွင် ခုံရှည်လေးတွင်ထိုင်နေသော တင့်ဝေကောင်းကို အနောက်ဘက် ခပ်စောင်းစောင်းက မြင်မိလိုက်ရာတွင် ခြေလှမ်းကို စုံရပ်လိုက်မိတော့သည်။

ဤသူသည် ဤအိမ်သားထဲမှ မဟုတ်။ သူသေချာပါသည်။ သူစိမ်းသက်သက်သာ ဖြစ်သည်။ ဤ သူစိမ်းသည် ခုံရှည်လေးပေါ်တွင် ခပ်တည်တည်ထိုင်၍ နေ၏။

တင့်ဝေဆိုးသည် မူလအာရုံထဲက ခရီးစဉ်ကို ပယ်ဖျက်ကာ အဝင်လမ်းကလေးမှ သွေဖည်ထွက်ခဲ့ပြီး တင့်ဝေကောင်းဘက်သို့ ဦးတည်လျှောက်ခဲ့၏။

တင့်ဝေကောင်းက မျက်မှောင်ကြုတ်ထားရာမှ တောက်တစ်ချက်ကို ကျယ်လောင်စွာခေါက်လိုက်သည်။ ရုတ်တရက် အနားသို့ရောက်လာသော တင့်ဝေဆိုးမှာ တောက်ခေါက်သံကြောင့် လန့်သွားပြီး ဇက်ပုသွား၏။ ပြီးမှ ရင်ကိုကော့ကာ အသံပြုလိုက်သည်။

'ဟေ့လူ ဒီမှာ'

တင့်ဝေကောင်းသည် ချာခနဲ လှည့်ကြည့်လိုက်၏။ မျက်နှာကား စိတ်တိုသဖြင့် ပုပ်သိုးသိုးဖြစ်နေသည်။

'အဲဒီမှာ ဘာဖြစ်သလဲ'

'ဒီမှာ ဘာမှမဖြစ်ဘူး'

'ဒါဖြင့်လည်း ပြီးတာပေါ့ဗျာ'

တင့်ဝေကောင်းသည် သူနှင့် အလုပ်ကိစ္စမရှိတော့သလို ပြန်လှည့်သွားလေ၏။ ဤသည်ကို တင့်ဝေဆိုးက မခံနိုင်ချေ

www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုဝင်လာတာကို။ အဲဒီလိုလာတော့ ရွာဦးရောက်မှာ အပျို တစ်သိုက် ရေခပ်နေကြတာကို။ အဲဒီထဲမှာ မခင်တုတ်လည်း ပါတယ်'

'သူ့ကို မနာလိုလိုက်တာဟယ်'

'ဒါဖြင့်လည်း မှင်း ရုပ်ရှင်မင်းသမီးလျှောက်ပေါ့'

'မဖြစ်လို့ပေါ့ကွာ။ ကဲ . . . ဆက်ပြောပါဦး'

'အပျိုတစ်သိုက်က လှည်းပေါ်ကလူစိမ်းကို ဝိုင်းကြည့်ကြတယ်။ ဟာ . . . တယ်လှတဲ့လူပါလား၊ ဘာလားနဲ့ တစ်ယောက်တစ်ပေါက်ပြောကြတယ်ပေါ့။ အဲဒီနေရာမှာ ဒါဟာ ကျွန်းမာရေးမှူးလေး ကိုခင်မောင်တင့်ဆိုတာပါ ပရိသတ်တွေ သိရတာပေါ့။ နောက်ကျတော့ ကိုခင်မောင်တင့်ဟာ ရွာက လူကြီးတွေနဲ့ တွေ့တာပေါ့။ လူကြီးတွေထဲမှာ မခင်တုတ်ရဲ့ အဖေလည်းပါတယ်လေ'

တင့်ဝေသည် ခုံရှည်လေးတွင် ဝင်ထိုင်လိုက်၏။ ထို့နောက် လက်ဝဲဘက်တစ်နေရာကို ငဲ့စောင်းကြည့်လိုက်ကာ လက်ယာဘက်သို့ ရွှေ့လိုက်သည်။ အစွန်းဘက်ရောက်လွန်းသဖြင့် ခုံရှည်လေးမှာ ထောင်သွားလေရာ ကပျာကယာ ပြန်ရွှေ့လိုက်မှ တည်ငြိမ်သွား၏။ ခုံရှည်လေးသာ တည်ငြိမ်သွားသည်။ သူ၏ ရင်ထဲက ခံစားမှုကတော့ မတည်ငြိမ်ပါချေ။ အိမ်ကြီးဆီသို့ လှမ်း၍ မျှော်၍ ကြည့်နေ၏။

ထိုအခိုက်တွင် ကြမ္မာဒေဝီသည် ပါဆယ်ထုပ်တစ်ထုပ်ကို ပို့လိုက်တော့သည်။

ခြံဝတွင် တင့်ဝေဆိုးသည် ရောက်ရှိလာလေ၏။ သူကား ဤအိမ်ကြီးကို တံခါးမရှိဓားမရှိ ဝင်ထွက်ခွင့်ရသူပီပီ ခပ်တည်တည်နှင့် ခပ်တင်းတင်းပင် ဝင်ရောက်ခဲ့၏။

သူမရောက်သည်မှာ တော်တော်လေးကြာသွားခဲ့ပြီ။ သူမရောက်ခင်အတွင်း ဤအိမ်ကြီးတွင် ဘာအရေးအခင်းတွေ ဖြစ်နေသည်ကို သူမသိချေ။ ဤအိမ်ကြီးသည် သူ့အတွက် ယခင်ကကဲ့သို့



ပင် ကြိုဆိုလက်ခံရာ ဒေသကြီးပင်ဖြစ်နေလိမ့်ဦးမည်ဟု သူတင်စားထား၏။

သို့ တင်စားထားသည့် အလျောက်ပင် တင့်ဝေဆိုး(အုန်းကြိုင်၏စကားအရ)သည် ရင်ကိုကော့၍ ခပ်တင်းတင်းပင် အဝင်လမ်းကလေးမှ ဝင်လာ၏။ သူ့မျက်လုံးများသည် ခြံထဲ ဟိုဟိုသည်သည်ကို ကစားလိုက်သောအခါတွင် ခုံရှည်လေးတွင်ထိုင်နေသော တင့်ဝေကောင်းကို အနောက်ဘက် ခပ်စောင်းစောင်းက မြင်မိလိုက်ရာတွင် ခြေလှမ်းကို စုံရပ်လိုက်မိတော့သည်။

ဤသူသည် ဤအိမ်သားထဲမှ မဟုတ်။ သူသေချာပါသည်။ သူစိမ်းသက်သက်သာ ဖြစ်သည်။ ဤ သူစိမ်းသည် ခုံရှည်လေးပေါ်တွင် ခပ်တည်တည်ထိုင်၍ နေ၏။

တင့်ဝေဆိုးသည် မူလအာရုံထဲက ခရီးစဉ်ကို ပယ်ဖျက်ကာ အဝင်လမ်းကလေးမှ သွေဖည်ထွက်ခဲ့ပြီး တင့်ဝေကောင်းဘက်သို့ ဦးတည်လျှောက်ခဲ့၏။

တင့်ဝေကောင်းက မျက်မှောင်ကြုတ်ထားရာမှ တောက်တစ်ချက်ကို ကျယ်လောင်စွာခေါက်လိုက်သည်။ ရုတ်တရက် အနားသို့ရောက်လာသော တင့်ဝေဆိုးမှာ တောက်ခေါက်သံကြောင့် လန့်သွားပြီး ဖက်ပုသွား၏။ ပြီးမှ ရင်ကိုကော့ကာ အသံပြုလိုက်သည်။

'ဟော့လူ ဒီမှာ'

တင့်ဝေကောင်းသည် ချာခနဲ လှည့်ကြည့်လိုက်၏။ မျက်နှာကား စိတ်တိုသဖြင့် ပုပ်သိုးသိုးဖြစ်နေသည်။

'အဲဒီမှာ ဘာဖြစ်သလဲ'

'ဒီမှာ ဘာမှမဖြစ်ဘူး'

'ဒါဖြင့်လည်း ပြီးတာပေါ့ဗျာ'

တင့်ဝေကောင်းသည် သူနှင့် အလုပ်ကိစ္စမရှိတော့သလို ပြန်လှည့်သွားလေ၏။ ဤသည်ကို တင့်ဝေဆိုးက မနှိုင်ချေ

www.burmeseclassic.com

www.burmeseclassic.com



'အမေကရော'

'အမေကတော့ အဖေနဲ့ လင်မယားတော်တာပေါ့'

'မဟုတ်ပါဘူး။ ခင်ဗျားအမေရဲ့ နာမည်ကိုမေးတာ'

'ကျွန်တော့်အမေက ဒေါ်ခက်'

'ဗျာ'

'ဒေါ်ခက် . . . ဒေါ် . . . ခက်၊ ဒေါ်ခက် . . . ကြားပလား'

တင့်ဝေဆိုးသည် မျက်ဖြူဆိုက်သွားမတတ် ဖြစ်ရလေတော့သည်။

'ဘုရား . . . ဘုရား'

'ဘာလဲဗျ။ ဒေါ်ခက်ဆိုမှ ဘုရားဖြစ်နိုင်ပါ့မလား။ ဖြစ်ခြင်းဖြစ်ရင် မယ်သီလရှင်သာ ဖြစ်တော့မပေါ့'

တင့်ဝေဆိုးသည် ခေါင်းကို ခပ်သွက်သွက်ခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူးဗျာ၊ လုံးဝကို မဖြစ်နိုင်ဘူး'

'ဟောဗျာ . . . ကာယကံရှင်က ဒီလိုပါဆိုတာကို ခင်ဗျားက ဘာလာငြင်းနေရတာလဲ'

'ခင်ဗျားရဲ့ မိဘနာမည်ဟာ ဒါတွေ မဖြစ်နိုင်ဘူး'

'သေသေချာချာ ပြောရရင်တော့ ကျွန်တော့်မိဘတွေဟာ ဒီနာမည်တွေ မဟုတ်ပါဘူးလေ'

'အဲ . . . ဒီလို ဖြစ်ရမှာပေါ့။ အခု ဘာဖြစ်လို့ ဒီနာမည်တွေ ဖြစ်နေတာလဲ'

'ပြောင်းထားလို့ပေါ့ဗျ'

'ဘယ်သူကပြောင်းတာလဲ'

'ကျွန်တော်က ပြောင်းလိုက်တာ'

'ဟင် . . . မိဘနာမည်တွေကို သားကပြောင်းတယ်၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဘာဖြစ်သလဲ။ ဒီလို မပြောင်းရဘူးလို့



ဥပဒေရှိသလား'

'ဥပဒေရှိရှိ၊ မရှိရှိ ခင်ဗျားက ဘာဖြစ်လို့ပြောင်းရတာလဲ'

'ဒါက ကျုပ်ကိစ္စနဲ့ကျုပ်ပါ၊ ခင်ဗျားက ကျုပ်ကိစ္စမှာ ဘာမှ ဝင်စွက်ဖက်စရာမရှိပါဘူး'

'ခင်ဗျား ကျုပ်ကိုမေးတာ ကောင်းကောင်းဖြေနော်။ ခင်ဗျားကိုမြင်ကတည်းက ကျုပ်စိတ်တွေတိုလာတာ'

'အောင်မယ်၊ ကျုပ်ကတော့ ခင်ဗျားကို မမြင်ခင်ကတည်းက စိတ်တွေတိုနေတာဗျ'

တင့်ဝေဆိုးသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်၏။ တင့်ဝေကောင်းသည်လည်း မတ်တတ်ရပ်ကာ လက်သီးဆုပ်၍ ရင်ဆိုင်လိုက်၏။

တင့်ဝေဆိုးသည် လက်သီးဆုပ်ထားရာက စိတ်ကူးပြောင်း၍ ခြေနှင့် ပိတ်ကန်လိုက်သည်။ တစ်ချိန်တည်းတွင်ပင် တင့်ဝေကောင်းက ခြေနှစ်ဖက်ယှဉ်ရပ်နေရာက ခြေတစ်ဖက်ကိုနောက်ဆုတ်၍ လက်သီးနှင့် မျက်ခွက်ကိုလှမ်းထိုးလိုက်၏။

တင့်ဝေဆိုး၏ ခြေထောက်သည် ခုံတန်းရှည်လေးကို ကန်မိရာ ညို့သကျည်းနာသွားသဖြင့် အလယ်လယ် ဟု အော်ကာ ခါးကိုင်းသွား၏။ ထိုအချိန်တွင် တင့်ဝေကောင်း၏ လက်သီးမှာ လေကိုထိုးမိသဖြင့် အရှိန်လွန်ကာ သူ၏ဗိုက်ဖြင့် တင့်ဝေဆိုး၏ ငုံ့လိုက်သောဦးခေါင်းကို ဝင်ဆောင့်မိလေတော့ရာ 'အင့်' ခနဲမြည်သွားပြီး နှစ်ယောက်စလုံး မြေကြီးပေါ်သို့ ဖင်ထိုင်လျက်လဲကျသွားလေတော့သည်။

ဤအချိန်တွင် ဦးလှစိုး ရောက်လာလေ၏။ သူတို့၏အဖြစ်ကို မြင်သောအခါ ပါးစပ်တွင်ကိုက်ထားသော ဆေးတံကိုချွတ်၍ တံတွေးများကိုခါလိုက်၏။

'ဖြစ်မှဖြစ်ရလေကွာ၊ ခုံရှည်ကလေးရှိပါလျက်နဲ့ မြေကြီးပေါ်ကျကျနန ထိုင်နေလိုက်ကြတာ ကော်ဇောခင်းပေးထားတာကျ

www.burmeseclassic.com



နေတာပဲ'

ဦးလှစိုးတို့မိသားစုကိုကြွားရင်းခြောက်နှစ်ယောက်စလုံးက အားကြီးကြည့်လိုက်ကြပြီး ပျော်ပျော်သာသာရယ်မောကြသည်ကို ခါရင်း ရယ်မိကြ၏။

ဖွဲ့တင့်ဝေ

'ဗျာ'

နှစ်ယောက်စလုံး ပြိုင်တူထူးလိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် မျက်စောင်းထိုးလိုက်ကြသည်။

မျက်နှာပွားကြီးဦးသာဘွင်းနှင့် ဦးဘာဗင်+ဒေါ်ခက် ရှိအား တင့်ဝေကို ခေါ်တာ'

'ဟုတ်ကဲ့'

နှစ်ယောက်စလုံး ပြိုင်တူပြောပြီး တစ်ယောက်ကိုတစ်ယောက်လှည့်၍ ပြုံးကြည့်ကြပြန်လေ၏။

'အော် ... အေး ငါမှားတယ်။ မင်းတို့ဟာ နှစ်ယောက်စလုံး တင့်ဝေချည်းပဲ။ ပြီးတော့ နှစ်ယောက်စလုံးဟာ ဦးဘာဗင်+ဒေါ်ခက်ရဲ့သားတွေချည်းပဲ၊ ငါ့ရှက်တာ မှန်ပါတယ်နော်။ ဖိတ်စာထဲက ကျက်ထားတာပဲ။ ဒါထက် ငါခေါ်တာက ဒီတင့်ဝေကိုခေါ်တာ'

ဦးလှစိုးသည် ထင်ဝေကောင်းကို ခေါင်းတစ်ဖက်ဖြင့် ညွှန်ပြလိုက်၏။

'မောင်တင့်ဝေ ... ငါနဲ့လိုက်ခဲ့၊ အိမ်ထဲကိုသွားမယ်'

ဦးလှစိုးသည် ချာခနဲ လှည့်ထွက်သွားလေရာ တင့်ဝေကောင်းက 'ကိုင်း ဘယ့်နှယ့်ရှိစ' ဟူသော အကြည့်မျိုးဖြင့် တင့်ဝေဆိုးကိုကြည့်ကာ ဦးလှစိုး၏နောက်က အောင်မြင်သောခြေလှမ်းများဖြင့် လိုက်ပါသွားလေ၏။

တင့်ဝေဆိုးသည် အားမျှနားမလည်သည့်ပုံစံမျိုးနှင့် ငေးမောကြည့်နေရာက ချာခနဲ နောက်သို့လှည့်ကာ ခုံရှည်ကို ဒေါသဖြင့် ဖိတ်၍ ဖိတ်၍ ကန်နေလေသည်။



ခေါင်းပေါ်မှာ 'အသဲမြစ်ရှာတာတဲ့' ... မြင်ကွင်းတောင်ဝေဝါးသွားပြီးနောက်သို့ ပြန်ရောက်လိုက်ရာ အမှတ်ခွ တည်တည်နှင့်ကြည့်နေသော မြင့်မြင့်စိုးကို မြင်ရလေ၏။ ထွင်ထွေးဆိုအကြံမျက်နှာမှာ ချက်ချင်းပြုံးဖြိုးရွှင်ရွှင် ဖြစ်သွားရလေတော့သည်။

မြင့်မြင့်ရဲ့ အသံသာကြီးက ... ဒီယင်ကျကောင့်မှန်းမသိတဲ့ကောင်ကို မျက်နှာသာပေးနေလို့ပါ'

'အဲဒါ မြင့်နဲ့ လက်ထပ်မယ့် အဆိုးသားရှင်'

'ဗျာ'

'အော် ... ကိုတင့်ဝေက မိန်းမရမှ နားကန်းသွားသကိုး'

'ဒီမှာ ... မြင့်မြင့်၊ ဘာတွေလျှောက်ပြောနေတာလဲ။ ရှုံးအူလုပ်က အခရေးကြီးလို့ ကိုယ်နယ်ထွက်သွားရတယ်၊ ခုမှ ပြန်ရောက်လာလို့ ပြန်ရောက်ရောက်ခြင်း မြင့်မြင့်တို့ဆီကို ပြေးလာခဲ့တာ'

မြင့်မြင့်စိုးသည် လက်ထဲတွင်ကိုင်လာသော ချိုအေးရည်သောက်သည့်အခါ စုပ်သည့်ပြွန်လေးကို လက်ချောင်းများနှင့် လိမ်ကာချိုးရင်းက မအောင့်နိုင်သည့်အလား ဆတ်ခနဲ ကိုယ်လေး ချိုးသွားအောင်ပင် ရယ်လိုက်သည်။

'ယုံမယ်၊ ယုံမယ်၊ အားကြီးယုံမယ်။ မြင့်မြင့်ကိုယ်တိုင် ရှင့်တည်းအိမ်ကို ရောက်ခဲ့ပြီးပြီ။ ရှင့်ရှော့ စိန်စိန့်ရှာရေးခဲ့တဲ့စာတွေ ဖတ်ခဲ့ရပြီးပြီရှင့်။ ဒီတော့ ဘာမှ လာမနေနဲ့ ပြောကောင်းမနေပါနဲ့။ မြင့်မြင့်ဟာ ခုနက ကိုတင့်ဝေနဲ့ လက်ထပ်တော့မှာ။ ဒီတော့ ဒီကိုလှည့်ပြန်ရင်း ကောင်းလိမ့်မယ်။ ရှင့်မျက်နှာကြည့်ရတာ မီးလောင်ထားတဲ့ မြောက်မသော်ရိုင် ကျက်သရေမရှိဘူးရှင့်'

မြင့်မြင့်စိုးသည် လက်ထဲက စုပ်သောက်တံကို ဆတ်ခနဲ ထွင်ပစ်လိုက်ကာ ခြေဆောင့်၍ ထွက်သွားလေ၏။ တင့်ဝေဆိုးသည် အံကိုကြိတ်ရင်းက နောက်မှ မျှော်ကြည့်နေသည်။ သို့သော် သူ ဘာတစ်ခွန်းမျှ မပြောနိုင်ပါချေ။ သူ၏ အလိမ်တွေသည် ပေါ်ထွက်ခဲ့လေပြီ။ သို့ဖြစ်သော်ကြောင့် သူ့အတွက် အကောင်းဆုံးသည်မှာ

www.burmeseclassic.com



သော တစ်ရုတည်းလည်းဖြစ်သော နည်းလမ်းကို ပြုလုပ်ရလေတော့သည်။ ထိုနည်းလမ်းကား ဝင်းတံခါးပေါက်ကို ဖြတ်၍ လမ်းပေါ်သို့ ပြန်လည်ထွက်ခွါသွားခြင်းပင် ဖြစ်လေ၏။

တင့်ဝေကောင်းသည် ဘီလပ်ရည်ကို စုပ်တံနှင့်စုပ်သောက်နေရင်းက ပါးစပ်ကိုခွာလိုက်ကာ ပြုံးရယ်လိုက်လေသည်။

'ဟာ လာမှာပေါ့ခင်ဗျား။ ကျွန်တော် ဒီကို မကြာခဏ ဝင်ထွက်နေပါ့မယ် စိတ်ချပါ'

ဦးလှစိုးက ဆေးတံကို မီးညှိပြီး စကားဆက်ပြောပြန်၏။

'အေးပေါ့ကွ၊ ဒါမှလည်း အများအမြင်မှာ မင်းကို သတို့သားအစစ်လို့ထင်ကြမှာပေါ့။ အထူးသဖြင့် တို့ဆွေမျိုးတွေက ဖိတ်စာဝေလိုက်ပြီးရင် ဝင်ထွက်လာကြတော့မှာကွ။ ဒီတော့ သူတို့အမြင်မှာ မင်းနဲ့ ရင်းရင်းနှီးနှီး ဖြစ်နေတာကို မြင်စေချင်တယ်။ အဲ အတော်ပဲ'

'ဗျာ ရင်းနှီးတာနဲ့ ဘာနဲ့ တော်တာလဲခင်ဗျ'

'အို မင်းကို ပြောတာမဟုတ်ဘူး၊ သမီးကိုပြောတာပါ'

ဤတွင်မှ တင့်ဝေမှာ နောက်သို့လှည့်ကြည့်လိုက်ရာ ပြုံးပြုံးကလေးဝင်လာသော မြင့်မြင့်စိုးကို တွေ့ရသဖြင့် လွန်စွာ ဝမ်းမြောက်သွားမိလေတော့သည်။

မြင့်မြင့်စိုးသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်းက စကားပြောလိုက်၏။

'ဖေဖေ သမီးတော့ ဟို တင့်ဝေကို ပြောချလိုက်ပြီ'

ဦးလှစိုးကမူ တင့်ဝေဆိုးကို လုံးဝစိတ်ကူးထဲ မထည့်တော့ချေ။

'အေးပါ၊ ဒီကောင့်ကို မေ့ပစ်လိုက်တော့။ သူတို့နှစ်ယောက် ခြံထဲမှာတွေ့တော့ ငါက သူ့ကိုရှေးခေါ်လာတာပဲဟာ။ ကဲ ဒါတွေထားပါတော့။ အခု ဖေဖေပြောနေတာက ဒီမောင်တင့်ဝေဟာ ဒီအိမ်ကို ဝင်ထွက်နေရမယ်၊ ဆွေမျိုးတွေရှေ့မှာဆိုရင်



အထူးသဖြင့် သမီးနဲ့သူနဲ့ ရင်းရင်းနှီးနှီးနေရမယ်။ ဖေဖေလိုချင်တာက လူကြီးတွေ အတင်းပေးစားတာမျိုးမဟုတ်ဘဲ သမီးတို့ချင်းကလည်း သဘောမျှပြီးသား အဖြစ်မျိုးကို ဆွေမျိုးတွေမျက်စိမှာ မြင်စေချင်တယ်'

'ဘာဖြစ်လို့လဲ ဖေဖေရဲ့'

'အော် ... မင်္ဂလာဆောင်ပြီး ကွဲကြရမယ့်ကိစ္စပဲ။ ဒီတော့ သူတို့ချင်းကွဲတာ လူကြီးတွေမပါချင်လို့ပေါ့၊ လူငယ်ချင်းချင်း လူငယ်ချင်းကွဲတဲ့ပုံမျိုး ဖြစ်စေချင်တယ်'

မြင့်မြင့်စိုးကား အရုပ်ပါပေ။ သူ့မိဘ စီမံသမျှ သူသည် အားလုံးကို ကျေကျေနပ်နပ်ကြီး လက်ခံသည်ချည်း ဖြစ်၏။

'စိတ်ချပါ ဖေဖေ။ သမီးကလည်း ရင်းရင်းနှီးနှီးပုံမျိုး နေပါ့မယ်'

တင့်ဝေသည် မြင့်မြင့်စိုး၏ လိမ္မာမှုကို ဝမ်းတွင်းက ကျိတ်၍ချီးကျူးမိ၏။ ချစ်ရသူမို့လည်း တန်ဖိုးပို၍ ထားမိသည်။

'မောင်တင့်ဝေကလည်း မှတ်ထားနော်၊ ဦးတို့ ဆွေမျိုးတွေ ဝင်တာထွက်တာနဲ့များ ကြုံရင် သမီးနဲ့ ရင်းရင်းနှီးနှီးနေပြပါ။ ကျွန်တော်တွေ ခင်ဗျားတွေ လုပ်မနေနဲ့'

'ဟုတ်ကဲ့ ဖေဖေ'

တင့်ဝေ စကားမှားသွားသည့်အတွက် မြင့်မြင့်စိုးက ခစ်ခနဲ ရယ်လိုက်၏။ တင့်ဝေမှာ သူ့စကားကိုသူ ပြန်ဖာရလေသည်။

'ရင်းရင်းနှီးနှီး သဘောကိုပြတာပါ'

'အေး ... ကောင်းတယ်၊ ဒါပေမယ့် ဘယ်ဆွေမျိုးတစ်ယောက်တလေမှ မရှိသေးဘူး။ ဒီတော့ မရင်းနှီးနဲ့ဦးလေ'

'ဟုတ်ကဲ့ ကျွန်တော် ကျင့်ကြည့်တာပါ'

ထိုခဏ၌ ကိုသာကျော်သည် စာရွက်ထုပ်ကြီးတစ်ခု ကိုင်၍ ဝင်ရောက်လာလေသည်။ အားလုံးသည် သူ့ကို ပြုံးတုံ့ပြီတဲ ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်စိန်သည် သာယာညင်းပြောင်းသော လေသံဖြင့် လင်တော်မောင်ကို ချော့မော့၍ ပြောလိုက်သည့်တိုင်အောင် တင့်ဝေဆိုးကား မျက်ငြိုးမပြေသေးချေ။ အခုလေးတွင်မှ ပူပူနွေးနွေး လိပ်စာရေးထားလိုက်သည့် စာအိတ်လေးကို ပြန်ကြည့်လိုက်သည်။

'ကိုယ်မကျေနပ်နိုင်ဘူး စိန်ရာ၊ ဒီတော့ သူတို့မျက်နှာကို အိုးမဲသုတ်ရမှ ဖြစ်မယ်။ ဒီမင်္ဂလာဆောင်ကို ဖြစ်တဲ့နည်းနဲ့နှောင့်ယှက်ရမယ်လေ'

စိန်စိန်သည် သူ့ခင်ပွန်းသည်က အပြစ်မကင်းတာတွေ လျှောက်လုပ်မည်ကို စိုးရိမ်မိသဖြင့် မျက်လုံးကလေးများဝိုင်းစွာနှင့် မော့ကြည့်မိတော့သည်။

'အို မောင် ဘာတွေလုပ်မလို့လဲ ဟင်။ ရာဇဝတ်ပြစ်မှုမကင်းတာတွေကို မလုပ်နဲ့နော်'

တင့်ဝေဆိုးသည် စိန်စိန်၏ စကားကို ကြားရသောအခါ ရယ်လိုက်မိ၏။

သူ၏ရယ်သံတွင် သဘောအမျိုးမျိုးပါဝင်နေ၏။

သူ့ဇနီးသည်ကို စိုးရိမ်မကင်းရန်ကော ဟူ၍ ဆိုလိုသည့် သဘောလည်း ပါဝင်သည်။ သူတို့ ငါ့ကို တစ်ပတ်လှည့်လို့ ဘယ်ရမလဲဟူသည့် သဘောလည်းပါ၏။ ငါ့အကြံ တော်တော်ကောင်းတယ်။ ငါ တယ်ဟုတ်တဲ့ကောင်ပါလား ဟူသည့် သဘောလည်းပါသည်။ ဤသို့သော သဘောမျိုးစုံပါဝင်သည့် ရယ်သံဖြင့် ရယ်မောလိုက်ခြင်းဖြစ်ပေသည်။

'ဟဲ ဟဲ ဟဲ မင်းကလည်း ပူရန်ကောကွာ၊ ငါ ဒီလောက်ဉာဏ်တုံးပါ့မလားကွ၊ ဟား ဟား ဟား'

စိန်စိန်ကတော့ ခုထက်ထိ သဘောမပေါက်သေးသဖြင့် သူ့မျက်နှာပြင်ကလေးပေါ်တွင် စိုးရိမ်မှု အရိပ်အယောင်သည် လုံးဝ ကင်းစင်သွားခြင်း မရှိချေ။

'မောင် ဘာလုပ်မှာလဲဟင်'



'ဘာလုပ်မလဲဆိုတော့ ဒီဖိတ်စာကို ဖေဖေ့ဆီပို့လိုက်မယ်။ ဖေဖေက သူ့ကို ဘာမပြောညာမပြောနဲ့ ငါ မင်္ဂလာဆောင်မှာကို သိရင် ဒေါသအကြီးအကျယ်ထွက်မယ်။ ဖေဖေက လူကြောင့်စိတ်တိုကြီးကွ။ ဒေါသထွက်မိပြီဆိုရင်လည်း တော်တော်အန္တရာယ်ပေးတတ်တယ်။ ဒေါသမထွက်ရင်လည်း သိပ်မျှတတဲ့ လူမျိုးပဲ'

'မောင် အဲဒီတော့ မောင့်ဖေဖေက ဘာလုပ်မလဲ'

'သူ ဘာလုပ်မလဲဆိုတာတော့ ငါလည်း ဘယ်ပြောတတ်ပါ့မလဲ။ မုချ သူဟာ တစ်ခုခုတော့လုပ်မှာပဲ။ သူသဘောမတူတဲ့ သူ့သားမင်္ဂလာဆောင်တာကို ငြိမ်ခံနေမှာ မဟုတ်တာတော့ သေချာတယ်။ ဒါတင်မကဘူး ဖေဖေ တစ်ခုခုလုပ်ရင်လည်း ဒီမင်္ဂလာပွဲဟာ ကသိကအောက်နဲ့ အနှောင့်အယှက်တွေ့ရမှာလည်း သေချာတယ်။ ဟား ဟား ဟား'

တင့်ဝေဆိုးသည် သူ့အကြံကို သူသဘောကျဟန်နှင့် ပြောပြောဆိုဆိုပင် တစ်ယောက်တည်း ရယ်လိုက်ပြန်လေ၏။ စိန်စိန်ကမူ ကျေနပ်သဘောတူဟန် မပြချေ။

'မောင်'

တင့်ဝေဆိုးသည် ရယ်မောခြင်းကိုရပ်၍ ဇနီးသည်ကို ကြည့်လိုက်၏။

'စိန်တော့ ဒါကို လုံးဝသဘောမတူချင်ဘူး။ မစားရတဲ့အမဲကို သဲနဲ့ပက်တာလည်း မကောင်းပါဘူး။ နောက်ပြီး အဖေနဲ့ရန်တိုက်ပေးတာလည်း သားကောင်း မပီသပါဘူးမောင်ရယ်'

'ဘာဆိုင်လဲကွ၊ အခြေအနေက တောင်းဆိုလာရင် ဘာတတ်နိုင်မှာလဲ။ ကိုယ်မချီ အမိသော်လည်း သားတော်ခဲ ...တဲ့။ ဒီတော့ သားမှာ မချီတော့လည်း အဖေက ဝင်နှောင့်ယှက်ပေးရမှာပေါ့။ ဒါဟာ သဘာဝကျပါတယ်'

စိန်စိန်က ဤအကြိမ်တွင်မူ ဘာမျှ ပြန်မပြောနိုင်တော့ချေ။ လင်သားကိုသာ တွေတွေကလေး ငေးမောကြည့်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်စိန်သည် သာယာညင်းပြောင်းသော လေသံဖြင့် လင်တော်မောင်ကို ချော့မော့၍ ပြောလိုက်သည့်တိုင်အောင် တင့်ဝေဆိုးကား မျက်ငြိုးမပြေသေးချေ။ အခုလေးတွင်မှ ပူပူနွေးနွေး လိပ်စာရေးထားလိုက်သည့် စာအိတ်လေးကို ပြန်ကြည့်လိုက်သည်။

'ကိုယ်မကျေနပ်နိုင်ဘူး စိန်ရာ၊ ဒီတော့ သူတို့မျက်နှာကို အိုးမဲသုတ်ရမှ ဖြစ်မယ်။ ဒီမင်္ဂလာဆောင်ကို ဖြစ်တဲ့နည်းနဲ့နှောင့်ယှက်ရမယ်လေ'

စိန်စိန်သည် သူ့ခင်ပွန်းသည်က အပြစ်မကင်းတာတွေ လျှောက်လုပ်မည်ကို စိုးရိမ်မိသဖြင့် မျက်လုံးကလေးများဝိုင်းစွာနှင့် မော့ကြည့်မိတော့သည်။

'အို မောင် ဘာတွေလုပ်မလို့လဲ ဟင်။ ရာဇဝတ်ပြစ်မှုမကင်းတာတွေကို မလုပ်နဲ့နော်'

တင့်ဝေဆိုးသည် စိန်စိန့်၏ စကားကို ကြားရသောအခါ ရယ်လိုက်မိ၏။

သူ၏ရယ်သံတွင် သဘောအမျိုးမျိုးပါဝင်နေ၏။

သူ့ဇနီးသည်ကို စိုးရိမ်မကင်းရန်ကော ဟူ၍ ဆိုလိုသည့် သဘောလည်း ပါဝင်သည်။ သူတို့ ငါ့ကို တစ်ပတ်လှည့်လို့ ဘယ်ရမလဲဟူသည့် သဘောလည်းပါ၏။ ငါ့အကြံ တော်တော်ကောင်းတယ်။ ငါ တယ်ဟုတ်တဲ့ကောင်ပါလား ဟူသည့် သဘောလည်း ပါသည်။ ဤသို့သော သဘောမျိုးစုံပါဝင်သည့် ရယ်သံဖြင့် ရယ်မောလိုက်ခြင်းဖြစ်ပေသည်။

'ဟဲ ဟဲ ဟဲ မင်းကလည်း ပူရန်ကောကွာ၊ ငါ ဒီလောက် ဉာဏ်တုံးပါ့မလားကွ၊ ဟား ဟား ဟား'

စိန်စိန်ကတော့ ခုထက်ထိ သဘောမပေါက်သေးသဖြင့် သူ့မျက်နှာပြင်ကလေးပေါ်တွင် စိုးရိမ်မှု အရိပ်အယောင်သည် လုံးဝ ကင်းစင်သွားခြင်း မရှိချေ။

'မောင် ဘာလုပ်မှာလဲဟင်'



'ဘာလုပ်မလဲဆိုတော့ ဒီဖိတ်စာကို ဖေဖေ့ဆီပို့လိုက်မယ်။ ဖေဖေက သူ့ကို ဘာမပြောညာမပြောနဲ့ ငါ မင်္ဂလာဆောင်မှာကို သိရင် ဒေါသအကြီးအကျယ်ထွက်မယ်။ ဖေဖေက လူဖြောင့်စိတ်တိုကြီးကွ။ ဒေါသထွက်မိပြီဆိုရင်လည်း တော်တော်အန္တရာယ်ပေးတတ်တယ်။ ဒေါသမထွက်ရင်လည်း သိပ်မျှတတဲ့ လူမျိုးပဲ'

'မောင် အဲဒီတော့ မောင့်ဖေဖေက ဘာလုပ်မလဲ'

'သူ ဘာလုပ်မလဲဆိုတာတော့ ငါလည်း ဘယ်ပြောတတ်ပါ့မလဲ။ မုချ သူဟာ တစ်ခုခုတော့လုပ်မှာပဲ။ သူ့သဘောမတူတဲ့ သူ့သားမင်္ဂလာဆောင်တာကို ငြိမ်ခံနေမှာ မဟုတ်တာတော့ သေချာတယ်။ ဒါတင်မကဘူး ဖေဖေ တစ်ခုခုလုပ်ရင်လည်း ဒီမင်္ဂလာပွဲဟာ ကသိကအောက်နဲ့ အနှောင့်အယှက်တွေ့ရမှာလည်း သေချာတယ်။ ဟား ဟား ဟား'

တင့်ဝေဆိုးသည် သူ့အကြံကို သူသဘောကျဟန်နှင့် ပြောပြောဆိုဆိုပင် တစ်ယောက်တည်း ရယ်လိုက်ပြန်လေ၏။ စိန်စိန်ကမူ ကျေနပ်သဘောတူဟန် မပြချေ။

'မောင်'

တင့်ဝေဆိုးသည် ရယ်မောခြင်းကိုရပ်၍ ဇနီးသည်ကို ကြည့်လိုက်၏။

'စိန်တော့ ဒါကို လုံးဝသဘောမတူချင်ဘူး။ မစားရတဲ့အမဲကို သဲနဲ့ပက်တာလည်း မကောင်းပါဘူး။ နောက်ပြီး အဖေနဲ့ ရန်တိုက်ပေးတာလည်း သားကောင်း မပီသပါဘူးမောင်ရယ်'

'ဘာဆိုင်လဲကွ၊ အခြေအနေက တောင်းဆိုလာရင် ဘာတတ်နိုင်မှာလဲ။ ကိုယ်မချီ အမိသော်လည်း သားတော်ခဲ ...တဲ့။ ဒီတော့ သားမှာ မချိတော့လည်း အဖေက ဝင်နှောင့်ယှက်ပေးရမှာပေါ့။ ဒါဟာ သဘာဝကျပါတယ်'

စိန်စိန်က ဤအကြိမ်တွင်မူ ဘာမျှ ပြန်မပြောနိုင်တော့ချေ။ လင်သားကိုသာ တွေတွေကလေး ငေးမောကြည့်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တင့်ဝေဆိုးကသာ ဆက်၍ ပြောလိုက်၏။

'ဘာပဲဖြစ်ဖြစ်ကွာ။ ဒီအကြံတော့ ဖြစ်အောင် လုပ်ရမယ် အို ကြာပါတယ်။ အခုပဲ ဒီဖိတ်စာကို စာတိုက်ပုံးထဲ သွားထည့် လိုက်တော့မယ်'

တင့်ဝေဆိုးသည် ထိုင်ရာမှ ရုတ်တရက်ထ၍ ပိတ်ထား သောစာအိတ်ကို ကောက်ယူလိုက်ပြီးလျှင် လျင်မြန်စွာထွက်သွား လေတော့သည်။

* * *

'ကျွန်တော်နဲ့ ကြည့်လို့ ကောင်းပါတယ်နော်'

တင့်ဝေကောင်းသည် ခေါင်းပေါ်ကို ဦးခေါင်းပေါ်သို့ တ လိုက်ပြီးလျှင် မှန်ကို ကြည့်နေရာမှ ဦးလှစိုးဘက်သို့ လှည့် မေးလိုက်လေသည်။

'ကောင်းပါတယ်ကွာ'

ဦးလှစိုးက ပြုံးပြုံးကြီး ပြန်ဖြေလိုက်၏။

သူတို့သည် သတို့သားအဝတ်အစားများကို ဝတ်ဆ ကြည့်နေကြခြင်းဖြစ်သည်။ အပေါ်ဖုံးအကျီ ပိုးလုံချည်နှင့် တင့် မှာ ရှိုးအပြည့်နှင့် ဖြစ်နေ၏။ သူ၏ နည်းတူပင် မြင့်မြင့်စိုးသ လည်း ဆုံထုံးမှလွဲ၍ သတို့သမီးပုံစံမျိုးနှင့် ဖြစ်ပေရာ၊ တော တောက်ပြောင်ပြောင်နှင့် အတော်ပင်ကြည့်၍ ကောင်းပေသည်

'ကဲ ... ဒီမှာ ခဏထိုင်ကြည့်စမ်းကွာ'

ကုလားထိုင်နှစ်လုံး ယှဉ်ချထားသောနေရာသို့ ညွှန်ပြ



ဦးလှစိုးက ပြောလိုက်၏။ နှစ်ယောက်သားသည် ဓာတ်ပိုက်ထား ဘိသည့်အလား ပြိုင်တူပင်သွား၍ ဝင်ထိုင်လိုက်ကြလေသည်။

ဦးလှစိုးသည် သတို့သားလောင်းနှင့် သတို့သမီးလောင်း တို့ ရှေ့တိုးကြည့်လိုက်၊ နောက်ဆုတ်ကြည့်လိုက်နှင့် ကြည့်ပြီး ကျေနပ်သဘောကျသွားဟန်နှင့် ထပ်မံ၍ ပြုံးလိုက်ပြန်လေ၏။

'တော်တော် ကြည့်လို့ကောင်းတယ်'

သူတို့တွေ ဝတ်စားဆင်ယင် လေ့ကျင့်နေကြသည်မှာ ဦးလှစိုးတို့ လင်မယားအိပ်ခန်းထဲတွင် ဖြစ်သည်။

ထိုအခိုက်တွင် ဧည့်ခန်းသို့ ဧည့်သည်လင်မယားနှစ် ယောက် ရောက်လာကြလေ၏။ ထိုသူတို့ကား ဒေါ်မြမြ၏ မောင် ဝမ်းကွဲတော်သူ ဦးအုန်းမွှင့်နှင့် ဒေါ်လှလှတို့ပင်တည်း။ အဆင်သင့် ဝင် ဒေါ်မြမြနှင့်တွေ့၍ ဧည့်ခန်းတွင် ဝင်ထိုင်မိကြ၏။ ဒေါ်မြမြ ကား ဝက်သားပေါက်စီ၊ ရှောက်ရည်၊ လက်ဖက်ရည်များနှင့် ဧည့် ခံလေသည်။

'ကဲ စားကြပါဦး။ ဒါထက် မောင်အုန်းမွှင့်က မင့်တူမအ တွက် ဘယ်လောက် လက်ဖွဲ့မှာလဲ'

ဦးအုန်းမွှင့်က ပြုံးလိုက်သည်။ ဒေါ်လှလှက ဦးအုန်းမွှင့် ကို မသိမသာ လှမ်းကြည့်၏။

'ဟာ တူမပဲဟာ၊ ကျွန်တော်က ဘယ်နေလိမ့်မလဲ'

ဦးအုန်းမွှင့်က စကားကို မတင်မကျနှင့် ရပ်ထားလိုက်စဉ် ဒေါ်လှလှက ဝင်ပြော၏။

'လှလှတို့လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး ဖြစ်နေ တယ်။ တကယ်ဆို တော်တော်ကလေး ပါဝင်ကူညီဖို့ကောင်းတာ ပေါ့ ... ခုတော့'

ဦးအုန်းမွှင့်က ဒေါ်လှလှကို မျက်စောင်းတစ်ချက် ထိုး ကြည့်ရင်း ဝင်ပြောသည်။

'ရှိတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီတူမကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ချစ်တာပဲ။ တတ်အားသရွေ့တော့ ကူညီရမှာပဲလေ'

'အရင်တုန်းကဆိုရင် လှလှတို့ ဘယ်နေလိမ့်မလဲ၊ ခုတော့ မမတို့ သိတဲ့အတိုင်း စီးပွားရေးကလည်း သိပ်ပြီး အဆင်မပြေ'

'ဒါကတော့ အခြေအနေပဲလေ။ ဒါပေမယ့် ကျွန်တော်က တော့ မြင့်မြင့်အတွက်ဆိုရင် ဘယ်နေပါ့မလဲ။ စီးပွားရေးဘယ်လို ကျပ်ကျပ်'

'လှလှတို့ ဘယ်တော့ညည်းဖူးသလဲ မမရယ်၊ ခုတော့ ညည်းနေရပြီ။ အိမ်စရိတ်ဆိုတာကလည်း တက်လာ . . . ပြီးတော့'

'ဒီလို အသုံးစရိတ်တွေ များတဲ့အထဲကပဲ ကျွန်တော် လက်ဖွဲ့မှာပါ။ ကိုယ့်တူမလေး တစ်ယောက်တည်းပဲ ဥစ္စာ။ နည်း နည်းပါးပါး မဖြစ်စေရပါဘူး'

'ဟုတ်ကဲ့ အရင်တုန်းကဆိုရင် ဘယ်နည်းပါ့မလဲ၊ ခုတော့ ပြောရမှာ အားနာစရာတောင် ကောင်းနေပြီ'

'အားနာစရာပေမယ့် နည်းတော့မနည်းစေရပါဘူးလေ။ မမလည်း ကျွန်တော့်အကြောင်းသိသားပဲ၊ ဒီလိုကိစ္စမျိုးမှာ'

လင်မယားနှစ်ယောက် အချီအချ ပြောနေသမျှကို ဟို လှည့်ရ သည်လှည့်ရနှင့် ဦးခေါင်းမှာ စားပွဲတင်ပန်ကာဖြစ်နေရ သော ဒေါ်မြမြမှာ ဤတစ်ချီတွင် ဝင်ပြောရတော့သည်။

'ဘယ်လိုလဲ ဟဲ့၊ နင်တို့ လင်မယားနှစ်ယောက်ပြောနေ ကြတာ အကြာကြီး။ ပြီးတော့ ဘယ်လောက်လက်ဖွဲ့မယ် ဆိုတာ လည်း မပါပါလား'

ဤတွင် လင်မယားနှစ်ယောက်သည် ပြုံး၍ ပြိုင်တူ ဖြေ လိုက်၏။ သို့သော် ဒေါ်လှလှက အနည်းငယ် အဖြေဦးလေသည်။

'ငါးထောင်လေ'

'တစ်သောင်းပါ'

တစ်ယောက်စကားကို တစ်ယောက်ကြားပြီးသည်နှင့် တစ် ပြိုင်နက် နှစ်ယောက်စလုံးပင် တစ်ယောက်ကို တစ်ယောက် မျက်



စောင်းထိုးလိုက်ကြတော့သည်။ ဤအချိတွင် ဦးအုန်းမွှင့်က လေသံ ဦးချေ၏။

'ငါးထောင်က နည်းလွန်းတယ်ကွာ'

'တစ်သောင်းတော့လည်း များလွန်းတယ်ရှင့်'

'အို ဘာဖြစ်ဖြစ် တစ်သောင်းပဲကွာ'

'မတတ်နိုင်ပါဘူး၊ ငါးထောင်ပဲ'

'တစ်သောင်းကွာ'

' . . . '

'ငါးထောင်ရှင့်'

'တယ်လေ . . . ငါ'

ပြောပြောဆိုဆိုနှင့် စိတ်မြန်သောဦးအုန်းမွှင့်သည် စားပွဲ ပေါ်တွင်ရှိနေသော ရေတတ်ရည်ပန်းကန်ပြားကို ဆတ်ခနဲဆွဲကောက် ၍ ဒေါ်လှလှကို ပေါက်ရန် ဟန်ပြင်လိုက်၏။ ဟန်ပြဖို့ရုံပြင်လိုက်သ ဖြင့် ဒေါ်လှလှသည် ဘာမျှဖြစ်မသွားသော်လည်း ပန်းကန်ပြားထဲ မှ ရေတတ်ရည်များကား လွင့်စင်၍ ဒေါ်မြမြ၏ မျက်နှာမှသည် အင်္ကျီပေါ်တစ်လျှောက်သို့ ကျရောက်ကုန်ကြလေတော့သည်။

'ဟယ် . . . စပ်တယ်တဲ့၊ ရှူး ရှူး စပ်တယ်'

ဒေါ်မြမြသည် လက်သုတ်ပဝါနှင့် မျက်နှာကိုအုပ်၍ သုတ် လိုက်၏။ တစ်ချိန်တည်းလိုလိုပင် ဒေါ်လှလှသည် သူ့လင်ပေါ်တွင် ဒေါသနှင့် စိတ်နာခြင်းတို့ ရောပြွမ်းခံစားရသဖြင့် 'အောင်မယ် သတ္တိ ရှိရင် လုပ်ကြည့်ပါလား၊ ဘယ်တုန်းကများ ဒီလိုလုပ်လို့ရ လို့လဲ' ဟု ပြောရင်းကပင် မျက်ရည်များစီးကျလာလေ၏။

ထိုသို့ ဖြစ်ပျက်နေသော အခိုက်တွင် ခေါင်းပေါင်းကြီးနှင့် တင့်ဝေသည် ပြုံးပြုံးကြီး အခန်းထဲမှာ ထွက်ပေါ်လာလေ၏။

သူ့နောက်က မြင့်မြင့်စိုးကား အခန်းစီး၏ နောက်ကွယ် တွင်ပင် ရှိနေသေးသည်။

အပြင်ဘက်ညှိခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



တင့်ဝေ၏မျက်စိများမှာ ဒေါ်မြမြဆီသို့ ရောက်သွားလေသော် သူ့မျက်နှာတွင် ဆင်မြန်းထားသော အပြုံးပန်းမှာ ရုတ်ချည်းညှိုးနွမ်းသွားလေ၏။

'ဟယ် ... ဒေါ်ဒေါ်မှာ သွေးတွေနဲ့ပါလား'

ဤသို့ လွှတ်ခနဲပြောပြီး တဖန် ငိုယိုနေသော ညွှန့်သည် ဒေါ်လှလှကို မြင်ရသော် အူကြောင်ကြောင်တွေဖြစ်၍ ဒေါ်လှလှ၏ အနားသို့ သွားရောက်ရပ်ကြည့်မိတော့သည်။ စောစောက သူ့နောက်ပါးက ကပ်လိုက်လာသော မြင့်မြင့်စိုးမှာ 'သွေးတွေ'ဟု ကြားသဖြင့် ပျာပျာသလဲ အခန်းဆီးကိုဖယ်၍ ထွက်လိုက်၏။

'အို ...'

သူ့မိခင်၏ ရင်ဘတ်ပေါ်တွင် နီရဲနေသော အစွန်းကွက်ကြီးများကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပျော့ခွေမေ့မြော၍ ထရံမှီကာ ကျသွားလေတော့သည်။ သူ့ခြေထောက်များသည် အခန်းဝတွင် ကန့်လန့်ကြီးဖြစ်နေ၏။

ဦးအုန်းပွင့်မှာ တူမ မေ့ပျော့ကျသွားသည်ကို မြင်သဖြင့် တူမဆီသို့ ပြေးလာ၏။ ထိုအခိုက် အတွင်းဘက်မှ ခပ်သုတ်သုတ်ထွက်လိုက်သော ဦးလှစိုးမှာ သမီး၏ခြေထောက်များကို မမျှော်လင့်ဘဲ ခလုတ်တိုက်လိုက်သဖြင့် ဟပ်ထိုးကြီးဖြစ်သွားလေရာ ပြေးဝင်လာသော ဦးအုန်းပွင့်ကို အရှိန်နှင့်ဆီး၍ ဖက်လိုက်သလိုဖြစ်သွားရကား၊ လူကြီးနှစ်ယောက်မှာ တွဲ၍ ဒန့်စ်ကသလို ချာလပတ်လည်သွားပြီး ကြမ်းပေါ်သို့ ဖင်ထိုင်လျက် ကျသွားကြလေ၏။

သို့သော် ဦးလှစိုးမှာ ချက်ချင်းမတ်တတ်ပြန်ရပ်လိုက်၏။ ထိုအချိန်တွင် ဒေါ်မြမြမှာ မျက်နှာပေါ်မှ ရေစက်ရည်များကို သုတ်သင်ပြီးဖြစ်သဖြင့် သမီးကိုမြင်မိရာ ထ ပြေးလာလေ၏။ ဒေါ်မြမြက သမီးနားထိုင်၍ ချလိုက်မှ ဦးလှစိုးလည်း သမီးမေ့လဲနေသည်ကို သတိပြုမိကာ တင့်ဝေဘက်သို့ ချာခနဲ လှည့်လိုက်လေ၏။

'ဟေ့ မောင်တင့်ဝေ၊ ဘာငိုင်နေတာလဲ။ ငါမှာထားတာ



မေ့နေပြီလား အိပ်ရာထဲကို ပွေ့ခေါ်သွားလေ'

ဦးလှစိုးက ခပ်ပြတ်ပြတ်လေသံဖြင့် အမိန့်ပေးလိုက်ရာ ဘာကိုမျှ စဉ်းစားမနေတော့ဘဲ ဘာမပြောညာမပြောနှင့် တရှုံ့ရှုံ့ငိုနေသော ဒေါ်လှလှကို ဖွေ့ခနဲကောက်ပွေ့ပြီးလျှင် ခေါင်းပေါင်းကြီးတကားကားနှင့် ဝင်မိဝင်ရာ အခန်းတစ်ခုထဲသို့ စွတ်၍ ဝင်လေတော့သည်။

သူ စွတ်၍ဝင်လိုက်သော အခန်းသည်ကား အပျော်တမ်းဗေဒင်ပညာရှင် ဦးစံရွှေ၏အိပ်ခန်းပင် ဖြစ်တော့သည်။ ဦးစံရွှေမှာ သူ့အိပ်ရာပေါ်တွင် သူ့ဘာသာ သူ လဲလျောင်း၍ ဗေဒင်စာအုပ်တစ်အုပ်ကို ဖတ်လျက်ရှိ၏။ ထိုအတွင်းတွင် အပြင်ညွှန့်ခန်းဆီမှ ဦးလှစိုး၏ ကျယ်လောင်၍ ပျာယာခတ်နေသော လေသံသည် ထွက်ပေါ်လာလေသည်။

'ဟာ ... ဒီကောင်ဟာ ငါ့သမီးကို ပွေ့ပါဆိုမှ ဘယ့်နှယ် သူများသမီးကို သွားပွေ့ရမှန်း မသိပါဘူး'

ရှန်းကန်လူးလှိမ့်ရုန်းနေသော ဒေါ်လှလှကို ခဲခဲယဉ်းယဉ်းပွေ့ချီလာခဲ့မိသော ခေါင်းပေါင်းကြီးနှင့်တင့်ဝေမှာ အပြင်ဘက်က ဦးလှစိုး၏ အပြစ်တင်သံကြောင့် လုပ်မိလုပ်ရာ လုပ်လိုက်မိလေ၏။ သူလုပ်မိသည်ကား ပွေ့ချီလာသော ရုန်းကန်လူးလှိမ့်ရုန်းနေသော ဝန်ထုပ်ကို ဦးစံရွှေ၏ခုတင်ပေါ်သို့ ပစ်တင်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

'ဟယ် ... နင့်ဘိုးအေတဲ့မှ ဗိုက်ပိနေပြီ။ အင့် အင့်'

'အမယ်လေးတော်'

ဆူညံသွားသော အသံများနှင့်အတူ လူများကိုပါ ထားခဲ့၍ တင့်ဝေသည် ညွှန့်ခန်းဆီသို့ ချာခနဲ လှည့်ထွက်လာလေ၏။

'ဟယ် ငါ့မိန်းမကို ဘယ်ခေါ်သွားတာလဲ

ပြောပြောဆိုဆိုနှင့် ဦးအုန်းပွင့်မှာ ဦးစံရွှေ၏ အခန်းသို့ ခပ်သုတ်သုတ် လိုက်ဝင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းသို့ ပြန်ရောက်လာသော တင့်ဝေသည် ဒေါ်မြမြ၏လက်တွင်းမှ မြင့်မြင့်စိုးကို ပွေ့ချီယူလိုက်ပြီးသော ယောင်မြယောင်လျက်ပင် ဦးစံရွှေ၏ အခန်းအတွင်းသို့ ဝင်ဦးမည်ပြု၏။

သို့သော် အတွင်းမှ ဦးအုန်းပွင့်တို့ လင်မယားနှင့် ဦးစံရွှေကြီးပါထွက်လာသည်ကို တွေ့မှ သတိရကာ တစ်နေရာသို့ သွား၍ တခြားအခန်းတစ်ခုကို စွတ်ဝင်ပြန်လေ၏။ သူ့ခမျာ ရင်းနှီးချင်ယောင်သာ ဆောင်နေရသည်။ တကယ်တော့ ရင်းနှီးသည် မဟုတ်သောကြောင့် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ရှာသည်။

'သမီးလေးကို ... သမီးလေးကို နာနုပ်မှ'

နောက်မှ ဒေါ်မြမြကလည်း စိုးရိမ်ပူပန်မှုဖြင့် တစာစာလိုက်လာရာ ဦးလှစိုးသာမက ဦးအုန်းပွင့်တို့ လင်မယားအပြင် ဦးစံရွှေပင် လိုက်လာကြသည်။

တင့်ဝေ စွတ်ဝင်လိုက်သောအခန်းကား ကိုသာကျော်တို့ အိပ်ခန်းဖြစ်လေသည်။

ကိုသာကျော်တို့ လင်မယားမှာ သူတို့အခန်းထဲတွင် သူတို့ လွတ်လွတ်လပ်လပ်နေကြခြင်းကို အပြစ်ဆိုစရာမရှိချေ။ သူတို့မှာ တရားဝင်အသိအမှတ်ပြု လင်မယားဖြစ်ရုံမျှမက ဤအခန်းမှာလည်း အများအသိအမှတ်ပြု အိပ်ခန်းပင် မဟုတ်ပါလော။

ကိုသာကျော်သည် ပက်လက်ကလေး စာဖတ်နေသည်။ မခင်သန်းသည်လည်း အနားတွင်ပင်လှဲ၍ စာဖတ်နေသည်။ သို့သော် မခင်သန်း၏ခြေတစ်ဖက်မှာ ကိုသာကျော်၏ခြေပေါ် 'တင်ထားလေသည်။

ရုတ်တရက် ဆူဆူညံညံ ကြားရပြီးလျှင် ခေါင်းပေါင်းကြီးနှင့် ပြူးပြူးပြောင်ပြောင် တင့်ဝေသည် ပြူးပြူးပြောင်ပြောင် မြင့်မြင့်စိုးကို ပွေ့ချီပြီး ရှေ့က ဦးဆောင်၍ဝင်လာသည်။ သူ့နောက်မှ လူတစ်အုပ်သည် ရုတ်ရုတ်သဲသဲနှင့် လိုက်လာရရာ လွတ်လွတ်လပ်လပ်နေမိသော မခင်သန်းမှာ ရုတ်တရက် လူးလဲထလိုက်ရ



လေ၏။ ကိုသာကျော်မှာလည်း ပြူးပြူးပျာပျာနှင့် လိုက်၍ ထထိုင်လိုက်မိသည်။ လူအုပ်ထဲမှ အသံစုံထွက်နေ၏။

'သမီး နာနုပ်မှ နာနုပ်မှ။ ဟာ ဒီကောင် ဘယ်အခန်းတွေဝင်နေပြန်တာလဲ၊ သမီးရဲ့ အိပ်ခန်းကိုသွားမှပေါ့။ အို ... ဟာ'

အသံဗလံတွေကြားမှာ အယောင်ဆောင် အပေါင်းအသင်းတွေ ဖြစ်နေသော တင့်ဝေမှာ ကိုသာကျော်တို့ အိပ်ခန်းမှန်းသိသည်နှင့်တစ်ပြိုင်နက် ချာခနဲ လှည့်ထွက်သွားပြန်လေရာ သူ့နောက်မှ လူအုပ်သည် ကိုသာကျော်တို့ လင်မယားထပ်ဖြည့်စွက်၍ ရုတ်ရုတ်သဲသဲ လိုက်ကြရပြန်လေ၏။

'မြန်မြန်လေ၊ အိပ်ခန်းကို မြန်မြန်၊ ကြာနေလို့ဖြစ်ပါ့မလား။ အို မြန်မြန်လုပ်လေ'

အသံတွေ မျိုးစုံထွက်၏။ သို့သော် အားလုံးတွင် အလောသုံးဆယ်တိုက်တွန်းသော လေသံတွေပါနေသည်ချည်းပင် ဖြစ်၏။ ထို့ကြောင့် တင့်ဝေမှာ ညှော်ခန်းဆီသို့ပင် ခပ်သုတ်သုတ်ထွက်၏။ သူ့နောက်က လူအုပ်ကလည်း ခပ်သုတ်သုတ်လိုက်ရ၏။ ညှော်ခန်းသို့ ပြန်လည်ရောက်ရှိလာသော တင့်ဝေမှာ ဘယ်သွားရမှန်းမသိဖြစ်နေသည်။ သို့သော် နောက်က လေသံများကြောင့် ရပ်တန့်ရန်မကြံ့။ ရပ်တန့်ဖို့ မဆိုထားဘိ၊ နှေးကွေးသွားခြင်းကိုပင် လက်မခံနိုင်သော အခြေအနေတွင်ရှိနေသည်။

သို့ဖြစ်လေရာ တင့်ဝေမှာ ခြေလှမ်းများကို မြန်နိုင်သမျှမြန်အောင် ညှော်ခန်းကို ပတ်လျှောက်၏။ သူ့နောက်က လူအုပ်ကလည်း ဆူဆူညံညံနှင့်ပင် ပတ်၍လိုက်၏။ ညှော်ခန်းတစ်ပတ်ပြည့်သော် ကုလားထိုင်တွေကြားမှ ကွေ့ကောက်၍ ခပ်သုတ်သုတ်ပတ်ပြန်၏။ လူအုပ်မှာ နောက်က မြွတ်သိပ်လိုက်ရသဖြင့် အချို့နေရာတွင် အချို့လူများသည် ကုလားထိုင်တွေ ဝင်တိုးသဖြင့် 'ဂျိ ဂျူး ဂျရီ ဒုန်း' ဟူသော အသံများပင် ထွက်ပေါ်လာ၏။

မြင့်မြင့်စိုးသည် သတိရ၍ မျက်လုံးကိုဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မြင်ရသည်ကား မေးရိုးကားကားနှင့် ယောကျ်ား ပီသသော တင့်ဝေ၏ မျက်နှာ၊ ထိုမျက်နှာကို အောက်ကပင့်ကြည့် နေရသဖြင့် နှာခေါင်းပေါက်ကြီးများကိုပင် ဂူညီနောင်သဖွယ် မြင်ရလေ၏။ ထို့နောက် တလူလူလွင့်နေသော ခေါင်းပေါင်း၏။ ထို့နောက် တရိပ်ရိပ်ပြေးနေသော အပေါ်ထပ်ကြမ်းပြင်၊ ထိုကြမ်းပြင်၏ အောက်ခံဆင့်များမှာ တရိပ်ရိပ်ပြေးနေရာမှ ချာခနဲလည်ကာ အရှည်လိုက်ပြေးကြပြန်လေ၏။ တဖန် ခပ်ယိုင်ယိုင်ကွေ့ကာ ပြေးကြပြန်၏။ တဖန် ကန့်လန့်ကြီးဖြစ်သွားပြန်၏။

ထို့နောက်တွင်ကား တင့်ဝေသည် စားပွဲတစ်ခုတည်းကို ပတ်ချာလှည့်၍ ခပ်သုတ်သုတ်လျှောက်နေရကား၊ မြင့်မြင့်စိုး၏ မြင်ကွင်းတွင် အပေါ်ထပ်ကြမ်းပြင်၏ အောက်ခံဆင့်များသည် ဘေရဟတ်စကြာကို ထုဘီသည့်အလား ချာလပတ်လည်၍ နေလေတော့သည်။

'အို ... မူးလိုက်တာ'

မြင့်မြင့်စိုး၏ အသံကိုကြား၍ တင့်ဝေက ငုံ့ကြည့်လိုက်၏။ မြင့်မြင့်စိုးသည် မျက်စိကိုပိတ်ကာ တင့်ဝေ၏ရင်ခွင်ထဲသို့ မျက်နှာကို ဝှက်လိုက်သည်။

'ဟာ ... ဘယ်လိုတုံးကွ၊ ဘာလုပ်တာလဲ။ အမယ်လေး တော် မူးနောက်နေပြီ။ ရပ်ချင်လည်းရပ်လေဟာ၊ မင်းတို့ဟာက ဂြိုဟ်တွေ ဗျူဟာကျင့်သလိုပါပဲကလား ဟ ဟေ'

ဆူညံသော အသံဗလံတို့သည် မျိုးစုံစွာ ထွက်ပေါ်လာကြသည်။

မြင့်မြင့်စိုးသည် မျက်နှာကိုပြန်တည့်၍ မျက်လုံးများကို ပြန်ဖွင့်ကြည့်လိုက်သည်။ သူ့ကို ပြုံး၍ ငုံ့ကြည့်နေသော တင့်ဝေကို တွေ့ရသောအခါ တင့်ဝေ၏ ရင်ခွင်ထဲသို့ မျက်နှာကို ပြန်၍ ဝှက်လိုက်မိပြန်လေ၏။ ငယ်စဉ်က ပုခက်စီးရသော အရသာမျိုး ပြန်၍ ပေါ်လာလေ၏။



မြင့်မြင့်စိုး သတိရလာပြီဖြစ်သည့်အတွက် တင့်ဝေသည် အသွားရပ်လိုက်ကာ မြင့်မြင့်စိုးကို ကြမ်းပြင်ပေါ်သို့ ချပေးလိုက်၏။ မြင့်မြင့်စိုးမှာ ဟပ်ထိုးကြီးဖြစ်သွား၍ ကြမ်းပေါ်၌ ထိုင်ချလိုက်သည်။

ပတ်ဝန်းကျင်တွင်ကား ...

ဦးအုန်းမွှင့်တို့လင်မယား တစ်ယောက်ကိုတစ်ယောက် တွဲ၍ အယိုင်အယိုင်ဖြစ်နေကြသည်။ ဦးစံရွှေမှာ ကုလားထိုင်ဘေးတွင် ခွေခွေကလေးကျနေ၏။ ဦးလှစိုးသည်လည်း ကြမ်းပြင်ပေါ်တွင် ကုန်းကုန်းကြီးဖြစ်နေသည်။ ဒေါ်မြမြကား ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး လက်တစ်ဖက်က စားပွဲလေးကို မှီတွယ်ခိုထားပြီး ခေါင်းငိုက်စိုက် ဖြစ်နေ၏။ ကိုသာကျော်တို့ လင်မယားမှာ နှစ်ယောက်ထိုင်ခုံပေါ်တွင် ခွေနေကြသည်။

တင့်ဝေကား ကြမ်းပြင်ပေါ်တွင် တစ်ယောက်တည်း ထိုးထိုး ထိုးထိုးနှင့် ဖြစ်နေရာမှ ပြတင်းဆီကို လှမ်းဆွဲ၍ ခိုလိုက်ရာ ဗျစ်ခနဲဆွဲ၍ မြည်သံနှင့်အတူ ကြမ်းပြင်သို့ တအိအိနှင့် ထရံကို မှီရင်း ဖင်ထိုင်လျက် လျှောကျသွားရလေတော့သည်။ ဦးလှစိုးက မချင့်မရဲ ညည်းလိုက်သံထွက်ပေါ်လာလေ၏။

'မူးလိုက်လေခြင်းနော် ... တောက်'

www.burmeseclassic.com

## (တစ်ဆယ့်သုံး)

'တောက် ရှိုင်းလိုက်လေခြင်းနော်'

ကိုကုလားကြီးသည် သူ့အစ်ကိုဝမ်းကွဲ၏ မျက်နှာကို ဇော်ခနဲ မော်ကြည့်လိုက်သည်။ ထို့နောက် ပြေရာပြေကြောင်း သဘောမျိုးနှင့် စကားဖြတ်ပြောလိုက်၏။

'လူငယ်ဆိုတာ ဒီလိုပေါ့ အစ်ကိုရာ၊ ရိုင်းချင်လို့တော့လည်း ဟုတ်မယ်မထင်ပါဘူး။ သူလည်း ကျကျနန မင်္ဂလာဆောင်ယူတာပဲ။ ခိုးပြေးတာမှ မဟုတ်ဘဲ'

ဦးဘဇင်သည် သားဖြစ်သူ တင့်ဝေ(ဆိုး)ကို ဒေါသထွက်တိုင်း ကိုကုလားကြီးကို ပြူးကြည့်ရင်း ...

'အောင်မယ် ကုလားကြီးရာ၊ ဒီကောင် ခိုးပြေးကြည့်ပါလား။ ငါ့အကြောင်းသိသွားမှာပေါ့။ ဘဇင်တဲ့ကွ၊ တစ်ဒင်ထဲရှိတယ်'

ဟု လက်သီးလက်မောင်းတန်း၍ ကြိမ်းမောင်းနေပြန်လေ၏။



ကိုကုလားကြီးကား စောစောက ဦးဘဇင်ပစ်ချလိုက်သည့် ဖိတ်စာလေးကို ကောက်ယူ၍ ဖတ်ရှုနေလေသည်။

'ကောင်မလေးတွေဘက်ကလည်း ကျကျနန ဟန်ဟန်ပန်ပန်တွေပဲ'

'ဟ ကောင်မလေးတွေဘက်က ဟန်တိုင်း ငါက ကျေနပ်ရမှာလားကွ။ ငါက လူကိုပြောနေတာမဟုတ်ဘူး။ မှုကိုပြောနေတာကွ ကုလားကြီးရဲ့။ ဒီကောင့်ကို ငါ မိန်းမမယူရသေးဘူးလို့ အသေအချာ တားမြစ်ထားပါလျက်ကနဲ့ တောက်'

'အော် အစ်ကိုရာ၊ သားသမီးဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ...'

'ငါ နားလည်ပါတယ် ကုလားကြီးရာ၊ ခုတော့ ပွင့်ချိန်တန်တုန်းမှာ သီးနေလို့ ခက်တာပေါ့ကွ။ ငါ မွေးထားတာ သားပါကွ၊ သမီးမဟုတ်ပါဘူး။ ယောက်ျားဆိုတာ အရွယ်လွန်စာယ် မရှိပါဘူးကွ။ မင်း အခု ဆယ့်ခြောက်နှစ်သမီးလေး လိုချင်သလား'

'မလိုချင်ပါဘူး။ ဘာလုပ်ဖို့လဲ'

'ဥပမာပြောတာကွ။ လိုချင်ရင် ရနိုင်တယ်။ မိန်းမစောစောယူတော့ ဘာလုပ်ရမလဲ'

'နောက်ကျမှ ယူတော့ကော ဘာလုပ်ရမလဲ အစ်ကိုရ'

'ဟာ ဟိုဟာ မဟုတ်ပါဘူး။ ဘယ်တော့ယူယူ ရနိုင်ပါတယ်ဆိုတာကို ငါပြောချင်တာကွာ။ ဘာပဲဖြစ်ဖြစ်ဟေ့ ... ဒီမင်္ဂလာဆောင်ကို ငါ လုံးဝ သဘောမတူဘူး။ ငါ့ သဘောမပါဘဲနဲ့များ တောက် ... နာမည်ကြီးတွေ ထည့်ထားလိုက်တာ၊ ဘာတဲ့ ပေးစမ်း၊ မြန်မြန်ပေးစမ်း'

ဦးဘဇင်က လက်ကြီးတစ်ဖက်ကမ်း၍ ခပ်လောလောလေသံနှင့် ခိုင်းလိုက်ရာ ကိုကုလားကြီးမှာလည်း ပျာပျာသလဲဖြစ်သွားကာ ဘာပေးရမှန်းမသိ ဖြစ်သွား၏။ သို့သော် ဒေါသထွက်နေသော အစ်ကိုက ပိတ်ဟောက်လိုက်မည် စိုးသဖြင့် ကြာကြာနေးကြောင်း

www.burmeseclassic.com



၍ မဖြစ်ချေ။ ထိုကြောင့် တွေ့ရာ မြင်ရာ ဆေးလိပ်ခွက်ကြီးကို မ ၍ လှမ်းပေးလိုက်ရာ ဦးဘဇင်သည် စိတ်မတွေ့သဖြင့် ...

'ဟယ် ဘာကြီးလာပေးနေရတာလဲကွ၊ မင်းကလည်း တော်တော်ညံ့ကွ။ ငါတောင်းတာ ဒါမဟုတ်ဘူး။ ဖာစိတ်ကွဖိတ်စာ'

ဟု ဒေါသသံနှင့် ပစ်အော်လိုက်မှ စကားသည် လိန်၍ ပါးစပ်ထဲမှ ထွက်သွားလေတော့ရာ ကိုကုလားကြီးမှာ ဖြုန်းခနဲ ထ၍ အခန်းဆီသို့ ဦးတည်ပြီး ခပ်သုတ်သုတ် လှမ်းလိုက်လေ၏။ သို့သော် သူသည် ခြေလှမ်းလေးငါးလှမ်းမျှပင် မပြည့်ခင် နောက်ဘက်ဆီမှ အော်သံထွက်ပေါ်လာပြန်သဖြင့် ခြေကို တုံ့၍ ပြန်လှည့်ရ၏။

'ဘာဖြစ်တာလဲကွ'

'ဖာ ဆို၊ထန်းခေါက်ဖာ စိပ်စိပ်ကလေးလိုချင်တယ် ဆို'

'မင်းကြီးဒေါ် ကလေးမျက်နှာမြင်နေလို့လား'

'မဟုတ်ပါဘူးလေ၊ အစ်ကိုကြီးက အခုနက ဖာစိတ် ဖိတ်စာလိုချင်တာယ်ဆိုတယ်'

'ဖိတ်စာ ဖိတ်စာပြောတာ'

ဦးဘဇင်သည် ပြောရင်းကပင် ဒေါ်ပါပါနှင့် သူ့ဘာသာ သူ ဖိတ်စာကို ကောက်ယူလိုက်ပြီး'

'ဒါ ဒါ ငါပြောတာ၊ ဒီဖာစိတ်'

'ဟော ဖာလို့ ပြောပြန်ပြီ'

'အေး ငါမှားသွားတယ်။ လူ့ပါးစပ်ပဲကွ၊ ဒီလိုပဲ တစ်ခါ တစ်ခါ မှားတတ်တယ်။ တိရစ္ဆာန်ဆိုမှသာ မှားအော်မိတာ မရှိတာ'

ကိုကုလားကြီးသည် ပြန်ထိုင်လိုက်ပြီး ဦးဘဇင် ဒေါသမ ပြေပါစေတော့ဟူသည့် သဘောဖြင့် ဖြေဖြေဖျောက်ဖျောက် ဝင် ပြောရှာလေသည်။

'ဟုတ်တယ်နော်၊ ရွာဦးကျောင်းက ကြေးစည်ထုလိုက်ရင် ခွေးတွေဟာ ဝူးလို့ပဲအော်တယ်နော်။ တစ်ကောင်မှ မှားပြီး ဝုတ်တို့



ကိန်တို့ မှားထွက်မလာဘူး။ အဲဒီလို ခွေးတွေတောင်မှ **မမှားတာ'**

ပါးစပ်မှထွက်သော စကားအစီအစဉ်သည် **မှားယွင်းလေ** ပြီတကား။ ကိုကုလားကြီးသည် တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ဦးဘဇင်ကို မျက်လုံးဝိုင်းကြီးနှင့် ကြည့်လိုက်ကာ ...

'အဲ အဲဒီလို ခွေးတွေတောင်မှ မမှားတာ၊ စာကလေးတွေ ဆိုတော့ ဘယ်မှားလိမ့်မလဲ။ ဘယ်တော့အော်အော် ကျလိကျလိ ပဲ အော်တာပဲ။ ကျွန်တော်ဖြင့် တစ်သက်နဲ့ တစ်ကိုယ် စာကလေး က ညောင် ညောင် လို့ မှားအော်တာ မကြားဖူးပါဘူးကွာ'

ဟု ပြောလိုက်၏။ ဤသို့ပြောလိုက်မှ ဦးဘဇင်သည် မျက်လုံးကြီးများ ပြူးရုံမက ပါးစပ်ကြီးများပင် ပြဲထွက်လာလေ တော့၏။

'ဟိတ်ကောင် တိတ်စမ်း။ မင်း ဘာတွေလျှောက်ပြော နေတာလဲ၊ ကုလားကြီး'

'ဗျာ'

'ကုလားကြီး'

'ဗျာ'

'ငါ ဘယ်သူလဲ'

'ဦးဘဇင်၊ ကျွန်တော့်အစ်ကိုဝမ်းကွဲ မောင်တင့်ဝေရဲ့အဖေ၊ အစ်မခက်ရဲ့ယောက်ျား။ ဦးစု ဒေါ်သူဇာရဲ့သား'

'ဟယ် မင်းလည်း တစ်ကျွန်းကျပြီးမှ ရူးကြောင်ကြောင် ဖြစ်လာသကိုး'

'ဟုတ်ကဲ့၊ အဲ မဟုတ်ပါဘူး။ အစ်ကို အစ်ကို ဘာပြော ချင်သလဲ'

'မင်း ငါ့အကြောင်း သိတယ်မဟုတ်လား'

'ဟုတ်ကဲ့ သိတော့သိပါတယ်၊ ဒါပေမယ့် ကျွန်တော်သိ တာနဲ့ အခု အစ်ကိုပြောချင်တာနဲ့ မတူမှာစိုးရတယ်'

ဤတစ်ချီတွင်တော့ ကိုကုလားကြီးသည် အရမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်မပြောတော့ဘဲ ခပ်ရှင်းရှင်းပင် သူ၏ စိုးရိမ်မှုကို ဖွင့်၍ ဝန်ခံလိုက်လေသည်။

'ငါဟာ မူးဆိုရင် ဘယ်တော့မှ ဖရဲမသီးဘူးကွ။ ဒီကောင်ဟာ ငါ့အကြောင်း ကောင်းကောင်းသိတယ်'

'ဘယ်ကောင်လဲ။ ဒီဖိတ်စာထဲက ဦးလှစိုးလား'

'ဘယ်က ဟုတ်ရမှာလဲကွ။ မင့်တူ မင့်တူ တင့်ဝေ'

'ဟုတ်ကဲ့ သူက အစ်ကိုသားကိုး။ အစ်ကို့အကြောင်း ကောင်းကောင်းသိရမှာပေါ့'

'အေး သိလျက်နဲ့ ငါ့ဆီကိုတောင် ဖိတ်စာပို့လွှတ်လိုက်တယ်ဆိုတော့ ဒါဟာ သက်သက်စော်ကားတာ၊ ငါမခံဘူးကွ။ ဘဇင်အကြောင်း ပိုပြီး သိရစေမယ်'

ကိုကုလားကြီးသည် မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ဦးဘဇင်ကို ငေးကြည့်ကာ မေးလိုက်လေ၏။

'အစ်ကိုက ဘယ်လိုလုပ်ဦးမလဲကွ'

ဦးဘဇင်သည် ငေါ့သည့်သဘောဖြင့် ရယ်မောလိုက်၏။

'ဟား ဟား ဟား ကြည့်ပေါ့ကွာ။ မင်္ဂလာဆောင်တော့ ဆောင်ပစေ။ ဒီနေ့ မင်္ဂလာဆောင်ရင် ဒီနေ့ ဒီကောင်သိရစေမယ်။ ဒါကြောင့် ငါ မင်းကို အခေါ်လွှတ်လိုက်တာ'

ကိုကုလားကြီး၏ ဦးနှောက်သည် ချလပတ်လည်သွားလေ၏။

'ကျွန်တော် လာတော့ သူက ဘာသိမှာမို့လဲ။ ကြီးမှ ကျွန်တော်နဲ့ တွေ့ဖူးတာမှ မဟုတ်တာ။ လမ်းမှာတွေ့ရင် တစ်ယောက်ကိုတစ်ယောက် သိကြမှာမှ မဟုတ်တာ'

'မဟုတ်ပါဘူးကွ။ မင်္ဂလာဆောင်တဲ့နေ့မှာ ဒီကောင့်ကို ပြန်ပေးဆွဲမယ်'

'ဗျာ'

'ပြန်ပေးဆွဲမယ်ကွ။ ငါ့သား ငါ ပြန်ပေးဆွဲမ[illegible] ဘာဖြစ်ရ



မှာလဲ'

'ကျွန်တော်က ဘာလုပ်ပေးရမှာလဲ'

'မင်းက ပြန်ပေးဆွဲရမယ်'

'ဗျာ'

'ဘာလဲကွ၊ မင်းက ကျွန်းပြန် မဟုတ်ဘူးလား'

'ကျွန်းပြန်ပေမဲ့ သူများအမှု ကျွန်တော့်ကို လာပတ်ပြီး ကျွန်တော်က မအူမလည်နဲ့မို့ ကျွန်းကျရတာပဲ။ ကျွန်တော် ဒါလောက် သတ္တိမရှိဘူး'

'မကြောက်ပါနဲ့ကွ။ ငါ့သား ငါပြန်ပေးဆွဲတာ ဘာမှုမှ မဖြစ်ရပါဘူး။ မင်္ဂလာဆောင် သဘောမတူလို့ ဖျက်ရာပဲရောက်တာပဲ။ ဒီကောင့်ကို ငါ တစ်ညတည်းတွေ့ချင်တယ်၊ နားရင်းပါးရင်း ပိတ်ရိုက်ချင်တယ်၊ [illegible] နောက်နေ့ကျတော့ ပြန်လွှတ်လိုက်မယ်လေ။ ကုလားကြီးရာ ဂ[illegible]ကွ၊ မင်းသတ္တိမရှိပေမယ့် မင့်ရုပ်က လူဆိုးလူမိုက်ရုပ်ပေါက်[illegible]ဟယ်ကွ'

ကိုကုလားကြီးသည[illegible] ခပ်တွေတွေဖြစ်သွားလေ၏။

'ကျွန်တော် သူ့ကိုမှ မမြင်ဖူးတာ၊ ဘယ့်နှယ်လုပ်မလဲ'

'ဒါ ပူစရာ မလိုပါဘူးကွ။ ဟောဒီ ဖိတ်စာထဲက မှန်တိုက်ကိုသွား၊ အဝတ်အစားကောင်းကောင်းဝတ်၊ ငါ လက်ဖွဲ့ပစ္စည်း ဝယ်ပေးလိုက်မယ်။ ဟိုကျတော့ သတို့သားပဲကွာ၊ အထူးမရှာရပါဘူး။ ပွဲပြီးလို့ ပြန်အထွက်လာမှာ ညာတာပါတေးလုပ်ပြီး ငှားထားတဲ့ကားပေါ် ဆွဲတင်ပေါ့'

'အဖော် နှစ်ယောက်၊ သုံးယောက်တော့ခေါ်သွားရမှာပဲ'

'ခေါ်ပါကွ'

'နောက် သူ့ကို ဒီကိုခေါ်လာရမလား'

'ဟာ ဒီကို ခေါ်မလာနဲ့၊ ရန်ကုန်ပဲခူးလမ်းပေါ်က ငါ ဝယ်ထားတဲ့ အိမ်ဟောင်းကြီးရှိတယ်။ အဲဒါက ဒီကောင့်အတွက် [illegible] သွားတာ။ ဒီကောင် ငါ့စကားနားထောင်

www.burmeseclassic.com



မယ် မထောင်ဘူး မသေချာသေးတာနဲ့ မပြင်ဘဲပစ်ထားတာ။ အဲဒီက အိမ်စောင့်ဖိုးလူကို ငါပြောထားမယ်၊ မင်းက သူ့ကို တစ်ညလုံး အဲဒီမှာလျှောင်ထား။ မင်းလည်းစောင့်နေ။ ဒါပေမယ့် ဆွေမျိုးမှန်းမသိစေနဲ့။ ဒီကောင်က လူကြောက်ပါ၊ လေသာထွား တယ်၊ နာမှာသိပ်ကြောက်တဲ့ကောင်။ လက်တွေ့မှာ ဘာသတ္တိမှ မရှိဘူး။ ပြောလို့မရရင် လက်သီးနဲ့ တစ်ချက်သာထိုးလိုက်။ ထိုင် ငိုင်ပြီး ချက်ချင်းတောင်းပန်တတ်တယ်။ တစ်ညလုံး ဒီကောင် စိတ်ညစ်ပြီးမှ မနက်စောစောကြီးမှ ငါ့ကားနဲ့ ငါလာတွေ့ပြီးမှ ဝင်တွေ့မယ်။ နောက် နားရင်းပါးရင်း ပစ်အုပ်ပြီး ပြန်လွှတ်လိုက် မယ်'

ကိုကုလားသည် ဦးဘဇင်ပြောသမျှကို 'ငေး၍သာ နား ထောင်နေရာ ဘာစကားမှပင် ဝင်၍ မထောက်သဖြင့် ဦးဘဇင်က အားမလိုအားမရဟန်နှင့် ...

'ဘယ်လိုလဲကွ၊ မင်း မလုပ်ဘူးလား'

'လုပ်မှာပေါ့အစ်ကိုရာ။ ဒါပေမဲ့ အစ်ကို သူ့ကို နားရင်း အုပ်ရင် ကျွန်တော့်ရှေ့မှာ မအုပ်ပါနဲ့၊ ကျွန်တော်က ပျော့တယ်'

'အောင်မယ်လေးဟဲ့ ကျွန်းပြန်တဲ့ကွာ၊ ဟား ဟား ဟား။ ကဲလေ ရှိပါစေတော့၊ အိမ်အိုကြီးဆီကိုသာ ရအောင်ခေါ်ခဲ့ပါ။ ကျန်တာ ငါကြည့်လုပ်ပါ့မယ်'

ဤသို့ပြောပြီးသော် ဦးဘဇင်သည် ကျေနပ်သွားဟန်နှင့် အဝေးသို့ ပြုံးပြုံးကြီး မျှော်ကြည့်လိုက်ရင်းမှ အံကိုကြိတ်လိုက်လေ သည်။

'မင်း ငါ့အကြောင်း သိရမှာပေါ့နော် တင့်ဝေရာ'

* * *



(က ဘယ်လေး)

'အခါတော်ပေးတာ . နတ်ရေးငယ်ရွှေ

ဟင့်ဝေနှင့် မြင့်မြင့် တို့၏ မင်္ဂလာဆောင်မှာ သတ်မှတ် ဖိတ်ကြားချိန်သို့ မရောက်မီကပင် ဧည့်ပရိတ်သတ်များ တော်တော် ရောက်နှင့်နေလေပြီ။

အခါ်ဆွဲစက်မှ သီချင်းသံကလည်း တရှုံရှုံ။ လူတွေက လည်းတဖွဲဖွဲ။ အချို့မှာ မိမိတို့ထိုင်လိုသော နေရာသို့လည်းကောင်း၊ ရှေ့ဆောင်က ခေါ်ဝင်သွားရာနေရာသို့လည်းကောင်း အသီးသီး သွားရောက်ရှိသည်။ စီးကရက်လိုက်တည်နေသူ အမျိုးသား၊ အမျိုး သမီးတို့ကလည်း ဟိုသည်သွားလာ လူးလာတုံ့ခေါက် လျှောက်နေ ကြသည်။

ထိုအချိန်တွင် အပြင်ဘက် ကားလမ်းဘေးတစ်နေရာသို့ ဂျစ်ကားတစ်စင်းသည် ထိုးဆိုက်လာလေ၏။ ဂျစ်ကားပေါ်မှ လူ ရွယ်တစ်ယောက်သည် ခပ်သုတ်သုတ်ကလေး ဆင်းလိုက်ပြီး တစ် ဂါဂ် အတွင်းဘက်သို့ လက်လှမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကား၏ အတွင်းဘက်မှ ကိုကုလားကြီးသည် လက်ထဲတွင်ပန်းရိုက်စက္ကူများပတ်၍ လှလှပပထုပ်ပိုးထားသော (၄)လက်မ (၅)လက်မနှင့် (၆)လက်မ အမြင့်ရှိသည့် အထုပ်တစ်ထုပ်ကို ပေါင်ပေါ်တွင်တင်၍ ကိုင်ထား၏။ ယခုအခါတွင် ယင်းအထုပ်ကို အောက်သို့ရောက်နေပြီဖြစ်သော လူရွယ်၏လက်သို့ လှမ်းပေးလိုက်ပြီး သူကိုယ်တိုင်ဆင်းရန် ခပ်ကုန်းကုန်းနှင့် ထလိုက်၏။

အထုပ်ကို လူရွယ်သည် ကမ်းလင့်ယူလိုက်၏။ သို့သော် အထုပ်၏ အလေးချိန်ပမာဏမှာ သူမှန်းဆထားသည်ထက် ပို၍လေးသည်ဖြစ်သောကြောင့် အထုပ်၏အလေးချိန်ကြောင့် လူရွယ်မှာ ကုန်းကုန်းကွကွပင် ဖြစ်သွားရတော့သည်။

'ဟာ လေးလှချည်လား ဦးလေးရ'

'လေးမှာပေါ့ ထွန်းသောင်ရာ၊ အထဲကဟာ သံတုံးကြီးပဲ'

'ဗျာ'

အောက်သို့ ရောက်လာပြီဖြစ်သော ကိုကုလားကြီးသည် ထွန်းသောင်ကို ပြုံးရွှင်စွာကြည့်လိုက်ရင်း ...

'အထဲမှာ သံတုံးကြီး၊ သံတုံးတောင်မှ ရိုးရိုးသားသား သံတုံးမဟုတ်ဘူး၊ သံလိုက်တုံးကြီးလေကွာ။ အစ်ကိုတို့များ သားကို တော်တော်ဒုက္ခပေးတာပဲ၊ တကယ်ဆို မင်္ဂလာဆောင်လက်ဖွဲ့လေး ကောင်းကောင်းပေးလိုက်ဖို့ကောင်းတယ်'

ထွန်းသောင်သည် ဒီအထဲက အထဲကသံလိုက်တုံးကြီးမှန်း သိပြီးသည်နှင့် တစ်ပြိုင်နက် အလေးချိန်ပမာဏကို ချိန်တွက်ပြီးသည်ဖြစ်၍ အထုပ်ကို ခါးစောင်းပေါ်သို့တင်၍ လက်တစ်ဖက်နှင့် ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်သယ်ဆောင်လိုက်လေသည်။

ဂျစ်ကားပေါ်တွင် ကားမောင်းသူနှင့် လူရွယ်တစ်ဦးကျန်ရစ်ခဲ့၏။ မင်္ဂလာပွဲထိုင်သို့ ကိုကုလားကြီးနှင့် ထွန်းသောင်တို့သာ လျှင် သွားရန် လမ်းတစ်ဖက်သို့ ကူးသွားကြသည်။ ကိုကုလားကြီးကား အပေါ်အကျီနှင့် လုံချည်နှင့်ဖြစ်သော်လည်း ထွန်းသောင်မှာ



မူ ဘောင်းဘီရှည်နှင့် ရှူးဖိနပ်တို့နှင့် ဖြစ်လေသည်။

မုန့်တိုက်ပေါက်အဝဆီသို့ လမ်းနှင့် ကပ်လျက်ပလက်ဖောင်းပေါ်က လျှောက်လာနေရာမှ ကိုကုလားကြီးသည် မျက်စိကရှေ့သို့ကြည့်လျက်ပင် လက်တစ်ဖက်ကမြှောက်ပြီး ထွန်းသောင်၏ ရင်ဘတ်ကို တားလိုက်သည်။ သူကိုယ်တိုင်လည်း စုံရပ်လိုက်၏။

ထွန်းသောင်မှာလည်း ပထမသော် သူ့ကိုတားလိုက်သော ကိုကုလားကြီးကို မော့ကြည့်လိုက်၏။ ကိုကုလားကြီး စိုက်ကြည့်နေသောနေရာသို့ လိုက်ကြည့်ရတော့သည်။ လက်ဖွဲ့ပစ္စည်းထုပ်က လမ်းဘက်သို့ ရောက်နေသော ခါးစောင်းထက်တွင်ပင် လက်တစ်ဖက်ဖြင့် ထိန်းပိုက်ထားခြင်း ခံနေရ၏။

ကိုကုလားကြီး ကြည့်နေသည်ကား ယခုမှ ကားထဲကဆင်းပြီး မုန့်တိုက်ကို ဝင်ရောက်နေကြသော မောင်နှံဖြစ်၏။ အဝတ်အစားကို မြင်သည်နှင့် တစ်ပြိုင်နက် ဤစုံတွဲသည် သတို့သားနှင့် သတို့သမီးဖြစ်ကြောင်း သိသာလှ၏။

တင့်ဝေနှင့် မြင့်မြင့်စိုးတို့သည် ကားတစ်စီးထဲမှ ဆင်း၍ ဦးလှစိုးတို့ခြံရုံကာ မုန့်တိုက်ထဲသို့ ဝင်သွားကြသည်။

'အဲဒါ မောင်တင့်ဝေပဲ။ ဒီလိုတော့လည်း ငါ့တူကဘယ်ဆိုးလို့တုန်း၊ တော်တော်ချောသားပဲ'

ကိုကုလားကြီးသည် ရုတ်တရက်သော် ပီတိစိတ်နှင့် ပြုံးပြုံးရွှင်ရွှင်ပင် တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်မိ၏။ ထို့နောက်မှ မိမိလာရောက်ရသည့် ကိစ္စကို သတိရသလိုဖြစ်ကာ မျက်နှာညှိုးသွားလေသည်။

ထိုအခိုက် မင်္ဂလာဆောင်သို့လာသော ဂျစ်ကားလေးတစ်စီးသည် ထွန်းသောင်၏ဘေးတွင် နီးကပ်စွာ ဆိုက်ရပ်လိုက်၏။ ဂျစ်ကား၏ ဦးဖျားပိုင်းသည် ထွန်းသောင်း၏ ခါးနားတွင် တစ်လွှာလောက်သာ ဝေးလေသည်။

ထွန်းသောင်၏လက်ထဲမှ အထုပ်သည် အာမကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင် ဂျစ်ကား၏ရှေ့ကာကို ပြေး၍ ဂုတ်ခနဲ ကပ်လေရာ ခါးချိုကလေးဖြစ်သာ ထွန်းသောင်းမှာ အထုပ်ကိုနင်းကန်ဖက်ထားသော်လည်း ခါးက မသန်သဖြင့် လူတစ်ကိုယ်လုံး ယိုင်၍ ဂျစ်ကားရှေ့ကာကို မှီလျက်သားဖြစ်သွား၏။

လှုပ်လှုပ်ရှားရှား ဖြစ်သွားသဖြင့် ကိုကုလားကြီးသည် တစ်ချက် ငုံ့စောင်းကြည့်ပြီး လက်က ထွန်းသောင်း၏လက်မောင်းရင်းတစ်ဖက်ကို ဆွဲယူလိုက်သည်။

'မင်းကလည်း အရေးထဲ သံချွေးယိုင်ဖြစ်နေရသေးတယ်။ အဲဒီ မောင်တင့်ဝေကို သေသေချာချာ မှတ်ထားစမ်းပါ'

'ဟုတ်ကဲ့'

ထွန်းသောင်းသည် ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်လိုက်ရင်း ပြန်ဖြေ၏။ ကိုကုလားကြီးက လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထွန်းသောင်းမှာ တောင့်တောင့်ကြီးနှင့်ပင် ယိုင်သွားပြီး ဂုတ် ခနဲ ဂျစ်ကားဦးပိုင်းကို ကပ်သွားပြန်၏။

ဤအချိတွင်တော့ သူ့ဘာသာသူပင် အားစိုက်၍ ပြန်မတ်ယူရသည်။ တော်တော်အားကောင်းသော သံလိုက်ဖြစ်ပေသည်။ ထွန်းသောင်းမှာ တော်တော်လေး ဝီရိယစိုက်ထုတ်လိုက်ရ၏။

ကိုကုလားကြီးနှင့် ထွန်းသောင်းတို့ နေရာမှမရွှေ့မီပင် ဂျစ်ကားက နေရာရွှေ့သွား၏။ ရှေ့သို့ အနည်းငယ်ထွက်သွားသည်။ သို့သော် ရှေ့က လမ်းမရှင်းသဖြင့် ခဏမျှအရှိန်သတ်လိုက်ရာ နောက်မြီးပိုင်းမှာ ထွန်းသောင်း၏ခါးနားတွင် မျက်စပစ်နေပြန်လေ၏။

'ဟေ့ ထွန်းသောင် ဟိုအဝနားမှာ သူတို့ရပ်နေကြပြန်ပြီ။ ကြိုးများတားနေသလား မသိဘူး'

'ဟုတ်ကဲ့'

'ဂုတ်'



ထွန်းသောင်းမှာ ပြောပြောဆိုဆိုနှင့်ပင် ဂျစ်ကားနောက်မြီးပိုင်းစောင်းသို့ တောင့်တောင့်ကြီး ပြေးကပ်ပြန်လေ၏။

'ဘာဖြစ်ဖြစ် သွားရတာလဲကွ။ ငါပြောတာ သေသေချာချာ နားထောင်စမ်းပါ'

ကိုကုလားကြီးက လက်တစ်ဖက်၏ လက်မောင်းရင်းမှ ဆွဲတင်ရင်း ပြောလိုက်သည်။ ထွန်းသောင်းကား 'ဟုတ်ကဲ့ ဟုတ်ကဲ့' နှင့် ပြန်မတ်လာရပြန်၏။ သို့သော် သူမတ်နိုင်လျှင်ခဏပါ။ ကိုကုလားကြီးက လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထွန်းသောင်မှာ လက်ထဲက အထုပ်၏ အာဏာကို မဖီဆန်ပါချေ။ တောင့်တောင့်ကြီး ဟန်လျက်ကပင် အိခနဲယိုင်၍ ဂျစ်ကားနောက်မြီးကို ပြေးကပ်ပြန်သည်။

သို့သော် ဤအချိတွင်ကား ဂျစ်ကားသည် ဝူးခနဲထွက်သွားသည်ဖြစ်၍ ထွန်းသောင်ခမျာမှာ လမ်းပေါ်သို့ ယိုင်ကျသွားရာ မြေကြီးပေါ်သို့ ဗိုင်းခနဲ ပစ်မလဲစေခြင်းငှာ ကိုယ်ကို ထိန်းလိုက်ရသောကြောင့် ခြေကားယား လက်ကားယားဖြစ်သွားကာ မင်္ဂလာဆောင်လက်ဖွဲ့ထုပ်ကြီးမှာ မြေကြီးပေါ်သို့ ဘုတ်ခနဲ လွတ်ကျသွားလေတော့သည်။

'ဘုတ်ခနဲ အသံထွက်ပေါ်လာသည်နှင့် ထွန်းသောင်းမှာ ကြောက်သွားပြီး ကိုကုလားကြီးကို မော့ကြည့်လိုက်သည်။ ကိုကုလားကြီးကား သူ့ကို မျက်စောင်းထိုးလိုက်၏။ သို့သော် ကိုကုလားကြီးမှာ အဝေးဆီက ရှုပ်ရှုပ်ရှုပ်ရှုပ် ဖြစ်နေသော တင့်ဝေတို့ လူသိုက်ကို ပုမို၍ အာရုံစူးစိုက်နေသဖြင့် ပြန်[illegible]သွား၏။

ဤတွင်မှ ထွန်းသောင်းမှာ 'တော် သေးရဲ့' ဟူသော အမူအရာဖြင့် လမ်းပေါ်က အထုပ်ကြီးကို ပျာပျာသလဲနှင့် ယုယုယ ပြန်ကောက်ယူပြီး အထုပ်၏ ဖင်ဘက်ကာဖုံများကို လက်ဝါးနှင့် ပွတ်သပ်ချရလေသည်။

သူ့အထုပ်ကို လျင်မြန်စွာ ပြန်ကောက်လိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com

အချိန်တော်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဝင်လာ၍ ထိုးရပ်လိုက်သော ဆိုက်ကားသည် စောစောကအတိုင်းသာဆိုလျှင် အထုပ်ကို နင်းမိမည်ဖြစ်၏။ ယခုတော့ အထုပ်ကို မနင်းမိတော့ဘဲ ဆိုက်ကား၏ မောင်းတံလက်တံကြီးသည်သာ ထွန်းသောင်း၏ခါးနားသို့ ရောက်လာလေသည်။

'ထွန်းသောင် သူတို့ရှင်းသွားရင် တို့လည်း လိုက်ဝင်မယ် ကွာ'

'ဟုတ်ကဲ့'

'ဂတ်'

ထွန်းသောင်မှာ ခပ်တောင့်တောင့်ပင် လက်ကိုင်ကြီးကို ပြေးကပ်လေ၏။ ကပ်မိသည်နှင့် တစ်ပြိုင်နက် ထွန်းသောင်သည် စပ်ဖြဲဖြဲနှင့် ဆိုက်ကားဆရာကို ကြည့်၏။ ဆိုက်ကားဆရာက သူ့ကို မှုန်ကုပ်ကုပ်နှင့် ပြန်ကြည့်သည်။ ထွန်းသောင်းသည် ထုံးစံအတိုင်း ဗီရိယလေးစိုက်ထုတ်၍ မတ်မတ်ပြန်ရပ်ရန် ကြိုးစားရသည်။ ဆိုက်ကားဆရာသည် စီးလာသူက ပိုက်ဆံပေးသဖြင့် တစ်ဖက်သို့ လှည့်သွား၏။

'ဟော သူတို့ဝင်သွားကြပြီ။ လာ တို့လည်းလိုက်ကြမယ်'

'ဟုတ်ကဲ့'

'ဂတ်'

'ဟောဗျ။ သွားပါတော့မယ်လုပ်ကာမှ ထွန်းသောင်းမှာ အထုပ်၏ ဆွဲဆောင်မှုကို မရှောင်နိုင်ဘဲ ကိုယ်ခန္ဓာတောင့်တောင့် ကြီးနှင့် လက်ကိုင်ကို ပြေးမှီလိုက်ရပြန်တော့သည်။

ကိုကုလားကြီးသည် ထွန်းသောင်းကို မကြည့်ဘဲ ဖောင့် ဖောင့်နှင့် ရှေ့သို့ထွက်သွား၏။ ဆိုက်ကားဆရာသည်လည်း ဆန့် ကျင်ဘက်အရပ်မျက်နှာဆီသို့ ဦးတည်၍ နင်းထွက်လိုက်လေ၏။

ထွန်းသောင်၏ စိတ်မှာ ကိုကုလားကြီး၏နောက်သို့ လိုက် ပါသွားသော်လည်း လူသည်ကား အထုပ်ကပ်ပါရာဖြစ်သော ဆိုက်



ကားနောက်သို့ နောက်ပြန်ပြီး ကော့လန်ကော့လန်နှင့် လိုက်ရ တော့သည်။

ထွန်းသောင်မှာ အထုပ်ကို ပြန်ဆွဲ၏။ ဆိုက်ကားဆရာ သည် နင်းနေရာမှ ရပ်လိုက်ကာ 'ဘယ်လိုလဲဗျ' ဟု ထွန်းသောင် ပြောလိုက်ပြီး လက်က အထုပ်ကြီးကို ဆောင့်ကြီးအောင့်ကြီးနှင့် တွန်းထုတ်လိုက်သည်။

ဤတွင်မှ ထွန်းသောင်းမှာ ဣန္ဒြေရရနှင့် မြန်ရပ်နိုင်၏။

သူကသာ လမ်းဘေးတွင် ဣန္ဒြေရရ ရပ်နေ၏။ ကိုကု လားကြီးမှာကား သုတ်သုတ်သုတ်သုတ်နှင့် သူ့ကိုမစောင့်ဘဲ ဝင် သွားလေရာ လက်ဖွဲ့ပစ္စည်းများလက်ခံသော နေရာရှေ့တွင် ရပ်မိ လေပြီ။

လက်ဖွဲ့လက်ခံသော ~ နေရာတွင် ယောကျ်ားလေးသုံးလေး ယောက်တို့သည် အလုပ် ~ များကြ၏။ လက်ဖွဲ့ပစ္စည်းပေးအပ်သူ များမှာ ဆုံနေသည်ဖြစ် ~ ကြောင့် သူတို့တွေခမျာလည်း ပျာ လောင်ခတ်နေကြသည်

ပစ္စည်းကို လှမ်းယူသူကယူ၊ စာရွက်များတွင် ရေးမှတ်သူ ကမှတ်၊ ပစ္စည်းများကို နောက်ဘက်နားတွင် သွားရောက်နေရာ ထားသူကထားနှင့် အလုပ်ရှုပ်နေသလို သူတို့ရှေ့က စားပွဲခုံပေါ် တွင်လည်း ရှုပ်ပွနေ၏။ ဆေးလိပ်ခွက်များ၊ ပြာခွက်များ၊ စက္ကူ လေးဖြန့်ထားသည့်အပေါ်တွင် တွယ်အပ်များ စသဖြင့် ရှုပ်ပွနေ သည်။

ထိုခဏတွင် ပစ္စည်းယူမည့်လူငယ်သည် ကိုကုလားကြီးကို မော့ကြည့်၏။ ကိုကုလားကြီးကား ထွန်းသောင်းသည် သူ့နောက်၌ ကပ်၍ပါလာသည်ဟူသော အမှတ်သညာနှင့် 'ကဲ ငါ့အဓ ^ပေး' ဟု ပြောပြောဆိုဆိုနှင့် လက်ကြီးနှစ်ဖက် မ ထားကာ မျှာခနဲ လှည့်လိုက်၏။

ကိုကုလားကြီး၏ နောက်နားတွင် ကပ်၍ရပ်မိနေသော

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ကလေးမသည် ရှို့ခနဲ နောက်တွန့်သွားရုံမက လက်ထဲက အထုပ်ကိုလည်း ရင်တွင်ဖိ၍ မခွဲနိုင်သလို ကပ်ထားလိုက်မိသည်။

'အို ဒီဟာ စုံစုံအထုပ်ပါ'

'ဟင် ဟယ် ဟုတ်သေးပါဘူး။ ငါက စန့်နေတဲ့အထုပ် မတောင်းပါဘူးလေ။ ဘယ်မလဲ၊ ငါ့အထုပ် ပေးလကွာ'

ပြောပြောဆိုဆိုနှင့် ကိုကုလားကြီးသည် နေရာရွှေ့၍ ရင်ဆိုင်လိုက်ရာ အသက်နှစ်ဆယ့်လေးနှစ်ခန့် လူရွယ်သည် အထုပ်ကြီးတစ်ခုပိုက်၍ တွန့်သွားပြန်၏။

'ဒါ ဦးလေးအထုပ် မဟုတ်ပါဘူး'

'အော် အေး ဟုတ်ပါတယ်။ မဟုတ်ပါဘူး။ ဟိုဟာပါ။ ငါတောင်းတာ ထွန်းသောင် ထွန်းသောင်'

'အော် ဦးလေးအထုပ်နာမည်က ထွန်းသောင်လား'

ကိုကုလားကြီးမှာ ဘာမှပြန်မပြောနိုင်။ မျက်စိများကသာ သူ့နားတွင် ဝိုင်းရံနေသော လူများကိုကျော်၍ ဟိုကြည့်သည်ကြည့်နှင့် ကြည့်လိုက်၏။ သူက လမ်းပိတ်ထားသလိုဖြစ်နေ၍ အထုပ်တွေနှင့် သူ့နောက်က လူအချို့မှာ အခြားဘာမျှလုပ်စရာမရှိ။

သူကြည့်သည့်အတိုင်း လိုက်ကြည့်နေကြရုံသာ ရှိလေရာ လူတို့၏ ဦးခေါင်းတို့သည် ဟိုလည်လည် သည်လည်လည်နှင့် ဖြစ်နေကြသည်မှာ ပြိန်းမြက်တောကို လေတိုးဘိ၏သို့တည်း။

'ဦးလေး ဒီမှာ ကျွန်တော်လာပြီ'

ထွန်းသောင်သည် ကိုကုလားကြီး၏ ပြစ်တင်မှုကို ကြောက်ရွံ့၍ လူအုပ်ကလေးကို အတင်းတိုးဝှေ့၍ ဝင်လာလေရာ 'ဟယ် အလို ဟောဗျ..တိုးလိုက်တာတော်' ဟူသော အသံများ ထွက်ပေါ်လာသည့်နည်းတူ 'ဘုတ် ဖတ် ဒုတ် ဗောက်' ဟူသော အထုပ်များ လွတ်ကျသံကို ကြားရလေ၏။

'ဦးလေး ဒီမှာ ကျွန်တော်လာပြီ'



နောက်ဆုံးတွင် ထွန်းသောင်သည် ဦးကုလားနှင့် ရင်ဆိုင်မိ၏။ ဤတွင် လူအုပ်ကလေးမှာ အထုပ်များ ကုန်းကောက်နေကြသဖြင့် ဖင်နှင့်ပေါက်သူကပေါက်၊ ခေါင်းနှင့်ဝှေ့သူကဝှေ့ ဖြစ်ကြရာ ထွန်းသောင်း၏လက်ထဲမှ အထုပ်ကို တစ်စုံတစ်ယောက်က တိုက်ချလိုက်လေရာ အထုပ်မှာ ကိုကုလားကြီး၏ ခြေဖမိုးပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်သွားလတော့၏။

'ဟယ် နင့်ဘိုးအေတွဲ့မှပဲ၊ ရှူး ရှူး အလယ်လယ်'

ကိုကုလားကြီးမှာ ဆက်တွန့်ဆတ်တွန့်၊ ကော့လန်ကော့လန်နှင့် ဖြစ်သွားသဖြင့် အနောက်နားမှ လူရွယ်က နှစ်သိမ့်လိုက်သည်။

'အထုပ်ကလေး ကျတာပဲဗျာ၊ ဦးလေးကလည်း နာတတ်လိုက်တာ'

ပြောပြောဆိုဆို ရွယ်သည် ကျသွားသောအထုပ်ကလေးကို လက်တစ်ဖက် ကောက်ပေးမည်ပြု၏။ အခြား လက်တစ်ဖက်တွင် သူ့ကို အထုပ်ကို ပိုက်ထားရသည်။

လူရွယ်၏လက်သည် အထုပ်နားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထွန်းသောင်သည် ဖတ်ခနဲ ပိတ်ရိုက်လိုက်သဖြင့် လူရွယ်မှာ တွန့်သွားရပြီး ထွန်းသောင်ကို မော့ကြည့်လိုက်၏။ ဤတွင်မှ ထွန်းသောင်းသည် စပ်ဖြဲဖြဲလုပ်၍ ချော့ရသည်။

'နေပါစေ နောင်ကြီးရယ်၊ ကျွန်တော်ပဲ ကောက်ပါ့မယ်'

လူရွယ် ကောက်လိုက်လျှင် အထုပ်၏ အဆမတန်သော အလေးချိန်ကြောင့် ဆင်ပေါက်စကလေးများ ဖွဲ့လာသလားဟု ထင်မည်စိုးသဖြင့် ထွန်းသောင်က သူ့အထုပ်သူ ပြန်ကောက်ရခြင်းဖြစ်သည်။

ထို့နောက် ထွန်းသောင်သည် လက်နှစ်ဖက်ဖြင့် အထုပ်ကို မ ကာ ကိုကုလားကြီးကို ပေးလိုက်သည်။ ကိုကုလားကြီးသည်လည်း စားပွဲခုံပေါ်တွင် အထုပ်ကို မ ၍ လှမ်းပေးနေ၏။ ထိုသော်

www.burmeseclassic.com

www.burmeseclassic.com



အထုပ်များကို ယူနေသူ လူငယ်မှာ အခြားအထုပ်များကို ယူနေသဖြင့် သူ့အထုပ်ကို လှမ်းမယူနိုင်သေးချေ။

ထို့ကြောင့် ကိုကုလားကြီးသည် တန်းလန်းကြီးကိုင်ထားရလေရာ အထုပ်၏ အောက်တည့်တည့် တစ်ထွာခန့်အကွာမှ တွယ်အပ်တို့သည် ပြိုးပြိုးဖျောက်ဖျောက်နှင့် ခုန်ပျံ၍ အထုပ်သို့ ပြေးကပ်ကြလေတုန်၏။

အခြားသူများ သတိမထားမိ၍ တော်တော့သည်။ ကုလားကြီးသည် ဖြိုးဖြိုးပျာပျာနှင့်ပင် တွယ်အပ်များကိုလက်နှင့် သပ်ချ၍ အထုပ်ကို ပြန်ဆွဲထားလိုက်ရလေ၏။

ချက်ချင်းလိုလိုပင် အထုပ်ယူသူသည် လက်ကမ်းလိုက်ရာ ဤတွင်မှ ကိုကုလားကြီးသည် သူ၏အထုပ်ကို စိတ်ချလက်ချ ကမ်းပေးရင်း 'နည်းနည်းတော့ လေးတယ်နော်' ဟု သတိပေးစကားကို ပြောလိုက်၏။

သတိပေးစကား ပြောလိုက်သည့်တိုင်အောင် လက်ဖွဲ့ပစ္စည်းကို ဤမျှလောက် လေးလံလိမ့်မည်ဟု မမျှော်လင့်သော လူရွယ်မှာ အိခနဲပင် လက်များနိမ့်ကျသွား၏။

အောက်ဆီမှ တွယ်အပ်တို့သည် မရှေးမနှောင်းပင် တစ်ပြုံလုံးခုန်ပျံတက်ကြွကုန်ကြလေ၏။

'ဟာကွာ နာမည် မြန်မြန်ပြောစမ်း'

ရေးမှတ်နေသော လူရွယ်က လောလိုက်သဖြင့် အထုပ်ယူလိုက်သော လူရွယ်မှာ အံ့အားသင့်နေချိန် မရတော့ဘဲ နာမည်များကို ဖတ်ပြလိုက်၏။

ဦးဘဇင်သည် လူပါးကြီးဖြစ်၏။ သူ့သားအနေဖြင့် မည်သို့မျှ သူ့လို အလောသုံးဆယ် ဖြစ်မနေကြရကား၊ သူ့နောက်ကွယ်မှထွန်းသောင်မှာ စိတ်ကလည်းလော၊ လူကလည်း ရှေ့သို့မတိုးနိုင်ဖြစ်နေသဖြင့် တစ်နေရာတည်းတွင် ရပ်ကာ ခြေဖျားကြီးများကြွထောက်နေလေသည်။



တဖန် ကြာကြာလည်း ခြေဖျားထောက်မနေနိုင်သဖြင့် ဖနောင့်ကို ပြန်ချရ၏။ ဤသို့ဖြင့် ထွန်းသောင်မှာ တစ်နေရာတည်းတွင် ကြွစောင်း ကြွစောင်းနှင့်ဖြစ်နေရာ အနားက မိန်းမကြီးပင်သူ့ခြေထောက်ကြည့်လိုက်၊ သူ့မျက်နှာကြည့်လိုက်နှင့် အံ့ဩခြင်းတစ်ဝက်၊ စိတ်မချမ်းသာခြင်းတစ်ခြမ်း၊ ရယ်ချင်ခြင်းတစ်ခွဲ၊ သောက်မြင်ကပ်ခြင်းတစ်စိတ်နှင့် မျက်နှာအမူအရာများ အထွေးထွေးအရောရော ဖြစ်နေလေတော့သည်။

ထွန်းသောင်း ညှော့ခန်းဆောင်သို့ ဝင်မိသောအခါတွင် ဘယ်ကိုသွားရမှန်းမသိ ဖြစ်နေ၏။ ရှေ့က လူတွေကလည်း ဖြတ်ဖြတ်သွားနေသဖြင့် ခြေဖျားထောက်၍ မျှော်မျှော်ကြည့်နေလေရာ 'ဖနောင့်သံစူးသည့် ဒဏ်ရာကြီးရှိလျှက်ကပင် မင်္ဂလာဆောင်ကို လာရသလား'ဟု တွေးထင်ယူစရာပင် ရှိလေသည်။

'လာ ‥ နောင်ကြီး၊ ဒီကိုလာ'

ထွန်းသောင်မှာ ဘေးနားရောက်လာသည့် ရှေ့ဆောင်လမ်းပြ လူရွယ်တစ်ဦးက ခေါ်သည်ကိုပင် ဂရုမစိုက်နိုင်ဘဲ ခြေဖျားကြီး တထောက်ထောက်နှင့် ညှော့ပရိသတ်များဆီသို့ ချာလည်ပတ်လည် မျှော်ကြည့်နေလေရာ ရှေ့ဆောင်လူရွယ်မှာ စိတ်မရှည်သလို သူ့လက်မောင်းကို အတင်းဆွဲလေ၏။

'ဒီဘက်လာတာပါဗျ။ နေရာရှိတယ်'

'အို'

လူငယ်ကဆွဲ ထွန်းသောင်က ရုန်းနှင့် ဖြစ်နေ၏။ ထွန်းသောင်းမှာ လူကသာ ရုန်းကန်နေသည်၊ မျက် [illegible]များကိုမူ ကိုကုလားကြီးကို ရှာဖွေနေ၏။

'ဘာပါဗျ'

'ဟာ အသာနေစမ်းပါ'

'နေရာရှိပါတယ်ဗျ'

'ရှိရှိလေကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိုက်၊ ရှန်းလိုက်နှင့်ဖြစ်နေသော ထွန်းသောင်ကို အဝေးက ကိုကုလားကြီးက မြင်မိ၏။ မျှော်တုန်းမျှော်ဆဲ ထွန်းသောင်ကို မြင်ရသဖြင့် ရုတ်တရက် ဝမ်းသာအားရဖြစ်သွားကာ ကိုကုလားကြီးသည် ထွန်းသောင်က သူ့ကို မြင်စေခြင်းငှာ ဆတ်ခနဲ လက်ကို မြှောက်လိုက်၏။ ဤသို့ လက်ကို ရုတ်တရက် အတင်း မြှောက်လိုက်သောအခါ အနားတွင်ရှိသော မုန့်ပန်းကန်အဆင့်ဆင့်နှင့် မုန့်မျှော်စင်ကြီးကို အရှိန်နှင့် ပစ်တိုက်လိုက်ရကား 'ဝရော ဝရော ခွပ် ခွပ်' နှင့် မျှော်စင်ကြီးအမှောက်တွင် ပန်းကန်တို့ လျှောကျကုန်ကြလေ၏။

ဤသည်ကို အနားက လူကြီးက ကပျာကယာ ပန်းကန်များဆီသို့ လက်ကို ထိုးလှမ်းလိုက်လေသော် အနားက လူရွယ်က စီးကရက်အတည်လိုက်နှင့် ကြုံကြိုက်သွားသဖြင့် လူရွယ်၏ လက်ထဲမှ စီးကရက်သံဘူးမှာ လွင့်သွားပြီး ရှေ့နားက အဒေါ်ကြီး၏ပေါင် ပေါ်သို့ ဆေးလိပ်များပြန့်ကြဲ၍ ရောက်ရှိကုန်ကြတော့သည်။

လူရွယ်မှာလည်း ဘာမျှမစဉ်းစားနိုင်ဘဲ ကျသွားသော စီးကရက်များကို အတွင်သာ ကောက်ယူလေတော့ရာ အဒေါ်ကြီးပေါင်ကို ဖတ် ဖတ် ဖတ် နှင့် ကုတ်ကုတ်နေသလို ဖြစ်နေရကား အဒေါ်ကြီးခမျာမှာ မကြီးမငယ်နှင့် ထိုးထိုးထွန့်ထွန့်ဖြစ်ကာ 'အဟဲ့ အဟို့ အဟိ ယားတယ်ဟဲ့၊ အဟို့ ဟိဟိ အဟဲ' နှင့် တွန့်လိမ် တွန့်လိမ် လုပ်မိရလေတော့သည်။

ကိုကုလားကြီးကား ဒါတွေကို ဂရုမပြုနိုင်။ ထွန်းသောင်းရှိရာသို့သာ မျက်စိအာရုံကို ပို့လွှတ်ရင်း လက်ကြီးကို မြှောက်၍ ယမ်းပြ၏။

အလယ် လူသွားလမ်းဘေးတွင် ရပ်လျက် ရှန်းရင်းကန်ရင်း မျက်စိက ရှာဖွေနေသော ထွန်းသောင်းသည် လက်တစ်ဖက် မြှောက်၍ ဇော့ယမ်းပြနေသော ကိုကုလားကြီးကို ဆိုက်ဆိုက်မြိုက်



မြိုက် တွေ့သွားလေပြီ။ သူ့ကို ဆွဲငင်နေသော **လူရွယ်ကသည်း** ဤအချင်းအရာကို မြင်သဖြင့် ထွန်းသောင်ကို **ထားရစ်တာ အ**ခြားသို့ ထွက်သွားလေ၏။

ထိုအခိုက်တွင် အသံချဲ့စက်မှ စကားသံထွက်ပေါ်လာလေသည်။

'သတို့သားနဲ့ သတို့သမီးတို့ ကြွရောက်ချိန် တော်ပါပြီ'

အားလုံးသော ပရိသတ်တို့သည် ဝင်ပေါက်ဆီသို့ မျှော်ကြည့်လိုက်ကြ၏။

တင့်ဝေနှင့် မြင့်မြင့်စိုးတို့သည် ချအပ်သော စကျွန်ဖြွေတို့ဖြင့် လူပျို့ရံ၊ အပျိုရံနှင့် ဦးလှစိုး၊ ဒေါ်မြမြတို့ပါ ခြံရံ၍ ညှိခန်းဆောင်သို့ ဝင်ရောက်လာလေ၏။

ထွန်းသောင်မှာ ဒါတွေကို ဂရုမစိုက်နိုင်။ ကိုကုလားကြီး၏ နေရာကို သိပြီးမို့ ထိုနေရာသို့ သွားလိုဇောသာ ကပ်လျက်ရှိသဖြင့် သူ့ရှေ့က လူသွားလမ်းကို ဖြတ်ကူးမည်ပြုလိုက်ရာ သူ့မျက်စိမြင်ကွင်းတွင် ပြိုးပြိုးပြောင်ပြောင် လုံချည်ထဘီများနှင့် ခြေထောက်နှစ်စုံသည် ရုတ်တရက် ဝင်ရောက်လာသဖြင့် ကိုယ်ရှိန်ကို သတ်လိုက်ရသည်။

တင့်ဝေတို့ကလည်း ထွန်းသောင်ဖြတ်မည် ထင်၍ ကိုယ်ရှိန်ကိုသတ်၏။ ဤသို့ တင့်ဝေတို့လူအုပ်က ရပ်တန့်သဖြင့် ထွန်းသောင်က ဖြတ်မည်ပြု၏။ စောစောက ထွန်းသောင်ကိုယ်ရှိန်သတ်လိုက်၍ တင့်ဝေတို့က ဆက်လျှောက်မည်ပြုနိုးရာ ထွန်းသောင်က ဖြတ်ကူးတော့မည့်ပုံမျိုးလုပ်သဖြင့် ရပ်ကြရပြန်၏။

ဤသို့ဖြင့် သတို့သား၊ သတို့သမီး အပေါင်းပါ လူအုပ်မှာ ဂျိမ်း ဂျိမ်း နှင့် တိုးရပ် တိုးရပ်ဖြစ်နေကြလေရာ ဒေါ်မြမြဆီမှ လွှတ်ခနဲ အသံထွက်ပေါ်လာလေ၏။

'အို ဘယ့်နှာလဲ ဘာဖြစ်လို့ ဆတ်တွန့် ဆတ်တွန့် ဖြစ်နေပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဦးလုစိုးသည် ရှေ့သို့ ထွက်လိုက်၏။ လက်ကြီး တစ်ဖက်ကို ဆန့်တန်းလိုက်ပြီး စကြံလမ်းလေးကို ဖြတ်ကူးရန် ကြံရွယ်နေသည့် ထွန်းသောင်၏ ရင်ဘတ်ကို ကန့်လန့်ဖြတ်တား ထားကာ အခြားလက်တစ်ဖက်ဖြင့် တင့်ဝေတို့ကို ဆက်လက်ချီ တက်ရန် လမ်းပြရဲ လုပ်လိုက်တော့မှ ဖြောင့်ဖြူးသွားလေတော့ သည်။

လူရှင်းသွားသည့်အခါတွင်မှ ထွန်းသောင်သည် လမ်းကို ဖြတ်ကူးပြီး ကိုကုလားကြီး၏ အနားသို့ ရောက်လာတော့သည်။

'မင်း တော်တော်ခက်တဲ့ကောင်ပဲ။ ကဲ ဝင်ထိုင်'

ကိုကုလားကြီးက ဆီး၍ ကြိမ်းလိုက်ခြင်းကို ခံလိုက်ရသေး ၏။ ထွန်းသောင်ခမျာ အကြိမ်းခံလိုက်ရသဖြင့် ကုပ်ကုပ်နှင့် မျက် နှာချင်းဆိုင်မှ ခုံလွတ်ဆီသို့ ကွေ့ပတ်ဝင်လိုက်စဉ် ထိုနေရာသို့ သူ့အရင်ရောက်သော ညှော်သည်လင်မယားက အထိုင်ဦးသွားရ ကား ခုံလွတ်မကျန်အောင် ဖြစ်သွားလေတော့သည်။

ထိုအခါ ကိုကုလားကြီးမှာ နှုတ်ခမ်းများကိုပင် ကိုက်မိရ ချေ၏။ ထွန်းသောင်နှင့် သူတို့သည် တစ်ယောက်တစ်ကွဲစီထိုင်၍ မဖြစ်။ မင်္ဂလာပွဲအပြီးတွင် သူတို့လုပ်ဆောင်ရမည့်ကိစ္စမှာ စုရုံး လုပ်ဆောင်ရမည့်ကိစ္စဖြစ်သည်။

ယခုကဲ့သို့ ထွန်းသောင်းသည် နေရမရလျှင် အခြားစားပွဲ တစ်ခုသို့ သွားရမည်ဖြစ်၏။ ထိုအခါ မိမိသည်လည်း ထွန်းသောင် နှင့်အတူတကွ ရှိရပေမည်။

'တောက်'

ကိုကုလားကြီးက တောက်ကို ပြင်းထန်စွာခေါက်လိုက် သောအခါ ထွန်းသောင်၏ နေရာကို ဦးမိသော လင်မယားသည် ပျာပျာသလဲနှင့် ကိုကုလားကြီးကို မော့ကြည့်လိုက်ကြ၏။ ဤတွင် မှ ကိုကုလားကြီးမှာ ညှော်သည်လင်မယား အတွေးမှားသွားမည်ကို စိုးရိမ်ပြီး အားနာသံနှင့် ပြောလိုက်၏။



'ဟိုကောင် ဟိုကောင် ကျွန်တော် သူ့ကို ခေါ်သမြင်တာ ပါ''

ပြောပြောဆိုဆိုနှင့် ကိုကုလားကြီးသည် မတ်တတ်ထ၍ လမ်းလျှောက်လိုက်၏။ ထွန်းသောင်မှာ သူ့နောက်က ကုပ်ကုပ် ကလေးလိုက်ပါသွားရသည်။ ခုံလွတ်သည် ရုတ်တရက် ရှာရခက် သဖြင့် သူတို့နှစ်ယောက်မှာ တစ်စားပွဲမှ တစ်စားပွဲသို့ ရပ်လိုက်၊ ရွေ့ထွက်နှင့် လျှောက်သွားရလေရာ တရွေ့ရွေ့ အပေါက်ဝနားသို့ ပြန်ရောက်သွားကြလေ၏။

ဤတွင် အနားက ဖြတ်သွားသော ရှေ့ဆောင်လူရွယ် တစ်ဦး၏ လက်မောင်းကို ဖမ်းကိုင်၍ ထွန်းသောင်းက တောင်းပန် လိုက်၏။

'ဒီမှာ နောင်ကြီး နေရာလွတ်ကလေးများရှိရင်' —

ထိုလူရွယ်မှာ ဘာ ထွန်းသောင်ကို အတင်းဆွဲခေါ် သော လူရွယ်ပင်ဖြစ် နှင့် ထွန်းသောင်မှာ စကားကို တစ် ဝက်တစ်ပျက်နှင့် ရပ် က်မိသည်။ ထိုလူရွယ်ကလည်း ထွန်း သောင်ကို မှတ်မိပါချေ၏။

'ဘာလဲဗျ'

'အော် ဟဲ ဟဲ ဟိုဟာလေ'

'ဘာလဲ'

'အော် နေရာလွတ်ကလေးများရှိရင်'

'စောစောကခေါ်တော့ ရှိုရှိုလက္ကာဆို၊ ခုတော့ ဘယ်လို ဖြစ်လာတာလဲ'

'အော် ဟုတ်ကဲ့ ခွေးနေရာမရ'

ဤတွင် ကိုကုလားကြီးက ဝင်ဟန့်ရသည်။

'မင်း မင်းသာ နေရာမရတာ၊ ငါက နေရာရှိပြီးသား'

'ဟုတ်ပါတယ် ဦးလေးရာ၊ အရေးထဲမှာ ဦးလေးကလည်း လူသိဝ်ဖြစ်ချင်တာကိုး'

www.burmeseclassic.com



'တယ်လေ ကဲပါ မောင်ရင်၊ ဦးတို့ကို နေရာလေးများရနိုင်ရင်'

လူရွယ်လည်း ကိုကုလားကြီးကို အားနာသွားသဖြင့်

'ကဲ လာ လာ၊ ကျွန်တော့်နောက် လိုက်ခဲ့ကြ' ဟုပြော၍ ရှေ့မှ ထွက်သွားလေ၏။ ကိုကုလားကြီးကား ထွန်းသောင်ကို မျက်စောင်းတခဲခဲနှင့် လူရွယ်ခေါ်ဆောင်သွားရာသို့ လိုက်ပါသွားလေတော့သည်။

စင်မြင့်ဆီတွင်ကား ဦးလှစိုးနှင့် ဒေါ်မြမြတို့သည် မိမိတို့ ဝတ္တရားမကင်းသည်နှင့်အညီ တင့်ဝေနှင့် မြင့်မြင့်စိုးတို့ကို မင်္ဂလာဆောင်ပေးနေရလေသည်။ တင့်ဝေ၏ လက်နှင့် မြင့်မြင့်စိုးတို့၏ လက်နှစ်ဖက်သည် ယှက်၍ ငွေဖလားထဲ၌ ကိန်းဝပ်လျက်ရှိလေသည်။

တင့်ဝေ၏ ရင်ထဲဝယ် ခံစားမှုလှိုင်းဂယက်သည် သွက်သွက်ကလေး လှုပ်ရှားလျက်ရှိလေသည်။

ဤလက်နုနုကလေးကို ထိတွေ့ကိုင်တွယ်ရမည်မှာ တစ်ခဏတာမျှသာ ဖြစ်ပေလိမ့်မည်။

လူတိုင်းလူတိုင်း၏ ဘဝတွင် လ... ...မင်္ဂလာပြုသော အချိန်ကလေးသည် ခဏတာမျှ တိုတောင်းလှသည်ချည်းဖြစ်၏။ သို့သော် ထိုလူတိုင်း လူတိုင်းအဖို့ ခဏတာတိုတောင်းသော လက်ထပ်ချိန်သည် ရာသက်ပန်ခိုင်ခံ့တည်မြဲသော ချစ်ဇာတ်ကြီးအတွက် အုတ်မြစ်တစ်ချပ် ဖြစ်ကောင်းဖြစ်နိုင်သည်။

မိမိအတွက်ကား ထိုသို့မဟုတ်ချေ။ အများနဲ့ ကိုယ့်မှာ မတူဘဲ ဟာမှုကွဲ၍ ဟာစ်နဲ့ဆင်နေရသောဘာပ။

မူလအတိုင်းသာဆိုလျှင် မိမိသည် မွေလို၍ ဤသို့ သတို့သားအယောင်ဆောင်အလုပ်ကို လက်ခံခဲ့သည်။ ထိုအတိုင်းသာ တစ်သပတ်တည်း စိတ်ထဲတွင်ရှိနေမည်ဆိုလျှင် ယခုအချိန်တွင် အလွန်မှ ပျော်ရွှင်နေမည့်အချိန်ဖြစ်၏။ လက်ခံထားသောအလုပ်



တစ်ခုပြီးစီးတော့မည်ဖြစ်၍ ခန့်ထုပ်ကြီး ကျသွားရတော့မည်။ ဤသို့ တွေး၍ ပျော်ရွှင်ခြင်းမှက ပျော်ရွှင်ရပေတော့မည်။

ယခုတော့ ...

မိမိ၏ နှလုံးသားသည် မိမိ၏ ရည်ရွယ်ချက်ကို စော်ကား၍ ပြက်ရယ်ပြုလေပြီ။ ရည်ရွယ်ချက် ပြည့်စုံအောင်မြင်ကာနီးလေလေ နှလုံးသားသည် ငိုကြွေးနေဖလသည်။ နှလုံးသားငိုကြွေးရခြင်း၏ တရားခံစင်စစ်သည် မျက်... ...သာပင်ဖြစ်သည်။ သည်မျက်လုံးများက မြင့်မြင့်စိုး၏မျက်နှာပြင်တွင် စိမ့်ဝင်ကျယ်ပြန့်နေသော အလှအပများကို စုစည်းဖော်ထုတ်၍ နှလုံးသားကို တင်ပြခဲ့သည်။

နှလုံးသားမှ တုံ့ပြန်မေတ္တာများကို တသွင်သွင်ယိုစီးစေခဲ့သည်။ ခုတော့ မျက်လုံး၏ ကျေးကျွန်ဖြစ်သော နှလုံးသားသည် ငိုကြွေးနေရပါပြီကော။

ဒုတိယတရားခံ... ...များပင် ဖြစ်ရမည်။ သူတို့သည် လောကကြီးတစ်ခွင်... ...ပေါင်းစုံကို ခံယူနေကြ... ...လည်း သည်မြင့်မြင့်စိုး၏ ... ...မှ အဘယ်ကြောင့် ငုံ့လျှိုးနေသော အလှအပကို ဖော်ထု... ...ပါသနည်း။

နားများက အသံ၏အလှအပကို နှလုံးသားကိုမျက်နှာလုပ်၍ ဆက်သခဲ့စဉ်က နှလုံးသားသည် ပျော်ရွှင်ခြင်းတေးကို ဟစ်ကြွေးဝင့်တည်ခဲ့ရသည်။ အခုတော့ ဒီအလှအပတွေကြောင့် နှလုံးသားမှာ ငိုကြွေးနေရပါပြီကော။

သည် မင်္ဂလာဆောင်သည် တကယ့်မင်္ဂလာဆောင်ပင်ဖြစ်ပါစေတော့။ ယခု ကြွရောက်လာသော ပရိသတ်ကို၏ ထင်မြင်ချက်အတိုင်း အကယ်ပင် ရာသက်ပန်တည်မည့် မင်္ဂလာဆောင်ပင်ဖြစ်ပါစေတော့။

မင်္ဂလာဆောင်ဖိတ်စာမှာလည်း မမှားရုံလေးတွင် ... ...ရှိမနေဘဲ ဘယ်သူဖျက်၍မှ မပျက်ရသည့် မမှားသည့်ဖိတ်စာအဖြစ်က အများသိဖိတ်စာဖြစ်ပြီး မြင့်မြင့်စိုးကလေးကို 'ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ဖနီးပေါ့' ဟု ရင်ကော့၍ ဝင့်ကြွားပါရစေတော့။

ကံကြမ္မာသည် နှလုံးသား၏ ဘာသာစကားကို မတတ်ချေ။

ထို့ကြောင့် မိမိ၏ နှလုံးသား၌ မည်မျှပင် တမ်းတမ်းတတနှင့် လွမ်းလွမ်းသသ ဖြစ်နေရစေကာမူ လက်ထပ်ချိန်သည် ခဏတာဖြင့်ပင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ တည်ပါလိမ့်မည်။

မြင့်မြင့်စိုးရယ် ... မင်းမှာ သံမဏိအသံကိုများ တစ်ဆင်ထား လေရော့သလား။ တင့်ဝေသည် မိမိခံစားနေရသလို မြင့်မြင့်စိုးများ ခံစားနေရသလားဟု ဝံ့ဝံ့စားစား တွေးလိုက်မိ၏။

ရိုင်းလိုက်သည့် အတွေးနှယ်။ ဤမိန်းမရွယ်သည် မိမိကို ခင်တွယ်ဖူးခြင်းလည်းမရှိ။ စိတ်ဝင်စားခဲ့ခြင်းလည်း မရှိ။ မိမိက သူ့ဖခင်ကကြေးငွေဖြင့် ငှား၍ ခိုင်းထားသော ကြေးကျွန်တစ်ယောက်အပေါ်တွင် သူ့မှာကော ဘာကြောင့် နှလုံးသားလှုပ်ရှားမှု ရှိရပါမည်နည်း။

သိပါသည်။ မသိ၍မဟုတ် သိပါသည်။ သို့သော် မနေနိုင်လွန်းမက မနေနိုင်သောကြောင့်သာ မြင့်မြင့်စိုး၏ မျက်လုံးများကို အသာကလေး မျက်ခွံလှန်၍ ကြည့်လိုက်မိသည်။

အလို ...။

တင့်ဝေသည် မျက်လွှာကို ချက်ချင်းပြန်ချလိုက်မိသည်။

မြင့်မြင့်စိုးကလည်း သူ့ကို မော်အကြည့်နှင့် ဆုံစည်းကြုံကြိုက်ရ၍ တရိုက်ဝင်ဝင် ရင်ထဲတွင် ဝဲကတော့ထိုး၍ ဇက်ကျိုးကျရတော့မလောက် ဖြစ်ရတော့၏။

မြင့်မြင့်စိုး၏ မျက်ဝန်းကလေးတစ်လျှောက်မှာ မျက်ရည်များကြောင့် တောက်ပနေသည်။ တလက်လက်နှင့် မက်စရာအသွင် တလွင်လွင်နှင့် ကြင်စရာ့အထွေ၊ တငွေ့ငွေ့နှင့် မြှေ့စရာအဝင့် အော် ... အသဲပွင့် ကြွေကျ၍ မြေခရပါတော့မှာလား ..



မြင့်မြင့်စိုးရယ်။

တင့်ဝေသည် ငုံ့ထားလျက်က နှုတ်ခမ်းကို **တစ်ချက်ခဲ** ပြင်းပြင်းကလေး ကိုက်လိုက်မိသည်။

မိန်းကလေး၏ အမှုအရာဟူသည် နှလုံးသား၏ **တံခါး** ပေါက်သာ ဖြစ်သင့်သည်။ သို့သော် မိန်းကလေးများ၏ အမူအရာများကား နှလုံးသား၏ မျက်နှာဖုံးများသာ ဖြစ်ကြသည်။ မျက်နှာဖုံးက ရယ်မောနေသဖြင့်သာ သူတို့ နှလုံးသားတွေရွှင်ပျနေသည်ဟု မထင်မှတ်နိုင်ချေ။ ဒေါသအပြည့်နှင့်ပင် ဖြစ်နေနိုင်၏။

ထိုနည်းတူစွာပင် သူတို့၏ မျက်နှာဖုံးက နှလုံးသားတစ်ခုလုံး ဆုံးရှုံးလိုက်ရသလို ငိုငိုကြွေးကြွေး မျက်ရည်စကလေးတွေကို ပန်ဆင်ထားသည့်တိုင်အောင် စင်စစ်မှာတော့ သူတို့နှလုံးသားသည် တေးသံကျူး၍ ရွှင်မြူးနိုင်ကြသည်။

မိန်းမတိုင်းသည် ရုပ်ရှင်မင်းသမီးချည်းပင် ဖြစ်ကြ၏။ ပရိသတ် အနည်းအများသာ ကွာခြားကြသည်။ တစ်ယောက်တည်းသော ပရိသတ်ကိုပင်လည်း သူတို့သည် အမူအရာအပြည့်နှင့် က ပြသွားတတ်ကြ၏။

ယခုကော မြင့်မြင့်စိုး၏ မျက်ဝန်းထက်က ရွှေမျက်ရည်စတို့သည် အလှခြယ်ထားပြီးသော သူ့မျက်နှာကို ပို၍ ပို၍ လှပအောင်သာ ဖြစ်စေသည့် ဆေးဘက်ဝင်အမူအရာသာလျှင် မဖြစ်နိုင်တော့ပြီလော။

တင့်ဝေသည် တခြားဘာမျှ မလုပ်တတ်သဖြင့် သက်ပြင်းကိုသာ ချလိုက်ရတော့သည်။

အလို ...

မရှေးမနှောင်းပင် မြင့်မြင့်စိုးဘက်မှ သက်ပြင်းချသံ ကြားရ၏။

ခံစားမှုအစစ်ကို တုပ၍ သရော်လိုက်သည့် ဟန့်ဆောင်ခြင်းပေလော။

www.burmeseclassic.com

www.burmeseclassic.com



တင့်ဝေသည် မြင့်မြင့်စိုးနှင့် ပတ်သက်၍ သံသယသာ ဝင်ချင်ဝင်မည်၊ အပြစ်တော့ ဘယ်တော့မျှ မြင်မည်မဟုတ်။ ထို့ကြောင့် သူ့တွင် မြင့်မြင့်စိုးအပေါ် တင်စရာအပြစ် လုံးဝမရှိတော့ပါချေ။

ဤသို့ဖြင့် လက်ထပ်မင်္ဂလာပွဲကြီးသည် အောင်အောင်မြင်မြင်နှင့် ပြီးဆုံးသွားလေတော့သည်။

တင့်ဝေအဖို့ လက်ထပ်ပွဲ၏ နိဂုံးသည် ဆုံးရှုံးမှု၏နိဒါန်းပင် ဖြစ်ရချေတော့မည်။ သာယာသော မင်္ဂလာတေးတို့ ဆိတ်သုဉ်းချိန်ဝယ် နှလုံးသား၏ တသမှုသည် တိတ်ဆိတ်စွာ အော်မြည်သီကျူးပေလိမ့်မည်။

ပရိသတ်တို့သည် စောင့်ဆိုင်းနေသော အချိန်သို့ ရောက်လာဘိသည့်အလား စားသောက်ပြီး၍ အလျှိုအလျှို ထပြန်ကုန်ကြလေ၏။ ကိုကုလားကြီးနှင့် ထွန်းသောင်တို့လည်း အပေါက်ဝအပြင်ဘက်သို့ ခပ်သုတ်သုတ်သွား၍ ရပ်စောင့်နေကြလေသည်။

ပရိသတ်များ ရှဲသွားချိန်တွင် တင့်ဝေလည်း ခေါင်းငိုက်စိုက်ချကာ တစ်ကိုယ်တည်းပင် ထွက်လာခဲ့လေ၏။

ကြေးစားသတို့သားအတွက် တစ်ကိုယ်တည်းထွက်ရုံကလွဲ၍ တခြား ဘာရှိဦးမည်နည်း။ လူပို့ရုံဖြစ်သော အုန်းကြိုင်ပင်လျှင် မြင့်မြင့်စိုးတို့နှင့် လိုက်ပါသွားပေမည်။ ဤအဝတ်အစားတွေကို ဦးလှစိုးက အပြီးအပိုင် ပေးခဲ့ပြီမို့ မိမိနေထိုင်ရာအခန်းသို့ ပြန်ပြီး အဝတ်လဲရုံသာ ရှိ၏။

ထို့ကြောင့်ပင် တင့်ဝေသည် ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်ခဲ့ခြင်းဖြစ်လေသည်။

'ဟော ဟိုမှာ မောင်တင့်ဝေ ထွက်သွားပြီ'

ကိုကုလားကြီးသည် လွှတ်ခနဲပြော၍ ခပ်သုတ်သုတ်လိုက်သွားရာ ထွန်းသောင်းမှာလည်း သူ့နောက်က ပျာယီးပျာယာနှင့် လိုက်သွားရလေ၏။



သူတို့အတွက် ကံကောင်းသည်ဟု ဆိုရလေတော့မည်။ တင့်ဝေသည် သူတို့၏ ဂျစ်ကားနားမှ ဖြတ်သွားရန် ရှစ်တာရှိရာ အရပ်သို့ ဦးတည်၍ လျှောက်သွားနေသည်။ ခေါင်းပေါင်းကြီးကိုင် မချွတ်ရသေး။

ကိုကုလားကြီးနှင့် ထွန်းသောင်းတို့သည် တင့်ဝေကို မီလာသောအခါ နှစ်ယောက်သား ညှပ်လိုက်ကြသည်။

'ဘာမှ ထွေထွေထူးထူး ပြောမနေနဲ့။ ဟောဟို ဂျစ်ကားပေါ်ကိုတက်'

ကိုကုလားကြီးက ခပ်အုပ်အုပ်လေသံဖြင့် ခပ်မာမာအမိန့်ပေးလိုက်မှ တင့်ဝေမှာ ခြေစုံရပ်မိသည်။

'ဘာလုပ်မလို့လဲဗျ'

'စကားကြောမရှည်ပါနဲ့။ အသက်မသေချင်ရင် ဟိုဂျစ်ကားပေါ်ကိုသာ ဣန္ဒြေရရ တက်လိုက်ပါ'

မိတ်ဆွေတွေမဟုတ်သည်ကိုကား တင့်ဝေသိလေပြီ။ ဟိုဘက်သည်ဘက် ကြည့်လိုက်ပြန်တော့လည်း မမျှော်လင့်သောရန်သူတို့သည် မိမိကို နှစ်ဖက်စလုံးက ညှပ်ထားပြီးဖြစ်ကြောင်းကို သိရ၏။

တင့်ဝေကား စကားတစ်ခွန်းမှ မပြောတော့ဘဲ ဂျစ်ကားဆီသို့ ဦးတည်၍ လျှောက်လိုက်၏။ 'ဤတွင်မှ မတော်တဆ ပြန်လည်ခုခံနေမည်လား' ဟု စိတ်တထင့်ထင့်ဖြစ်နေသော ကိုကုလားကြီးဆီမှ စိတ်သက်သာခွင့်ရသွားသလို 'ဂူး' ခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သံ ထွက်ပေါ်လာလေသည်။

တင့်ဝေသည် သူ၏ လွတ်မြောက်ရေးအတွက် ဘာကိုမျှ ပြုလုပ်တော့မည်မဟုတ်ဟု ကိုကုလားကြီးက ထင်ထား၏။ သူ့အထင်သည် လွဲမှားလေစွ။

ဂျစ်ကားနားရောက်သည်နှင့် တစ်ပြိုင်နက် တင့်ဝေသည် ရုတ်တရက်ပင် ဂျစ်ကားအောက်သို့ ဘေးဘက်ထောက်၍ ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ကိုကုလားကြီးတို့ ကြက်သေ သေနေစဉ်မှာပင် တင့်ဝေမှာ တစ်ကိုယ်လုံး လွတ်လွတ်ကျွတ်ကျွတ် ဂျစ်ကားအောက်ရောက်သွားလေ၏။

ကြက်သေ သေ၍ ရပ်နေသောထွန်းသောင်မှာ ယခုမှ အသက်ဝင်လာသလို ဖြစ်ပြီး ကပျာကယာပင် ဂျစ်ကားနောက်ဘက်မှနေ၍ လေးဘက်ထောက်ကာ လိုက်ဝင်သွား၏။

'ဟုတ်ပြီ၊ ဒါမှ ထွန်းသောင်ကွ။ ဒီလိုတော့လည်း မင်းက အဟုတ်ကြီးပဲ'

ကိုကုလားကြီးသည် ချီးကျူးထောပနာဝါကျကလေး ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ထွန်းသောင်မှာ နောက်ပြန်နောက်ပြန်ဆုတ်၍ ဂျစ်ကားအောက်မှ ပြန်ထွက်လာသဖြင့် ကိုကုလားကြီးမှာ အံ့အားသင့်စွာနှင့် ထွန်းသောင်၏မျက်နှာကို နားမလည်သလို ကြည့်လိုက်၏။

ထွန်းသောင်၏ မျက်နှာမှာ ကြည့်ရက်စရာမရှိအောင် ရှုံ့မဲ့ထား၏။

'ဘာဖြစ်လို့ ပြန်ထွက်ရတာလဲကွ'

'ဟာ ဦးလေးရ။ သူက အထဲကနေပြီး ကျွန်တော့်ငယ်ထိပ်ကို ဖနောင့်နဲ့ နောက်ပေါက် ပေါက်လွှတ်တယ်ဗျ။ ဒီတော့ မထွက်ခဲ့ရင် ငယ်ထိပ်ပုပ်တော့မှာပေါ့ဗျ'

'ခွကျတာကိုး။ သူက အထဲမှာ ဘာဝင်လုပ်နေတာလဲ'

'မသိဘူးဗျ။ လေးဘက်ကြီးထောက်ပြီး ဝပ်နေတယ်'

ချက်ချင်းပင် ထွန်းသောင်သည် တစ်မျိုးကြံလိုက်ပြန်၏။

ဤတစ်ချီတွင် လူတစ်ကိုယ်လုံး ဝင်လိုက်၍ မသွားတော့ပေ။ ဂျစ်ကားနောက်မြီးကို ခိုလိုက်ပြီးလျှင် အောက်ဘက်ထဲသို့ ခြေနှစ်ဖက်ကို စုံပစ်၍ တန်းတန်းကြီးလုပ်လွှတ်လိုက်သည်။

တင့်ဝေ၏ တင်ပါးကို ခြေစုံကန်သည့်သဘောပင် ဖြစ်၏။



သို့သော် သူမမြင်ရ၍သာ ဖြစ်သည်။ ဂျစ်ကားအောက်မှ **တင့်ဝေမှာ** တစ်ပတ်လှည့်နေပြီး ဖြစ်လေသည်။ သို့ကြောင့် ...

'အား ...အလယ်လယ်၊ လွှတ်ဗျ၊ လွှတ်လေဗျ'

ဟု တစာစာ ကြွေးကြော်ရင်း ထွန်းသောင်သည် **ခြေတစ်**ဖက်ကို မြေထောက်၍ ကျန်ခြေထောက်တစ်ဖက်ကို အတင်း**ရုန်းပြီး** ဆွဲထုတ်နေလေသည်။ ပုံသဏ္ဌာန်မှာ အတွင်းက တင့်ဝေသည် သူ့ခြေထောက်တစ်ဖက်ကို ကိုက်ဆွဲထားသည့်ပုံမျိုး ရှိနေ၏။

ထွန်းသောင်က နင်းကန်ရုန်း၍ ဆွဲလိုက်ရာ သူ့ခြေထောက်တစ်ဖက်မှာ ခြေအိတ်ကြီးနှင့် ပြန်ထွက်လာလေ၏။ ရှူးဖိနပ်တစ်ဖက်ကား ကျွတ်၍ အထဲတွင် ကျန်ရစ်ခဲ့လေပြီ။

ထိုခဏတွင် ကားမောင်းသူက ဆင်းလိုက်၏။ မြေကြီးပေါ်ခြေချမိ၍ ဆောင့်ကြောင့်ထို  ၍ ကြံလိုက်စဉ် ဂျစ်ကားအောက်မှ တင့်ဝေက ရှူးဖိနပ်ခွါနှ  သကျည်းကိုပိတ်၍ ခေါက်လိုက်ရာ 'အားပါး အီလုချည်လ  ' ဟု အော်၍ ကားပေါ်ပြန်တက်ထိုင်ပြီး သူ့ ညို့သကျည်း  သူပွတ်နေရတော့သည်။

ကိုကုလားကြီးမှာ စိတ်ပူရလှပေပြီ။ ဤနေရာတွင် ဤအတိုင်း ကြာကြာနေလျှင် မဖြစ်ချေ။ တော်တော်ကြာ လူတွေ ဝိုင်းအုံလာမည်ကို စိုးရ၏။ ထို့ကြောင့် ဂျစ်ကားဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်၏။

'မောင်တင့်ဝေ မင်းရဲ့ အသက်ဘေးအန္တရာယ် မဖြစ်စေရပါဘူး။ ဦးလေးကို သနားရင် ဦးလေးနဲ့ လိုက်ဖြစ်အောင် လိုက်ခဲ့ပါကွယ်'

ကိုကုလားကြီးထံမှ ချော့သံထွက်ပေါ်လာသောအခါ နောက်ပြန်ကြီးဖြစ်နေရကား ယက်ကန်ယက်ကန်နှင့် ဝပ်ဘ်လှည့်လာလေ၏။

'ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ'

'ကားပေါ်သာ လိုက်ခဲ့ပါ။ ကားပေါ်ကျတော့ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး ပြောပြပါမယ်'

မိမိက ရန်သူထင်နေသူသည် မိမိကို နာမည်နှင့်တကွ ခေါ်ပြီး ချော့ချော့မော့မော့ ပြောနေသဖြင့် တင့်ဝေသည် ပြန်၍ ထွက်လာခဲ့သည်။

သူ့ရင်ထဲက ခံစားမှုသည် လုံးလုံးလျားလျား မပျောက်သေးချေ။

ထို့ကြောင့် မြင့်မြင့်စိုးကို သို့ချင်ထပ်မက်လျက်က ဆုံးရှုံးခဲ့ရပြီဖြစ်သောကြောင့် 'အို သေလည်းပြီးနေရာပေါ့' ဟူသောဘဝကို အရှုံးပေးချင်သည့်စိတ်က တစ်ဖက်က လှုံ့ဆော်ပေးနေလေရာ၊ ဘာမျှမပြောတော့ဘဲ ဂျစ်ကား၏ ရှေ့က မောင်းသူ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ သူ့ဘေးက ကိုကုလားကြီးက ဝင်ထိုင်၏။ နောက်ဘက်တွင် ထွန်းသောင်နှင့် လူရွယ်တစ်ယောက် ရှိကြသည်။

'ဝူး' ခနဲ စက်နှိုး၍ ဂျစ်ကားလေးထွက်သွားလေရာ ကားထွက်သွားမှ လမ်းပေါ်တွင် ရှူးဖိနပ်ကလေးတစ်ဖက်သည် လဲလျောင်းရင်း ပေါ်ထွက်လာလေတော့၏။

ဂျစ်ကားသည် ကတ္တရာစေးလမ်းပေါ်တွင် တရိပ်ရိပ်နှင့် ပြေးလျက်ရှိသည်နှင့်အမျှ လမ်းဘေးက သစ်ပင်များသည်လည်း ရှဲခနဲ ရှဲခနဲ ဖြတ်ဖြတ်သွားကြသည်။ မျက်နှာချင်းဆိုင်က လာသော ကားများလည်း တစ်ခါတစ်ရံ ဝေါခနဲ ဝေါခနဲ အသံပေး၍ ဖြတ်ပြေးကြလေကုန်၏။

ရန်ကုန်မြို့၏ နယ်နိမိတ်ကိုပင် ကျော်လာလေရာ တင့်ဝေမှာ လှုပ်လှုပ်ရှရှ ဖြစ်လာလေ၏။

'ကျွန်တော့်ကို ဘယ်ခေါ်သွားကြမလို့လဲဗျ။ ယီးတီးယားတား မလုပ်နဲ့နော်၊ ကျွန်တော်အော်လိုက်မယ်'

ကိုကုလားကြီးသည် ပြုံး၍ အပေါ်အင်္ကျီအတွင်းအိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ကာ တင့်ဝေ၏နံကြားကို ထောက်လိုက်သဖြင့် တင့်ဝေမှာ ဆတ်ခနဲ တွန့်သွားပြီး ကြည့်လိုက်သည်။



'ဒါ ဘာလဲ၊ သိသလား'

'သိသားပဲ၊ ရေပက်တဲ့သေနတ်'

ဟုတ်နေသဖြင့် ကိုကုလားကြီးမှာ အောင့်သီးအောင့်သက် ဖြစ်သွားပြီး ရေပက်သည့် ခြောက်လုံးပြူးသဏ္ဍာန် ကစားစရာကို အိတ်ထဲသို့ ပြန်ထည့်လိုက်၏။

'အေး ငါ့မှာ ဒါပဲပါပေမယ့် မင့်အနောက်မှာ ပါလာတဲ့ ကောင်နှစ်ယောက်ဆီမှာ ဓားမြှောင်အစစ်တွေပါတယ်။ မင်းအော်ရင် မင့်ကုပ်ကို ဓားနဲ့စိုက်ချလိုက်မှာပဲ'

'အဟုတ်လား'

'တကယ်ပေါ့ကွ'

'ဒါဖြင့် အော်ကြည့် [illegible]က်ဦးမယ်၊ ဟောဟိုမှာ ကယ်ကြပါဦးဗျို့'

တင့်ဝေက ဝ [illegible]ပင် စွတ်အော်လိုက်ရာ ကိုကုလားကြီးမှာ ပျာယီးပျာယာ ဖြစ် [illegible]ဦးလျှင် တင့်ဝေ၏ ပါးစပ်ကို လှမ်းပိတ်ရင်း ဘေးပတ်ဝန်းကျင်သို့ ကြည့်၏။ တော်ပါသေးသည်။ လူသူ လေးပါး ကင်းဝေးသောကားလမ်းမကြီးပေါ်မှာ ကားအလာပင် ပြတ်နေသော အခါသမယနှင့် ကြုံကြိုက်နေ၏။

'ဟေ့ နောက်ကကောင်တွေ တစ်ခုခုလုပ်ကြဦးကွာ'

ကိုကုလားကြီးက တင့်ဝေ၏ ပါးစပ်ကို ခက်ခဲစွာနှင့်ပိတ်ထားနေရင်းက ပြောလိုက်၏။ ထွန်းသောင်သည် ယောင်ယောင်ပေါင်ပေါင်နှင့် သူထိုင်နေသည့်နေရာ၏ ဟိုဘက်ဘေးသည်ဘက်ဘေးတို့ကို တစ်စုံတစ်ခုရှာဖွေသလို ပျာပျာနှင့်ကြည့်သည်။

'လက်ဖွဲ့က ဟိုမှာထားရစ်ခဲ့ရတာပဲ'

'ဟ လက်ဖွဲ့ပဲဟာ ထားခဲ့ရမှာပေါ့ကွ။ ဘာလုပ်မလို့တုံး'

'အော် အဲဒါကြီးက နောက်စေ့ကထုလိုက်ရင် ဒီလူငြိမ် သွားမှာပေါ့'

'အောင်မယ်လေး ... သံတုံးကြီးနဲ့ထုမှတော့ ငြိမ်ရုံသေမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ။ မကြံကောင်းမစည်ကောင်း မလုပ်လိုက်ပါနဲ့ကွာ'

ကိုကုလားကြီး၏ ကရုဏာသံနှင့် စကားကိုကြားသောအခါ တင့်ဝေမှာ အံ့အားသင့်သွားရသည်။ မိမိကို ဖမ်းလာကြသူများသည် စင်စစ်တွင် မိမိ၏ အသက်ကို အန္တရာယ်ပြုချင်သူများမဟုတ်ကြောင်းကို ရိပ်စားမိလာလေ၏။ ထို့ကြောင့်ပင် ကိုကုလားကြီး၏ လက်ထဲမှ မိမိ၏ပါးစပ်ကို ရုန်းကန်ထွက်ပြီး စကားပြောလိုက်၏။

ကိုကုလားကြီး၏ ကရုဏာသံနှင့် စကားကိုကြားသောအခါ တင့်ဝေမှာ အံ့အားသင့်သွားရသည်။ ယခု မိမိကိုဖမ်းလာကြသူများသည် စင်စစ်တွင် မိမိ၏ အသက်ကို အန္တရာယ်ပြုချင်သူများမဟုတ်ကြောင်းကို ရိပ်စားမိလာလေ၏။ ထို့ကြောင့်ပင် ကိုကုလားကြီး၏ လက်ထဲမှ မိမိ၏ပါးစပ်ကို ရုန်းကန်ထွက်ပြီး စကားပြောလိုက်၏။

'ကဲဗျာ ကျွန်တော် မအော်ပါဘူး။ ကျွန်တော့်ကို ဘာဖြစ်လို့ ခေါ်လာကြတယ်၊ ဘယ်ကိုခေါ်လာကြတယ်ဆိုတာသာ ကောင်းကောင်းပြောပြကြပါ'

ကိုကုလားကြီးသည် တင့်ဝေကို ကြင်နာမှုအပြည့်ပါသော မျက်လုံးများဖြင့် စိုက်ကြည့်ရင်း 'ဟူး' ခနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

'ငါပြောချင်ပါတယ် ငါ့တူရာ၊ ငါ့မှာ ပြောခွင့်မရှိသေးလို့ပါ။ မင်းကို အိမ်အိုကြီးတစ်ဆောင်မှာ ကောင်းကောင်းကျွေးမွေးပြုစုထားပါ့မယ်။ ငါတို့ကို အမိန့်ပေးလိုက်တဲ့သူဟာ မနက်ဖြန်မနက်မှာ မင်းနဲ့လာတွေ့လိမ့်မယ်'

'ဘာလုပ်ဖို့ လာတွေ့မှာလဲ'

'မနက်ကျတော့ မင်းသိမှာပါ၊ မင်းနဲ့ စကားလေးဘာလေးဆိုပြီးရင် နက်ဖြန်ကျတော့ မင်းကို ပြန်ပို့ပေးပါ့မယ်။ ဒီတော့ ဦးလေးကိုသနားရင် မင်း ကောင်းကောင်းလိုက်ခဲ့ပါ'



တင့်ဝေသည် အဝေးအရပ်ဆီသို့ ငေးမော[illegible]သည်။

'ငါ ကိုယ်ချင်းစာပါတယ်ကွယ်။ မင်္ဂလာဦးညမှာ မင်းတော မင်းချစ်တဲ့သူနဲ့ ခွေလည်မတွဲရတာ ငါလည်း စိတ်မကောင်းပါဘူး။ တစ်ညတော့ သည်းခံလိုက်ပါ ငါ့တူရာ'

တင့်ဝေသည် ငေးမောသွားမိရာမှ ကိုကုလားကြီး၏ စကားကို ကြားလိုက်ရသောအခါ မဲ့ပြုံးကို ထင်ထင်ရှားရှား ပြုံးလိုက်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ့်ငါး)

'ငါကိုက မှားပါတယ်လေ။ တစ်ခါတည်းယူထားလိုက်ရင်ပြီးရော'

ဦးလှစိုးသည် လက်ထဲက ဆေးတံကြီးကို စားပွဲပေါ်က ဆေးလိပ်ပြာခွက်ထဲကို ဆောင့်ကြီးအောင့်ကြီး ချလိုက်ရင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

အနီးတွင် မောပန်းဟန်နှင့် ထိုင်နေကြသော ဒေါ်မြမြနှင့် မြင့်မြင့်စိုးတို့သည် သူ့ကို မော့ကြည့်လိုက်မိကြလေ၏။

'ဒီကောင် လိမ်သွားရင် ဘယ့်နှယ်လုပ်မလဲ'

ဦးလှစိုးက သဲသဲမဲမဲ ဆက်ပြောနေသဖြင့် ဒေါ်မြမြက ဝင်ထောက်လိုက်ပြီး မေးလိုက်ရတော့သည်။

'ကိုလှစိုး ရှင် ဘာတွေလျှောက်ပြောနေတာလဲ။ ဘယ်သူက ဘာတွေလိမ်မှာမို့ ရှင်က ဘယ်နေရာသွားပြီး မှားနေရတာလဲ ကွဲ'

'မင်းမသိပါဘူး'



'အင်းလေ မသိလို့ မေးနေတာပေါ့ဟာ။ ဘာဖြစ်လို့ ဈေးကိုင်ပြီး မဖြေချင်နေရတာလဲ'

'ငါက ဈေးကိုင်နေတာ မဟုတ်ဘူးကွ'

'ဒါဖြင့် ဘယ်သူက ကိုင်နေတာလဲ'

'အော်ကွာ စကားတွေ လမ်းလွဲကုန်ပါပြီလေ။ တင့်ဝေ တင့်ဝေ ဒီကောင်ကိုက လိုတာ'

'သူက ဘာလိုလို့တုံး။ ရှင့်အမိန့်အတိုင်း မင်္ဂလာဆောင်ပေးပြီး အခုပြန်သွားပြီ မဟုတ်လား'

'မင်းတို့က ဒါပဲ သိတာကိုး။ ကွာစာ လက်မှတ်မထိုးနိုင်းရသေးဘူးကွ၊ သိပလား'

'ဟင် အဲဒါက ရှင်လိုတာ၊ သူက မထိုးပေးဘူးလို့ ငြင်းတာမှမဟုတ်တာ၊ ရှင်ကခိုင်းဖို့ မေ့နေတာကိုး'

'ဟာ မင်္ဂလာဆောင်က အယောင်ဆောင်ဆိုပေမယ့် တကယ့် မင်္ဂလာဆောင်ပဲ၊ ပင်ပန်းတာပဲဟ။ ငါလည်း ဧည့်သည်တွေ ဧည့်ခံရ၊ ဘာရနဲ့ လစ်ဟင်းတာပေါ့'

'အခုတော့ ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်ရမလဲ၊ မောင်အုန်းကြိုင်ကို လွှတ်လိုက်ပါပြီ။ စာရွက်ပါ တစ်ခါတည်း ပေးလိုက်တယ်။ လက်မှတ်ထိုးပြီး ယူလာဖို့'

'ဒါဖြင့်လဲ ပြီးရောပေါ့၊ ဘာဖြစ်လို့ ရှင်က တဖျစ်တောက်တောက် ဖြစ်နေရတာလဲ'

'ဒီကောင်က ကြာနေလို့ပေါ့ကွာ၊ တော် ဘာကြာ တစ်မျိုးတစ်မည် ဖြစ်သွားရင် မခက်ဘူးလား။ မောင်အုန်းကြိုင်မျက်နှာကြောင့် ငွေကလည်း အပြေချေပြီးပြီ'

'ဒီ မောင်တင့်ဝေဆိုတဲ့ ကောင်လေးကြည့်ရတာ သူ့ကောင်းကလေးပါလေ။ လိမ်မယ်တော့ မထင်ပါဘူး'

မြင့်မြင့်စိုးမှာ မိဘစကားကို နားထောင်နေရင်းက ဝေး

www.burmeseclassic.com



မောတွေဝေသွားမိလေသည်။

မမှားတဲ့ဖိတ်စာဖြစ်စေရန် မင်္ဂလာဆောင်ကြီးကို လုံးပန်းခဲ့ရသည့် ကာလတစ်လျှောက် တင့်ဝေနှင့် မကြာခဏပင် ဆုံတွေ့ခဲ့ရသည်။ တင့်ဝေသည် လွန်စွာပင် လိုက်လျောကူညီခဲ့၏။ ငွေရ၍ ကူညီခြင်းဟု ဆိုရမည်ထက် တကယ့်စေတနာနှင့် ကူညီနေသည်ဟုပင် ယုံလောက်စရာ သာဓကနေရာလေးတွေ ကြိုကြားကြိုကြား တွေ့ခဲ့ရ၏။

သူ့ခမြာမှာလည်း ပင်ပင်ပန်းပန်း ကူညီခဲ့ရသည်။ ယခုတော့ မိမိ၏ ဖခင်က ငွေကြေးမျက်စိနှင့် အပြစ်တင်သယောင်ယောင် ပြောနေသည်။ သူ့ရင်ထဲဝယ် ဖော်မပြတတ်သော ခံစားမှုလေးတစ်ခုသည် ခပ်ကျင်ကျင်ကလေး ဖြစ်ထွန်းလာရ၏။

'ဖေဖေရယ် ဒီ ကိုတင့်ဝေဟာ လူရိုးလူကောင်းပါ၊ သူလိမ်မှာမဟုတ်ပါဘူး။ သမီးတော့ သူ့ကို ... သူ့ကို'

'သူ့ကို ဘာဖြစ်သလဲ မြန်မြန်ပြောစမ်းပါ'

'ဟင်း'

ဦးလှစိုးသည် သက်ပြင်းရှည်ကြီးကိုချ၍ ကုလားထိုင်နောက်မှီကို မှီထိုင်၍ အပေါ်ကကြမ်းပြင်၏ အောက်ပိုင်းကို ငေးမောကြည့်နေပြီး မျက်စိများကို ပိတ်ထားလိုက်သည်။

'သံပရာရည်လေး သောက်လိုက်ဦးမယ်'

ဒေါ်မြမြသည် နောက်ဖေးဘက်သို့ ထ၍ ထွက်သွားလေ၏။

ထိုခဏတွင် အခန်းတွင်းသို့ အုန်းကြိုင်သည် ခပ်သုတ်သုတ်နှင့် ဝင်လာလေသည်။

'ဘယ်မလဲ သံပရာရည်၊ ငါလည်း သောက်မှာပေါ့'

ဟောက်သံနှင့်အတူ ဦးလှစိုးသည် ကိုယ်ကို မတ်၍ ထိုင်လိုက်၏။

'ဗျာ ဘယ်ကသံပရာရည်လဲ ဦး။ ကျွန်တော့်ကို ဝယ်



ခိုင်းလိုက်သေးသလား။ ကျွန်တော်ကတော့ ...'

'ဟာ မင်း မောင်အုန်းကြိုင်ပဲကိုး'

ဦးလှစိုးက ယခုမှ အုန်းကြိုင်ကို မြင်မိလေတော့သည်။ စောစောက သူက ဝင်လာသူမှာ ဒေါ်မြမြဟု မှတ်ထင်သွားသောသာကြောင့် ဖြစ်၏။

'ဟုတ်ကဲ့ ကျွန်တော် မောင်အုန်းကြိုင်လေ။ ဦးက သံပရာရည်မှတ်သွားလို့လား'

'ကဲပါကွာ သံပရာရည်ကို ခဏထားလိုက်စမ်း။ အရေးမကြီးဘူး'

ဤတွင် ဒေါ်မြမြက ဝင်လာလေရာ

'အို အရေးမကြီးလည်း ရှင်မသောက်နဲ့ပေါ့။ ကျွန်မဘာသာပဲ သောက်မယ်။ ဟောတော့ မောင်အုန်းကြိုင်ပါလား'

ဟု ပြောပြောဆို[illegible] သံပရာရည်ဗန်းကို စားပွဲပေါ်တွင် ချလိုက်ကာ ကုလားထိ[illegible]င်ထိုင်ပြီး အုန်းကြိုင်၏မျက်နှာကို ကြည့်လိုက်၏။

'ကဲ မောင်အု[illegible]ိုင် ငါ စိတ်ပူလှပြီ၊ ကိစ္စပြီးခဲ့ရဲ့လားဟင်'

အုန်းကြိုင်သည် ငိုင်သွားလေသည်။

'ကျွန်တော် ကိုဘသော်နဲ့တွေ့ခဲ့ပါတယ်'

'ဟ ဘာဆိုင်လို့ ဒီ ဘသော်ဆိုတဲ့ အကောင်နဲ့ သွားတွေ့ရတာလဲကွ'

'သူက တင့်ဝေနဲ့ တစ်ခန်းတည်းနေတဲ့လူပဲ ဦးရဲ့'

'အော် အေး'

ဦးလှစိုးသည် ဆေးတံကို ကောက်ယူ၍ မီးညှိလိုက်၏။

'သူက ပြောတယ်။ တင့်ဝေ ပြန်မရောက်သေးဘူးတဲ့'

'ဟယ်'

ဦးလှစိုးသည် ချက်ချင်းပင် ဆေးတံကို [illegible]က်ဝဲလက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲချလိုက်၏။ ထို့နောက် ချက်ချင်းပင် ပါးစပ်၌ ပြန်တပ်လိုက်ပြီး လက်ယာလက်ဖြင့် ပြန်ချွတ်လိုက်ပြန်လေသည်။

'ဒီကောင် ဒီလိုပဲ၊ လျှောက်လျှောက်လည်တယ် ထင်တယ်'

'မဟုတ်ဘူးတဲ့၊ မင်္ဂလာဆောင်က ပြီးပြီးချင်း ပြန်လာခဲ့မယ်တဲ့။ အဲဒါကြောင့် ကိုဘသော်ကလည်း စိတ်ပူနေတယ်လေ၊ သူကလည်း စောင့်နေတယ်ဆိုပဲ'

အုန်းကြိုင်၏ စကားကို နားထောင်နေကြသူ အားလုံးသည် မျက်လုံးများ ဖိတ်ဖိတ်တောက်လာကြ၏။ မျက်နှာပြင်တွင်လည်း စိုးရိမ်သောကရောက်သလို ဖြစ်နေကြသည်။ မြင့်မြင့်စိုးသည် မျက်နှာအိုကလေးဖြင့် ဝင်ပြောလိုက်သည်။

'ဟင် ဒီလိုဆိုရင် ဒုက္ခပဲ၊ ဟို တင့်ဝေရန်ပဲ ထင်တယ်။ သူက လူယုတ်မာပဲဟာ။ ကြွက်မနိုင် ကျီမီးနဲ့ရှို့တဲ့သဘောနဲ့ ဒီကိုတင့်ဝေကိုများ ဒုက္ခပေးသလား မသိဘူး'

ဦးလှစိုးသည် သမီးဘက် လှည့်ကြည့်လိုက်ပြီး စကားများကို နားစိုက်ထောင်၏။ ပြီးသော် ခေါင်းတဆက်ဆက်ညိတ်ရင်း အုန်းကြိုင်ဘက် လှည့်လိုက်လေသည်။

'ဖြစ်မယ်ဆိုရင်တော့ ဖြစ်နိုင်တာပေါ့။ တစ်လောက ဒီကောင်လာတော့ သမီးနဲ့တွေ့လို့ ပြောချလိုက်သေးတယ် မဟုတ်လား'

ဒေါ်မြမြကလည်း ဝင်၍ ပြောသေးသည်။

'အို မောင်တင့်ဝေလေးဟာ ဒီအတိုင်းသာမှန်ရင် သနားစရာပဲ။ ကိုလှစိုး ဒီကိစ္စမှာ ရှင်လည်း တာဝန်ရှိတယ်'

'ဟ ဘာဆိုင်လို့တုန်း။ သူကလည်း ငွေလိုချင်တယ်။ ငါကလည်း အလုပ်ဖြစ်အောင် လုပ်ရမယ်။ ဒါပဲ။ သူ့ဘာသူ သူ ဒုက္ခဖြစ်တာ ငါက ဘာဆိုင်သလဲ'

'ဘာလုပ် မဆိုင်ရမှာတုံး။ ရှင် ဆတ်ဆော့လို့ ဖြစ်ရတာ။



အစကတည်းက မင်္ဂလာဆောင်ကြီးကို ဖျက်လိုက်ရင်ပြီးတာပဲဟာ'

'ဟ ဖိတ်စာမမှားဖို့ လိုတယ်ကွ'

'အခုတော့ ဖိတ်စာတော့ မမှားဘူးပေါ့။ ကောင်လေးခုတွေ့ ရောက်နေပြီ'

ဤတွင် အုန်းကြိုင်က ကြားဝင်၍ ပြောလိုက်လေသည်။

'ဟ မောင်အုန်းကြိုင်ရဲ့ ဒီကောင်က ခေါင်းပေါင်းကြီးနဲ့ ရုပ်ရှင်ညပွဲကို ကြည့်မတဲ့လား'

'ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော် ကိုဘသော်နဲ့ သွားစောင့်မယ်။ သူပြန်လာရင် ညကြီးသန်းခေါင်ဖြစ်ဖြစ် လက်မှတ်ထိုးနိုင်အောင် ဒီကိုလာခဲ့မယ်။ ဒါမှ ဦးတို့ စိတ်အေးရမှာ။ ပြန်မလာရင် ကိုဘသော်နဲ့ အဖော်သဘောနေပြီး သူ့အိပ်ရာမှာ အိပ်စောင့်မယ်လေ။ ဟုတ်လား။ သူပြန်လာရင်တော ယ်လောက် ညဉ့်နက်နက် ကျွန်တော် ဒီကိုပြေးလာခဲ့မယ်'

အုန်းကြိုင် ပြောပြောဆိုဆိုနှင့် သံပရာရည်ကိုပင် မသောက်တော့ဘဲ ပြန်ထွက်သွားလေသည်။

သူတို့ စောင့်ကြသည်။

အုန်းကြိုင်၏ ပြန်အလာကို သူတို့ စောင့်ကြသည်။

သို့သော် ညဉ့်ဆယ့်တစ်နာရီ ထိုးသည့်တိုင်အောင်ပင် အုန်းကြိုင်သည် ပြန်၍ ဘဲလ်တီးပြီး နှိုးလိမ့်မယ်။ ဒါမှ မဟုတ်လည်း နီးရာတယ်လီဖုန်းက ဆက်လိမ့်မှာပေါ့ကွယ်။ ဒါလောက်တော့ ဉာဏ်ရှိပါလိမ့်မယ်''

အားလုံး အိပ်ရာသို့ ဝင်ကြလေသည်။

တစ်နေ့လုံး မင်္ဂလာညီခံပွဲတွင် ပင်ပန်းလာကြသည့် အလျောက် အိပ်ရာထဲဝင်ပြီး၍ ခဏကြာလျှင်ပင် တရှူးရှူးနှင့် အိပ်ပျော်သွားကြလေတော့သည်။

မြင့်မြင့်စိုး တစ်ယောက်ကား ...

သက်ပြင်းလေးကို ချလိုက်ပြီး တစ်ဖက်သို့ စောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြန်လေ၏။

သူမျက်လုံးများက တင့်ဝေ၏ ရုပ်ပုံသဏ္ဍာန်ကို ဖျောက်၍ မရသလို သူ့စိတ်က တင့်ဝေ၏အကြောင်းကို ဖျောက်၍ မရချေ။

တင့်ဝေသည် ဤအတုအယောင် မင်္ဂလာဆောင်ကြီး ဖြစ်မြောက်အောင်မြင်ရေးတွင် အဓိကဇာတ်ဆောင်ဖြစ်ခဲ့သည်။

ငွေတွေလိုချင်၍တော့ ဖြစ်ကောင်းဖြစ်မည်။

သို့သော် သူခံရမှာ လိုက်လျော့ရတာတွေက များလွန်းလှသည်။ မိမိ၏ အိမ်သားစုများကို စိတ်ရှည်ရှည်နှင့် တစ်ယောက်ချင်း တွေ့ခဲ့ရသည်။ အားလုံး၏ ကျေနပ်မှုကိုရယူခဲ့ရသည်။

တင့်ဝေဆိုးသည်ပင်လျှင် ဤဒုက္ခများကို မခံရဘဲ သတို့သားအစစ်ဖြင့် အရွေးခံခဲ့ရ၏။ တင့်ဝေကောင်းခမျာမှာတော့ သတို့သားအတုအဖြစ်ကိုပင် ခဲခဲယဉ်းယဉ်းရယူခဲ့ရရှာသည်။

တင့်ဝေဆိုးသည်ပင်လျှင် တစ်အိမ်သားလုံးနှင့် ရင်းရင်းနှီးနှီးအကျွမ်းမဝင်ခဲ့။ ယခု တင့်ဝေမှာတော့ မိမိ၏ အိမ်သားအားလုံး၏ ကြည်ဖြူမှုကို ရခဲ့သည်။

အားလုံးနှင့် အကျွမ်းမဝင်သူက ... သားအစစ်ဖြစ်ခဲ့ပြီး ဤအခွင့်အရေးကိုပင် မတပ်မက်ဘဲ စွန့်ပယ်... ည်။ အားလုံးနှင့် အကျွမ်းဝင်သော တင့်ဝေမှာမူ သတို့သားအတုသာ ဖြစ်ခဲ့ရပြီး ယခု ...မှာခု အန္တရာယ်နှင့် ရင်ဆိုင်နေရပြီလား။

စင်စစ်တွင် တင့်ဝေသည် သူတော်ကောင်းစစ်စစ် ဖြစ်သည်။

မြင့်မြင့်စိုးသည် လက်အုပ်ကလေးချီ၍ နှုတ်မှ တင့်ဝေအတွက် ဆုကောင်းဆုမွန်များကို တရွရွ ရွတ်ဆိုဆုတောင်းလိုက်၏။

တင့်ဝေနှင့် ခဏတာလေးမျှ လက်ထပ်လိုက်ရသော်လည်း ဤရက်အတောအတွင်းတွင် ရင်းနှီးမှုများ ရှိခဲ့သည်။ မိမိကို ပထမဆုံးမြင်သောနေ့က တင့်ဝေ၏ ကြည့်ပုံမှာ ရင်ထဲကခံစားမှုတစ်ခုခု ပွင့်ထွက်လာသလိုလို ထင်ရသည်။



ထို့နောက်တွင် ပြောကြားသမျှ စကားတွေကလည်း သေချာစွာ စဉ်းစားကြည့်လျှင် အဓိပ္ပာယ်တစ်မျိုးတစ်မျိုး ပေါက်နိုင်၏။

ထိုထက်သော်ကား မိမိသည် တင့်ဝေနှင့် နှစ်ကြိမ်တိုင်တိုင် လူချင်းတွေ့ထိခဲ့ရသည်။ လက်ထပ်သည့်အချိန်က လူရှေ့သူရှေ့တွင် အကြင်လင်မယား ဖြစ်ကြတော့မည်ဟု အများက မှတ်ထင်ရမည့် လက်ဝါးချင်းထပ်ခဲ့ရ၏။

ထိုအချိန်က မိမိ၏ ရင်တို့သည် ခုန်ခဲ့ရသည်။ သူ့ကို တိတ်တခိုးမော့ကြည့်လိုက်တော့ သူကလည်း ပြန်ကြည့်သည်နှင့် ဆုံစည်းခဲ့ရသည်။

အကြည့်ချင်းဆုံ၍ ရွှေရင်အစုံတွေခုန်ခဲ့ရသည်။

တိုတောင်းသော အချိန်ကလေးပင် ဖြစ်လင့်ကစား ခံစားမှုမှာ မသေးလှချေ။ ယင်းအကြိမ်သည်ကား ဒုတိယအကြိမ်ဖြစ်၏။

ပထမအကြိမ်ကား ဦးအုန်းပွင့်ထို့ လင်မယားလာလည်သောညဖြစ်ပေ၏။ မိမိမေ့သွား၍ သတိပြန်လည်လာသောအခါတွင် သူ့ရင်ခွင်ထဲဝယ် ပွေ့ချီထားခြင်းကို ခံခဲ့ရသည်။ တစ်သက်နှင့်တစ်ကိုယ် သူစိမ်းယောကျ်ားလေးများနှင့် ကိုယ်ချင်းထိတွေ့ပွတ်တိုက်ခြင်းပင် မခံခဲ့ရသော်လည်း တင့်ဝေကား မိမိ၏ တစ်ကိုယ်လုံးကို သိမ်းကြုံးပွေ့ချီထားခဲ့သည်။

လက်တစ်ဖက်သည် မိမိ၏ တင်ပါးအသားဆိုင်များကို ဆုပ်ကိုင်ထားသလို အခြားလက်တစ်ဖက်က ကျောကိုပိုက်၍ ရင်နားဆီသို့ပင် ရောက်နေ၏။

ထိုစဉ်က ရှက်လည်းရှက်၊ မူးလည်း ...ဖြင့် မိမိသည် သူ၏ ရင်ခွင်ထဲဝယ် မျက်နှာကို ဝှက်ခဲ့၏။ မျက်နှာကို အတင်းဝှက်ခဲ့စဉ်က သူ၏ ရင်ထဲမှ နှလုံးခုန်နေသံကို အတိုင်းသားကြားခဲ့ရသည်။

ယခုကဲ့သို့ ပြန်လည်၍ တွေးမိသောအခါတွင်ပင် မြင့်မြင့်စိုး၏ ဝါဝင်းသောမျက်နှာလေးမှာ ရှက်သွေးလျှမ်း၍ နီမြန်းလာချေ

www.burmeseclassic.com

www.burmeseclassic.com



သေး၏။

သတို့သားအစစ်နှင့် မရင်းနှီးခဲ့ရသလောက် သတို့သားအတုနှင့် ရင်းနှီးနီးစပ်ခဲ့ရသည်။ လွဲရမည့်သူနှင့်မှ နီးနီးစပ်စပ် တွေ့ဆုံရသည်။ ဆိုးဝါးသောကံကြမ္မာ။

ကံကြမ္မာသည် တင့်ဝေအတွက် ပို၍ပင် ဆိုးနေလေရော့သလား။

ယခုအချိန်မှာ ညဥ့်တစ်နာရီကျော်နေပြီ။

လူခေါ်ဘဲလ်သံလည်း မမြည်လာ။ တယ်လီဖုန်းဘဲလ်သံလည်း မမြည်လာ။ အုန်းကြိုင် ပြန်မလာပုံထောက်သော် တင့်ဝေလည်း သူ့အခန်းသို့ သူပြန်မရောက်၍သာ ဖြစ်ရချေမည်။

ဦးလှစိုးပြောသလို သူသည် ခေါင်းပေါင်းကြီးတကားကားနှင့် လျှောက်လည်နေမည် မဟုတ်ပါချေ။ အကယ်၍ လျှောက်လည်ချင်သည်ထားဦး အခန်းသို့ပြန်၍ အဝတ်အစားကို အရင်လဲလှယ်ဦးမည် မဟုတ်ပါလား။

တင့်ဝေ၏အခန်းတွင် တယ်လီဖုန်းရှိလျှင် ဘယ်လောက်ကောင်းမလဲဟုပင် မြင့်မြင့်စိုး တွေးတောမိ၏။ အကယ်၍ သူတို့အခန်းတွင် တယ်လီဖုန်းရှိလျှင် ငါးမိနစ်တစ်ခါလောက် လှည့်၍ခေါ်၍ အုန်းကြိုင်ကို မေးနေမိမည်သာ။

မြင့်မြင့်စိုးသည် ဘယ်လိုမှ အိပ်၍မရ။ တင့်ဝေတော့ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရပြီဟု ရမ်းသမ်းပမ်းသမ်း ထင်မြင်ကာ ရင်တွေဆူ၍ ပူပင်သောက ရောက်နေရသည်။

အချစ်ဟူသည် မဖိတ်ခေါ်ဘဲ ရောက်တတ်သောဧည့်သည်ဖြစ်၏။

သောကသည်ကား မဖိတ်ခေါ်ရုံမက မလိုလားအပ်သည့် ဖြစ်သည့် ကြားထဲက အတင်းထိုးဖောက် ဝင်ရောက်လာတတ်သော ဧည့်ဓားပြဖြစ်၏။

အချစ်နှင့် သောကတို့သည် သားအဖများ တော်စပ်းလေ



ရော့သလားလေ။

မြင့်မြင့်စိုးသည် ရုတ်တရက်လှုးလဲ၍ ထလိုက်လေသည်။ အခန်းတံခါးဖွင့်ကာ ထွက်သွား၏။ ထို့နောက် သူသည် အခန်းတစ်ခု၏ရှေ့တွင် ရပ်လိုက်၏။ ခဏမျှ တွေတွေကလေး စဉ်းစားနေသေးသည်။ ထို့နောက်မှ အပြီးအပိုင်သန္နိဋ္ဌာန်ချထားသည့်အသွင်ဖြင့် ပိတ်ထားသောတံခါးကို လက်သီးဆုပ်ကလေးဖြင့် ခပ်အုပ်အုပ်ထုနှက်လိုက်လေသည်။

ထိုအခန်းသည်ကား ဒေါ်မြမြ၏အစ်ကို အပျော်တမ်းဗေဒင်ဝါသနာရှင် ဦးစံရွှေ၏ အခန်းပင်ဖြစ်သတည်း။

ဦးစံရွှေကြီးသည် အိပ်မှုန်စုံမွှားဖြင့် ထလာလေ၏။

'အောင်မယ်လေး။ ဘဘပဲ စိတ်ချလက်ချ အိပ်နေတယ်'

မြင့်မြင့်စိုး၏ စကားကြောင့် ဦးစံရွှေမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားကာ ဟိုကြည့်သည်ကြည့်ရင်း ...

'ဟင် ဘာဖြစ်လို့တုန်း။ တို့အိမ်ကို သူခိုးဖောက်သွားပြီလား'

'အို ဘယ်ကဟုတ်ရမှာလဲ ဘဘရဲ့'

'ဟ ဒါဖြင့်ရင်လည်း ငါ စိတ်ချလက်ချ အိပ်နေတာနင်က ဘာဖြစ်လို့ အပြစ်နင်ရမှာလဲဟ။ ငါက ဘာကို တထိတ်ထိတ်တလန့်လန့်နဲ့ အိပ်ရမှာလဲဟ'

မြင့်မြင့်စိုးသည် ညှိုးငယ်သော အမူအရာနှင့်ပင် ဦးစံရွှေကို မော့ကြည့်လိုက်လေသည်။

'ကိုတင့်ဝေလေ ...ကိုတင့်ဝေ ပြန် မလာဘူးတဲ့'

'ဟယ် သူ ဘယ်ပြန်လာပါ့မလဲ။ နင်ဟို့ဟာက အယောင်ဆောင်မင်္ဂလာဆောင်ကြီးညစ္စာ။ ကိစ္စပြီးတော့လည်း သူ့အိမ်သူပြန်ရုံရှိတော့တာပေါ့'

'အို အဲဒီ သူ့အိမ်ကိုပဲ သူပြန်မရောက်တာ ပြောနေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရွှေသည် မြင့်မြင့်စိုးက စူးစိုက်ကြည့်လိုက်၏။ ပြီးတော့မှ မျက်နှာကို ချိုသာစွာ ပြင်ထားလိုက်ပြီးလျှင် ပခုံးလေးကို ပင့်လိုက်သည်။

'မြင့်မြင့် နင်ယောင်နေတယ်။ သွား။ သွားပြန်အိပ်'

'အို မယောင်ပါဘူး ဘဘရဲ့၊ ကွာစာကိုလက်မှတ်မထိုးရသေးလို့ အုန်းကြိုင်ကို ဖေဖေလွှတ်လိုက်တယ်။ ညဦးပိုင်းက အုန်းကြိုင်လာသေးတယ်။ အဲဒါကြောင့် မင်္ဂလာဆောင်ပြီးကတည်းက ကိုတင့်ဝေဟာ သူ့အခန်းကို သူပြန်မရောက်ဘူးဆိုတာ သိရတာပေါ့'

ဦးစံရွှေသည် လက်ကို ပြန်ရုတ်လိုက်ပြီးသော် လေးလေးနက်နက်ဖြစ်လာသော မျက်နှာအသွင်အပြင်သို့ ပြောင်းလဲလာလေ၏။

'ဟဲ့ ဒါပေမယ့် ခုလောက်ဆို ပြန်ရောက်နေရောပေါ့'

'အုန်းကြိုင်ဟာ သူ့အခန်းမှာ သွားစောင့်နေတယ်။ သူပြန်ရောက်ရောက်ချင်း ဒီအိမ်ကလူတွေ စိတ်မပူရအောင် အုန်းကြိုင်လာပြေမယ်။ အဲဒါ ခုထက်ထိ အုန်းကြိုင်ပေါ်မလာဘူးလေ'

ဦးစံရွှေကြီးသည် ဘာမျှ ပြန်မပြောတော့ဘဲ ခပ်ငိုင်ငိုင်ဖြစ်သွားသဖြင့် မြင့်မြင့်စိုးကပင် ဆက်ပြောလိုက်သည်။

'ဘဘ ဗေဒင်တွက်တယ် မဟုတ်လား'

'ဘယ်တုန်းကလဲ။ စောစောကများ ဖျာလိပ်တွေကုတ်သံခြစ်သံ နင်ကြားမိသလား။ အဲဒါဆိုရင် ငါ ဗေဒင်တွက်တာမဟုတ်ဘူး။ ကြောင်တွက်တာ ဖြစ်မယ်'

'အို ဘဘကလည်း မဟုတ်တာ။ သူပြန်မလာလို့ မြင့်မြင့်စိတ်ပူနေတယ်။ တစ်လောက ဘဘ သူ့ဇာတာကို တွက်ကြည့်တယ် မဟုတ်လား'

'ဘယ်သူ့ဇာတာလဲ၊ အုန်းကြိုင်လား'

'မဟုတ်ပါဘူးလေ၊ ကို ... ကိုတင့်ဝေ'



ဦးစံရွှေသည် ခဏတော့ ပြန်လည်၍ သတိထိုးရှုညည်း ကြည့်နေသည်။ ပြီးမှ ...

'အေး ငါ တွက်ကြည့်ခဲ့တယ်'

'သူ တော်တော်ညံ့နေသလား'

'မညံ့လှပါဘူးဟယ်၊ ဒီကောင် တိုင်ထိပ်ရောက်နေတယ်'

'ဘယ်တိုင်ထိပ်ကို ရောက်နေတာလဲ'

'နင် နားမလည်ပါဘူးလေ။ ဒါက ဗေဒင်စကား။ နင့်အကောင်က ...'

'ကိုတင့်ဝေလို့ ပြောပါ ဘဘရယ်'

'အေး ကိုတင့်ဝေက'

'ဘဘအနေနဲ့ ခေါ်တော့ မောင်တင့်ဝေကပေါ့'

'အဲ မောင်တင့်ဝေက ...၊ ဟယ် နင့်ဩဇာကတယ်များ ပါကလား။ ကဲလေ ထ ဘူ။ အဲဒီ မောင်တင့်ဝေဟာ ဇာတာ စန်းလက် သိပ်ကော တယ်၊ နင် ဘာမှမပူပါနဲ့'

'သူ့မှာ ယ်မရှိနိုင်ပါဘူးနော်'

'မရှိနိုင်ပါဘူး။ ငါပြောတာ ယုံပါ။ သွား ပြန်အိပ်ချည်တော့'

မြင့်မြင့်စိုးသည် ရွှေရင်လေး၍ ဗေဒင်မေးချင်စိတ် ပေါက်လာရသည်။ ထို့ကြောင့် အနီးစပ်ဆုံး ဗေဒင်ပညာရှင် ဦးစံရွှေကိုနှိုး၍ မေးတော့လည်း တင့်ဝေတွင် အန္တရာယ်မကျရောက်နိုင်ပါတဲ့။ ကံဇာတာ သိပ်ကောင်းနေပါတယ်တဲ့။

မိမိ၏ အိပ်ခန်းသို့ ပြန်ရုံသာရှိသဖြင့် မြင့်မြင့်စိုးသည် မကြာမီပင် အိပ်ရာထက်ဝယ် မအိပ်ချင်ဘဲနှင့် ခွေခွေကလေး ဖြစ်နေရပြန်သည်။

ဗေဒင်မေးလိုက်ပြီးသည့်တိုင်အောင်လည်း ရေရင်မအေးရ သေးပါ။

ဗေဒင်ဆိုသည်မှာ ဗေဒင်ဆရာပြောသမျှ ကြားရခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



လျှင်ဖြစ်၏။ ပေဒင်ဆရာသည်လည်း လူသာဖြစ်သည်။ ထို့ကြောင့် မှားယွင်းချွတ်ချော်နိုင်ချေ၏။

အထူးသဖြင့် ဦးစံရွှေမှာ မိမိ၏ဘကြီးဖြစ်၏။ တူမကို ချစ်သည့်ဇောနှင့် တူမ စိတ်မကောင်းအောင် မပြောဘဲနေချင်နေမည်။

သည်လို တွေးမိပြန်တော့လည်း တင့်ဝေအတွက် စိတ်မအေးစရာပင် ဖြစ်နေသေးသည်။

တင့်ဝေခမျာ မိမိအတွက် သိပ်ဒုက္ခများရသည်။ မိမိနှင့် တကယ်တမ်းလည်း မပေါင်းသင်းရဘဲ အခြားသူ၏ ရန်ငြိုးပြုခြင်းကို သက်သက်ခံနေရသည်။

မြင့်မြင့်စိုးသည် မိန်းမတို့၏ဉာဏ်ပညာဖြင့် တင့်ဝေသည် မိမိကို ချစ်ကြိုက်နေခြင်းကြောင့် တပ်အပ်သိ၏။ ထို့ကြောင့်ပင် သက်ပြင်းချ၍ ညည်းညူမိ၏။

'ကိုတင့်ဝေရယ် ... မြင့်မြင့်တို့ ဒုက္ခပေးမိတာ များပြီထင်တယ်လေ'

* * *



(တစ်ဆယ့်ခြောက်)

'ပြန်ပေးဆွဲတ[illegible] တော့ ခင်ဗျားတို့မှားပြီပဲ'

တင့်ဝေသ[illegible] နံးထဲရှိ တစ်ခုတည်းသော ကွပ်ပျစ်ပေါ်တွင် ဆောင့်၍ထိုင်[illegible]ရင်း ပြောလိုက်လေသည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကိုကုလားကြီးသည် စုံရပ်လိုက်၍ တင့်ဝေကို လှည့်ကြည့်လိုက်၏။

'ဘာဖြစ်လို့ မှားရမှာလဲ'

'ကျွန်တော့်ကို ဘယ်သူမှ ရွေးမှာမဟုတ်ဘူး။ ရွေးဖို့နေနေ သာသာ ခုလို ကျွန်တော်ဒုက္ခရောက်နေတာကို ပူမယ့်သူတောင် ရှိမယ်မှတ်သလား။ ဝေးစွာခြောက်ပါ။ ကျွန်တော့်လို ငမွဲငတေကို ဘယ်သူကမှ စိတ်မဝင်စားပါဘူးဗျာ'

ကိုကုလားကြီးမှာ ပထမသော် အံ့အားသင့်သွားသလိုတော့ ဖြစ်၏။ သို့သော် ချက်ချင်းလိုလိုပင် ဤကိစ္စမှာ မိမိနှင့်မဆိုင်ဟု ယူဆလိုက်သလို မျက်နှာမှာ နဂိုနေအတိုင်း ပြန်ဖြစ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟ တို့က ပြန်ပေးဆွဲတာ ငွေလိုချင်လို့ မဟုတ်ဘူးကွ'

ကိုကုလားကြီး၏ စကားကြောင့် တင့်ဝေမှာ အံ့အားသင့်သွားရတော့သည်။

'ဗျာ . . . ငွေလိုချင်လို့ ပြန်ပေးဆွဲတာမဟုတ်ရင် လူကိုလိုချင်လို့ပေါ့ ဟုတ်လား။ ဘယ်ကောင်မလေးကများ ကျွန်တော့်ကို စိတ်ဝင်စားနေလို့ ပြန်ပေးဆွဲခိုင်းတာလဲ ဟင်'

'ဟာ အဟား ဟား ဟား . . . မင့်ကို ပြန်ပေးဆွဲခိုင်းလိုက်တဲ့ကောင်မလေးကို မင်း မနက်ကျရင်တွေ့ရမှာပေါ့။ ဟား ဟား'

ကိုကုလားကြီးသည် သူ့စကားကို သူကျော်တော်သဘောကျကာ ဆက်၍ ဆက်၍ ရယ်နေသည်ကို တင့်ဝေက ရွံရှာသလို ကြည့်နေမိလေ၏။

ထိုအခိုက်တွင် အခန်းတွင်းသို့ ထွန်းသောင်ဝင်ရောက်လာလေသည်။ သူ့လက်ထဲတွင် စားစရာအထုပ်များကို ဆွဲငင်လာ၏။

'ဦးလေး ညစာရောက်ပြီ'

ကိုကုလားကြီးသည် ထွန်းသောင် [illegible]ထဲမှအထုပ်နှစ်ထုပ်ကို ယူလာ၍ ကျန်အထုပ်များကို ပြန်ပေးလိုက်သည်။ ထွန်းသောင်လည်း ပြန်ထွက်သွား၏။

ကိုကုလားကြီးကား ကြမ်းပေါ်တွင်ပင် အထုပ်များကို ဖြည်ထားခဲ့ပြီး ခုတင် (သို့မဟုတ်) ကွပ်ပျစ်ပေါ်မှ တင့်ဝေကို လာပြန်ခေါ်၏။

'ကဲ မောင်တင့်ဝေ၊ လာ ညစာ စားကြစို့'

'မစားချင်ဘူး'

'လာပါကွာ၊ နည်းနည်းဖြစ်ဖြစ် စားလိုက်ပါ'

'နည်းနည်းမှ မစားချင်ဘူး'

ကိုကုလားကြီးသည် တင့်ဝေကို အချိုသာဆုံးမျက်နှာနှင့်



ကြည့်ကာပြောပြန်၏။

'ငါလည်း ကိုယ်ချင်းစာပါတယ်။ ချစ်ရသူနဲ့ကွေကွင်းရခြင်း ဒုက္ခဆိုတာ တော်တော်ကြီးပါတယ်။ ဒါပေမယ့် တစ်ညတည်းပါကွာ။ နက်ဖြန်ည ဒီလိုအချိန်မှာ မင်းဟာ မြမြနဲ့ . . . အဲလေ ဟုတ်ပေါင်၊ ဒေါ်မြမြဆိုတာ သူ့အမေကြီးပဲ။ အဲ . . . ဘာတဲ့၊ မြင့်မြင့်စိုးနဲ့ ရွှေလည်တွဲပြီး . . .'

'ဘာတွေ လျှောက်ပြောနေတာလဲဗျာ။ ကျွန်တော်ဟာ ချစ်တဲ့သူနဲ့ တစ်သက်လုံးကွေကွင်းရမှာဗျ'

ကိုကုလားကြီးမှာ နားမလည်သလို ဖြစ်သွားသည်။

'မင်းပြောတာ ငါတော့ နားမလည်ဘူး။ မင်းကို ဒီတစ်ညတည်းဖမ်းထားရမှာပါ။ နက်ဖြန်မနက်ကျရင် မင်းကိုဖမ်းခိုင်းတဲ့လူနဲ့ တွေ့ရမှာပဲ။ ပြီးတော့ ပြန်ပို့ပေးမယ်လို့ ငါထင်တယ်။ သူက ဒီတစ်ည ထွက်မပြေးရင် ကောင်းကောင်းမွန်မွန် မြူစုဖို့ မှာထားတယ်။ ကဲကွာ လာပါ။ စားလိုက်ပါဦး'

'အို မစားချင်ဘူး။ ကျွန်တော့်ကို ပြန်ပို့၊ အခုမှ သတိရလာတယ်။ ကျွန်တော် လက်မှတ်ထိုးပေးစရာ ရှိသေးတယ်'

'ဘာပဲရှိရှိ ဒီညတော့ ဘယ်လိုနည်းနဲ့မှ ပြန်မပို့ဘူးကွာ။ အဲဒါ ထမင်းစားချင်စား ဒါပဲ'

ကိုကုလားကြီးမှာ ခပ်မာမာပြောလာတော့ တင့်ဝေလည်း လေသံမပျော့ချေ။

'မစားဘူးဗျာ။ ဘာလုပ်ချင်သလဲ။ ဒါပဲ'

ကိုကုလားကြီးသည် တင့်ဝေကို တ[illegible]က်စိုက်ကြည့်လိုက်၏။ သူ၏နားထဲတွင် ဦးဘဖေ ပြောလိုက်[illegible]စကားများကို ပြန်လည်ကြားယောင်လာလေသည်။

'ဒီကောင်က လူကြောက်ပါ။ လေသာ ထွားတယ်၊ နား[illegible] သိပ်ကြောက်တဲ့ကောင်။ လက်တွေ့မှာ ဘာသတ္တိမှ မရှိဘူး။ ပြောလို့မရရင် လက်သီးနဲ့တစ်ချက်သာ ထိုးလိုက်။ ထိုင်ငိုပြီး ချက်ချင်း

www.burmeseclassic.com



တောင်းပန်တတ်တယ်'

ထိုခဏတွင် ကိုကုလားကြီးသည် တင့်ဝေ၏အနားသို့ ချဉ်းကပ်လာ၏။ တင့်ဝေကလည်း သူ့ကို စိုက်ကြည့်နေသည်။ အနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကိုကုလားကြီးသည် ဖတ်ခနဲ တင့်ဝေ၏ပါးရိုးသို့ လက်သီးနှင့်ထိုးလိုက်၏။ ထိတော့ထိသည်။ သို့သော် တင့်ဝေက နောက်သို့တိမ်းလိုက်သဖြင့် လက်သီးချက်မနာချေ။

'ကဲဗျာ ခင်ဗျားက ရန်ပြုမှတော့ ကျွန်တော်ကလည်း ပြန်လုပ်ရတော့မှာပေါ့ ကဲ ကဲ'

တင့်ဝေသည် ဆတ်ခနဲ ရပ်လိုက်ပြီး ကိုကုလားကြီးကို လက်သီးနှင့် ဆင့်၍ဆင့်၍ ထိုးလေဆော့ရာ ကိုကုလားကြီးမှာ လက်များမြှင့်ကာရင်း . . .

'ဟော့ မလုပ်ပါနဲ့ကွာ။ ငါ ကစားတာပါ။ မလုပ်ပါနဲ့ကွာ။ ငါတောင်းပန်ပါတယ်။ ကျိုးသွားတာပါကွ'

ဟု ပြောလျက်က နောက်ပြန် ယက်ကန်ယက်ကန်နှင့် ဆုတ်နေရတော့သည်။ တောင်းပန်သံမှာ တကယ့်လေသံဖြစ်နေသောကြောင့် တင့်ဝေသည် အထိုးကို ရပ်လိုက်ကာ ကြည့်လိုက်၏။

ကိုကုလားကြီးသည် တကယ်ပင် ကြောက်သွားသည့်ဟန် တော့ရှိသည်။

'မောင်တင့်ဝေ ငါ တောင်းပန်ပါတယ်ကွာ။ မင့်အဘ အဲလေ ငါ့ကိုဖမ်းနိုင်းတဲ့ လူနဲ့တွေ့မှ ကြည့်ရှင်းပါ။ ငါက ကြားလူပါကွ။ မင်းကို မပြုစုရင် ငါ ဒုက္ခရောက်လိမ့်မယ်။ ဪ နက်ဖြန်မနက်လာရင် ငါ့ကို ဒုက္ခမရောက်စေချင်ရင် ညစာလေး ဝင်သလောက် စားလိုက်ပါကွာ'

တင့်ဝေသည် တွေသွား၏။ ဤလူကြီးမှာ ကြားလူဖြစ်သည်။ မိမိကို အလိုရှိနေသော သူမှာ နက်ဖြန်မှ တွေ့ရမည်။ ၇ ကလန်ကဆန်တွေ လုပ်နေလျှင် ဤလူကြီးပင် ဒုက္ခရောက်



ရတော့မည်။ မဆိုင်သူကို ဒုက္ခမရောက်စေချင်သဖြင့် အာမျှ ပြောတော့ဘဲ တင့်ဝေသည် ညစာကို အသာစားလိုက်၏။

ကိုကုလားကြီးက ဝမ်းမြောက်ဝမ်းသာနှင့် ပြုစုလိုက်သည် ဖြစ်ခြင်း။

လက်ဆေးရာတွင် ရေလာလောင်းပြီး ပွတ်တိုက်ဆေးပေး၏။ သောက်ရေကို အဆင့်သင့်ယူပေး၏။ ညဘက် သောက်ရန် ကရင်ဆိုဒါပုလင်း၊ ရေခဲဘူးနှင့် ဖန်ခွက်တစ်ခွက်တို့အပြင် စီးကရက်ဘူးများပင် အဆင်သင့် လာချထားပေးသည်။ လက်ဆွဲဖန်မီးအိမ်ကလေးတစ်လုံးကိုလည်း မီးထွန်းချထားပေး၏။

ပြီးသော် ကိုကုလားကြီး ပြန်ထွက်သွားပြီး အခန်းတံခါးကို အပြင်ဘက်မှ ပိတ်သွားလေ၏။

အခန်းထဲတွင် တင့်ဝေတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ဤအိမ်အိုကြီး တစ်အိမ်လုံးတွင်တော့ တစ်ယောက်တည်း မဟုတ်တန်ရာ။ ညနေက လူကြီး(ကိုကုလားကြီး) နှင့် ပေါင်းပါတို့သည် မိမိ ထွက်မပြေးစေရန် တစ်နေရာရာတွင် အသီးသီးနေရာယူ၍ စောင့်နေကြမည်ကို တင့်ဝေ ရိပ်မိပေသည်။

ထို့ကြောင့်ပင် ကွပ်ပျစ်ပေါ် လှဲချလိုက်၏။ ကွပ်ပျစ်ပေါ်တွင် ဖျာပေါ်၌ အိပ်ရာခင်း ခင်းထားပြီး စောင်နှင့်ခေါင်းအုံးရှိသည်။

တင့်ဝေသည် စီးကရက်သောက်ရင်း စိတ်ကူးနေမိတော့သည်။

သူ၏ ဘဝတစ်လျှောက်တွင် ချစ်သူဟူ၍ မရှိခဲ့ပေ။ အချစ်မရောက်သော နှလုံးသားသည် ပေါ့ပါး၏။ ရှင်လန်း၏။ ဤသို့ဖြင့် သူ့ဘဝသည် ပေါ့ပါးရွှင်လန်း၍ ချမ်းမြေ့ရသည်။

သို့သော် ကြမ္မာညွှန်း၍ မြင့်မြင့်စိုးနှင့် ဆုံစည်းရတော့သည်။ ကြမ္မာသည် ညွှန်းရုံသာ ညွှန်းခဲ့သည်။ ခရီးတစ်ဝက်တစ်ပျက်၌ သူ့ကို ပစ်ထားခဲ့သည်။ ပို့မည့်ပို့လည်း ခုတင်ရောက်အောင် ပို့ဖို့ကောင်းသည်။

www.burmeseclassic.com



မြင့်မြင့်စိုးကို မြင်လျှင် မြင်ခြင်းပင် စွဲလမ်းမိသည်။ ချစ်မိကြိုက်မိသည်။ မြင့်မြင့်စိုးပင် သူ၏ ချစ်ဦးသူဖြစ်သည်။ ကြင်ဦး သဲပန်းဖြစ်၏။ ထိုမြင့်မြင့်စိုးကို သူသည် ဘဝသက်တမ်းနှင့် စာလျှင် တိုတောင်းလှသော ခဏတာလေးမျှသာ တွေ့ကြုံဆုံစည်းခဲ့ရသည်။

ခဏတာ ... ခဏတာ သို့သော် ဘယ်မိန်းမနှင့်မှ မတွေ့ကြုံဖူးသည့်နည်းမျိုးနှင့် တွေ့ကြုံခဲ့ရသည်။ နှစ်ဦးနှစ်ဝ ချစ်တွဲပြန်ထားသည့် ချစ်သူများမဟုတ်ကြပါဘဲလျက် ပွေ့ဖက်ခဲ့ရသည်။ အများ၏ မျက်စိရှေ့တွင် လင်မယားဖြစ်ပြီဟု အထင်ပိုက်မိအောင်ပင် ရှေ့ဂဟေဆက်၍ လက်ထပ်ခဲ့ရသည်။

လက်ထပ်ပြီးပြန်တော့လည်း သိထားသည့်အတိုင်းပင် ခွဲခွာ ခဲ့ရသည်။ သို့သော် ကွဲပုံကွဲနည်းကား မျှော်လင့်ထားသလိုတော့ မဟုတ်။ အဘယ်သူသည် သူ့ကို ဘာကိုလိုချင်၍ ပြန်ပေးဆွဲလာရ လေသနည်း။ ထိုသူကား အဘယ်သူနည်း။ အန္တရာယ်ပေးချင်ပုံ မရသဖြင့် တင့်ဝေဆိုးတော့ မဟုတ်တန်ရာ။

သူသည် မိမိကို ပြန်ပေးဆွဲလာသူနှင့် ပတ်သက်၍ ဤမျှလောက်ပင် တွေးတော၏။ သူ့စိတ်သည် ဘယ်လိုမှ အခြားသို့ မရောက်နိုင်ချေ။

လည်၍ လည်၍ပင် မြင့်မြင့်စိုးထံ ပြန်ရောက်ရချေသည်။

မိမိသည် ကွာစာကို လက်မှတ်မထိုးခဲ့သေး။ ယခုလောက်ဆိုလျှင် ဦးလှစိုးကြီး ပျာယာခတ်နေပေရော့မည်။ မိမိကိုလည်း ကတိမတည်၊ သစ္စာမရှိသောသူအဖြစ် ပုတ်ခတ်နေပေရော့မည်။ သူ့ငွေကိုလက်ခံ၍ သူ့အလုပ်ကို ပြီးပြတ်အောင် လုပ်မပေးခဲ့သဖြင့် ကတိမတည်သူ လူယုတ်မာတစ်ယောက်ဟု ထင်ရော့မည်။

ဦးလှစိုး ဘာထင်ထင် သူမမှုပါ။ ဒေါ်မြမြကတော့ ဘာ ... ရမှန်း သိကောင်းမှသိမှာပါ။ သို့သော် ဒေါ်မြမြက ဘာထင်ထင် သူမမှုချေ။



ဦးစံရွှေ၊ ဦးရာဇာ၊ ကိုသာကျော်၊ မခင်သန်း ထင်ကြပစေ။ ဘယ်လိုပဲထင်ထင်၊ ဘာလို့ပဲထင်ထင် တင့်ဝေတစ်ယောက်မမှုပါ။

သို့သော် ...

ထို သို့သော်သည် သူ၏ အတွေးနယ်ကို သိမ့်သိမ့်ခါသွားအောင် လှုပ်လိုက်သောမြေလျှင် ..၊ သို့သော်ပင် ဖြစ်၏။

မြင့်မြင့်စိုးတစ်ယောက် ဘာထင်မည်နည်း။

'ကိုတင့်ဝေ ... ရှင်ဟာ ကတိမတည်တဲ့ လူပဲ။ မြင့်မြင့်ကို ချစ်တယ်ဆို။ မြင့်မြင့်ကို စိတ်မချမ်းသာအောင် လုပ်တာဟာ ချစ်တာလား။ မြင့်မြင့်ရဲ့ မိဘတွေကို မြင့်မြင့် ဘယ်လောက်ချစ်တယ်ဆိုတာ ရှင်သိတယ်။ ခုကြည့်စမ်း ဖေဖေဟာ ဘယ်လောက်သောကရောက်နေရပြီလဲ၊ ရှင်ဟာ တကယ်တော့ လုံးဝ အားမကိုးလောက်သူပဲ။ ကတိသ... ...ည်တဲ့လူ၊ လုံးဝအားမကိုးလောက်သူပဲ။ ကတိသစ္စာ မ... ...ယောက်ျားမပီသတဲ့ ...။ ရှင့်ကို မြင့်မြင့် မချစ်နိုင်ပါ... ...ဖြစ်ရုံဘယ်ကမလဲ ... မုန်းတယ်ရှင့် သိလား၊ သိပ်ကိုမုန်း...'

တင့်ဝေသည် ပေါက်ခနဲပင် ထ၍ ထိုင်လိုက်၏။

လက်ထဲမှစီးကရက်တိုကို သင့်လျော်ရာတွင် ခြေဖြင့်မီးငြိမ်းလိုက်၏။ ထို့နောက် ဟိုဟိုသည်သည် ပတ်ဝန်းကျင်ကို အကဲခတ်သလို ကြည့်လိုက်မိသည်။ အိမ်အိုကြီးက တိတ်ဆိတ်ငြိမ်သက်လှသည်။

တင့်ဝေသည် ဖွင့်ထားသော ခေါင်းရင်းပြတင်းပေါက်ဆီသို့ ခြေသံမကြားအောင် ကိုယ်ကိုဖော့နင်းသွား၏။ ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်လေ၏။

သူရောက်နေသည့် နေရာကား ကားလမ်းမနှင့်မဝေးလှသည့် အိမ်အိုကြီးတစ်ဆောင်၊ ယင်းအိမ်ကြီး၏ အပေါ်ထပ်အခန်းတစ်ခုပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ခြံသည်ရှုပ်ပွနေ၏။ ပြီးတော့ မည်းမှောင်နေသည်။ သို့သော် လမင်းသည် အိမ်၏ တစ်ဖက်စောင်း၌ သာနေသည်ထင်၏။

မိမိ၏ အခန်းအောက်ခြေသာ မည်းမှောင်နေသည်။ အဝေးတွင်ကား လင်းထိန်နေ၏။ ခြံထဲ ခပ်လှမ်းလှမ်းတွင် ရပ်ထားသောဂျစ်ကားကို မြင်ရသည်။ ဂျစ်ကားအစွန်းလေးသာ အိမ်ရိပ်လွတ်၍ လရောင်၌ ကျရောက်နေသည်။

ဂျစ်ကားထဲတွင် လူစောင့်ရှိကောင်းရှိပေမည်။ သို့သော် သူတို့ အိပ်ပျော်ချင် အိပ်ပျော်နေကြမည်။

'အို ငါစွန့်မယ်။ မြင့်မြင့်ဆီကို ညတွင်းချင်း ရောက်အောင်သွားပြီး ငါဟာ ကတိတည်တဲ့လူအဖြစ် ကွာစာကို လက်မှတ်ထိုးပေးမယ်။ မြင့်မြင့်အထင်လွဲတာတော့ ငါမခံနိုင်ဘူး'

တင့်ဝေသည် ကွပ်ပျစ်ဆီသို့ ပြန်လာ၏။

အိပ်ရာခင်းနှင့် စောင်ကိုဆက်ကာ အိပ်ရာခင်းတစ်ဖက်စကို ကွပ်ပျစ်၏ ခြေထောက်တစ်ချောင်းတွင် ချည်နှောင်လိုက်သည်။ ထို့နောက် ပြတင်းပေါက်မှ လျှောခ ... သူဆင်းရန်အတွက် လမ်းအသင့်ဖြစ်နေလေပြီ။

အောက်တွင်ကား သူ့ပြတင်းအောက်တည့်တည့်တွင် ထွန်းသောင်းသည် ထားဝယ်ကြိမ်ကို ကိုင်ထား၏။ ကိုယ်ကို အိမ်ထရံကိုမှီပြီး မှေးခနဲ ပျော်နေသည်။

တင့်ဝေက အပေါ်ကနေချလိုက်သော စောင်၏တစ်ဖက်အစမှာ သူ့မျက်နှာနားတွင် လှုပ်ယမ်းနေ၏။ သို့သော် ကံအားလျော်စွာ မျက်နှာကိုမထိမိချေ။ ထို့ကြောင့် ထွန်းသောင်မနိုးပေ။

အပေါ်ပြတင်းပေါက် အတွင်းဘက်က တင့်ဝေသည် နောက်ဆုံးအနေဖြင့် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ အခန်းငယ်သည် မှေးမှိန်သော မီးရောင်အောက်တွင် တိတ်ဆိတ်နေသည်။



တင့်ဝေကား ပြတင်းပေါ်သို့ ပေါ့ပါးစွာခုန်တက်လိုက်ပြီး လျှင် ကြိုးစမှ လျှော၍ချလိုက်၏။ သူ့အလေးချိန်ကြောင့် တွဲလျားမှာ တစ်ချက်ကြွ၍ ကြမ်းပေါ်သို့ ဒုန်းခနဲ ပြန်ဆောင့်ကျလိုက်သည်။

အပြင်ဘက်နားတွင် ထရံကိုမှီ၍ အိပ်ပျော်နေသော ကိုကုလားကြီးနှင့် အဖော်တစ်ယောက်ရှိ၏။ အဖော်မှာ မနိုးသော်လည်း ကိုကုလားကြီးသည် နိုးလာသဖြင့် အပေါက်ငယ်အတွင်းမှ အခန်းတွင်းသို့ ချောင်းကြည့်လိုက်၏။

'အလို'

ခုတင်ပေါ်တွင် တင့်ဝေကို မတွေ့ရတော့ချေ။

ဘေးက အဖော်ကို အတင်းပုတ်နှိုး၍ အခန်းတံခါးကို ဖွင့်ကာ ကိုကုလားကြီး ဝင်ရောက်လာလေ၏။ ပြတင်းဆီသို့သွားကာ ငုံ့ကြည့်လိုက်သည်။ မှောင်မည်းနေသော်လည်း လူတစ်ယောက်သည် သတိန ဦးညင်းစွာဆင်းနေသည်ကို မြင်ရ၏။

ကိုကုလား အဖော်မှာ နောက်ကျနေသဖြင့် သူ အတွင်းဘက်သို့ သည်နှင့်တစ်ပြိုင်နက် ကိုကုလားကြီးမှာ ပြတင်းပေါက်ပေါ်ထုပ မပြုး ဖြစ်နေသည်။ ထို့ကြောင့်ပင် အဖော်သည် ပြတင်းပေါက်ဆီသို့ ဦးတည်၍ အပြေးကလေးသွားလိုက်၏။

အောက်ဘက်တွင် ကြည့်ပါဦး ...။

ထွန်းသောင်သည် နံရံကိုမှီ၍ အိပ်ပျော်နေသည်။ စောင်၏အဖျားစသည် သူ့မျက်နှာနားတွင် တဝဲဝဲဖြစ်နေ၏။ အပေါ်မှ တင့်ဝေဆင်းလာသောအခါမှာ အဝတ်စသည် ပို၍ ခါယမ်းလာသည်။

ထွန်းသောင်၏ ပါးနားသို့ရစ်လိုက်၊ နှာသီးနားက ဖြတ်သွားပြီး တစ်ဖန် တစ်ဖက်နားတွင် ရစ်ဝဲလိုက်ဖြစ်နေပြီး ဆတ်ခနဲ ခုန်၍ နောက်သို့ ဆုတ်သွားပြန်လေသည်။

ဆတ်တွန့်ဆတ်တွန့် ဖြစ်နေသော်လည်း အဝတ်အစသည် ထွန်းသောင်း၏ မျက်နှာကို မထိခိုက်သဖြင့် သူမနိုးချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကုလားကြီးသည်လည်း လိုက်၍ ဆင်းလာခဲ့၏။

ထိုအခါတွင် စောင်၏အဖျားစမှာ ပို၍ပို၍ ယမ်းလာလေတော့သည်။ ဖျတ်ခနဲ ထွန်းသောင်၏ ပါးကိုတို့၍ ကစားသွား၏။ ဖျတ်ခနဲ နဖူးကို မထိတထိ ပွတ်သပ်လိုက်ပြန်၏။

'ဟင်'

ထွန်းသောင်၏ ပါးစပ်မှ အသံထွက်ပေါ်လာပြီး လက်ကြီးတစ်ဖက်သည် မျက်နှာဆီသို့ ရောက်လာကာ ပါးနှင့်နဖူးကိုပွတ်၍ ပြန်ဆင်းသွား၏။ မျက်နှာကို အနည်းငယ်စောင်းလိုက်သည်။

တင့်ဝေသည် အပေါ်ကို မော့ကြည့်လိုက်သောအခါ တစ်ပိုတစ်ယောက် လိုက်ဆင်းလာသည်ကို တွေ့ရ၏။ ထို့ကြောင့် ခပ်သုတ်သုတ်လေးဆင်းရန် ကြိုးစားလိုက်လေသည်။

စောင်၏ အဖျားစသည် ပို၍ သွက်လက်စွာလှုပ်ခါလာရကာ ထွန်းသောင်း၏ မျက်နှာကို တဖတ်တဖတ်နှင့် ပစ်ပစ်ရိုက်လေတော့ရာ ထွန်းသောင်သည် စောင်စကို လက်တစ်ဖက်နှင့် ဖမ်းဆွဲလိုက်၏။

ထို့နောက် မျက်လုံးများဖွင့်ကြည့် [illegible] အဖြစ်အပျက်ကို ရိပ်စားမိသဖြင့် သွက်လက်စွာပင် ထလိုက [illegible] ျမ်လုံးကို အဆင်သင့်ကိုင်ထားလိုက်သည်။

ကိုကုလားကြီးသည် အောက်သို့ ငုံ့ကြည့်ပြီး တင့်ဝေမှာ မဝေးသေးသောနေရာတွင် ရှိသေးသည်ကို တွေ့သဖြင့် မြန်မြန်ဆင်းနိုင်အောင် နံရံကိုကန်၍ အတင်းဆင်းလိုက်သည်။

လူနှစ်ယောက်ဆွဲငင်မှုကြောင့် တင်းသွားပြီး ကွပ်ပျစ်ကြီးသည် နေရာမှ လျင်မြန်စွာရွေ့၍ ပြတင်းပေါက်၏ ဘောင်သို့ ပြေးကပ်လေတော့သည်။

'ရှရော ဝုန်း'

'အားပါး သေပါပြီဗျ'

ပြတင်းငုံ့ကြည့်နေသော ကိုကုလားကြီး၏ အဖော်မှာ ကွပ်



ပျစ်နှင့် ပြတင်းနံရံတို့အကြားဝယ် ဆောင့်၍ညှပ်လိုက်ခြင်းကို မျှော်လင့်ဘဲ ခံလိုက်ရလေ၏။

ကိုကုလားကြီးသည် အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ပြန်သည်။ ခပ်သုတ်သုတ်လိုက်လျှင် မီနိုင်သည်ဟု တွေး၍ လျှောချရန် နံရံကို ကန်ထားသောခြေများကို ဖြုတ်လိုက်ကာ ကြိုးကို ဖက်ထားလိုက်သည်။

'ဗျစ်'

ကိုကုလားကြီးသည် အလန့်တကြား မော့ကြည့်လိုက်သည်။

သူ့ခေါင်းပေါ် တစ်တောင်သာသာလောက် နေရာမှ အိပ်ရာခင်းကြီးသည် စုတ်ပြဲ၍ လာသည်ကို တွေ့ရ၏။ လုံးဝတော့ ပြကျမသွားပေ။

ကိုကုလားကြီးအဖို့ ပို၍ မြန်မြန်ဆင်းရန် လိုလာချေပြီ။ အဝတ်စုတ်မကျခင် အောက်သို့ မြန်မြန်ရောက်လျှင် ကောင်းမည်။ သို့မဟုတ်သည့်တိုင်အောင် အဝတ်စ ပြကျသောအခါတွင် အောက်သားရောက်နိုင်သမျှ ရောက်လေသက်သာလေဖြစ်မည် ဖြစ်သောကြောင့်တည်း။

တင့်ဝေသည် အောက်သို့ ရောက်ခါနီးလေပြီ။

အောက်က အသင့်စောင့်နေသော ထွန်းသောင်ကလည်း ကြိမ်ဖြင့်ရိုက်၍ ပြန်တင်ရန် အသင့်ပြင်လိုက်လေသည်။

အပေါ် ပြတင်းတွင်ညှပ်နေသော အဖော်လူရွယ်သည် ရုန်းလွန့်၍ ကွပ်ပျစ်ဘက် မျက်နှာမူပြီးသည့်အခါတွင် လက်နှစ်ဖက်နှင့် ကွပ်ပျစ်ကိုထောက်ကာ နံရံကိုခြေကန်၍ အ ာင်းဖိတွန်းလိုက်ရာ ကွပ်ပျစ်ကြီးမှာ လျှောခနဲ ပြန်ရွေ့သွားပြန်လေ၏။

ထွန်းသောင်းသည် ကြိမ်လုံးဖြင့် လွှဲ၍ရိုက်လိုက်၏။ သို့သော် သူ အံ့အားသင့်သွားရတော့သည်။

တင့်ဝေ၏တင်ပါးကို ကြိမ်လုံးကောင်းကောင်းခတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ခန့်မှန်းမိ၍ လှဲရိုက်လိုက်သည်နှင့် တစ်ပြိုင်နက် တင့်ဝေ ရောကိုကုလားကြီးပါ ပြိုင်တူပင် ဂူးခနဲ အပေါ်ချော်သွားလေသည်။ အပေါ်ကကွပ်ပျစ်ကို ရွှေ့လိုက်သဖြင့် ကြိုးတက်သွားသောကြောင့် ပင်ဖြစ်၏။

ထိုအဖြစ်ကြောင့် တင့်ဝေနှင့် ကိုကုလားကြီးတို့ပင် ကြောင် ၍ ခေတ္တရပ်တန့်သွားကြ၏။

'ဖျစ်'

ကိုကုလားကြီးသည် ချာခနဲ မော့ကြည့်လိုက်ပြီး အောက် သို့ ဆက်ဆင်းပြန်လေသည်။ အပေါ်ကလူ ဆင်းလာသဖြင့် တင့်ဝေ လည်း ဆင်းရန်ပြင်လိုက်သည်။

အပေါ်က အဖော်သည် ချာခနဲ လှည့်လာ၍ ပြတင်းပေါက် မှင့်ကြည့်လိုက်စဉ် ကွပ်ပျစ်ကြီးမှာ ရှရော ဝုန်းခနဲ နောက် ပြေးဆောင့်လိုက်ရာ ခမျာမှာ ကော့ပင်သွားရတော့သည်။

'အို မှသပါပြီဗျ'

တင့်ဝေမှာ ဆက်ဆင်းရန်ကြံစဉ်ပင် အလိုလိုနေရင် လျှောခနဲ နိမ့်ဆင်းလာရာ အသင့်စောင့်နေသော ထွန်းသော ကြိမ်ဖြင့်ဆော်လိုက်၏။

'ဖျန်း'

'ဟ အောက်ကဆော်သဟေ့'

တင့်ဝေက လွတ်ခနဲအော်ကာ လျင်မြန်စွာပင် အပေါ် ပြန်တက်ပြေးလေ၏။

'ဖျစ်'

ကိုကုလားကြီးမှာပြုံးပြုံးပျာပျာ ဆက်ဆင်းရပြန်လေ

အပေါ်က အဖော်သည် ဤတစ်ချီတွင် ကွပ်ပျစ်ကြီး ပြန်မရွှေ့တော့ချေ။ သူ့တစ်ကိုယ်စာသာ လွတ်အောင်လုပ်၍ ကျ ပစ်ပေါ်တက်ပြီး ငုံ့ကြည့်နေလိုက်သည်။

အပေါ်က ဆင်းလာသော ကိုကုလားကြီး၏ ခြေထော



သည် တင့်ဝေ၏ထိပ်ကို နင်းမိ၏။ တင့်ဝေမှာ ဒေါ်ပွပွနှင့် ခြေသလုံး မွေးများကို ဆတ်ခနဲ ဆတ်ခနဲ ဆွဲနုတ်လေရာ ...

'ဟာ မလုပ်ပါနဲ့ကွ၊ မလုပ်ပါနဲ့ကွ၊ မြန်မြန်ဆင်းဟ'

'ဆင်းလို့မရဘူး။ အောက်က ကြိမ်နဲ့ဆော်နေတယ်။ မြန် မြန်ပြန်တက်'

'ဟ မလုပ်နဲ့ အပေါ်က ပြတော့မယ်'

နှစ်ယောက်သားသည် ●တစ်ယောက်စကားကို ထစ် ယောက်မနားယူချေ။ သူကလည်း အတင်းကိုတက်၏။ ဆင်းသည့် သူကလည်း ဖွတ်ဆင်းနေသည်။ တစ်နေရာတွင် တစ်ယောက်နှင့် တစ်ယောက် ဆုံမိကြသည်။ သို့သော် ကြွဖန်၍ ရှန်းရင်းကန်ရင်းနှင့် ပင် တစ်ယောက်ကိုတစ်ယောက် ကျော်သွားကြသည်။

တင့်ဝေမှာ တက်နေရာမှ ကိုကုလားကြီး၏ လက်သီးဆုပ် ကို နင်းမိ၏။

'အတော်ပဲ' ဟု ကြံကာ အားပြု၍ နင်းလိုက်ပါမှ ကိုကု လားကြီးက လက်ကိုဖြည်ပစ်လိုက်ရာ တင့်ဝေမှာ ခြေတစ်ဖက်ချော် ၍ ချာလပတ်လည်သွားရသည်။ သို့သော် ချက်ချင်းပင် ခြေကို ပြန်ကုပ်၍ အပေါ်သို့ ဆက်တက်၏။

'ဖျစ်'

အသံသည် တင့်ဝေ၏ ခေါင်းပေါ်နားက ထွက်ပေါ်လာသ ဖြင့် အခြေအနေကို တင့်ဝေသည် ရိပ်စားမိတော့သည်။ သို့သော် ဆက်ဆင်းနေ၍ မီတော့မည်မဟုတ်။ ထို့ကြောင့် ကုလားကြီးမှာ လည်း အောက်ဘက်သို့သာ လု၍ ဆင်းနေ ဖြင့် သူတို့နှစ် ယောက်မှာ တစ်ဦးနှင့်တစ်ဦး ပို၍ပို၍ ဝေးဝေးသွားကြလေကော့ သည်။

'ဗျစ် ဗျစ်'

ဤတစ်ချီတွင် အသံတို့သည် ဆက်တိုက်ပေါ်လာလေ တင့်ဝေသည် အသံလာရာ အစိတ်အပိုင်း၏ အပေါ်ဘက်နားကို

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်နှင့် အတင်းဖမ်းဆွဲဆုပ်ထားလိုက်၏။ သူ့လက်က ဆုပ်ကိုင်သည်နှင့်တစ်ပြိုင်နက် အသံတို့သည် ဆက်တိုက်ပေါ် ပေါက်လာလေတော့သည်။

'ဗျစ် ဗျစ် ဗျစ်'

သွားလေပြီ။ တင့်ဝေဆုပ်ကိုင်ထားသော နေရာ၏အောက် ဘက် တစ်ထွာသာသာခန့်မှ အဝတ်သည် လုံးဝ စုတ်ပြဲ၍ အောက် ပိုင်းတစ်ခုလုံး လျှောခနဲ ပုံ၍ ကျဆင်းသွားတော့၏။

တင့်ဝေသည် ကျန်သောလက်တစ်ဖက်ဖြင့် အပေါ်ပိုင်းအ စလေးကို စုံဆုပ်ကိုင်လိုက်နိုင်သည် ဖြစ်သောကြောင့် အောက်သို့ ကား ကျ၍မသွားချေ။ တွဲလောင်းကြီးဖြစ်၍ ခါယမ်းလျက် ကျန်ရစ် ခဲ့ရလေသည်။

ကိုကုလားကြီးမှာ အောက်နားရောက်ရန် လူတစ်ရပ်သာ သာနားရောက်ခါမှ အရုပ်ကြိုးပြတ်ဖြစ်ကာ မြေကြီးပေါ်သို့ အဝတ် များနှင့်အတူ ထွေးလားလုံးလား ပြုတ်ကျလာလေ၏။

'ရွှမ်း ရွှမ်း ရွှမ်း ရွှမ်း'

ထွန်းသောင်သည် လက်သံပြောင်ပြောင်နှင့် ကျလာသူကို ဆီး၍ ကြိမ်နှင့် ဆော်လိုက်လေ၏။

'ဟ ကောင်၊ ဆော်လှချည်လားဟ။ ငါပါကွ သေတော့ မှာပဲ'

ထွန်းသောင်းမှာ ထွက်ပေါ်လာသော ကိုကုလားကြီး၏ အသံကို မှတ်မိသွားသောအခါ မျက်လုံးကြီးများပြူး၍ လက်က လည်း အရိုက်ရပ်လိုက်သည်။ ထို့နောက် လျင်မြန်စွာပင် အဝစ်စ ကြီးနှင့် ထွေးလုံးရစ်ပတ်ဖြစ်နေသော ကိုကုလားကြီးကို ကူ၍ အဝတ်စကို ရှင်းပေးလိုက်၏။

'တယ် ဒီကောင်ဟာ ဘာဖြစ်လို့ ငါ့လုံချည်ကို ဆွဲလှန်နေရ ာလဲဟ ဖယ်စမ်းပါ'

ရန်ရင်းကန်ရင်းနှင့်ပင် ကိုကုလားကြီးသည် စောင်ခြုံထဲမှ



ထွက်ပေါ်လာလေတော့သည်။ ထွန်းသောင်က ကူ၍ ဆွဲတင်ပေးလေ ၏။

ပြတင်းပေါက်ဘောင်နားတွင် တွဲလောင်းကြီးဖြစ်နေသူ တင့်ဝေကိုလည်း အပေါ်က လူရွယ်သည် ကူညီဆွဲတင်ပေးလိုက်သ ဖြင့် မကြာမီပင် တင့်ဝေမှာ ကွပ်ပျစ်ပေါ်သို့ ပြန်၍ ထိုင်မိလေပြီ။

ကိုကုလားကြီးနှင့် ထွန်းသောင်းတို့လည်း အိမ်ရှေ့မှ ပြန် ဝင်ကာ အခန်းတွင်းကို ရောက်ရှိလာကြလေသည်။ ကိုကုလားကြီး သည် လက်ထဲတွင် ထွေးလုံး၍ပွေ့လိုက်လာသော စောင်ကြီးကို ကွပ်ပျစ်တစ်နေရာပေါ်သို့ ဆောင်အောင့်ပစ်ချလိုက်လေ၏။

'ဒီမှာ မောင်တင့်ဝေရာ၊ ကျေးဇူးပြု၍ ပြေးဖို့မကြံပါနဲ့ တော့၊ တို့က လူများပါတယ်။ မကြာခင်ပဲ မနက်မိုးလင်းတော့မယ် ဥစ္စာ၊ လာတွေ့မယ့်လူကိ ာင့်ပြီး တွေ့လိုက်ပါကွာ။ ငါတို့လည်း ဒုက္ခရောက်လှပါပြီ'

တင့်ဝေသ   းငိုင်၍နေသည်။ သူ့စိတ်ထဲတွင် ချီတုံချ တုံ ဖြစ်နေဟန်ရှိ   ဉ်တွင် ကိုကုလားကြီးက ဆက်၍ ပြော ပြန်သည်။

'ငါ့တာဝန်က မင်းနဲ့သူနဲ့ တွေ့ပြီးရင် ပြီးပါပြီကွာ။ ဒီတော့ ငါနဲ့ကွမရောက်ရအောင် ကူညီတဲ့သဘောနဲ့ မင်း ငြိမ်ငြိမ်နေလိုက် စမ်းပါ။ နောက်ထပ် ပြေးဖို့မကြံပါနဲ့တော့ကွာ၊ နော် ဟုတ်လား'

ကိုကုလားကြီးက ချော့ချော့မော့မော့နှင့် တူကလေးသား ကလေးတစ်ယောက်ကို ပြောနေသည့်ဟန်မျိုးနှင့် ပြောလေရာ၊ တင့်ဝေမှာ ကိုကုလားကြီးကို ကြည့်၍ သနားသွားမိပြန်လေသည်။ 'ငါ့ကြောင့် သူ့ခမျာ ဒုက္ခရောက်လှချည်ကလား' ဟူ၍လည်း တွေးမိ၏။

'ကောင်းပါပြီဗျာ၊ စိတ်ချကြပါတော့။ ကျွန်တော် မပြေး တော့ပါဘူး။ ဒါပေမယ့် နက်ဖြန်မနက်ကို စောနိုင်သမျှစောအောင် မြင့်မြင့်စိုးတို့နဲ့ တွေ့ဖို့လိုတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန်မှာ လာတွေ့မယ့်လူနဲ့ တွေ့ပြီးရင်တော့ မင်းသဘောအတိုင်းပါပဲကွာ'

ကိုကုလားကြီးတို့လည်း ပြန်ထွက်သွားကြ၏။

အခန်းလေးသည် ယခင်ကကဲ့သို့ပင် မှေးမှိန်သောအလင်းရောင်အောက်၌ တိတ်ဆိတ်ငြိမ်သက်သွားပြန်လေ၏။ ကိုကုလားကြီးတို့ကား အသီးသီးနေရာယူကာ သူ့ကို စောင့်မြဲစောင့်နေကြမည်။

'ဟင်း'

တင့်ဝေသည် သက်ပြင်းချလိုက်၏။

သူပြေးရန် မကြံစည်တော့ပါ။ ကြိုးစား၍ အိပ်ပျော်အောင် အိပ်ပစ်လိုက်မည်ဟု ကြံစည်လိုက်၏။

သို့သော် မလွယ်လှပါချေတကား။ မြင့်မြင့်စိုး၏ ရုပ်ပါရုံက နှိပ်စက်လိုက်၊ ယော်ကျားပီပီ ကတိတည်ချင်ပါလျက် စွပ်စွဲစရာဖြစ်နေသည့်အချက်က နှိပ်စက်လိုက်နှင့် ဖြစ်နေ၏။ အဆိုးဆုံးကား အိပ်ရာပြောင်းလျှင် အိပ်မပျော်တတ်သော မိမိ၏အကျင့်က ပို၍ အနှိပ်စက်ဆုံးဖြစ်၏။

ကြားဖူး၊ ဖတ်ဖူးသမျှသော အိပ်ပျေ်  ၍ နည်းလမ်းများကိုသာ တစ်ခုပြီးတစ်ခု တွေးတောကြံဆနေမိလေတော့သည်။

* * *



## စ်ဆယ့်ခုနစ်)

'ဘယ့်နယ်  ဉက အဆင်ပြေရဲ့လား'

ခရီးရော  ်ပင် ဦးဘဇင်က မေးလိုက်လေသည်။

'သေလုမြောပါးပဲ အစ်ကိုရာ၊ ကောင်လေးက ထွက်ပြေးဖို့ ကြိုးစားသေးတယ်'

ကိုကုလားကြီး၏ ပြန်ဖြေသံကြောင့် ဦးဘဇင်မှ အံ့အားသင့်သွားရသည်။

'ဟ ဒီကောင် ဒါလောက် သတ္တိမရှိဘူး'

'သတ္တိရှိသလား၊ မရှိသလားတော့ မပြောတတ်ဘူး၊ ကျွန်တော်ဖြင့် သူ့ကို ချော့ချည်းပဲနေရတယ်။ နည်းနည်းမာလိုက်တယ်ဆိုရင်ပဲ တီးတော့တာပဲ အစ်ကိုရေ'

'မယားဓောကြောင့်ဖြစ်မယ်။ အင်းပေါ့လေ၊ မင်္ဂလာဦးညမှာ ခွဲထားခံရတော့ ဒီလိုပဲ ရှိတော့မှာပေါ့'

'ဟုတ်တယ် ကောင်မလေးကို သူ တော်တော်ချစ်ပုံရ

www.burmeseclassic.com



တယ်။ ညကလည်း တစ်ညလုံး ကောင်းကောင်းကို မအိပ်ဘူး။ ဆေးလိပ်သောက်လိုက်၊ ပါးစပ်က တွတ်တွတ် တွတ်တွတ် ပြောလိုက်နဲ့ ဖြစ်နေတယ်။ ကျွန်တော်လည်း မိုလင်းကာနီးမှ မေးခနဲ ဖြစ်သွားပြီး ပြန်အနိုးမှာ ကမန်းကတန်းချောင်းကြည့်လိုက်တော့ သူအိပ်ပျော်နေပြီ။ စောင်ကြီးခေါင်းမြီးခြုံလို့'

ဦးဘဇင်သည် ခဏတော့ တွေသွားသေးသော်လည်း ချက်ချင်းပင် သူမျက်နှာသည် ပြန်၍ တင်းမာသွားပြန်လေ၏။

'အို ရက်စက်မှုကြေကွဲတာ။ လူကြီးမိဘကို စော်ကားမော်ကားလုပ်တဲ့ကောင်တော့ ကျောင်းမှန်း ကန်မှန်းသိအောင်တော့ လုပ်ပြရဦးမှာပဲ။ ပြောနေတာကြာပါတယ်ကွာ၊ ခုချက်ချင်းပဲ ပြေးပြီး နားရင်းအုပ်လိုက်ဦးမယ်'

ပြောပြောဆိုဆိုနှင့်ပင် ဦးဘဇင်သည် အခန်းထဲသို့ပြေးဝင်သွားလေ၏။ ကိုကုလားကြီးကား အခန်းထဲသို့ ပြေးလိုက်ဝင်သွားဖို့ ဝေးစွ။ အပြင်ဘက်၌ပင်လျှင် နားများကို ပိတ်ထားလိုက်မိသည်။

စောင်ကို ခေါင်းမြီးခြုံ၍ စိတ်ချ လက်ချ အိပ်ပျော်နေသော တင့်ဝေရှိရာသို့ ဦးဘဇင်သည် အတင်းပြေးဝင်လာကာ ခေါင်းရင်းဘက်မှစောင်ကို ဆတ်ခနဲ ဆွဲလှန်လိုက်ပြီး ( ) ါး၊ လက်ဖမိုးနှင့် ဘယ်ပြန် ညာပြန် အားရပါးရ လွဲ၍လွဲ၍ ရိုက်ထည့်လိုက်လေသည်။

'ဖတ် ‥ ဖတ် ‥ ဖတ် ‥ ဖတ်'

'အို'

ဦးဘဇင်သည် သူ့အာသာသူ ရိုက်ပြီး သူ့ဘာသာသူပင် အာမေဋိတ်သံကို လွှတ်ခနဲ ညစ်ထုတ်လိုက်မိသည်။

သူ ဘယ်ပြန်၊ ညာပြန် ရိုက်နေမိသည်ကား တင့်ဝေ၏ ခြေဖမိုးများကို ရိုက်နေခြင်းပင် ဖြစ်၏။ ဖြစ်မှ ဖြစ်ရသည့်တင့်ဝေသည် အိပ်ရာထဲတွင် ပြောင်းပြန်ကြီး အိပ်နေလေသည်တကား။

ဦးဘဇင်၏ မျက်လုံးများသည် ချက်ချင်းပင် ခြေရင်းဘက်



သို့ လှည့်ကြည့်လိုက်၏။ ခြေဖမိုးကို တဖတ်ဖတ်နှင့် အရိုက်ခံလိုက်ရသဖြင့် နိုးလာပြီဖြစ်သော တင့်ဝေက စောင်ခြုံကိုလှပ်၍ ဦးခေါင်းကို ထွက်လိုက်သောကြောင့် ဦးဘဇင်နှင့် မျက်နှာချင်းဆိုင်မိကြတော့သည်။

'မင်း မင်းမျက်နှာက ဘာဖြစ်လို့ ခြေထောက်ထိရောက်နေတာလဲကွ'

'ဗြော် ... ညက အိပ်မပျော်လို့ ဒီနည်းကိုသုံးမှ အိပ်ပျော်သွားတယ်။ ဒါထက် ကျွန်တော့်ကို ပြန်ပေးဆွဲနိုင်းတာ ဦးလား'

တင့်ဝေသည် ထ၍ ထိုင်လိုက်၏။ ဦးဘဇင်သည် တင့်ဝေကို စူးစိုက်ကြည့်ရင်းပင် ကွပ်ပျစ်၏ ခေါင်းရင်းဘက်တွင် ဝင်ထိုင်လိုက်သည်။

'ငါ ... ငါတွေ့ချင်တာ တင့်ဝေကို တွေ့ချင်တာကွ'

'ကျွန်တော် တင့်ဝေပါပဲ'

'မဟုတ်ပါဘူး။ မနေ့က မင်္ဂလာဆောင်တဲ့ တင့်ဝေကို တွေ့ချင်တာ'

'ဟုတ်ပါတယ်၊ ကျွန်တော်ဟာ မနေ့က မင်္ဂလာဆောင်တဲ့ တင့်ဝေပါ'

မဟုတ်ပါဘဲလျက် ဟုတ်ပါသည်ဟု ဆိုနေသလို ဖြစ်နေ၍ ဦးဘဇင်မှာ စိတ်အနည်းငယ် တိုလာသလိုနှင့် ခပ်ဆတ်ဆတ်ပြန်ပြောလိုက်၏။

'ဟော့ မြင့်မြင့်စိုးနဲ့ လက်ထပ်တဲ့ တင့်ဝေကို ပြောတာကွ'

ဦးဘဇင်ကား လက်လျှော့သလို သက်ပြင်း အားရပါးရချ၍ ခေါင်းကို သွက်သွက်လည်အောင် ခါလိုက်( ) ပြန်ပြော၏။

'မှားကုန်ပြီ၊ အားလုံးမှားကုန်ပြီ'

တင့်ဝေကမူ တက်ကြွစွာပင် ပြန်ပြောလိုက်သည်။

'မှန်ပါတယ်။ အားလုံး မှန်နေပါတယ်'

'မင်းက ဘာသိလို့ ဘယ်နေရာမှာ သွားမှန်နေရသေးလဲ

www.burmeseclassic.com

www.burmeseclassic.com



ကွ'

'အခု ဦးနဲ့စတွေ့ကတည်းက ဦးမေးသမျှ အားလုံးမှန်နေတာပဲလေ'

'မင်းက ဦးဘဇင်သားလား'

'အစစ်ပေါ့၊ ကျွန်တော်ဟာ ဦးဘဇင်သား တင့်ဝေပါပဲ'

'မင်း ငါ့သားတော့ မဟုတ်ပါဘူး'

'အဲ ... အဲဒါတစ်ခုတော့ မှားပြီ။ ဦးလည်း ကျွန်တော့်ဖအေမဟုတ်ပါဘူး'

'အဒါ မှားတာပေါ့ကွ။ မင်းဟာ ဦးဘဇင်ရဲ့ သားမဟုတ်ဘူး'

'ဟော ပြန်မှန်ပြန်ပြီ။ ဘယ်သူကမေးမေး ကျွန်တ... ဦးဘဇင်၊ ဒေါ်ခက်ရဲ့သားလို့ပဲ ဖြေရမှာပဲလေ'

ဦးဘဇင်၏ ပါးစပ်ဖျားများမှာ ဟ သွားကြရတော့သည်။

'မင်း ငါ့ကို နောက်နေသလား'

'ကြံကြံဖန်ဖန်ဦးရာ၊ ဦးကရော အနောက်ခံချင်လို့ ဒီကိုလာနေတာလို့ ကျွန်တော် မယုံကြည်ပါဘူး'

'ဟော့ ဦးဘဇင်ဆိုတာ ငါကွ။ မယ်ခက်ရဲ့ယောကျ်ား'

'တင့်ဝေဆိုတာလည်း ကျွန်တော်ပါပဲ။ မြင့်မြင့်စိုးရဲ့ ဟဂ္ဂ... ဟဂ္ဂ .. သတို့သားလောင်း'

တင့်ဝေသည်လည်း အားကျမခံ လွှတ်ခနဲ ပြန်ဖြေလိုက်ပြီးမှ ဦးဘဇင်၏ စကားများကို ပြန်တွေးမိကာ ...

'ဟာ လက်စသတ်တော့ ဦးဟာ ဦးဘဇင်ကိုး'

'အေး ဟုတ်တယ်'

'တင့်ဝေရဲ့ ဖအေပဲ'

'အေး ဒါပေမယ့် မင့်အဖေတော့ မဟုတ်ဘူးနော်'

တင့်ဝေသည် တစ်ချက်ပြုံးလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော့်အဖေ မဟုတ်ပါဘူး။ မူလ



တိုင်းဆိုရင်တော့ ကျွန်တော့်မိဘတွေဟာ ဦးမြ၊ ဒေါ်ဘုတ်ဆုံပါ'

'ဟင် ဒါနဲ့ မင်းက စောစောကပြောတော့ ဦးဘဇင် ဒေါ်ခက်ဆိုကွ'

'အဲဒါက ဒီလိုပါ၊ ကျွန်တော်ဟာ အကြောင်းတစ်ခုကြောင့် မိဘအသစ်တွေကို မွေးစားလိုက်တယ်လေ'

'ဟယ် ကြံကြံဖန်ဖန် မင်းလက်ထက်ကျမှပဲ ကိတ္တိမမိဘရယ်လို့ ဖြစ်လာသလားကွ'

'ကျွန်တော် ရှင်းပြပါရစေခင်ဗျာ'

တင့်ဝေသည် မိမိ၏ ငွေလိုသည့်အကြောင်းမှစ၍ ယခုပြန်ပေးဆွဲခံရသည့် အချိန်အထိ ကိစ္စတွေကို ရှင်းပြလိုက်လေသည်။ ဦးဘဇင်ကား လွန်စွာမှ စိတ်ပါဝင်စားစွာ နားထောင်နေရာမှ တင့်ဝေအပေါ် ကရုဏာတွေ သက်လာလေ၏။

'ဖြစ်မှဖြစ်ရလေကွာ။ ငါက မြင့်မြင့်စိုးနဲ့ လက်ထပ်တာ ငါ့သား တင့်ဝေမှတ်တာကိုး။ ဒါကြောင့် ငါ့အကြောင်းပြမယ်ဆိုပြီး ခေါ်ခိုင်းထားတာ။ ခုတော့ ငါ့သားက ပိုပြီး ဆိုးဝါးနေပါကလား။ သူများသားသမီးကို ယူမယ်လုပ်ပြီးမှ တခြားမိန်းမကို ခိုးပြေးတယ်။ တော်ပြီ ဒီကောင့်ကို အမွေဖြတ်ပစ်မယ်'

ဦးဘဇင်သည် တင့်ဝေကိုပြောနေရာမှ အပြင်ဘက်သို့ လှမ်း၍ အော်လိုက်၏။

'ကုလားကြီးရေ ဝင်ခဲ့စမ်း'

ကိုကုလားကြီးသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ စမ်းစမ်းစမ်းစမ်းနှင့် ဝင်လာလေရာ ဦးဘဇင်မှာ စိတ်... ည်နိုင်အောင် ဖြစ်သွားရပြန်လေသည်။

'ဟကောင်ရ ဒါက ဘာဖြစ်တာလဲ'

'ကျွန်တော့်တူလေးကို ရက်ရက်စက်စက် လုပ်ထားတာ မကြည့်ရက်လို့'

'တယ်လေ ဖွင့်စမ်းပါဦး မင့်မျက်စိတွေ။ ဒါလား မင့်တူ

www.burmeseclassic.com



သူက တင့်ဝေတော့ တင့်ဝေပဲ။ ဒါပေမယ့် ငါ့သား တင့်ဝေမဟုတ်ဘူး'

ကိုကုလားကြီးသည် အတ်ခနဲ လက်များကိုဖြုတ်ချ၍ တင့်ဝေကိုတစ်လှည့် ဦးဘဇင်ကိုတစ်လှည့် ကြည့်လိုက်၏။

'ဟင် ဒါဖြင့် ဟိုကောင့်ကို ဖမ်းပေးရဦးမလား'

'မလိုတော့ပါဘူး။ ဟိုကောင့်ကို ငါ အမွေပြတ်မယ်။ လူမဆန်တဲ့ကောင်မျိုးကို သားမတော်ချင်ဘူး'

ဤတွင်မှ ကိုကုလားကြီးမှာ ဝန်ထုပ်ကြီးကျသွားဘိသည့်အလား။ ဟင်းခနဲ သက်ပြင်းကိုမှုတ် ထုတ်လိုက်လေသည်။ ဦးဘဇင်သည် သူ့ညီအကြောင်း သိသဖြင့် ပြုံးမိတော့၏။

'အော် ကုလားကြီး ...ကုလားကြီး၊ တစ်ကျွ ... ကွာ'

ဦးဘဇင်၏ စကားကို ကြားလိုက်ရသောအခါ တင့်ဝေမှာ ထိတ်လန့်မိတော့သည်။ မိမိသည် ညက ကျွန်းပြန်မှန်းမသိ၍ ခုခံသတ်ပုတ်ခြင်း၊ ထွက်ပြေးရန် ကြိုးစည်ခြင်းများ ပြုခဲ့၏။

'ဒီမှာ ဦးလေး၊ ညက ကျွန်တော်ခံသတ်ခဲ့တာတွေကို ခွင့် ...ခွင့် ..ခွင့်လွှတ်ပါနော်'

တင့်ဝေသည် တုန်တုန်ရီရီနှင့် ကိုကုလားကြီးကို တောင်းပန်လိုက်သောအခါ ဦးဘဇင်သည် အားရပါးရ ရယ်မောလိုက်၏။

'ဟ သူ့ကို အထင်မကြီးစမ်းပါနဲ့။ သူများအမှုပတ်ပြီး ကျွန်းကျသွားခဲ့တာပါကွ။ ရုပ်ကသာ လူမိုက်ရုပ်ပေါက်နေတာ ပရွက်ဆိတ်တောင်မှ သတ်ဝံ့တဲ့ကောင်မဟုတ်ပါဘူး'

ဦးဘဇင်က ရှင်းပြလိုက်သောအခါ ကိုကုလားကြီးသည် ရှက်ရှက်နှင့် 'ဟီး ဟီး' ဟု ရယ်လိုက်ပြီးလျှင် စကားမှ ပြတ်ပါစေတော့ဟု ကြိုကာ ဦးဘဇင်ကို မေးလိုက်သည်။

'ကဲ ဒါဖြင့် အစ်ကိုပြန်မယ် မဟုတ်လား'

'မဟုတ်ဘူး၊ ငါ ကြော်ငြာတွေရေးပေးလိုက်မယ်။ မင်းတို့



သတင်းစာထဲသွားထည့်။ ငါတော့ ဒီက မောင်တင့်ဝေတို့ လိုက်ပို့လိုက်မယ်။ မောင်တိုးရဲ့ ဂျစ်ကားကို မင်းတို့ယူသွား။ ငါ့ချစ်တာနဲ့ ငါသွားမယ်'

ကိုကုလားကြီးသည် သွေးထွက်သံယိုမှုများ မမြင်ရတော့ပြီဖြစ်သဖြင့် ပေါ့ပါးရွှင်လန်းသွားဟန်ဖြင့် ဝမ်းမြောက်စွာ ပြန်ထွက်သွားလေတော့သည်။

ဦးဘဇင်သည် ကရုဏာသက်သလို မျက်နှာထားနှင့် တင့်ဝေဘက် လှည့်ကြည့်လိုက်ပြီးလျှင် သူ့လက်တစ်ဖက်ကို တင့်ဝေ၏ပခုံးပေါ်သို့ လှမ်းတင်လိုက်၏။

'ငါ့သဘောက လူကြီးမိဘကို ရိုသေတာ ကြိုက်တယ်။ မိန်းမဆိုရင်လည်း မိန်းမပီသမှ၊ ယောက်ျားဆိုလည်း ယောက်ျားပီသမှ ကြိုက်တယ်။ ‹ ားလုပ်တာလည်း မခံချင်ဘူး။ ခုတော့ မင်းဟာ မတရ ချတာပဲကွ။ ဘာလဲ ငွေအတွက်နဲ့ လူညွန့်ကျိုးရတ ဘ စင်စစ်မှာ လူပျိုလေး ထွတ်ထွတ်ဖြစ်ပေမယ့် အ ပြင်မှာ တစ်ခုလပ်ဖြစ်နေပြီကွ'

'ကိစ္စမရှိပါဘူး ဦးရယ်၊ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် ကိုးခင်ဗျ'

'ဘာအကြောင်းလဲ၊ ဘာလဲ ငါ လက်မခံဘူးကွ။ မင်းအခုနကပြောတယ်။ မင်းမှတ်မိသေးလား'

'ဟုတ်ကဲ့ မှတ်မိပါတယ်'

'မင်း ဘာပြောခဲ့သလဲ'

'ကိစ္စမရှိပါဘူး၊ ဦးရယ်လို့ ပြောခဲ့တယ်'

'ဒါကို ပြောတာမဟုတ်ပါဘူးကွ။ ဘာတဲ့ မင်းက မိဘတွေကို မွေးစားခဲ့တယ်ဆိုတာလေ'

'ဟုတ်ပါတယ်'

'အေး ငါတို့ဟာ မင်းရဲ့ မွေးစားမိဘတွေပဲ။ ဒီတော့ မင်း ငါ့စကားကို နားထောင်ရမယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com

တင့်ဝေမှာ သူ့စကားနှင့်သူ ပိတ်မိသွား၍ ဦးဘခင်ကို ငေး၍သာ ကြည့်နေရုံ ကြည့်နေမိတော့သည်။

'ကုလားကြီးတို့ ပြောပုံဆိုရင် မင်းဟာ ကောင်မလေးကို စွဲနေတယ်'

'သူတို့ မသိနိုင်ပါဘူး'

'သိသိ မသိသိ ငါ့ကိုလိမ်ရင် ငါမကြိုက်ဘူးနော်။ နားရင်း ထတီးပစ်လိုက်မယ်။ ဒီတော့ မင်းမှန်မှန်ပြော။ မင်းဟာ မြင့်မြင့်စိုး ကိုကြိုက်သလား၊ မကြိုက်ဘူးလား'

'သိပ်ကြိုက်တာပေါ့'

'ရရင် ယူမလား'

'သံသရာတစ်လျှောက်လုံး ယူထားပါ့မယ် ခင်ဗျာ'

'ဒါဖြင့် သွားမျက်နှာသစ်ချေ'

တင့်ဝေက တစ်စုံတစ်ခု ပြန်မေးမလို ခေါင်းကို ထောင်ကြည့်လိုက်၏။

'စကားမများနဲ့ မျက်နှာသွားသစ်ချေ။ ငါ့သားဟာ ငါ့စကား နားထောင်ရမယ်'

* * *



ယ့်ဆယ့်ရှစ်)

မနက် ဘပင် ထ၍ ဦးလှစိုးမှာ ဗျစ်တောက်ဗျစ်တောက် ဖြစ်နေ ဒေါ်မြမြရော မြင့်မြင့်စိုးတို့ပါ အိပ်ရာမှ ထကြရသည်။

နံနက် ခြောက်နာရီလောက်တွင် ကာဖီသောက်ပြီးကြ၍ ဒေါ်မြမြမှာ ညှော်ခန်းတွင် ထိုင်နေသည်။ ဦးလှစိုးကား ဆေးတံကြီး တကားကားနှင့် ညှော်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

မြင့်မြင့်စိုးကား ဘုရားရှိခိုးနေသည်။ သူ့စိတ်တို့သည် ဗေဒင်မေးပြီးသည့် တိုင်အောင် ရှေ့ရင်က မအေးသဖြင့် တင့်ဝေ အန္တရာယ်ကင်းရှင်းစေရန် ဆုကို မြတ်ဘုရားထံတော်တွင် တောင်း၍မဝအောင်ပင် ရှိနေရတော့သည်။

အိပ်ရာမှ ထလာကတည်းက ကပိုကရို ဖြစ်နေရသည့် ကြားဝယ် မျက်နှာကလေးမှာလည်း သောကနှိပ်စက်သဖြင့် အိုနေသည်။ တစ်ညတာကလေးနှင့်ပင် သူမှာ လူမမာကြီးသဖွယ် ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုတ်။

ညှော်ခန်းတွင် တဖြည်းဖြည်းနှင့် လူတွေစုံလာ၏။ ကိုသာကျော်လည်း ရောက်လာပြီး ထိုင်သည်။ ဦးရာဇာနှင့် ဦးစံရွှေတို့လည်း ရောက်လာကြသည်။

ဦးလှစိုးကား ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ဖြစ်နေလေသည်။

'အုန်းကြိုင်လည်း အလကားပဲ။ တကယ်ဆို ဒီအချိန်လောက်ရောက်လာရမှာပေါ့။ ဟိုကောင်ဟာ တစ်ညလုံး အဝတ်အစားမြန်မလဲဘဲ ဘယ်လျှောက်သွားနေရမှာလဲ။ အန္တရာယ်တစ်ခုခုဖြစ်နေတယ်ဆိုရင်လည်း ဆေးရုံနဲ့ ရဲစခန်းတွေ လျှောက်စုံစမ်းရင်ပြီးတာပဲပေါ့။ ခုတော့ . . . တောက်၊ မတင်မကျနဲ့'

ဤတွင် ဒေါ်မြမြက ဝင်ပြော၏။

'ရှင်ဟာ ကိုယ့်ကိစ္စတစ်ခုပဲ သိတဲ့လူပဲ။ မောင်တင့်ဝေအတွက် ပူဖော်မရဘူး'

ဤစကားကို ဦးလှစိုးက လက်မခံချေ။

'ဟ ငါက ဘာဆိုင်လို့ သူ့အတွက် ပူရမှာလဲ။ သူ လိုချင်တဲ့ ငွေကိုလည်း ပေးပြီးပြီ။ ပူခြင်းပူ ငါက ဒီကောင်ကသဘောတူညီထားတဲ့အတိုင်း အလုပ်ကို ပြီးပြတ‿‿ောင် မလုပ်ခဲ့ဘူး'

'ဩော် . . . သူ့မှာ အန္တရာယ်များ တွေ့နေမလားမှ မသိတာ'

'ဟ တွေ့တွေ့ပေါ့ကွာ။ အခု ငါစိတ်ပူနေရပြီ။ တကယ်ဆိုရင် သူသေသွားရင် မခက်ပါလား။ ငါ့သမီး အချောင်မုဆိုးမဖြစ်ကရော'

'အဲဒါ ရှင် မင်္ဂလာဆောင်ပေးချင်သကို။ အစကတည်းက မင်္ဂလာမဆောင်ရင်ပြီးရော ခုတော့ ရှင်ရှုပ်တာ'

'အို ရှုပ်တာတော့ ဘယ်ဟုတ်ပါ့မလဲ။ ငါ့ အစီအစဉ်အ



တိုင်းဆိုရင် စက်ဆီတေလောင်းထားတဲ့ ရေခဲတုံးပေါ်တို့ ကျောတွန်းချလိုက်သလို လျှောခနဲ လျှောခနဲ . . .'

ဦးလှစိုးသည် သူ့စကားကို ရပ်လိုက်ရလေတော့သည်။

အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ထိုးဆိုက်လိုက်သံထွက်ပေါ်လာသောကြောင့်ဖြစ်၏။

အားလုံးသော ဦးခေါင်းတို့သည် အပေါက်ဝဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိကြလေတော့သည်။

အပေါက်ဝဆီမှ စွတ်ခနဲ ဝင်လာသူကား တင့်ဝေပင်ဖြစ်ပေ၏။

တင့်ဝေကို မြင်မြင်ချင်း ဒေါ်မြမြဆီမှ လွှတ်ခနဲ အသံထွက်ပေါ်လာလေသည်။

'ဟင် . . . မောင်တင့်ဝေ၊ တို့ စိတ်ပူနေတယ်ကွယ်'

တင့်ဝေသည် တစ်ချက် ပြုံးပြုံးလိုက်ရင်း မထိုင်သေးဘဲ . . .

'ဩော် . . . ကျွန်တော် ခရီးလွန်နေလို့ပါ ဒေါ်ဒေါ်'

မြင့်မြင့်စိုးသည် မိခင်ဖြစ်သူ၏ 'မောင်တင့်ဝေ'ဟု ခေါ်သံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဧည့်ခန်းဆီသို့ အပြေးကလေးဝင်ရောက်လာသည်။

ဦးလှစိုးသည် တင့်ဝေကို ရှုသိုးသိုးနှင့်ကြည့်ရင်း မေးလိုက်သ်။

'ဟေ့ကောင် . . . ဘယ်မလဲ၊ ကွာစာကော'

တင့်ဝေသည် ဘာမျှ ပြန်မဖြေတော့ဘဲ လက်မကိုကော့၍ နောက်ဘက်သို့ထိုးပြလိုက်ပြီးလျှင် နီးရာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။

ဦးလှစိုးလည်း ဘာမှ နားမလည်သည့်ဟန်နှင့် ဆေးတံကိုကောက်ယူမီးညှိလိုက်ပြီး အပေါက်ဝဆီသို့ ကြည့်လိုက်စဉ် ဦးဘခင်ကို မမြင်ဖူးကြသဖြင့် ငေးကြောင်ကြည့်နေကြလေရာ၊ တင့်ဝေက

www.burmeseclassic.com

www.burmeseclassic.com



ပင် ...

'ဦး လာ ဒီမှာထိုင်'

ဟု နီးရာကုလားထိုင်ကို ညွှန်ပြလိုက်လေသည်။

ဦးဘဇင်လည်း ခပ်တည်တည်ဝင်ထိုင်လိုက်လေ၏။

ဦးလှစိုးမှာ မိမိမေးခွန်းကို ဤပုဂ္ဂိုလ်ကြီးက တစ်နည်းမဟုတ်တစ်နည်းနှင့် ပြန်ဖြေလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ဤပုဂ္ဂိုလ်ကြီးမှာ ဘာကိုမျှမဖြေဘဲ မိမိကို စူးစိုက်ကြည့်နေသဖြင့် တင့်ဝေဘက်သို့ နားမလည်သလို ပြန်ကြည့်လိုက်ပြီး စကားပြောရန် ကြိုးစားလိုက်သည်။

သို့ရာတွင် ဆေးတံကြီးကို ကိုက်လျက်က စကားမပြောချင်သဖြင့် ဆေးတံကို လက်ဝဲလက်ဖြင့် ဆွဲဖြုတ်လိုက်၏။ ထို့နောက် 'ဟာ မှားလို့'ဟု ဆိုကာ ဆေးတံကို ပြန်တပ်လိုက်ပြန်၏။

ပြီးမှ လကျာ်လက်ဖြင့် ဆွဲထုတ်ပြီး တင့်ဝေကိုမေးလိုက်သည်။ ဤအပြုအမူကိုမြင်သော ဦးဘဇင်မှာ ရှုံ့သွားသလို မျက်နှာရှုံ့လိုက်မိ၏။

'ဟေ့ မောင်တင့်ဝေ၊ ဘယ်မှာလဲကွ၊ ကွာစာ'

တင့်ဝေသည် ဦးဘဇင်ကို လှည့်ကြည့်လိုက်သဖြင့် ဦးလှစိုးသည်လည်း ဦးဘဇင်ကိုပင် ဒုတိယမ္ဘိ ပြန်ကြည့်လိုက်ရပြန်လေ၏။

'ဘာကွာစာမှ မပေးနိုင်ဘူး'

ဦးလှစိုးသည် အံ့အားလည်းသင့်သွား၏။ ဒေါသလည်း ထွက်သွားပုံရလေသည်။

'ခင်ဗျားက ဘာဆိုင်လို့ဝင်ပါရတာလဲ'

'ဆိုင်လို့ပါလာတာပေါ့'

'ရှိးရာမို့ ကိုင်ချင်တယ် ဆိုပါတော့'

'ဘယ်က ဟုတ်ရမှာလဲ၊ ဒီကောင်ဟာ ကျုပ်သား'

'ဟာ မဖြစ်နိုင်တာဘဲ'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲဗျ'



'သူ့မိဘတွေက သေကုန်ပြီဗျ'

'ဩ ... ဒါဖြင့် ဒီနေရာမှာ တစ္ဆေကြီးတစ်ကောင် ငုတ်တုတ် လာထိုင်နေတယ်လို့ ခင်ဗျား စွပ်စွဲချင်သပေါ့လေ'

'ဒီလိုလည်း မဟုတ်ပါဘူးလေ။ ကျွန်တော်ပြောတာက သူ့မိဘတွေက သေကုန်ပြီမို့ ခင်ဗျားဟာ သူ့အဖေ မဖြစ်နိုင်ဘူးလို့ ပြောချင်တာပါ'

'သူ့အဖေ မဖြစ်နိုင်ဘူးဆိုတော့ သူ့အမေလို့ကော ထင်သလား'

'ကြံကြံဖန်ဖန်ဗျာ၊ ဒါထက် ခင်ဗျားက ဘယ်သူလဲ'

'ဦးဘဇင်'

'ဗျာ'

'ဦးဘဇင် ... ဦးဘဇင် မယ်ခက်ရဲ့ယောကျ်ား၊ ဦးစုဒေါ်သူဇာရဲ့သား၊ ကိုင်း ... ဘာသိချင်သေးသလဲ'

ဦးလှစိုးသည် ဘာမှ ပြန်မပြောနိုင်သေးဘဲ ဆေးတံကြီးကို ပြန်ကောက်လိုက်၏။ ဒေါ်မြမြက အံ့အားသင့်ဟန်နှင့် ဝင်ပြောလိုက်သည်။

'ဩော် ... ဒါဖြင့် မောင်တင့်ဝေရဲ့ အဖေပေါ့'

'ဟုတ်တယ်'

ဦးဘဇင်မှ ခပ်ပြတ်ပြတ်ပင် ပြန်ဖြေသည်။

ဤတွင် ဦးလှစိုးသည် လက်ဝဲလက်ဖြင့် ဆေးတံကြီးကို ပြန်ချွတ်လိုက်၏။ ထို့နောက် ချက်ချင်းပင် ပြန်တပ်ကာ လက်ယာလက်ဖြင့် ပြန်ချွတ်ပြန်သည်။

'ဒါပေမဲ့ အဲဒီ မောင်တင့်ဝေဟာ အရ မောင်တင့်ဝေပဲ။ ခင်ဗျားဟာ ဒီမောင်တင့်ဝေရဲ့ အဖေမဟုတ်ပါဘူး'

'မနက်ဖြန် သတင်းစာထဲမှာ ကြည့်ပေါ့။ ကျွန်တော့်သား မောင်တင့်ဝေကို အမွေပြတ်ကြော်ငြာတာရော၊ ဟောဒီ မောင်တင့်ဝေကို အမွေစား၊ အမွေခံ မွေးစားတာရော ... နှစ်ခုစလုံး ပါလာ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီတော့ ကျွန်တော်ဟာ ဟောဒီ မောင်တင့်ဝေရဲ့ ဖခင်တစ်ယောက်အနေနဲ့ ကွာစာပေးဖို့ကန့်ကွက်တယ်။ ကျွန်တော်တို့ မိကောင်းဖခင်သားသမီးတွေဟာ မယားတစ်ယောက် ကောက်ယူလိုက်၊ ဟော . . . ကွာပစ်လိုက်နဲ့၊ လွယ်လွယ်လုပ်လို့ မရဘူး။ ဒီတော့ ကျွန်တော်ဟာ ဖခင်တစ်ယောက်အနေနဲ့ လုံးဝ သဘောမတူဘူး'

'ခင်ဗျား ကြော်ငြာက နက်ဖြန်မှ ပါလာမှာ။ မင်္ဂလာဆောင်က ပြီးခဲ့ပြီပဲ'

'ပြီးခဲ့ပေစေလေ၊ ဖိတ်စာထဲမှာလည်း ကျွန်တော့်သား မောင်တင့်ဝေလို့ပါတယ်။ ဒီဖိတ်စာဟာ မမှားတဲ့ ဖိတ်စာပဲ'

'ဖိတ်စာကတော့ မမှားပါဘူး။ ဒါပေမယ့် ဒီ မောင်[illegible] ရဲ့ဖခင်ဟာ ခင်ဗျားမှမဟုတ်တာ'

ဤတွင် ကိုသာကျော်သည် စာရွက်လိပ်ကြီးကို ယူ၍ ဖြန့်ရင်းက ဝင်၍ပြောလိုက်သည်။

'မဟုတ်ဘူး ဖေဖေရဲ့၊ ကျွန်တော်တို့ ဒီဇယားတွေဖြည့်တဲ့နေ့ကပဲ ဖေဖေရဲ့ အမိန့်အာဏာအရ သူ့မိဘဟာ ဦးဘဇင်၊ ဒေါ်ခက်ဖြစ်သွားပြီလို့ တရားဝင် ဖြည့်ထားတယ်'

ဦးလှစိုးသည် ရုတ်တရက် စကားပြန်မပြောတတ်သဖြင့် ဆေးတံကို ကောက်ကိုင်လိုက်စဉ် တင့်ဝေကလည်း ဝင်ပြောလိုက်သည်။

'ဟုတ်တယ်၊ ဦးလေးကပဲ ပြောတယ် မဟုတ်လား။ အဲဒီနေ့ကစပြီး နောက်ကို ဘယ်သူမေးမေး ဦးဘဇင်၊ ဒေါ်ခက်ရဲ့သားလို့ပဲ ပြောရမယ်ဆို'

ဦးလှစိုးသည် ငိုင်သွားရာမှ တစ်စုံတစ်ခုကို သတိရသလို စကားပြောရန် ဆေးတံကို လက်ဝဲလက်ဖြင့် ချွတ်၏။ ထို့နောက် [illegible]ဘပ်ကာ လက်ယာလက်ဖြင့် ချွတ်၏။ ဦးဘဇင်မှာ ရှုံ့မဲ့သွား[illegible]ာသည်။



'ဒါပေမယ့် ကွာစာပေးတဲ့အထိ ကျုပ်ရမယ့် [illegible] ကာပဲ တယ်။ သူက ငွေကို လက်ခံထားပြီးပြီ။ ကွာ[illegible]

ဦးဘဇင်သည် ဟန်ပါပါနှင့် အိတ်ထဲမှ ငွေထုပ် [illegible] လိုက် ထုတ်ပြီး စားပွဲပေါ်သို့ ပစ်ချလိုက်၏။

'ရော့ အဲဒီမှာ ငွေတွေ၊ ကျုပ်ပြန်အမ်းတယ်။ ကွာစာတော့ မပေးနိုင်ဘူး။ မတရားလုပ်ရင် ရုံးတော်က တရားစွဲရလိမ့်မယ်၊ ကျုပ် မခံဘူးဗျ'

ဦးဘဇင်က ဒေါနှင့်မောနှင့်ပြောလိုက်သောအခါ ဦးလှစိုးမှာ ငိုင်သွားရလေတော့သည်။

'ဘယ်လို ဖြစ်ကုန်ပါလိမ့်ကရို' ဟု ဆိုကာ ဆေးတံကြီးကို ပြန်ကိုင်၍ မီးညှိသောက်လိုက်ရလေသည်။

ဤနေရာတွင် [illegible]ာကလည်း ဝင်ပါလာလေတော့၏။

'ဘယ်လိုလဲ [illegible]ဲတို့ဟာက အခု ယူယူ၊ အခု ကွာကွာနဲ့၊ တူမလေးဟ[illegible]က်ရပ်လား။ ကျွန်တော်လည်း မခံနိုင်ဘူး။ လင်မယား [illegible] ဆိုတာ ကာယကံရှင်တွေရဲ့ စိတ်ထားနဲ့ဆိုင်တာ'

ဦးရာဇာသည် စိတ်လိုက်မာန်ပါနှင့် ပြောပြောဆိုဆို တင့်ဝေဘက်သို့ ဆတ်ခနဲ လှည့်၍ မေးလိုက်၏။

'ဟေ့ မင်းက ကွာချင်သလား'

'ဟာ မကွာချင်ပါဘူး ခင်ဗျာ၊ သံသရာတစ်လျှောက်လုံး ပေါင်းချင်ပါတယ်'

တစ်ဖန် ဦးရာဇာသည် မြင့်မြင့်စိုးဘက်သို့လှည့်၍ ပျာပျာသလဲ မေးလိုက်ပြန်၏။

'တူမလေးက မောင်တင့်ဝေကို ကွာချင်သလား'

'အို . . .'

တကယ့်လင်မယားလည်း မဟုတ်သေးဘဲ ကွာချင်သလားဆိုသဖြင့် မြင့်မြင့်စိုးမှာ ရှက်ယောင်သန်းပြီး 'အို' ဟု ဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဤသည်ကိုပင် မကွာချင်၍ ဤသို့ပြောသည်ဟု ဦးရာဇာက သူ့ဘက်ကသူဆွဲပြီး ကောက်ချက်ချကာ ဦးလှစိုးဘက် လှည့်ပြီးပြောလိုက်ပြန်သည်။

'ကဲ ဘယ်သူမှ ကွာချင်တာ မဟုတ်ဘူး။ အဲဒီတော့ ကွာချင်တာက အစ်ကိုတစ်ယောက်တည်းရယ်။ ဒီတော့ အစ်ကိုက သူတို့နဲ့ကွာပြီးသွားပေါ့၊ ဒါပဲ'

ဦးလှစိုးမှာ ဦးရာဇာ၏ စကားကြောင့် တွန့်ခနဲ ဖြစ်သွားလေသည်။

ထိုအခိုက်တွင်ပင် ဦးစံရွှေက ဝင်ပြောပြန်လေသည်။

'ကွာတာကို ကျွန်တော်လည်း လုံးဝ သဘောတူတာ မဟုတ်ဘူး။ ကျွန်တော့် ဗေဒင်ဟာ တစ်သက်လုံးမှားခဲ့တာ မရှိဘူး။ ဒီတစ်ချီမှ နှပ်ပစ်ခံရရင် ကျွန်တော် မခံနိုင်ဘူး။ ကွာလို့ မဖြစ်ပါဘူးလေ။ ကျွန်တော်လည်း မကျေနပ်ဘူး'

ဦးလှစိုးကား လက်ဝဲလက်ဖြင့် ဆေးတံကို ဆတ်ခနဲ ဆွဲချုတ်လိုက်ပြီး 'ဘုရားရေ'ဟု တစ်ခွန်းတ ကာ ဆေးတံကို ပြန်ကိုက်၍ ဆက်သောက်လိုက်၏။

ထိုအခါ ဦးလှစိုးကို မျက်ခြည်မပြတ ‌ နေသော ဦးဘဇင်မှာ လှုပ်လှုပ်ရွရွ ဖြစ်လာပြီးသော် ခပ်တည်တည်ထိုင်နေရာနမှ ဖတ်ခနဲ ထပြေးလာကာ ဦးလှစိုး၏အနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆိုးခနဲ ဆတ်ခနဲပင် ဆေးတံကြီးကို ဆွဲထုတ်လိုက်လေ၏။

ရုတ်တရက် ပြုမူလိုက်သည်ဖြစ်သောကြောင့် ဆေးတံကြီးမှာ ကျွတ်ပါသွားသည်ဖြစ်သော်လည်း ဦးလှစိုးမှာ 'အူး အူး'ဟု မြည်တမ်း၍ ပါးစပ်မှာ ဆေးတံနောက်သို့ မမီတမီ လိုက်စေသေး၏။ သို့သော် လုံးဝ ကင်းဝေးသွားမည့် အခြေအနေတွင်မှ လက်လျှော့လိုက်ပြီး ...

'ဘယ်လိုလုပ်တာလဲဗျ'



ဟု မေးလိုက်လေသည်။

'ခင်ဗျား စောစောက ဒီဘက်လက်နဲ့ဖြုတ်ပြီး ပြန်သောက် နေတာကိုးဗျ။ အမှန်မှာ ခင်ဗျားလုပ်ရမှာ ဒီဘက်လက်နဲ့ဖြုတ်၊ ပြန်တပ်။ ဟိုဘက်လက်နဲ့ဖြုတ်၊ ဒီလိုမဟုတ်လား ..၊ ရော့ ဟို ဘက်လက်နဲ့ ပြန်တပ်'

ဦးဘဇင်က ဆေးတံကို ဦးလှစိုး၏/လက်ယာဘက်လက် ထဲသို့ ပြန်ထည့်ပေး၏။ ဦးလှစိုးသည် ဘာမျှ ဖြေရှင်းမနေတော့ဘဲ ပြုံးပြုံးနှင့်ပင် လက်ယာလက်နှင့် ဆေးတံကိုကိုင်၍ ပါးစပ်တွင် ပြန်တပ်ထားလိုက်လေသည်။

ထိုအခိုက်တွင် ဒေါ်မြမြ၏ စကားသံမှာ ထွက်ပေါ်လာလေ၏။

'မိဘတွေ စီမံ ‌ သမီးကလိုက်နာနေရတယ်။ အခု ဖိတ်စာရိုက်ဆိုလည်း ‌ ၂၁ ခေါင်းညိတ်ရတာပဲ။ ဟာ နောက် တော့ ဒီကောင် ‌ ဟုတ်တော့ဘူး ..၊ နောက် ... တင့်ဝေနဲ့ဆိုလ ‌ းကလေးဟာ ရောပြီး ခေါင်းညိတ်ရတာပဲ။ သူဟာ ကာယကံ ရှင်ဖြစ်ပေမယ့် ဘာမှ သူ့သဘောတစ်ခုမှ မပါခဲ့ဘူး။ ဒီတစ်ခါတော့ သမီးကို အလှည့်ပေးချင်တယ်'

အားလုံး ငြိမ်သွား၏။ ဦးဘဇင်တစ်ယောက်ကသာ ပြန်မေးလိုက်သည်။

'ဘယ်လို အလှည့်ပေးချင်တာလဲ'

'အခု မောင်တင့်ဝေကို ဆက်ပေါင်းမယ်၊ ဒါမှမဟုတ် ကွာမယ်ဆိုတာကို သမီးလေးသဘောအတိုင်း ဖြစ်စေချင်တယ်'

ဆွေမျိုးအားလုံးကပင် ကျေနပ်ကြလေသည်။ တင့်ဝေကမူ ဦးဘဇင်ကို ကြည့်လိုက်၏။ ဤတစ်ချီတွင်တော့ ဦးဘဇင်ကပါ သဘောတူပုံပြလေသည်။

'ဒီကိစ္စမှာ သူတလည်း ကာယကံရှင်ကိုး။ သူလည်းသူ့ ကြမ္မာ သူဖန်တီးနိုင်ခွင့်ရှိပေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကန့်ကွက်သူမရှိ အားလုံးသဘောတူလိုက်သော အခါတွင် ဒေါ်မြမြသည် မြင့်မြင့်စိုးဘက်သို့ လှည့်လိုက်၏။

'ကိုင်း သမီး၊ ဒီတစ်ခါတော့ ဘယ်သူ့မျက်နှာမှ မထောက်ပါနဲ့။ သမီးရဲ့သဘောထားအမှန်ကိုသာ ပြောပြပါ။ ဒီ မောင်တင့်ဝေကို နှစ်သက်သလား၊ မနှစ်သက်ဘူးလား။ နှစ်သက်ရင် လက်ထပ်ပြီးပြီမို့ အယူအဆွေ စီမံစရာမလိုတော့ဘူး။ မောင်တင့်ဝေ ဒီကို ပြောင်းလာရုံပဲ။ မနှစ်သက်ဘူးဆိုရင် မောင်တင့်ဝေက ကွာစာကို လက်မှတ်ထိုးပေးရမယ်'

'ကွာစာက ဘယ်မှာလဲ'

'အုန်းကြိုင်လာမှ သမီးသဘောထားကို ပြောပါရ စေ'

အားလုံးမှာ ငြိမ်ကျသွားပြန်လေ၏။

မြင့်မြင့်စိုးသည် မိမိကို ချစ်မှချစ်ပါလေရဲ့လား။ သူမချစ်ဘူးဆိုလျှင် ကွာစာကို လက်မှတ်ထိုးပေးရတော့မည်။ မိမိ၏ ဘဝတွင် မျှော်လင့်ချက်ဆုံးရှုံးခါနီးမှ ဦးဘဇင်ဝင်ရောက်လာ၍ ကယ်တင်ရှင်ပေါ်ပေါက်ခဲ့ရ၏။ မိမိချစ်ရသော မြင့်မြင့်စိုးနှင့် ရွှေလည်တွဲရပြီဟု မော်တော်ကားပေါ်တွင် တစ်လမ်းလုံးပီတိဖြစ်လာခဲ့ရ၏။ ကြည်နူးခဲ့ရ၏။

ယခု မြင့်မြင့်စိုး၏ ပြုမူချက်ကား မမေ့ နိုင်လှသည်။ သူက ကွာစာကို လက်မှတ်ထိုးပါဆိုလျှင် ဘယ်လိုလုပ်ပါမည်လဲ။ အို . . . မတတ်နိုင်ပါချေ။ ဤကိစ္စသည် တရားပါ၏။ မိမိကိုမှ မချစ်မကြိုက်နိုင်သော မိန်းကလေး၊ လက်မထပ်ခြင်းသည်သာလျှင် တရားမျှတပါလိမ့်မည်။

သူ မချစ်သမျှတော့ ကိုယ်ချစ်တိုင်း ခံရရုံသာရှိတော့သည်။ ချစ်သူ၏ အသိအမှတ်ပြုခြင်းကို မခံရသောမအချစ်သည် စင်စစ်တော့ နှလုံးသားကို ရာသက်ပန်လောင်မြိုက်သွားမည့် မီးတောက်ပင် ဖြစ်သွားရတော့မည်တည်း။

ဦးဘဇင်သည် တရှုရှု တရှုရှုနှင့်ဖြစ်ကာ မတ်တတ်ရပ်



လိုက်၏။

'အဲဒီ အုန်းကြိုင်ဆိုတဲ့ကောင်က ကွာစာကြီးကို[illegible] ဘယ်လျှောက်သွားနေတာလဲ။ ကျွန်တော့်ကားနဲ့ လိုက်ခေါ်မယ်လေ၊ သူ ဘယ်မှာလဲ'

ကိုသာကျော်က ပြုံး၍ ဝင်ပြောသည်။

'သူ လာမှာပါ။ ညက ကိုတင့်ဝေဆီမှာ သွားစောင့်တာ'

ကိုသာကျော်၏စကားကြောင့် ဦးဘဇင်မှာ ယောင်သွားကာ တင့်ဝေဘက်လှည့်၍ 'ဟင် ညက မင်းမှာ အဖော်မပါပါဘူးကွ' ဟု ပြောလိုက်ရာ . . . တင့်ဝေက

'ဘာဆိုင်လို့လည်း ဦးရဲ့၊ အုန်းကြိုင် ဒီ ရန်ကုန်က ကျွန်တော့်အခန်းမှာ သွားစောင့်တာပဲ'

ဟု ပြောလိုက်မှ ဦးဘဇင်မှာ ပြုံးပြုံးကြီးခေါင်းညိတ်၍

'အာ ဟုတ်သားပဲ၊ ငါကြောင်တာပဲ'

ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးလှစိုးဘက်သို့ လှည့်လိုက်ပြန်ကာ

'အဲဒီ မောင်အုန်းကြိုင်ဆိုတဲ့ အကောင်က ဒီကို ဘယ်အချိန်လောက် ရောက်လာမယ်လို့ ချိန်းထားတာလဲ'

ဟု မေးလိုက်ရာ ဦးလှစိုးသည် ဦးဘဇင်၏ အမေးကိုဖြေရန် လက်ဝဲလက်ဖြင့် ဆေးတံကြီးကို ဖြုတ်လိုက်လေ၏။ ဖြုတ်ပြီးသော် ဆေးတံမှ တံတွေးတို့ကို ခါလိုက်၍ စကားပြောရန်ပြင်လိုက်သည်။

ထိုစဉ် ဦးဘဇင်၏လက်ကြီးမှာ ရုတ်တရက်ဆန့်ပြီး ဦးလှစိုးဆီသို့ ချဉ်းကပ်လာရာ ဦးလှစိုးသည် ကပျာကယာပင် ဆေးတံကို ပြန်တပ်၍ လက်ယာလက်ဖြင့် ပြန်ဖြုတ်လိုက်မှ ဦးဘဇင်၏ လက်ကြီးလည်း ပြန်ရုတ်သွား၏။ ဦးဘဇင်၏ ကိုယ်ကြီးလည်း [illegible]ကြီး ဖြစ်နေရာမှ ပြန်မတ်သွားလေသည်။

'အမှန်ကတော့ မောင်အုန်းကြိုင်ဟာ မနေ့ညနေကတည်း

www.burmeseclassic.com

www.burmeseclassic.com



က မောင်တင့်ဝေဆီ လိုက်သွားပြီး လက်မှတ်ထိုး ပြန်လာဖို့ပဲ။ ဒါပေမယ့် ညက တစ်ခေါက်ပြန်လာပြီး သူ ပြန်မရောက်သေးဘူး လို့ လာပြောတယ်။ အဲဒါ မောင်တင့်ဝေပြန်လာတဲ့ အချိန်အထိ စောင့်မယ်ဆိုပြီး ပြန်သွားတာပဲ'

ဦးလှစိုးက ဤသို့ပြောလိုက်သောအခါ ဦးဘဇင်သည် တင့်ဝေဘက်သို့ စိုးရိမ်တကြီး အမူအရာနှင့် လှည့်ကြည့်လိုက်လေသည်။

'ဟ ဒါဖြင့် မင်း မပြန်မချင်း သူလာမှာ မဟုတ်တော့ဘူး။ မင်းကရင်လည်း တစ်ခေါက်ပြန်သွားခေါ်မှ ဖြစ်မယ်ထင်တယ်'

တင့်ဝေလည်း ဘာလုပ်ရမည်မသိ ဖြစ်သွားစဉ် ဒေါ်မြမြက ဝင်ထောက်လိုက်လေ၏။

'မလိုပါဘူးထင်တယ်၊ မိုးလင်းတာနဲ့ မောင်အုန်းကြိုင်ပြေးလာမှာပါ။ သူလည်း သူ့သူငယ်ချင်းအတွက် စိတ်ပူမှာပါပဲ'

ဒေါ်မြမြ၏ စကားအဆုံးတွင် ဦးလှစိုးကပါ ဝင်ပြောလိုက်လေသည်။

'ဟ တို့လည်း စိတ်ပူနေပါတယ်။ ညက တော်တော်နဲ့ မအိပ်ပါဘူး။ လက်စသတ်တော့ မင်းက မင်္ဂလာဆောင်သတို့သားဂိုက်နဲ့ လျှောက်လည်နေတာကိုး။ အခု ခေါင်းပေါင်းကြီးကော ဘယ်ထားခဲ့သလဲ'

တင့်ဝေက ဦးလှစိုး၏အမေးကို တစ်ချက်ပြုံးလိုက်ရင်း ပြန်ဖြေလိုက်လေသည်။

'ခေါင်းပေါင်းကြီးကတော့ ဟောဒီဦးရဲ့ကားထဲ ...'

ဤမျှ ပြောရသေးသည်။ ဦးဘဇင်က ဝင်ထောက်လိုက်ပြန်၏။

'ဟေ့ကောင် ငါ့ကို အဖေခေါ်ပါကွ'

'ဪ .. ဟုတ်ကဲ့ ဟောဒီဖေဖေ့ကားထဲမှာ ထားခဲ့ပါပြီး ကာနီတော လျှောက်လည်နေတာမဟုတ်ပါဘူး။ စိတ်မ



ကောင်းဖြစ်စရာနဲ့ပဲ ..'

ဦးလှစိုးသည် တင့်ဝေ၏စိတ်ထားကို နားမလည်နိုင်ဖြစ်ရသည်။

'မင်းက ဘာကြောင့် စိတ်မကောင်းဖြစ်ရတာလဲကွ။ မင်္ဂလာဆောင်တဲ့ အချိန်က ကိတ်မုန့်မဝလို့လား'

'မဟုတ်ပါဘူး ခင်ဗျာ'

တင့်ဝေသည် မြင့်မြင့်စိုးဆီသို့ /မျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက်၏။ မြင့်မြင့်စိုးသည် သူ့ကို ငေးစိုက်ကြည့်နေသည်။ သူပြောမည့်စကားတွေကိုလည်း စိတ်ဝင်စားဟန်ရှိ၏။ ထို့နောက် တင့်ဝေက ဆက်ပြောသည်။

'အမှန်ပြောရရင် နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ။ ကျွန်တော်ဟာ မြင့်မြင့်ကို စပြီးတွေ့တဲ့နေ့ကတည်းက စွဲလမ်းခဲ့ရပါတယ်။ ဒါပေမယ့် မြင့်မြင့်အနေနဲ့ ကျွန်တော့်ကို စိတ်ဝင်စားမယ် မထင်တာနဲ့ဘဲ ကျွန်တော် ဖွင့်မပြောခဲ့ရပါဘူး။ နောက်ပြီး ဖွင့်ပြောဖို့ အခွင့်အရေးလည်း မရခဲ့ပါဘူးဗျာ။ ကျွန်တော်ဟာ အယောင်ဆောင်သတို့သား ဘဝနဲ့ပဲ တင်းတိမ်ခဲ့ရပါတယ်'

မြင့်မြင့်စိုး၏ မျက်ဝန်းကလေးများသည် လဲ့ပြာပြာကလေးနှင့် ရွှန်းရွှန်းတောက်လာတော့သည်။ သို့သော် အသံပြု၍ စကားပြောသူကတော့ ဦးရာဇာပင် ဖြစ်လေ၏။

'ဟေ့ကောင် လိုရင်းကိုသာ မြန်မြန်ပြောပါကွာ၊ မင်းနဲ့ ပတ်သက်လာရင် ငါ့စိတ်က တယ်မခိုင်ချင်ဘူးကွ'

'ဟုတ်ကဲ့ ပြောပါမယ်။ ဒါနဲ့ပဲ ကျွန်တေ ၁၁၀ အကျိုးပေးဟာ ကိုယ်ချစ်ရတဲ့သူနဲ့အစသာ လက်ထပ်ဖို့အ ခွံသာ ပါလာလေတော့ ...'

ဤတွင် ဦးစံရွှေက ဝင်ပြောပြန်လေ၏။

'မဟုတ်ပါဘူးကွ။ မင်းက တိုင်ထိပ်မှာနော'

ဦးစံရွှေဘက်သို့ ဦးဘဇင်ကလှည့်၍ ပြောလိုက်သည်။

www.burmeseclassic.com



'ဒီက မိတ်ဆွေက နားလေးတယ်ထင်တယ်။ အခု မောင်တင့်ဝေပြောတဲ့စကားဟာ ချောတိုင်တက်တာနဲ့ ဘာမှ မဆိုင်ဘူး။ ဖော်လာဆောင်တာကို ပြောတာ'

ဦးစံရွှေက ဦးဘခင်၏စကားကို ချေပမည်ပြုပြီး၊ သို့သော် တင့်ဝေက စကားကို ဆက်လိုက်သဖြင့် ဦးခေါင်းတို့သည် တင့်ဝေဘက်သို့ ပြန်လှည့်သွားကြရပြန်လေသည်။

'ဟုတ်ကဲ့ . . . အဲဒီတုန်းကတော့ ကျွန်တော် ဒီလိုပဲယူဆတယ်လေ။ ဒါနဲ့ စိတ်ထဲမှာ ဝမ်းနည်းလာတယ်။ ဒါနဲ့ ပြန်မယ်အလုပ်မှာ ဟောဒီ ဦး . . ဦး . . . အဲ ဖေဖေက ပြန်ပေးဆွဲတော့တာပဲ'

အားလုံးအံ့အားသင့်သွားကြ၏။ မည်သူမျှ ဘာမျှမပြောနိုင်မီ ကိုသာကျော်က ခပ်မြန်မြန် ဝင်မေးလိုက်သည်။

'ဦးဟာ မကြာခင် ကိုယ့်သားဖြစ်ရမယ့်လူကို ပြန်ပေးဆွဲတဲ့ကိစ္စမှာ ရှေ့နေနဲ့ကြိုတင်ပြီး တိုင်ပင်ဆွေးနွေးသေးသလား'

'ဟာ ဘယ်ကတိုင်ပင်ပါ့မလဲ။ ကျုပ်က ကျုပ်သားအရင်းကို ပြန်ပေးဆွဲတာမှ ဒီကောင့်ကို လက်မထပ်ဖို့ပြောထားခိုက်မှာ ဖွတ်ထုပ်တယ်ဆိုပြီး နိုက်ပုတ်ထုံးမ မလို့ပါ။ မနက်ကျမှ သူ့ဆီက ကျုပ်သားရဲ့ မကောင်းမှုတွေကြားရလို့ သူ့ကို သားအစားထိုးလိုက်တာ။ သူ့ခမျာ ကျုပ်ကြောင့် တစ်ညလုံးဒုက္ခရောက်နေရှာတယ်လေ။ ကျုပ်လူတွေက ပြောတယ်၊ တစ်ညလုံးမအိပ်ဘူး။ ဆေးလိပ်သောက်လိုက်၊ တွေးလိုက်နဲ့ လွမ်းဆွေးနေတဲ့ပုံမျိုး ဖြစ်နေတယ်တဲ့'

ဦးဘခင်သည် ကိုကုလားကြီးမှတစ်ဆင့် ကြားရသမျှကို အားလုံးဖောက်သည်ချလိုက်လေသည်။

တင့်ဝေသည် မြင့်မြင့်စိုးကို မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်ပြီး မြင့်မြင့်စိုးက မိမိကို စူးစိုက်ကြည့်နေမှန်း သိသည်နှင့် မျက်လွှာကို ပြန်ချလိုက်လေသည်။

မြင့်မြင့်စိုးသည် တင့်ဝေကို စိုက်ကြည့်ရင်း စဉ်းစားနေ၏။

တင့်ဝေသည် တစ်ညလုံး ဒုက္ခရောက်နေရပါသည်တဲ့။



ဤဒုက္ခမှာလည်း သံတို့သားယောင်ဆောင်ရသဖြင့် ဖြစ်ရသော ဒုက္ခဖြစ်သည်။

ဦးဘခင်၏အသံသည် ဆက်လက်၍ ထွက်ပေါ်လာလေ၏။

'ဒါလောက် ဒုက္ခရောက်နေတဲ့ကြားက လက်မှတ်ထိုးစရာရှိသေးတယ်ဆိုပြီး ညကြီးမင်းကြီး ထွက်ပြေးလာဖို့ ကြိုးစားသေးသတဲ့လေ။ ကျုပ်လူတွေက ဂရုစိုက်ပြီး စောင့်ကြပ်နေလို့ ပြန်မိတာလေ'

ဤနေရာတွင်ကား ဦးလှစိုးသည် တင့်ဝေကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ သူ၏အကြည့်တွင် တင့်ဝေ၏ ကတိတည်မှုကို လေးစားသောအကြည့်ကလေးလည်း စွက်ဖက်ပါဝင်နေသည်။

ဝင်စစ်တွင်ကား ဦးလှစိုးသာမက ဒေါ်မြမြ၊ ကိုသာကျော်၊ ဦးရောဇာနှင့် ဦးစံရွှေတို့ပါ ပိုက်၍ တင့်ဝေကို လေးစားသော အကြည့်ဖြင့် ကြည့်လိုက်ကြပေ[illegible]ဇာဆိုလျှင် 'ကျွတ် ကျွတ် ကျွတ် ကျွတ်' နှင့် စုတ်မ[illegible]လိုက်သံကို ကြားရ[illegible]ည်။

ဦးလှစိုးသ[illegible]းပြောရန် လက်ဝဲလက်ဖြင့် ဆေးတံကို ချွတ်လိုက်၏။ ထိုနေ[illegible]စကားပြောရန် ပြင်လိုက်စဉ် ဆတ်ခနဲ ကြလိုက်သလိုဖြစ်လာသော ဦးဘခင်၏ လက်တစ်ဖက်ကို ရုတ်တရက် သတိပြုမိလိုက်သည်ဖြစ်ရကား၊ ဆေးတံကို ကမန်းကတန်း ပြန်ကိုက်လိုက်ပြီးသော် လက်ယာဘက်လက်ဖြင့် ပြန်ချွတ်လိုက်ပြီး စားပွဲပေါ်က ဆေးလိပ်ခွက်ထဲသို့ အပြီးအပိုင် ထည့်ထားလိုက်လေတော့သည်။

ထို့နောက်မှ တင့်ဝေဘက်သို့လှည့်၍ ပြောလိုက်၏။

'မောင်တင့်ဝေ . . . ဦးလေးက မင်းကို အထင်လွဲခဲ့သမျှတွေ ခွင့်လွှတ်ပါကွာ။ တကယ်ဆိုတော့ မင်းဟာ ယောကျာ်းပီသတဲ့လူ၊ ကတိတည်တဲ့လူပါကွယ်'

ဒေါ်မြမြက ဦးလှစိုးကို မျက်စောင်းထိုးရင်း ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ကျုပ် မပြောဘူးလား။ ရှင်ဟာ ရှင့်ဘက်က တစ်ဖက်တည်းကြည့်တယ်လို့'

ဦးလှစိုးက ဒေါ်မြမြကို တစ်စုံတစ်ခုဖြတ်၍ ပြောလိုက်မည် ပြု၏။ သို့သော် တင့်ဝေက ဦးအောင် ဝင်ပြောလိုက်လေသည်။

'ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော် ကြုံတွေ့ရတာကလည်း ခပ်ဆန်းဆန်း ဖြစ်နေလေတော့ ဘယ်သူမှ အမှန်အတိုင်း စဉ်းစားမိမှာ မဟုတ်ဘူး။ ကျွန်တော့် အားလုံးကိုခွင့်လွှတ်ပါတယ်လေ'

အားလုံးမှာ ခဏတော့ တိတ်သွားသည်။

ထိုခဏတွင် ပျာလောင်ခတ်သော ခြေသံများနှင့်အတူ အုန်းကြိုင်သည် ဒရောသောပါးနှင့် ဝင်ရောက်လာလေ၏။ ဧည့်ခန်းတစ်ခုလုံးတွင် လူတွေအများကြီးရှိမှန်းကို သူ သတိပြုမိသော်လည်း ဘယ်သူဘယ်ဝါတွေဟူ၍ ဂရုမစိုက်ချေ။ အဆင်သင့်ပင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသော ဦးလှစိုးဆီသို့သာ စာရွက်လိပ်ကလေးကိုကိုင်၍ စွတ်လျှောက်လာခဲ့သည်။

ဦးလှစိုး၏ အနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မောမောပန်းပန်းလေသံနှင့် ပြောလိုက်သည်။

'ဦး တင့်ဝေ ပြန်မလာဘူးခင်ဗျ။ လိမ်သွားတာတော့ ဟုတ်မယ် မထင်ပါဘူး။ အန္တရာယ်တစ်ခုခုတစ်ခု ...'

အုန်းကြိုင်သည် စကားကို တစ်ဝက်တစ်ပျက်ကြီးနှင့် ရပ်ထားလိုက်ရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ဦးလှစိုးသည် သူ့စကားပြောနေရင်း တန်းလန်း၌ပင် မျက်စကို တပစ်ထဲ ပစ်နေသောကြောင့်ဖြစ်၏။ ဦးလှစိုး မျက်စပစ်ပြနေသည်လည်း သူ့နောက်ကျောဘက်ဆီသို့ ဖြစ်သဖြင့် အုန်းကြိုင်သည် ချာခနဲ နောက်သို့ လှည့်ကြည့်လိုက်ရ၏။

သူတစ်ခါမှ မမြင်ဖူးဘဲ သူ့ကို ပြူးပြူးကြီး စိုက်ကြည့်နေသော ဦးဘဇင်ကို တွေ့ရသည်။ ထို့ကြောင့်ပင် နားမလည်နိုင်သလိုနှင့် အုန်းကြိုင်သည် ဦးလှစိုးကိုပင် မျက်နှာချင်းပြန်ဆိုင်လိုက်လေ



သည်။

'ကျွန်တော်ပြောတာက တင့်ဝေ တစ်ညလုံး ပြန်မလာဘူးလို့ ပြောတာခင်ဗျ'

အုန်းကြိုင်သည် သူ့စကားကို ဦးလှစိုး နားမလည်ဘူးဟု ထင်၍ ထပ်မံရှင်းပြနေသဖြင့် ဦးလှစိုးသည် မနေသာတော့ဘဲ ပါးစပ်က ပြောလိုက်၏။

'ဩော် ... မောင်အုန်းကြိုင်နှယ်၊ နောက်ကိုလည်း လှည့်ကြည့်စမ်းပါဦး'

ဤတစ်ချီတွင်ကား အုန်းကြိုင်သည် ဦးလှစိုး၏စကားကို မနာယူပါချေ။ နောက်သို့ လှည့်မကြည့်တော့ဘဲ ရှေ့တွင်ရှိသော ဦးလှစိုးကိုသာကြည့်လျက် စကားပြန်ပြောလိုက်သည်။

'ဟာ ဘာကြည့် လိုသလဲ။ နောက်ဘက်က မျက်လုံးပြူးကြီးနဲ့ ဘကြီးကို ်မှမသိတာ။ သူကြည့်နေလို့လည်း ကိစ္စပြီးမှာမှ မဟုတ်

ဤတွင် က ဝင်ပြောလိုက်ရလေ၏။

'ငါ့ကောင် အုန်းကြိုင်၊ ငါ ဒီမှာလေကွ'

တင့်ဝေ၏ အသံကိုကြားရသောအခါ အုန်းကြိုင်သည် ချာခနဲ လှည့်ကြည့်လိုက်၏။ တစ်ညလုံး သူစိတ်ပူစွာနှင့် စောင့်ဆိုင်းနေခဲ့ရသော တင့်ဝေကို ဘေးမသီရန်မခဘဲ ငုတ်တုတ်တွေ့ရသည်။

'ဟ တင့်ဝေ၊ တင့်ဝေ အစစ်ပါနော်'

'ဟုတ်ပါတယ်ကွ'

'သေလိုက်ပါတော့ကွာ၊ ငါဖြင့် တစ်ညလုံးစိတ်ပူလို့။ မင်းက ဘယ်ဆီကိုများ ရွှေစကြာဖြန့်ချိနေရတာလဲဟ'

'ဒါတွေကို ဒီက ဦးလေးများကို ငါ ရှင်းပြပြီးပါပြီကွာ။ မင့်ကိုတော့ နောက်မှပဲ ရှင်းပြပါရစေတော့'

'ကဲ ဒါဖြင့်လည်း နောက်မှပြော။ ရှေ့ ကွာ။ လက်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထိုးလိုက်ဦးကွ'

တင့်ဝေသည် အုန်းကြိုင်ကမ်းပေးနေသော စာရွက်ကို မယူဘဲ စကားသာပြန်ပြောလိုက်၏။

'အဲဒီစာရွက်ကို မြင့်မြင့်ကို သွားပေးကွာ'

'ဟ ဘာဖြစ်လို့လဲကွ။ သူ လက်မှတ်ထိုးပြီးပါပြီ'

ဤနေရာတွင် ဦးစံရွှေမှာ စိတ်မရှည်သလို ရွှခနဲ ကြွလာလေ၏။

'ဟော့ကောင် မင်း တယ်ရှည်ပါလားကွ။ မြင့်မြင့်ကိုသာ ပေးလိုက်'

အုန်းကြိုင်မှာ ဘာမှ နားမလည်သဖြင့် ဦးစံရွှေကိုပင် အံ့သြသော မျက်နှာနှင့် ကြည့်လိုက်မိပြန်လေသည်။

'ဩော် ... ဒါက ယတြာချေတာလား'

'တယ် ... ဒီကောင်ဟာ ခက်တော့နေပါပြီ'

သူတို့တွေ အချီအချပြောနေစဉ် မြင့်မြင့်စိုးသည် တည်ကြည်သော မျက်နှာထားနှင့်ပင် အုန်းကြိုင်ကို လှမ်းပြောလိုက်လေ၏။

'အုန်းကြိုင် အဲဒီစာရွက်ကို ငါ့ဆီ ယူခဲ့ပါ'

အုန်းကြိုင်ကား ဘာမျှ ပြန်မပြောတော့ချေ။ နားမလည် လက်စနှင့်ပင် ရှိပါစေတော့ဟူသော အမူအရာနှင့် စာရွက်ကလေးကို မြင့်မြင့်စိုးအား သွား၍ ပေးလိုက်လေတော့၏။

မြင့်မြင့်စိုးသည် စာရွက်ကလေးကို ကိုင်ထားလိုက်ပြီး

'ဖေဖေ မေမေတို့ တကယ်ပြောတာပါနော်။ ဒီတစ်ခါ သမီး ဆုံးဖြတ်သလို ဖေဖေ မေမေတို့ သဘောတူကြမှာ အမှန်ပဲလား'

ဟု ထပ်မေးလိုက်ရာ ဦးလှစိုးနှင့် ဒေါ်မြမြတို့မှာ ပျာပျာသလဲဖြင့် 'သဘောတူပါတယ်၊ သမီးကြိုက်ရာဆုံးဖြတ်ပါ' ဟု အသီးသီး ပြောကြလေ၏။



မြင့်မြင့်စိုးမှာ ဘာတစ်ခွန်းမှ မပြောဝေ. ကျွှတ်တာ လေးကို ဖျစ်ဖျစ်နှင့် ဆွဲ၍ ဆုတ်ပစ်လိုက်လေ၏။

အားလုံး ငြိမ်သက်သွားစဉ် ပထမဆုံး လှုပ်ရှားသူ တင့်ဝေပင် ဖြစ်တော့သည်။ နေရာမှ ခုန်ပေါက်ထသွား၍ မြင့်မြင့်စိုး ၏ဘေးတွင် ကပ်၍ ရပ်လိုက်၏။ ပြီးတော့ မြင့်မြင့်စိုး၏ လက်က လေးကို ဆွဲကိုင်လိုက်ကာ၊ ဝမ်းသာလိုက်တာ မြင့်မြင့်ရယ်။ ချစ်ဦး သူနဲ့ မလွဲရတဲ့ ကံကြမ္မာဟာ တကယ်ကောင်းတယ် ဆိုရမှာပဲနော်' ဟု ပြောလိုက်လေ၏။

ဤတွင် အုန်းကြိုင်က 'ဒါမှ တကယ့်ကို မမှားတဲ့ဖိတ်စာပဲ ဟေ့' ဟု ကြွေးကြော်လိုက်လေမိသည်။

သို့တိုင်အောင် ဦးလှစိုးသည် ကတ်သီးကတ်သတ် တစ်ခု တော့ သတိရလိုက်ချေသေး၏။

'အောင်မယ်၊ မင်္ဂလာဆောင် လက်ဖွဲ့ထဲမှာ ဘယ်ခွေး သားက လက်ဖွဲ့တယ်မသိဘူး။ သံလိုက်တုံးကြီးပါလာတယ်'

ဦးဘဇင် မျက်နှာမှာ ကွက်ခနဲ ပျက်သွား၏။ ပြီးတော့မှ ရှက်ရှက်နှင့် ရယ်လိုက်ပြီး 'လက်ဖွဲ့တာကတော့ လူရဲ့သားပါဗျာ။ ကျုပ်လေ ... ကျုပ် .. ကျုပ်' ဟု ပြောလိုက်သဖြင့် ဦးလှစိုးမှာ [illegible]နာပါးနာကြီးဖြစ်သွား၍ ပါးစပ်ကြီး ဟ သွားရလေတော့သည်။

ကြုပ်ကလေး

www.burmeseclassic.com